# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၁) ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၂၄) ရက်မြောက်နေ့ မှတ်တမ်း

အကြမ်း



| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁ | ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း | ၁ |
| ၂ | ပြည်သူ့လွှတ်တော်အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း | ၂ |
| ၃ | ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း | ၂ |
| ၄ | ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း | ၄ |
| ၅ | မြန်မာ့ပင်လယ်ရေကြောင်း လုံခြုံရေးအတွက် လုံခြုံရေးအင်အား တိုးမြှင့်ပေးခြင်း နည်းပညာအပါအဝင် အခြေခံလိုအပ်ချက်များ တိုးမြှင့်ထောက်ပံ့ပေးနိုင်ခြင်းရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း | ၄ |
| ၆ | ပူတာအိုမြို့နယ်၊ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာန၊ မြို့နယ်ရုံးနှင့် ဝန်ထမ်းများ နေအိမ်သည် နှစ်ပေါင်းများစွာ ကြာမြင့်လာသောကြောင့် သစ်တိုင်များ၊ ပျဉ်များဆွေးကာ အဆောက်အဦများ ပျက်စီးလျက်ရှိပြီး အန္တရာယ်ဆောင်ဖြစ်နေပါသဖြင့် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် အသစ်တည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း | ၁၀ |
| ၇ | စစ်ဘေးရှောင်စခန်းတွင် ရောက်ရှိနေသော ပြည်သူများကြုံတွေ့နေရသည့် နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် အိမ်ထောင်စုစာရင်း အခက်အခဲကိစ္စများနှင့်ပတ်သက်၍ ပြည်ထောင်စုဖွားတိုင်းရင်းသား စစ်စစ်ဖြစ်ပါလျက်နှင့် ခွဲခြားကန့်သတ်ချုပ်ချယ်ခြင်းသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်မှုရှိ/မရှိနှင့် အခြားစစ်ဘေးရှောင်စခန်း အသီးသီးသို့ ရောက်ရှိနေကြသည့် တိုင်းရင်းသား ပြည်သူများအတွက် နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် အိမ်ထောင်စုစာရင်းအား မည်သို့စီမံဆောင်ရွက်ထားသည်တို့ကို သိလိုခြင်းနှင့် စပ်လျဉ်းသည့်မေးခွန်း | ၁၃ |
| ၈ | ပြည်ကြီးတံခွန်မြို့နယ်အတွင်း စီမံကိန်းအကောင်အထည် မပေါ်သော မြေတွင် လျော်ကြေးမရရှိသော မူလပိုင်ရှင်များ နေထိုင်နေခြင်းအပေါ် လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှုများ ပြန်လည် စိစစ်ရေးကော်မတီ မြို့နယ်မှစိစစ်ဆဲနှင့် နိုင်ငံတော်သမ္မတရုံးမှ တင်ပြစာနှင့် ပတ်သက်၍ လိုအပ်သလို ဆက်လက်စိစစ်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အကြောင်းကြားစာရောက်သည့်နေ့တွင် ဈေးနှင့်သားသတ် ဌာန စည်ပင်ကော်မတီမှ မူလပိုင်ရှင်မိသားစုများအား အတင်းအဓမ္မ | ၁၉ |

ဖယ်ရှားခြင်းနှင့် ပတ်သက်၍ မည်ကဲ့သို့ကုစားပေးမည်ကိုသိလိုခြင်းနှင့် စပ်လျဉ်းသည့် မေးခွန်း

| | | |
|---|---|---|
| ၉ | သဃ်န်းကျွန်းမြို့နယ် အတွင်းမှ ကျူးကျော်စာရင်း တွင်လည်းမပါ၊ တရားဝင်မြေငှားဂရန်လည်း မရှိဘဲ နိုင်ငံတော်ပိုင်မြေပေါ်တွင် အခိုင်အမာ တည်ဆောက်ထားသော နေအိမ်အဆောက်အအုံများကို အရေးယူ ဆောင်ရွက် ရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း | ၂၆ |
| ၁၀ | လားရှိုးမြို့၊ မြို့မစည်ပင်သာယာဈေးကြီး၏ ဝန်းကျင်တစ်ဝိုက်ရှိ လမ်းများပေါ်တွင် နေ့စဉ်ရပ်နားထားသည့် မြောက်မြားလှစွာသော မော်တော်ယာဉ်ပေါင်းစုံတို့ကို စည်းကမ်းတကျနှင့် လုံခြုံစွာရပ်နား နိုင်ရေး ဆောင်ရွက်ထားရှိမှု အခြေအနေကို သိလိုခြင်းနှင့်စပ်လျဉ်းသည့် မေးခွန်း | ၃၀ |
| ၁၁ | မကွေးမြို့နယ်၊ ကန်သာရပ်ကွက်အတွင်းရှိ ကန်သာရေကန်ကြီးကို ပြန်လည်တူးဖော်ရန် အစီအစဉ်ရှိ/ မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း | ၃၄ |
| ၁၂ | စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကျေးလက်လူမှုဘဝ ဖွံ့ဖြိုးတိုးတက်ရေး ကော်မတီက တင်သွင်းသည့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ တင်သွင်းထားသည့် ပြင်ဆင်ချက် အဆိုအား ဆွေးနွေးခြင်းနှင့် လွှတ်တော်၏အဆုံးအဖြတ်ရယူခြင်း | ၃၇ |
| ၁၃ | ဦးတင်ထွေး၊ ဝေါမဲဆန္ဒနယ်က တင်သွင်းသည့် မြို့ပြများတွင် တရား ဥပဒေစိုးမိုးပြီး ပြည်သူလူထု၏ လူနေမှုဘဝလုံခြုံမှုရှိစေရန် ရာဇဝတ်မှု များ ဖြစ်ပေါ်နေမှုကို ကာကွယ်တားဆီးနိုင်ရန်အတွက် ဦးစားပေးအဆင့် ဖြင့် ဆောင်ရွက်ပေးနိုင်ပါရန် နိုင်ငံတော်အစိုးရသို့ တိုက်တွန်းကြောင်း အဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း | ၄၂ |
| ၁၄ | ဦးတင်ထွေး၊ ဝေါမဲဆန္ဒနယ်ကတင်သွင်းသည့် အဆိုနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းအဝင်က ပြန်လည်ရှင်း လင်း နွေးခြင်းနှင့် လွှတ်တော်၏အဆုံးအဖြတ်ရယူခြင်း | ၉၄ |
| ၁၅ | ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၁) ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၂၄) ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၂၅) ရက် မြောက်နေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း | ၁၀၄ |

# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၂၄)ရက်မြောက်နေ့ အစီအစဉ်

**[ ၁၃-၃-၂၀၁၉ ] (ဗုဒ္ဓဟူးနေ့) နံနက် ၁၀ နာရီ**

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ပြည်သူ့လွှတ်တော်အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း၊

၃။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၂၄)ရက်မြောက်နေ့ အစီအစဉ် ကြေညာခြင်း၊

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ အတွက် ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၅။ ကြယ်ပွင့်ပြထားသည့်အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း-

(က) ဒေါ်အေးမြမြမျိုး၊ ကျောက်တန်း မဲဆန္ဒနယ်၏ **မြန်မာ့ပင်လယ်ရေကြောင်း လုံခြုံရေးအတွက် လုံခြုံရေးအင်အား တိုးမြှင့်ပေးခြင်း နည်းပညာ အပါအဝင် အခြေခံလိုအပ်ချက်များ တိုးမြှင့်ထောက်ပံ့ပေးနိုင်ခြင်း ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(ခ) ဦးမိုးရွှေ၊ ပူတာအို မဲဆန္ဒနယ်၏ **ပူတာအိုမြို့နယ်၊ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန၊ မြို့နယ်ရုံးနှင့်ဝန်ထမ်းများ နေအိမ်သည် နှစ်ပေါင်းများစွာ ကြာမြင့်လာသောကြောင့် သစ်တိုင်များ၊ ပျဉ်များဆွေးကာ အဆောက်အဦများ ပျက်စီးလျက်ရှိပြီး အန္တရာယ်ဆောင် ဖြစ်နေပါသဖြင့်၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် အသစ်တည်ဆောက်ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့်မေးခွန်း၊

(ဂ) ဦးလမာနော်အောင်၊ အင်ဂျန်းယန် မဲဆန္ဒနယ်၏ **စစ်ဘေးရှောင်စခန်းတွင် ရောက်ရှိနေသော ပြည်သူများကြုံတွေ့နေရသည့် နိုင်ငံသားစိစစ်ရေး ကတ်ပြားနှင့် အိမ်ထောင်စုစာရင်း အခက်အခဲကိစ္စများနှင့် ပတ်သက်၍ ပြည်ထောင်စုဖွားတိုင်းရင်းသား စစ်စစ်ဖြစ်ပါလျက်နှင့် ခွဲခြားကန့်သတ် ချုပ်ချယ်ခြင်းသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်မှု ရှိ၊ မရှိနှင့် အခြားစစ်ဘေးရှောင်စခန်း အသီးသီးသို့ ရောက်ရှိနေကြသည့် တိုင်းရင်းသား ပြည်သူများအတွက် နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် အိမ်ထောင်စုစာရင်းအား မည်သို့ စီမံဆောင်ရွက်ထားသည်တို့ကို သိလိုခြင်း** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဃ) ဦးကျော်စိုးလင်း၊ ပြည်ကြီးတံခွန် မဲဆန္ဒနယ်၏ **ပြည်ကြီးတံခွန်မြို့နယ် အတွင်း စီမံကိန်းအကောင်အထည် မပေါ်သောမြေတွင် လျော်ကြေး မရရှိသော မူလပိုင်ရှင်များ နေထိုင်နေခြင်းအပေါ် လယ်ယာမြေနှင့် အခြား မြေများသိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီ မြို့နယ်မှ စိစစ်ဆဲနှင့် နိုင်ငံတော်သမ္မတရုံးမှတင်ပြစာနှင့်ပတ်သက်၍ လိုအပ်သလို ဆက်လက်စိစစ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အကြောင်းကြားစာ ရောက်သည့်နေ့တွင် ဈေးနှင့်သားသတ်ဌာန စည်ပင်ကော်မတီမှ မူလပိုင်ရှင် မိသားစုများအား အတင်းအဓမ္မဖယ်ရှားခြင်းနှင့်ပတ်သက်၍ မည်ကဲ့သို့ ကုစားပေးမည်ကို သိလိုခြင်း** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(င) ဦးရွှေလှ(ခ) ဦးရွှေလှဝင်း၊ သဃ်္ဘန်းကျွန်း မဲဆန္ဒနယ်၏ **သင်္ဃန်းကျွန်းမြို့နယ် အတွင်းမှ ကျူးကျော်စာရင်းတွင်လည်းမပါ၊ တရားဝင်မြေငှားဂရန် လည်းမရှိဘဲ နိုင်ငံတော်ပိုင်မြေပေါ်တွင် အခိုင်အမာတည်ဆောက် ထားသော နေအိမ်အဆောက်အဦများကို အရေးယူဆောင်ရွက်ရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(စ) ဒေါက်တာဦးစိုင်းမောက်ခမ်း၊ လားရှိုး မဲဆန္ဒနယ်၏ **လားရှိုးမြို့၊ မြို့မ စည်ပင် သာယာရေးကြီး၏ ဝန်းကျင်တစ်ဝိုက်ရှိ လမ်းများပေါ်တွင် နေ့စဉ် ရပ်နားထားသည့် မြောက်မြားလှစွာသော မော်တော်ယာဉ် ပေါင်းစုံတို့ကို စည်းကမ်းတကျနှင့် လုံခြုံစွာရပ်နားနိုင်ရေး ဆောင်ရွက် ထားရှိမှု အခြေအနေကို သိလိုခြင်း** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(ဆ) ဦးမြင့်ဦး၊ မကွေး မဲဆန္ဒနယ်၏ **မကွေးမြို့နယ်၊ ကန်သာရပ်ကွက် အတွင်းရှိ ကန်သာရေကန်ကြီးကို ပြန်လည်တူးဖော်ရန် အစီအစဉ် ရှိ၊မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

၆။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကျေးလက်လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးကော်မတီက တင်သွင်းသည့် **"ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဥပဒေကြမ်း"** နှင့်စပ်လျဉ်း၍ တင်သွင်းထားသည့် ပြင်ဆင်ချက်အဆိုအား ဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၇။ ဦးတင်ထွေး၊ ဝေါ မဲဆန္ဒနယ်က တင်သွင်းသည့် **" မြို့ပြများတွင် တရားဥပဒေစိုးမိုးပြီး ပြည်သူလူထု၏ လူနေမှုဘဝ လုံခြုံမှုရှိစေရန် ရာဇဝတ်မှုများ ဖြစ်ပေါ်နေမှုကို ကာကွယ်တားဆီးနိုင်ရန်အတွက် ဦးစားပေးအဆင့်ဖြင့် ဆောင်ရွက်ပေးနိုင်ပါရန် နိုင်ငံတော်အစိုးရသို့ တိုက်တွန်းကြောင်း"** အဆိုကို အောက်ပါလွှတ်တော် ကိုယ်စားလှယ်များက ဆွေးနွေးခြင်း–

(က) ဒေါက်တာဦးခင်မောင်သင်း၊ အရာတော် မဲဆန္ဒနယ်၊

(ခ) ဒေါ်ချိုချို၊ အုတ်တွင်း မဲဆန္ဒနယ်၊

(ဂ) ဦးဇော်ဝင်း၊ ကြည့်မြင်တိုင် မဲဆန္ဒနယ်၊

(ဃ) ဦးမြင့်ဦး၊ သနပ်ပင် မဲဆန္ဒနယ်၊

(င) ဒေါ်ခင်နှင်းသစ်၊ ပန်းတောင်း မဲဆန္ဒနယ်၊

(စ) ဒေါ်ခင်စန္ဒီ၊ လောင်းလုံး မဲဆန္ဒနယ်၊

(ဆ) ဦးထွန်းမြင့်၊ ဗဟန်း မဲဆန္ဒနယ်၊

(ဇ) ဦးနေကျော်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း) မဲဆန္ဒနယ်၊

(ဈ) ဒေါက်တာဦးစိန်မြအေး၊ ဒလ မဲဆန္ဒနယ်၊

(ည) ဒေါ်နန်းသန်းသန်းလွင်၊ ဘားအံ မဲဆန္ဒနယ်၊

(ဋ) ဒေါ်စိုးနွယ်အေး၊ တံတားဦး မဲဆန္ဒနယ်၊

(ဌ) ဦးဝင်းဝင်း၊ မင်းဘူး မဲဆန္ဒနယ်၊

(ဍ) ဦးဘိုကြီး၊ ချောက် မဲဆန္ဒနယ်၊

(ဎ) ဦးသောင်းအေး၊ ပျော်ဘွယ် မဲဆန္ဒနယ်၊

(ဏ) ဦးတင့်စိုး၊ ဖားကန့် မဲဆန္ဒနယ်၊

(တ) ဦးဝင်းမြင့်အောင်၊ ဒီပဲယင်း မဲဆန္ဒနယ်၊

(ထ) ဦးတင်ကိုကိုဦး၊ ဘီးလင်း မဲဆန္ဒနယ်၊

(ဒ) ဗိုလ်မှူးထင်ဇော်လွင်၊ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်၊

(ဓ) ဗိုလ်မှူးမိုးဦးကျော်၊ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်၊

(န) ဦးအောင်စိန်၊ ထားဝယ် မဲဆန္ဒနယ်၊

(ပ) ဒေါက်တာဒေါ်ခင်ညို၊ ဒေးဒရဲ မဲဆန္ဒနယ်၊

၈။ အဆိုနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်း ဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။

၉။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၂၄)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၂၅)ရက်မြောက်နေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး
# (၂၄)ရက်မြောက်နေ့မှတ်တမ်း

**၁၃၈၀ ပြည့်နှစ်၊ တပေါင်းလဆန်း ၈ ရက်**

**(၂၀၁၉ ခုနှစ်၊ မတ်လ ၁၃ ရက်)**

**(ဗုဒ္ဓဟူးနေ့)**

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၂၄)ရက်မြောက်နေ့ကို နံနက် ၁၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပြည်သူ့လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၂၄)ရက်မြောက်နေ့အစီအစဉ် စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက်သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါခင်ဗျာ။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

## ပြည်သူ့လွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၂၄)ရက်မြောက်နေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၄၃၃ ဦးရှိသည့်အနက် ၃၈၉ ဦးတက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူဦးရေ စုစုပေါင်းရဲ့ ၈၉.၈၄ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့်စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၃ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစီအစဉ်များကို ကြိုတင်ဖြန့်ဝေထားတဲ့အတိုင်း ဆက်လက်ဆောင်ရွက်သွားပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၄ ဖြစ်ပါတယ်။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားရန်ဖြစ်ပါတယ်။

**ဒေါက်တာလှမိုး(အတွင်းရေးမှူး၊ လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ၂၀၁၉ ခုနှစ်၊ မတ်လ ၁၃ ရက်နေ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၂၄)ရက်မြောက်နေ့သို့ မတက်ရောက်နိုင်ပါသဖြင့် ခွင့်ပန်ကြားသူ လွှတ်တော်ကိုယ်စားလှယ်များ၏ကိုယ်စား ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီအတွင်းရေးမှူး ကျွန်တော် ဒေါက်တာလှမိုး၊ အောင်မြေသာစံမဲဆန္ဒနယ်က ကိုယ်စား ခွင့်ပန်ကြားသွားမှာဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်မှာ ယနေ့တက်ရောက်ခွင့်ရှိသော ကိုယ်စားလှယ် ၄၃၃ ဦးရှိပြီး တက်ရောက်သူကိုယ်စားလှယ် ၃၈၉ ဦးရှိကာ ယနေ့ခွင့်ပန်ကြားသူ ၂၆ ဦး ရှိပါတယ်။ ခွင့်ပန်ကြားသူကိုယ်စားလှယ်များကတော့-

(၁) နတ်တလင်းမဲဆန္ဒနယ်မှ ဦးခင်အေး ခွင့် ၁ ရက်၊

(၂) ပုလဲမဲဆန္ဒနယ်မှ ဒေါ်ခင်စန်းလှိုင် ခွင့် ၁ ရက်၊

(၃) မင်းကင်းမဲဆန္ဒနယ်မှ ဦးမောင်မြင့် ခွင့် ၂ ရက်၊

(၄) ပလက်ဝမဲဆန္ဒနယ်မှ ဦးစိန်အောင် ခွင့် ၁ ရက်၊
(၅) မိတ္ထီလာမဲဆန္ဒနယ်မှ ဒေါက်တာမောင်သင်း ခွင့် ၁ ရက်၊
(၆) ကွန်ဟိန်းမဲဆန္ဒနယ်မှ ဒေါ်နန်းခင်စော ခွင့် ၁ ရက်၊
(၇) ညောင်ရွှေမဲဆန္ဒနယ်မှ ဦးဝင်းမြင့်ဦး(ခ)ဦးနေမျိုး ခွင့် ၂ ရက်၊
(၈) မိုးညိုမဲဆန္ဒနယ်မှ ဦးကျော်မျိုးမင်း ခွင့် ၂ ရက်၊
(၉) နမ့်စန်မဲဆန္ဒနယ်မှ ဦးဌေးလွင်(ခ)ဦးဒီလုံး ခွင့် ၁ ရက်၊
(၁၀) ကွမ်းခြံကုန်းမဲဆန္ဒနယ်မှ ဦးစိုးသူရထွန်း ခွင့် ၁ ရက်၊
(၁၁) သုံးခွမဲဆန္ဒနယ်မှ ဒေါ်စုစုလွင် ခွင့် ၁ ရက်၊
(၁၂) မိုင်းဖြတ်မဲဆန္ဒနယ်မှ ဦးလင်းဇော်ထွန်း ခွင့် ၁ ရက်၊
(၁၃) ပင်လောင်းမဲဆန္ဒနယ်မှ ဦးခွန်မောင်သောင်း ခွင့် ၁ ရက်၊
(၁၄) သဲကုန်းမဲဆန္ဒနယ်မှ ဦးအောင်သန်း ခွင့် ၃ ရက်၊
(၁၅) သာယာဝတီမဲဆန္ဒနယ်မှ ဦးအောင်မြင့် ခွင့် ၃ ရက်၊
(၁၆) ထီးချိုင့်မဲဆန္ဒနယ်မှ ဦးမောင်မောင် ခွင့် ၃ ရက်၊
(၁၇) ကြာအင်းဆိပ်ကြီးမဲဆန္ဒနယ်မှ ဦးစောတင်ဝင်း ခွင့် ၁ ရက်၊
(၁၈) မင်းတပ်မဲဆန္ဒနယ်မှ ဦးနေလင်းအောင် ခွင့် ၁ ရက်၊
(၁၉) ဟိုပုန်းမဲဆန္ဒနယ်မှ ဦးခွန်အောင်ကျော် ခွင့် ၁ ရက်၊
(၂၀) မိုင်းကိုင်မဲဆန္ဒနယ်မှ ဦးစိုင်းဆိုင်မိုင်း ခွင့် ၁ ရက်၊
(၂၁) နမ္မတူမဲဆန္ဒနယ်မှ ဒေါ်နန်းခမ်းအေး ခွင့် ၁ ရက်၊
(၂၂) ဆိပ်ကြီး/ခနောင်တိုမဲဆန္ဒနယ်မှ ဦးတင်ထွန်းနိုင် ခွင့် ၁ ရက်၊
(၂၃) အုတ်ဖိုမဲဆန္ဒနယ်မှ ဦးဇော်မင်း ခွင့် ၂ ရက်၊
(၂၄) ခင်ဦးမဲဆန္ဒနယ်မှ ဒေါက်တာဝင်းအောင် ခွင့် ၁ ရက်၊
(၂၅) လှိုင်မဲဆန္ဒနယ်မှ ဦးအောင်ကျော်ကျော်ဦး ခွင့် ၁ ရက်နှင့်
(၂၆) မင်္ဂလာဒုံမဲဆန္ဒနယ်မှ ဦးအောင်လှိုင်ဝင်း ခွင့် ၁ ရက်တို့ဖြစ်ကြပါတယ်။ ယခင် ခွင့်ပန်ကြားသူ ၁၈ ဦး၊ ယနေ့ ခွင့်ပန်ကြားသူ ၂၆ ဦး စုစုပေါင်း ခွင့်ပန်ကြားသူ ၄၄ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူ မရှိပါကြောင်းနှင့် အထက်ပါကိုယ်စားလှယ်များ၏ ခွင့်ပန်ကြားမှုအား ခွင့်အဖြစ် ခွင့်ပြုပေးပါရန် လေးစားစွာဖြင့် ပန်ကြားအပ်ပါတယ်ခင်ဗျား။

**မှူးကြမ်း**

**ဥက္ကဋ္ဌ⊞ဌ**။ ။ ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၃၃ ဦး၊ ယခင်ကခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၁၈ ဦး၊ ယနေ့ခွင့်ပြုထားသူ ၂၆ ဦးဖြစ်၍ လွှတ်တော်က ခွင့်ပြုထားသူ စုစုပေါင်း ၄၄ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။ ယခုလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို အတည်ပြုမှတ်တမ်းတင်ရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် ကိုယ်စားလှယ်များအစည်းအဝေး တက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ကြယ်ပွင့်ပြထားသည့်မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၅ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မေးခွန်းများ မေးမြန်း၊ ဖြေကြားခြင်းအစီအစဉ် စတင်ဆောင်ရွက်ပါမယ်။

**မြန်မာ့ပင်လယ်ရေကြောင်းလုံခြုံရေးအတွက် လုံခြုံရေးအင်အားတိုးမြှင့်ပေးခြင်း နည်းပညာအပါအဝင် အခြေခံလိုအပ်ချက်များ တိုးမြှင့်ထောက်ပံ့ပေးနိုင်ခြင်းရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ⊞ဌ**။ ။ ပထမဦးစွာ ကျောက်တန်းမဲဆန္ဒနယ်မှ ဒေါ်အေးမြမြမျိုး မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဒေါ်အေးမြမြမျိုး(ကျောက်တန်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အားလုံးပဲမင်္ဂလာပါရှင်။ ကျွန်မကတော့ မြန်မာ့ပင်လယ်ရေကြောင်းလုံခြုံရေးနဲ့ ပတ်သက်ပြီး ဆောင်ရွက်ထားမှုအခြေအနေကို မေးမြန်းသွားမယ့် ကျောက်တန်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်အေးမြမြမျိုး ဖြစ်ပါတယ်။ ကျွန်မရဲ့ ကျောက်တန်းမြို့နယ်မှာဆိုရင်

ပင်လယ်နဲ့ထိစပ်နေတဲ့ကျေးရွာ ၁၀ ရွာရှိပါတယ်။ မီးပြကျေးရွာ၊ ချောင်းဝကျေးရွာ၊ ကုလားတန်းကျေးရွာ၊ ရှမ်းချောင်းကျေးရွာတို့မှာ ပင်လယ်ရေကြောင်းလုံခြုံရေးအတွက် တပ်စခန်းများထားရှိပါတယ်။ ရေကြောင်းရဲတပ်ဖွဲ့ဝင်များလည်းရှိပါတယ်။ ပင်လယ်နဲ့ထိစပ်နေတဲ့ ကျေးရွာတွေကို ကွင်းဆင်းသွားတဲ့အခါမှာ ရေကြောင်းလုံခြုံရေးနဲ့ပတ်သက်တဲ့အခြေအနေကို စိုးရိမ်မိပါတယ်။ ပြီးတော့ ကျေးရွာသူကျေးရွာသားတွေကလည်း တရားမဝင်ကျွဲ၊ နွားတွေတင်ပို့တဲ့ကိစ္စမျိုးတွေ တရားမဝင်ဝင်ရောက်တဲ့ကိစ္စမျိုးတွေမှာ တိုင်ကြားတာရှိတဲ့အတွက်ကြောင့်မို့လို့ ကျွန်မအနေနဲ့ ၂၀၁၇ ခုနှစ်၊ ဧပြီလ ၂၀ ရက်နေ့ကနေပြီးတော့မှ မုတ္တမပင်လယ်ကွေ့အပါအဝင် မြန်မာ့ရေပိုင်နက်တွင် လုံခြုံရေးဆောင်ရွက်ထားမှုအခြေအနေကို ကြယ်ပွင့်မပြမေးခွန်း မေးမြန်းခဲ့တဲ့အခါမှာ ပြန်လည်ဖြေကြားပေးတဲ့အခြေအနေက ကျွန်မစိတ်သက်သာရာရခဲ့ပါတယ်။ ဒါပေမဲ့လည်း ၂၀၁၈ ခုနှစ်၊ ဩဂုတ်လ ၂၈ ရက်နေ့မှာ ရန်ကုန်တောင်ပိုင်းခရိုင်၊ သုံးခွမြို့နယ်၊ သမ္ဘစိတ္တကျေးရွာမှ ရေမိုင်ခြောက်မိုင် အကွာအဝေးမှာ ပိုင်ရှင်မဲ့သင်္ဘောကြီးကို ကျွန်မတို့ပြည်သူတစ်ယောက်ကတွေ့ပြီး သတင်းပေးလို့ သိရှိခဲ့ရပါတယ်။ ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၁၆ ရက်နေ့ နံနက် ၅ နာရီမှာလည်း ကျွန်မတို့ ရန်ကုန်တောင်ပိုင်းခရိုင်၊ ကျောက်တန်းမြို့နယ်၊ ကံဘဲ့ကျေးရွာမှာ အထောက်အထားမဲ့ဝင်ရောက်လာသူ ၁၀၆ ဦးကို ဖမ်းဆီးရမိခဲ့ပါတယ်။ နိုဝင်ဘာလ ၂၇ ရက်နေ့မှာ တနင်္သာရီတိုင်းဒေသကြီး၊ လောင်းလုံးမြို့နယ်မှာ တရားမဝင်ဝင်ရောက်သူ ၉၃ ဦး၊ နိုဝင်ဘာလ ၂၉ ရက်နေ့မှာ တနင်္သာရီကမ်းရိုးတန်းမှာ ဒုက္ခသည် ၃၈ ဦး တစ်လအတွင်းမှာ လှေနဲ့ထွက်ပြေးလာသူ ၂၃၇ ဦးကို ဖမ်းဆီးရမိခဲ့ပြီးတော့ တပ်မတော်ရေယာဉ်နဲ့ နေရပ်ကိုပြန်ပို့ခဲ့ရပါတယ်။ ရခိုင်ဒေသကထွက်လာပြီးတော့မှ တနင်္သာရီကမ်းရိုးတန်းနှင့် ရန်ကုန်အတွင်းမှာ ဒီလိုတွေ တွေ့ရှိတဲ့အခြေအနေကိုသိတဲ့အခါမှာ ကျွန်မအနေနဲ့ မြန်မာ့ပင်လယ်ရေကြောင်းမှာ လုံခြုံရေးဆောင်ရွက်ထားမှုအခြေအနေတွေကို စိုးရိမ်ပူပန်မိပါတယ်။ ကျွန်မတို့မြန်မာနိုင်ငံက ကမ်းရိုးတန်းအရှည်ပေါင်း မိုင်ပေါင်း ၁၃၀၀ ကျော်ရှည်လျားတဲ့ နိုင်ငံဖြစ်ပြီးတော့ မိမိတို့ကမ်းရိုးတန်းမှာ ရေပြင်နယ်နိမိတ်ကိုထိန်းသိမ်းစောင့်ရှောက်ဖို့ ပင်လယ်ရေကြောင်းအန္တရာယ်ကင်းရှင်းရေးနဲ့ ပင်လယ်ရေပြင်ရှာဖွေကယ်ဆယ်ရေးတွေ၊ နောက် ကမ်းလွန်ရေတူးဖော်ရေးလုပ်ငန်းများ တိုးချဲ့တည်ဆောက်လာတဲ့အတွက်ကြောင့် ရေနက်ဆိပ်ကမ်းများနဲ့ သဘာဝပတ်ဝန်းကျင်သယံဇာတများကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ဖို့အတွက် ခေတ်နှင့်ကာလ တိုးတက်ဖြစ်ပေါ်တဲ့စိန်ခေါ်မှုများဖြစ်တဲ့ ရေကြောင်းမတော်တဆမှုတွေ၊ သဘာဝအန္တရာယ်များကို ရင်ဆိုင်ဖြေရှင်းရန်နှင့် ရေထုညစ်ညမ်းမှုကို ကာကွယ်တားဆီးရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေးတွေက လိုအပ်လျက်ရှိနေပါသေးတယ်။ ဒါ့အပြင် လူကုန်ကူးခြင်း၊ တရားမဝင်

ဝင်ရောက်ခြင်း၊ မှောင်ခိုလုပ်ငန်းများနှင့် မူးယစ်ဆေးဝါးသယ်ဆောင်ခြင်း၊ ရောင်းဝယ်ခြင်းတို့အပြင် တရားမဝင်ငါးဖမ်းခြင်းစတဲ့ ဥပဒေမဲ့လုပ်ရပ်တွေကိုလည်း ထိရောက်စွာကာကွယ်တားဆီးဖို့အတွက်ကို မြန်မာနိုင်ငံကမ်းခြေစောင့် တပ်ဖွဲ့လိုမျိုးတွေလည်း လိုအပ်လျက်ရှိနေပြီဖြစ်ပါတယ်။

ပင်လယ်နဲ့ထိစပ်နေတဲ့နေရာများရဲ့ ရေကြောင်းရဲတပ်ဖွဲ့တွေ၊ သက်ဆိုင်ရာတိုင်းဒေသကြီး/ ပြည်နယ်ရဲတပ်ဖွဲ့ဝင်တွေ၊ တပ်မတော်ရေယာဉ်နဲ့ နယ်မြေကမ်းရိုးတန်းတပ်ရင်း၊ တပ်ဖွဲ့များ၊ တပ်မတော် သားများ၊ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေး အဖွဲ့များ၊ ပြည်သူ့စစ်တပ်ဖွဲ့များ၊ ဒေသခံပြည်သူများ ပူးပေါင်းပြီးတော့ ပင်လယ်ရေကြောင်းတစ်လျှောက် မှာလုံခြုံရေး တရားမဝင်ဝင်ထွက်မှုမရှိရေး၊ ကျွဲ၊ နွား၊ သယံဇာတပစ္စည်းများ ပြည်ပသို့တရားမဝင်တင်ပို့ခြင်းနဲ့ ပြည်ပမှတရားမဝင်ပစ္စည်းတွေ တင်သွင်းမှုမရှိရေး၊ မူးယစ်ဆေးဝါး၊ လူကုန်ကူးမှုအပါအဝင် ရာဇဝတ်မှုမဖြစ်ရေးတို့ကို ကျိုးပမ်း ဆောင်ရွက်ပေးနေပါတယ်ဆိုပေမဲ့လည်း မြန်မာ့ပင်လယ်ရေပိုင်နက်အတွင်းမှာ သင်္ဘောတွေ၊ စက်လှေ တွေဝင်ရောက်လာတာတွေကို ဒေသခံပြည်သူတွေသတင်းပေးမှ သိရှိရတဲ့အတွက်ကြောင့် ကျွန်မတို့ ဒေသခံပြည်သူနဲ့ နိုင်ငံသူနိုင်ငံသားများက စိုးရိမ်ပူပန်လျက်ရှိပါတယ်။ မြန်မာ့ပင်လယ်ပိုင်နက် အတွင်း သို့ တရားမဝင်ဝင်ရောက်လာမှုများကို ခေတ်မီရေဒါစနစ်တွေ၊ စက်ကိရိယာပစ္စည်းတွေနဲ့ အသုံးပြုမှု ပိုင်းမှာလည်း လိုအပ်လျက်ရှိနေတယ်လို့ ယူဆပါတယ်။ ရေကြောင်းတပ်စခန်းများ လုံခြုံရေးတာဝန် ရှိသူများအနေနဲ့ နည်းပညာအပါအဝင် အခြေခံလိုအပ်ချက်များကိုပံ့ပိုးပေးခြင်းလည်း အခုထက်ပိုမို ကောင်းမွန်စွာဖြင့် မြန်မာ့ပင်လယ်ရေကြောင်းနဲ့ မြန်မာ့ပင်လယ်ရေနဲ့ထိစပ်နေတဲ့ နေရာများရဲ့ လုံခြုံရေး ကို တာဝန်ယူပေးနိုင်ရန်အတွက် အထက်ပါမေးခွန်းကို ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ပြည်သူ များကိုယ်စား လေးစားစွာမေးမြန်းအပ်ပါတယ်ရှင်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ကာကွယ်ရေးဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဗိုလ်ချုပ်မြင့်နွယ်(ဒုတိယဝန်ကြီး၊ ကာကွယ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ မင်္ဂလာအပေါင်း နှင့်ပြည့်စုံပါစေကြောင်း ဆုတောင်းမေတ္တာပို့သ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဗိုလ်ချုပ်မြင့်နွယ် ဖြစ်ပါတယ်။ ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်အေးမြမြမျိုးရဲ့ မေးခွန်းနှင့်ပတ်သက်

ပြီးတော့ ကာကွယ်ရေးဝန်ကြီးဌာနအနေဖြင့် ရှင်းလင်းတင်ပြသွားမှာဖြစ်ပါတယ်။ တပ်မတော်(ရေ) အနေဖြင့် မြန်မာ့ပင်လယ်နှင့် ကမ်းရိုးတန်းတစ်လျှောက်မှာ စစ်ဆင်ရေး၊ နယ်မြေလုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေး၊ ရှာဖွေကယ်ဆယ်ရေး၊ သဘာဝဘေးအန္တရာယ်ကျရောက်သည့်နေရာများကို လူသားချင်းစာနာထောက်ထားမှုကူညီပေးရေး စသည့်လုပ်ငန်းတာဝန်များကို စစ်ရေယာဉ်များဖြင့် သက်ဆိုင်ရာရေပြင်ဧရိယာများအလိုက် ဆောင်ရွက်လျက်ရှိပါတယ်။

ထိုသို့ဆောင်ရွက်မှုများကြောင့် ၂၀၁၁ ခုနှစ်မှ ၂၀၁၈ ခုနှစ်နှစ်ကုန်အထိ ပြည်တွင်းငါးခိုးလှေ ၉၄ စီး၊ ပြည်ပငါးခိုးလှေ ၈၃ စီး၊ ငါးမိုင်းခွဲလှေ ၃၉ စီး၊ မှောင်ခိုလှေ ၃၀ စီး၊ စည်းကမ်းပျက်ငါးဖမ်းလှေ ၁၀၀ စီး၊ မူးယစ်ဆေးဝါးသယ်ဆောင်လှေ ၇၇ စီး၊ သစ်ခိုးလှေ ၂၆၀ စီး၊ လူမှောင်ခိုလှေ ၁၇ စီး၊ တရားမဝင်ဆီတင်လှေငါးစီး၊ ကျွဲ၊ နွား၊ ဆိတ်မှောင်ခိုလှေ ၅၄ စီး၊ တရားမဝင်စက်တပ်လက်ခတ်လှေ ခုနစ်စီး စုစုပေါင်း ၇၆၆ စီးတို့အား မြန်မာနိုင်ငံသားတရားခံ ၃၆၇၇ ဦး၊ နိုင်ငံခြားသားတရားခံ ၁၅၉၈ ဦး စုစုပေါင်း ၅၂၇၅ ဦးတို့နှင့်အတူ ဖမ်းဆီးပေးနိုင်ခဲ့ပြီး ဖမ်းဆီးရမိတန်ဖိုးငွေမှာ ကျပ်ဘီလီယံ ၂၂၀ ကျော် ဖြစ်ပါတယ်။ မြန်မာ့ပင်လယ်ပြင်ဧရိယာဟာ ၁၄၄၉၁၂.၉၄၆၇ စတုရန်းမိုင်ကျယ်ဝန်းပြီး ကမ်းရိုးတန်း အရှည်ဟာ ၁၂၆၀.၀၅၆ ရေမိုင်ရှည်လျား၍ တပ်မတော်(ရေ)အနေဖြင့် စစ်ရေယာဉ်များဖြင့် စောင့်ကြပ် ကြည့်ရှုထောက်လှမ်းခြင်းများအပြင် အရေးကြီးအချက်အချာ ရေလမ်းကြောင်းများတွင် ကမ်းရိုးတန်း စောင့်ကြည့်ရေဒါ(Coast Watcher Radar)များတပ်ဆင်ခြင်းဖြင့်လည်းကောင်း၊ တပ်မတော်(လေ)နဲ့ ပူးပေါင်း၍ ပင်လယ်ရေကြောင်းကင်းထောက်လေယာဉ်(Maritime Patrol Aircraft-MPA)များဖြင့် ကင်းလှည့်ခြင်းဖြင့်လည်းကောင်း၊ ကမ်းရိုးတစ်လျှောက်နှင့် မြန်မာ့ရေပြင်ပိုင်နက်အတွင်း ဖြတ်သန်း သွားလာလျက်ရှိသော ရေယာဉ်များကို စစ်ရေယာဉ်များဖြင့်လည်းကောင်း စောင့်ကြပ်ကြည့်ရှု ထောက်လှမ်းလျက်ရှိပါတယ်။

တပ်မတော်(ရေ)အနေဖြင့် မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်၌ ကမ်းရိုးတန်းစောင့်ကြည့်ရေဒါ (Coast Watcher Radar)များတပ်ဆင်ခြင်းများကို ဆောင်ရွက်လျက်ရှိရာ အရေးကြီးအချက်အချာ ရေလမ်းကြောင်းနေရာတွင် တပ်ဆင်ခဲ့ပြီးဖြစ်သော်လည်း ကမ်းရိုးတန်းတစ်ခုလုံးကို ခြုံငုံမိစေရန် ရေဒါများဆက်လက်တပ်ဆင်နိုင်ရေး ဆောင်ရွက်ရမှာဖြစ်ပါတယ်။ ကမ်းရိုးတန်းစောင့်ကြည့်ရေဒါမှ ရေဒါပုံရိပ်များဖမ်းယူရရှိသော်လည်း ရေယာဉ်များတွင်တပ်ဆင်ထားသော အလိုအလျောက် ရေယာဉ် စိစစ်ခွဲခြားသည့်စနစ်(Automatic Identification System-AIS)၊ ရေယာဉ်စောင့်ကြည့်ရေးစနစ် (Vessel Monitoring System-VMS)များဖြင့် ရန်သူ၊ မိတ်ဆွေခွဲခြားဆောင်ရွက်ရပြီး အပြည်ပြည်

ဆိုင်ရာရေကြောင်းအဖွဲ့ချုပ်(International Maritime Organization-IMO)၏ စံသတ်မှတ်ချက်အရ တန်ချိန် ၃၀၀ အထက်ရှိရေယာဉ်များတွင် အလိုအလျောက်ရေယာဉ်စိစစ်ခွဲခြားရေးစနစ် (AIS)တပ်ဆင်ခြင်းဖြင့်လည်းကောင်း၊ တန်ချိန် ၃၀၀ အောက်ရှိသောရေယာဉ်များတွင် ရေယာဉ်စောင့်ကြည့်ရေးစနစ် (VMS)ကဲ့သို့ စနစ်များတပ်ဆင်ခြင်းဖြင့်လည်းကောင်း၊ ရေယာဉ်ငယ်များမှထုတ်လွှင့်သည့် Transponder များတပ်ဆင်ခြင်းတို့ဖြင့် စောင့်ကြပ်စိစစ်ခွဲခြားခြင်းတို့ ဆောင်ရွက်လျက်ရှိပါတယ်။

သို့သော်လည်း ကျွန်တော်တို့မြန်မာနိုင်ငံမှာတော့ ရေယာဉ်စောင့်ကြည့်ရေးစနစ် (VMS)တပ်ဆင်အကောင်အထည်နိုင်ခြင်းမရှိသည့်အတွက် တပ်မတော်(ရေ)ကမ်းရိုးတန်းစောင့်ကြည့်ရေဒါများအနေဖြင့် တန်ချိန် ၃၀၀ နှင့်အထက်ရေယာဉ်များကို ရန်သူ၊ မိတ်ဆွေစိစစ်ခွဲခြားနိုင်သော်လည်း တန်ချိန် ၃၀၀ အောက်ရေယာဉ်များဖြစ်သည့် ငါးဖမ်းရေယာဉ်များနှင့် အခြားရေယာဉ်များအား ရေဒါပုံရိပ်ဖမ်းယူရရှိသော်လည်း ရန်သူ၊ မိတ်ဆွေစိစစ်ခွဲခြားနိုင်ခြင်းမရှိသေးကြောင်း တွေ့ရှိရပါတယ်။ မြန်မာ့ပင်လယ်ပြင်သည် ဧရိယာ ၁၄၄၉၁၂.၉၄၆၇ စတုရန်းရေမိုင် ကျယ်ဝန်းပြီး ကမ်းရိုးတန်းအရှည် ၁၂၆၀ ရေမိုင် ကျော်ရှည်လျားသော မြန်မာ့ပင်လယ်ပြင်အား လုံခြုံစိတ်ချစွာကာကွယ်နိုင်ရန် တပ်မတော်(ရေ)နှင့် အခြားရေကြောင်းဆိုင်ရာအဖွဲ့အစည်းများဖြစ်သော မြန်မာနိုင်ငံရေကြောင်းရဲတပ်ဖွဲ့၊ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၊ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးဦးစီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာန စသည့်ဌာနများမှပူးပေါင်း၍ ရေကြောင်းလုံခြုံရေးအား တိုးမြှင့်ဆောင်ရွက်သွားရမည်ဖြစ်ပြီး ပင်လယ်ပြင်အတွင်း တရားဥပဒေစိုးမိုးရေးဆိုင်ရာကိစ္စရပ်များ အဓိကဆောင်ရွက်ရသည့် ကမ်းခြေစောင့်တပ်ဖွဲ့အား နိုင်ငံတကာနည်းတူ ဖွဲ့စည်းဆောင်ရွက်ရန် လိုအပ်လျက်ရှိပါတယ်။

ကမ်းခြေစောင့်တပ်ဖွဲ့များအနေဖြင့် မြန်မာ့ပင်လယ်ပြင် တရားဥပဒေစိုးမိုးရေး၊ လုံခြုံရေး၊ ပင်လယ်ဓားပြရန်ကာကွယ်ရေး၊ ကုန်သွယ်ရေကြောင်းလမ်းများ၊ ရေယာဉ်နှင့်ဆိပ်ကမ်းများ ဘေးကင်းလုံခြုံရေး၊ ရေကြောင်းမတော်တဆမှုများစုံစမ်းစစ်ဆေးရေး၊ ပင်လယ်ပြင်ရှိ စွမ်းအင်သယံဇာတနှင့် ငါးလုပ်ငန်းစသည့် ရေကြောင်းအကျိုးစီးပွားများအား ကာကွယ်စောင့်ရှောက်ရေး၊ ပင်လယ်ပြင်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေး၊ ရေထုညစ်ညမ်းမှုကာကွယ်ရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေး၊ ရေကြောင်းနယ်နိမိတ်စောင့်ကြပ်ကြည့်ရှုရေး၊ မြန်မာ့ကမ်းရိုးတစ်လျှောက်သွားလာနေသောအပန်းဖြေစက်တပ်ရွက်လှေခရီးစဉ်များ၊ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းဆောင်ရွက်နေသော ကျွန်းများရှိ အပန်းဖြေပြည်သူများနှင့် ရေလုပ်သားများ၏လုံခြုံရေး၊ ရှာဖွေကယ်ဆယ်ရေးနှင့် ကူညီ

စောင့်ရှောက်ပေးရေးစသည်တို့ကို အဓိကဆောင်ရွက်ရသော်လည်း မြန်မာနိုင်ငံ၌ လက်ရှိအချိန်တွင် ကမ်းခြေစောင့်တပ်ဖွဲ့ ဖွဲ့စည်းထားခြင်းမရှိသေး၍ ၎င်းတာဝန်ဝတ္တရားများကို တပ်မတော်(ရေ)မှ တာဝန်ယူဆောင်ရွက်ပေးလျက်ရှိပါတယ်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ ဖွဲ့စည်းပုံအခြေခံ ဥပဒေ ၂၀၀၈ ခုနှစ်၏ ပုဒ်မ ၃၃၈ တွင် နိုင်ငံတော်အတွင်းရှိ လက်နက်ကိုင်အဖွဲ့အစည်းအားလုံးသည် တပ်တော်၏ကွပ်ကဲမှုအောက်တွင်ရှိရမည်၊ ပုဒ် ၃၃၉ တွင် နိုင်ငံတော်အား ပြည်တွင်း၊ ပြည်ပအန္တရာယ် များကာကွယ်ရေးအတွက် တပ်မတော်ကဦးဆောင်ရမည်ဟူ၍ ပြဋ္ဌာန်းထားရှိသည့်အတွက် မြန်မာ့ တပ်မတော်အနေဖြင့် ကမ်းခြေစောင့်တပ်ဖွဲ့အား ကာကွယ်ရေးဝန်ကြီးဌာနအောက်တွင် ထည့်သွင်း ဖွဲ့စည်းပြီး တပ်မတော်၏ကွပ်ကဲမှုအောက်တွင်ထားရှိ၍ အထက်အပိုဒ်(စ)ပါ လုပ်ငန်းတာဝန်များ ထမ်းဆောင်နိုင်ရန် လွှတ်တော်သို့တင်ပြအတည်ပြုရယူပြီး ဖွဲ့စည်းတာဝန်ပေးအပ်ရေး ဆောင်ရွက် လျက်ရှိပါတယ်။

ကမ်းခြေစောင့်တပ်ဖွဲ့အားဖွဲ့စည်းပြီးပါက တပ်မတော်၏ကွပ်ကဲမှုဖြင့် မြန်မာနိုင်ငံကမ်းခြေစောင့် တပ်ဖွဲ့၊ မြန်မာနိုင်ငံရေကြောင်းရဲတပ်ဖွဲ့၊ အကောက်အခွန်ဦးစီးဌာန၊ လူဝင်မှုကြီးကြပ်ရေးဦးစီးဌာန၊ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၊ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးဦးစီးဌာန၊ ငါးလုပ်ငန်း ဦးစီးဌာနစသည့် ရေကြောင်းဆိုင်ရာအဖွဲ့အစည်းများမှ ကျွမ်းကျင်သူကိုယ်စားလှယ်များပါဝင်သော Integrated Command Centrre(ICC)တစ်ခုဖွဲ့စည်းတည်ထောင်၍ တပ်မတော်(ရေ)ဦးဆောင်ပြီး သက်ဆိုင်ရာအဖွဲ့အစည်းများအကြား သတင်းအချက်အလက်များရယူဖလှယ်ကာ အချိန်နှင့်တစ်ပြေးညီ ဆုံးဖြတ်တုံ့ပြန်ဆောင်ရွက်ခြင်းဖြင့် မြန်မာ့ပင်လယ်ပြင်အား ပိုမိုလုံခြုံစိတ်ချစွာ ကာကွယ်စောင့်ရှောက် သွားနိုင်မှာဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ လွှတ်တော်ကိုယ်စားလှယ်၏ မေးခွန်းနှင့်ပတ်သက်၍ ကမ်းခြေစောင့်တပ်ဖွဲ့ ဖွဲ့စည်းနိုင်ခြင်းမရှိသေးမီ ရေယာဉ်ဝင်/ထွက်သွားလာမှု များပြားရှုပ်ထွေးပြီး ထောက်လှမ်းစောင့်ကြပ်စိစစ်ခွဲခြားရန် ခက်ခဲသည့်ရေကြောင်းလမ်းများအား တပ်မတော်(ရေ)အနေဖြင့် သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ချိတ်ဆက်ပူးပေါင်း၍ မြန်မာ့ပင်လယ်ပြင်ရေကြောင်းလုံခြုံရေး အတွက် ဆောင်ရွက်လျက်ရှိပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ပူတာအိုမြို့နယ်၊ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန၊ မြို့နယ်ရုံးနှင့် ဝန်ထမ်းများ နေအိမ်သည် နှစ်ပေါင်းများစွာ ကြာမြင့်လာသောကြောင့် သစ်တိုင်များ၊ ပျဉ်များဆွေးကာ အဆောက်အဦများ ပျက်စီးလျက်ရှိပြီး အန္တရာယ်ဆောင်ဖြစ်နေပါသဖြင့် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် အသစ်တည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ပူတာအိုမဲဆန္ဒနယ်မှ ဦးမိုးရွှေ မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးမိုးရွှေ(ပူတာအိုမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအဆင့်အစိုးရအဖွဲ့ဝင်များ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ကချင်ပြည်နယ်၊ ပူတာအိုမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမိုးရွှေ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးရဲ့ခွင့်ပြုချက်အရ ကျွန်တော် မေးမြန်းမယ့်မေးခွန်းကတော့ ပူတာအိုမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီး ဌာန၊ မြို့နယ်ရုံးနှင့် ဝန်ထမ်းများ နေအိမ်သည် နှစ်ပေါင်းများစွာ ကြာမြင့်လာသောကြောင့် သစ်တိုင်များ၊ ပျဉ်များဆွေးကာ အဆောက်အဦများ ပျက်စီးလျက်ရှိပြီး အန္တရာယ်ဆောင်ဖြစ်နေပါသဖြင့် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် အသစ်တည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိ မေးမြန်းသွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ကချင်ပြည်နယ်တွင် ခရိုင်လေးခရိုင်ရှိသည့်အနက် ပူတာအို ခရိုင်သည် မြန်မာနိုင်ငံရဲ့မြောက်ဘက်ဆုံးတွင် တည်ရှိသောခရိုင်တစ်ခု ဖြစ်ပါတယ်။ ကျွန်တော့်ရဲ့ မဲဆန္ဒနယ်ဖြစ်သော ပူတာအိုမြို့နယ်တွင် အိမ်ခြေ ၁၀၇၉၁ အိမ်ရှိပြီး လူဦးရေ ၆၀၂၃၃ ဦး ကျော် ရှိတဲ့မြို့ ဖြစ်ပါတယ်။ ခရီးသွားဧည့်သည်များပြားသော ပူတာအိုမြို့နယ်အတွင်းရှိ အစိုးရဌာနရုံးများ၏ အဆောက်အဦများသည် အချိန်ကာလတစ်ခုမက ကျော်လွန်နေပြီး ဆွေးမြည့်ပျက်စီးနေသော အဆောက်အဦများ ဖြစ်နေသဖြင့် မြို့နယ်အင်္ဂါရပ်နှင့်လည်း လုံးဝတူညီမှုမရှိတာကို တွေ့ရသောကြောင့် ပြန်လည်တည်ဆောက်ပေးရန် လိုအပ်နေလျက်ရှိတာကို တွေ့ရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ပူတာအိုမြို့နယ်ရှိ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီး ဌာန၊ မြို့နယ်ရုံးနှင့် ဝန်ထမ်းနေအိမ်များသည် ၁၉၅၄ ခုနှစ်တွင် ဒေသထွက် သစ်ပွများဖြင့် တည်ဆောက်ထားသော သစ်တိုင်၊ ပျဉ်ကာ၊ ပျဉ်ခင်း၊ သွပ်မိုးတစ်ထပ်အဖြစ် တည်ဆောက်ထားသောရုံး ဖြစ်ပါတယ်။ ယခုအချိန်တွင် နှစ်အားဖြင့် ၆၄ နှစ်ကြာလာသောကြောင့် အဆောက်အအုံများသည်

ဆွေးပြီးပျက်စီးကာ အန္တရာယ်ရှိသောရုံးနှင့် ဝန်ထမ်းအိမ်များဖြစ်သောကြောင့် အသစ်တည်ဆောက်ပေးရန် အမြန်ဆုံးလိုအပ်လျက်ရှိတာကို ကျွန်တော့်အနေနဲ့ တွေ့ရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ ၁၄ ရက်နေ့ လွှတ်တော်သို့ကြယ်ပွင့်မပြမေးခွန်းမေးမြန်းရာတွင် ဝန်ကြီးရဲ့ဖြေကြားချက်မှာ ပူတာအိုမြို့နယ် ဦးစီးမှူးရုံးရှေ့ ဟောင်းနွမ်းပျက်စီးနေသော ရုံးအဆောက်အအုံနှင့် ဝန်ထမ်းနေအိမ်များအတွက် အလျား ၇၀ ပေ၊ အနံ ၄၆ ပေ၊ အမြင့် ၁၂ ပေ သွပ်မိုးအာစီကွန်ကရစ်ရုံးအဆောက်အဦးတစ်လုံးအတွက် ငွေကျပ် ၉၆.၆၀ သန်း၊ အလျား ၇၂ ပေ၊ အနံ ၃၂ ပေ၊ အမြင့် ၁၂ ပေ သွပ်မိုး RC Cincrete ငါးခန်းတွဲ ဝန်ထမ်းအိမ်ရာလေးလုံးအတွက် ငွေကျပ် ၂၇၆.၄၈ သန်း စုစုပေါင်း ငွေကျပ် ၃၇၃.၀၈ သန်းတို့အား ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် အမျိုးသားစီမံကိန်းတွင် ထည့်သွင်းရေးဆွဲဖော်ပြထားပြီးဖြစ်ပါကြောင်းဟု ဖြေကြားခဲ့သော်လည်း ယနေ့အထိ ဆောင်ရွက်ပေးနိုင်ခြင်းမရှိခဲ့တဲ့အတွက်ကြောင့်မို့လို့ မေးမြန်းရခြင်းဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့ကို Power Point တင်ပြခွင့်ပြုပါရန် တောင်းခံအပ်ပါတယ်။ ဒါက ကျွန်တော်တို့ ပူတာအိုမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရုံးရှေ့မျက်နှာစာမှာ သဘော်ဆေးမသုတ်တဲ့အချိန်ဖြစ်ပါတယ်။ မပြုပြင်ရတဲ့အချိန်ဖြစ်ပါတယ်။ ဒါကတော့ ကျွန်တော်တို့ သဘော်ဆေးနှင့် ပြုပြင်တဲ့အချိန်ဖြစ်ပါတယ်။ ဒါကတော့ ကျွန်တော်တို့ မြို့နယ်ရုံးတောင်ဘက်က မျက်နှာစာဖြစ်ပါတယ်။ ဒါကတော့ ကျွန်တော်တို့ မြို့နယ်ရုံးအနောက်ဘက်မျက်နှာစာဖြစ်ပါတယ်။ ဒါကတော့ ကျွန်တော်တို့ မြို့နယ်ရုံးမြောက်ဘက် မျက်နှာစာဖြစ်ပါတယ်။ ဒါကတော့ ကျွန်တော်တို့ လက်ရှိ မြို့နယ်ဦးစီးမှူးနေထိုင်တဲ့နေအိမ်ဖြစ်ပါတယ်။ ဒါကတော့ ဝန်ထမ်းမိသားစုနှစ်စု နေထိုင်သော အိမ်ဟောင်းဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ သို့ဖြစ်ပါ၍ ပူတာအိုမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမြို့နယ်ရုံးနှင့် ဝန်ထမ်းနေအိမ်သည် နှစ်ပေါင်းများစွာ ကြာမြင့်လာသောကြောင့် သစ်တိုင်များ၊ ပျဉ်များဆွေးကာ အဆောက်အဦများပျက်စီးလျက်ရှိပြီး အန္တရာယ် ဆောင်ဖြစ်နေသဖြင့် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် အသစ်ဆောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိ ဒေသခံမိဘပြည်သူများရဲ့ကိုယ်စား လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရိုသေစွာမေးမြန်းအပ်ပါတယ် ခင်ဗျား။ အားလုံးကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ အလုပ်သမားလူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**မူကြမ်း**

**ဖြေကြားချက်**

**ဦးသိန်းဆွေ(ပြည်ထောင်စုဝန်ကြီး၊ အလုပ်သမားလူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန)**။ ။လေးစားအပ်ပါတဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံပါစေလို့ ဆုတောင်းမေတ္တာပို့သပါတယ်။ ကျွန်တော့်အနေနဲ့ ကချင်ပြည်နယ်၊ ပူတာအိုမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီး ဦးမိုးရွှေရဲ့ မေးခွန်းနှင့် ပတ်သက်ပြီးတော့မှ ဖြေကြားသွားမှာဖြစ်ပါတယ်။ ဒီမေးခွန်းကို မေးလို့လည်းပဲ လွှတ်တော်ကိုယ်စားလှယ်ကြီးကို ဌာနအနေနဲ့ အထူးကျေးဇူးတင်ရှိပါတယ်လို့ ပြောကြားချင်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်ကြီးအနေနဲ့ ပူတာအိုမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမြို့နယ်ရုံးနှင့် ဝန်ထမ်းအိမ်များဟာ နှစ်ပေါင်းများစွာ ကြာမြင့်သောကြောင့် ဆွေးမြည့်နေတဲ့အတွက်၊ အန္တရာယ်ဆောင်ဖြစ်နေတဲ့အတွက် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်မှာ အသစ်တည်ဆောက်ပေးဖို့ အစီအစဉ်ရှိ/မရှိမေးမြန်းခဲ့ပါတယ်။ ကျွန်တော်တို့ဝန်ကြီးဌာနအနေနဲ့ ဦးစားပေးအလိုက် အန္တရာယ်ရှိတဲ့ရုံးတွေ၊ ပြိုကျနေတဲ့ရုံးတွေကို ပြင်ဆင်လျက်ရှိပါတယ်။

လွှတ်တော်ကိုယ်စားလှယ်ကြီးတင်ပြခဲ့သလိုပဲ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်မှာလည်းပဲ ကျွန်တော်တို့ ပူတာအိုရုံးအတွက်ကို လျာထားတင်ပြခဲ့သော်လည်းပဲ ဝန်ကြီးဌာနရဲ့ ဘတ်ဂျက်ငွေကန့်သတ်ချက်၊ ခွင့်ပြုငွေကန့်သတ်ချက်အရ ဦးစားပေးအလိုက် ဆောင်ရွက်ရတာဖြစ်တဲ့အတွက် ကျွန်တော်တို့ ဆောင်ရွက်ချင်သော်လည်းပဲ၊ ဘတ်ဂျက်လျာထားခဲ့သော်လည်းပဲ ဘတ်ဂျက်ဖြတ်တောက်တဲ့အထဲမှာ ပါသွားတဲ့အတွက် ဆောင်ရွက်ပေးနိုင်ခြင်းမရှိပါဘူး။ အလားတူပဲ ဌာနပိုင်ရုံးဖွင့်လှစ်နိုင်ခြင်းမရှိတဲ့ရုံးတွေ၊ အိုမင်းဟောင်းနွမ်းနေတဲ့ ဌာနပိုင်ရုံးများနှင့် ဝန်ထမ်းအိမ်ရာများကိုလည်းပဲ အသစ်ပြန်လည်တည်ဆောက်ဖို့၊ ပြုပြင်ဖို့ကိုလည်း နှစ်စဉ်လျာထားပြီးတော့မှ တင်ပြတောင်းခံလျက်ရှိပါတယ်။

သို့ရာတွင် ကျွန်တော် အထက်ကတင်ပြခဲ့သလိုပဲ ဘတ်ဂျက်တွေဖြတ်တဲ့အတွက် တည်ဆောက်ချင်တဲ့ရုံးတွေ၊ ပြုပြင်ချင်တဲ့ရုံးတွေကို တည်ဆောက်ခွင့်မရတာ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်ကြီးများကို ကျွန်တော် အနူးအညွတ်တင်ပြချင်တဲ့အချက်ကတော့ ကျွန်တော်တို့ ဝန်ကြီးဌာနက ဘတ်ဂျက်တင်ပြလာရင်လည်းပဲ ဘတ်ဂျက်တွေကိုမဖြတ်ဘဲနဲ့ ခွင့်ပြုပေးဖို့နဲ့လာမည့် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်မှာလည်းပဲ ဌာနပိုင်အဆောက်အအုံမရှိသေးတဲ့ရုံးတွေ၊ အိုမင်းဟောင်းနွမ်းနေတဲ့ရုံးတွေ၊ ဌာနပိုင်အဆောက်အအုံများ အပါအဝင် ဝန်ထမ်းအိမ်ရာများကို ကျွန်တော်တို့ အသစ်ဆောက်လုပ်နိုင်ရေးအတွက် လျာထားတောင်းခံသွားပါမယ်။ ဦးစားပေးအလိုက် ခွင့်ပြုချက်ရမယ်ဆိုရင်တော့ အစီအစဉ်

အလိုက် အခြေအနေဆိုးတဲ့ရုံးတွေကစပြီးတော့မှ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း လေးစားစွာ ရှင်းလင်းတင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကျေးဇူးတင်ပါတယ်။

**စစ်ဘေးရှောင်စခန်းတွင် ရောက်ရှိနေသော ပြည်သူများကြုံတွေ့နေရသည့် နိုင်ငံသားစိစစ်ရေး ကတ်ပြားနှင့် အိမ်ထောင်စုစာရင်း အခက်အခဲကိစ္စများနှင့်ပတ်သက်၍ ပြည်ထောင်စုဖွားတိုင်းရင်းသား စစ်စစ်ဖြစ်ပါလျက်နှင့် ခွဲခြားကန့်သတ်ချုပ်ချယ်ခြင်းသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်မှုရှိ/ မရှိနှင့် အခြားစစ်ဘေးရှောင်စခန်းအသီးသီးသို့ ရောက်ရှိနေကြသည့် တိုင်းရင်းသားပြည်သူများအတွက် နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် အိမ်ထောင်စုစာရင်းအား မည်သို့စီမံဆောင်ရွက်ထားသည်တို့ကို သိလိုခြင်းနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ အင်ဂျန်းယန်မဲဆန္ဒနယ်မှ ဦးလမာနော်အောင် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးလမာနော်အောင်(အင်ဂျန်းယန်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ လေ့လာသူများအားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံပါစေကြောင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ကချင်ပြည်နယ်၊ အင်ဂျန်းယန်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးလမာနော်အောင် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ စစ်ဘေးရှောင်စခန်းတွင်ရောက်ရှိနေသော ပြည်သူများကြုံတွေ့နေရ သော နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် အိမ်ထောင်စုစာရင်းအခက်အခဲကိစ္စများနှင့်ပတ်သက်ပြီး ဥက္ကဋ္ဌကြီးမှတစ်ဆင့် သက်ဆိုင်ရာဝန်ကြီးဌာနသို့ မေးမြန်းသွားမှာဖြစ်ပါတယ်။ လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ကချင်ပြည်နယ်၊ အင်ဂျန်းယန်မြို့နယ်တွင် အပစ်အခတ်ရပ်စဲကာလ ဖြစ်သော ၂၀၀၆-၂၀၀၇ ခုနှစ်များတွင် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာနမှ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ထိန်းချုပ်မှုဒေသအောက်ရှိ ကျေးရွာအနှံ့ကွင်းဆင်းပြီး ယာယီအိမ်ထောင်စုနှင့် ယာယီနိုင်ငံသားစိစစ်ရေးကတ်ပြားများ ဆောင်ရွက်ပေးခဲ့ပါတယ်။ ၎င်းအိမ်ထောင်စုစာရင်းနဲ့ နိုင်ငံသားစိစစ်ရေးကတ်ပြားများဖြင့် ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ ပြည်သူ့ဆန္ဒခံယူပွဲတွင် မဲပေးခဲ့ကြရပါတယ်။ သို့သော်လည်း အပစ်အခတ်ရပ်စဲရေးပျက်ပြားပြီး နောက်ပိုင်းတွင် ၎င်းယာယီမှတ်ပုံတင်နဲ့ အိမ်ထောင်စုစာရင်းများ တရားမဝင်တော့ကြောင်းနဲ့ ကိုင်ဆောင်သူများကိုလည်း စစ်ဆေးရေးဂိတ်များက အမျိုးမျိုးခြိမ်းခြောက်စစ်ဆေးကြောင်း ဒေသခံ များ၏ပြောကြားချက်အရ သိရှိရပါတယ်။ ဤသို့ပြုခြင်းသည် ချောင်းကူးပြီးနောက် တုတ်ကိုပစ်ဆိုတဲ့ ကချင်စကားပုံကဲ့သို့ ဖြစ်နေကြောင်း၊ ပြည်သူ့ဆန္ဒခံယူပွဲအတွက်သာ ထုတ်ပေးခြင်းကဲ့သို့ဖြစ်နေပြီး

နိုင်ငံတော်အစိုးရ ဝန်ကြီးဌာနရဲ့ပုံရိပ်ကို ထိခိုက်နိုင်တဲ့အပြင် တောင်ပေါ်နေတိုင်းရင်းသားများအပေါ် ခွဲခြားဆက်ဆံသည်ဟုလည်း မှတ်ယူသွားနိုင်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ၂၀၁၈ ခုနှစ် မတ်လ၊ ဧပြီလတွင် ကျွန်တော်တို့မြို့နယ်၌ဖြစ်ပွားခဲ့သော စစ်ရေးအခြေအနေများကြောင့် အင်ဂျန်းယန်မြို့နယ်မှပြည်သူများ မြစ်ကြီးနားစစ်ရှောင်စခန်းသို့ အမြောက်အမြား ရောက်ရှိသွားခဲ့ကြပါတယ်။ ယခုအခါ နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် အိမ်ထောင်စုစာရင်းမရှိသူများသည် စစ်ရှောင်စခန်းမှ တစ်နေရာရာသို့သွားရန် အလွန်ခက်ခဲနေကြောင်း၊ စစ်ရှောင်ရသည့်ဒုက္ခအပြင် ခရီးသွားလာရေးအတွက်လည်း အထွေထွေလူမှုရေးကိစ္စများတွင်လည်းကောင်း၊ မည်သည့်အထောက်အထားမျှတင်ပြနိုင်ခြင်းမရှိသဖြင့် လူမှုစီးပွားရေးဘဝတွင် များစွာခက်ခဲနေကြောင်း၊ နိုင်ငံသားဖြစ်ခြင်းနှင့် တိုင်းရင်းသားအခွင့်အရေးများဆုံးရှုံးနေရကြောင်း ကာယကံရှင်များရဲ့ ပြောကြားချက်အရ သိရှိရပါတယ်။ သက်ဆိုင်ရာတာဝန်ရှိသူများကို မေးမြန်းကြည့်ရာတွင် စစ်ရှောင်စခန်းသို့ရောက်ရှိနေသူများကို အိမ်ထောင်စု၊ နိုင်ငံသားစိစစ်ရေးကတ်ပြားထုတ်ပေးနိုင်ခြင်းမရှိကြောင်း၊ အတည်တကျနေထိုင်သူများကိုသာ မြို့နယ်အုပ်ချုပ်ရေးအဖွဲ့၏ထောက်ခံချက်ဖြင့် ထုတ်ပေးကြောင်း၊ ညွှန်ကြားချက်မရှိသည့်စစ်ရှောင်များကို ထုတ်ပေးရန်အစီအစဉ်မရှိကြောင်း ဖြေကြားခဲ့ကြပါတယ်။ ယခင် တော၊ တောင်ကြားတွင်နေထိုင်စဉ်က အထူးအစီအစဉ်ဖြင့် ကွင်းဆင်းဆောင်ရွက်ပေးနိုင်ခဲ့ပြီး ယခုမိမိတို့အုပ်ချုပ်မှုဒေသအောက်သို့ ရောက်ရှိလာပါမှ မည်သည့်အချက်ကြောင့် မလုပ်ပေးနိုင်သည်ကို ပြည်သူများလည်း သိရှိလိုနေကြပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်ထောင်စုနယ်မြေအတွင်း နေထိုင်ကြသည့် ကချင်တိုင်းရင်းသားပြည်သူဖြစ်ပါလျက်နဲ့ စစ်ဘေးဒုက္ခအပြင် ရှိပြီးသား အခွင့်အရေးကိုပါ ဆုံးရှုံးနေသဖြင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကိုလည်း ထိခိုက်လာနိုင်ပါတယ်။ သို့ဖြစ်ပါ၍ ပြည်ထောင်စုဖွားတိုင်းရင်းသားစစ်စစ်ဖြစ်ပါလျက်နဲ့ ခွဲခြားကန့်သတ်ချုပ်ချယ်ခြင်းသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်ခြင်းရှိ/မရှိ ပြန်လည်သုံးသပ်ပေးနိုင်ရန်နှင့် အင်ဂျန်းယန်မြို့နယ်မှ မြစ်ကြီးနားစစ်ရှောင်စခန်းသို့ရောက်ရှိနေသော ပြည်သူများနဲ့ တိုင်းတစ်ပါးသားမဟုတ်သော စစ်ဘေးရှောင်စခန်းသို့ရောက်ရှိနေသည့် တိုင်းရင်းသားများအတွက် နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် အိမ်ထောင်စုစာရင်းကို မည်သို့စီစဉ်ဆောင်ရွက်ပေးမည်ကို သိရှိလို၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌမှ တစ်ဆင့်လေးစားစွာ မေးမြန်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**မူကြမ်း**

**ဖြေကြားချက်**

**ဦးသိန်းဆွေ(ပြည်ထောင်စုဝန်ကြီး၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါတဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ ကချင်ပြည်နယ်၊ အင်ဂျန်းယန်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးလမာနော်အောင်ရဲ့ မေးခွန်းနဲ့ပတ်သက်ပြီးတော့မှ ကျွန်တော့်အနေနဲ့ ဆက်လက်ဖြေကြားသွားမှာဖြစ်ပါတယ်။ ပြည်ထောင်စုဖွားတိုင်းရင်းသားများကို ခွဲခြားကန့်သတ်ချုပ်ချယ်ခြင်း ကျွန်တော်တို့ဌာနအနေနဲ့ လုံးဝမရှိပါဘူး။ အင်ဂျန်းယန်နယ်မြေအတွင်း စစ်ဆေးရေးဂိတ်များမှာ ဒေသခံတိုင်းရင်းသားပြည်သူများကို စစ်ဆေးနေခြင်းသည် လုံခြုံရေးအရ တာဝန်ရှိတဲ့ဝန်ကြီးဌာနများက နိုင်ငံတော်ရဲ့ လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးအတွက် ဥပဒေနဲ့အညီ စစ်ဆေးနေတာဖြစ်တယ်လို့ စုံစမ်းသိရှိရပါတယ်။ မိမိတို့ဝန်ကြီးဌာနအနေနဲ့တော့ ဒေသခံတိုင်းရင်းသားပြည်သူများကို မည်သည့်ကန့်သတ်ချက်မှ ဆောင်ရွက်ထားခြင်းမရှိပါကြောင်း နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ဆောင်ရွက်လျက်ရှိပါကြောင်း လေးစားစွာ ဖြေကြားအပ်ပါတယ်။ ဆက်လက်ပြီးတော့မှ မြစ်ကြီးနားစစ်ရှောင်စခန်းသို့ ရောက်ရှိနေတဲ့ အင်ဂျန်းယန်မြို့နယ်မှ ပြည်သူများနဲ့ အခြားသော စစ်ဘေးရှောင်စခန်းအသီးသီးကို ရောက်ရှိနေတဲ့ ပြည်သူများအတွက် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ထုတ်ပေးမှုအခြေအနေကို ကျွန်တော်ဆက်လက်ပြီးတော့မှ တင်ပြသွားမှာဖြစ်ပါတယ်။ ကချင်ပြည်နယ်အတွင်းမှာ နယ်မြေလုံခြုံရေးအရ ခေတ္တနေရပ်စွန့်ခွာရောက်ရှိနေတဲ့ စစ်ဘေးရှောင်စခန်း(IDPs Camp)များမှာ စုစုပေါင်း ၈၉ ခုရှိပါတယ်။ အိမ်ထောင်စု ၈၁၃၁ စု၊ လူဦးရေ ၄၁၀၀၉ ဦးရှိပါတယ်။ အဲဒီပြည်သူများကို စစ်ဘေးရှောင်စခန်း(IDPs Camp)မှာရှိတဲ့ နေရပ်စွန့်ခွာနေထိုင်သူများကို ဝန်ကြီးဌာနအနေနဲ့ သစ္စာစီမံချက်နဲ့ နိုင်ငံသားစိစစ်ရေးကတ်ပြားတွေ ထုတ်ပေးခဲ့ပါတယ်။ ဒီ ၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၇ ရက်နေ့အထိ ဆောင်ရွက်ထုတ်ပေးနိုင်မှုကတော့ စုစုပေါင်း လူဦးရေ ၂၉၃၅၁ ဦးရှိပြီးဖြစ်ပါတယ်။ ကချင်ပြည်နယ်၊ မြစ်ကြီးနားခရိုင်၊ အင်ဂျန်းယန်မြို့နယ်မှာ ရပ်ကွက်လေးခု၊ ကျေးရွာအုပ်စု ၁၇ ခု၊ ကျေးရွာ ၆၂ ရွာနှင့် ဖွဲ့စည်းထားတာဖြစ်ပါတယ်။ အိမ်ထောင်စု ၁၆၅၉ စု၊ လူဦးရေ ကျား ၄၁၃၅ ဦး၊ မ ၄၄၇၁ ဦး စုစုပေါင်း ၈၆၀၆ ဦး နေထိုင်လျက်ရှိပါတယ်။ အင်ဂျန်းယန်မြို့နယ်မှ နယ်မြေလုံခြုံရေးအရ မြစ်ကြီးနားမြို့နယ်နဲ့ ဝိုင်းမော်မြို့နယ်ရှိ ခေတ္တနေရပ်စွန့်ခွာသူများရောက်ရှိနေထိုင်တဲ့စခန်းများမှာ ရောက်ရှိနေထိုင်တဲ့ အိမ်ထောင်စုကတော့ ၆၆၁ စုနဲ့ လူဦးရေ ၃၃၉၀ ဦး ရှိပါတယ်။ အင်ဂျန်းယန်မြို့နယ် ဦးစီးမှူးရုံးမှ မြစ်ကြီးနားမြို့နယ်နဲ့ ဝိုင်းမော်မြို့နယ်မှာရှိတဲ့ ခေတ္တနေရပ်စွန့်ခွာသူများ

ရောက်ရှိနေထိုင်တဲ့စခန်းများမှာ သစ္စာစီမံချက်နဲ့ အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ဆောင်ရွက်ပေးနိုင်မှုမှာ အိမ်ထောင်စု ၄၂ စုနဲ့ နိုင်ငံသားစိစစ်ရေးကတ်ပြား ၁၃၅ ခုကို ကျွန်တော် ထုတ်ပေးခဲ့ပြီးဖြစ်ပါတယ်။ အင်ဂျန်းယန်မြို့ ဦးစီးမှူးရုံးအနေနဲ့ သစ္စာစီမံချက်နဲ့ လုပ်ငန်းစဉ်အတိုင်း အင်ဂျန်းယန်မြို့နယ်မှ မြစ်ကြီးနားမြို့နယ်နဲ့ ဝိုင်းမော်မြို့နယ်သို့ရောက်ရှိနေထိုင်တဲ့ ခေတ္တနေရပ်စွန့်ခွာနေထိုင်သူများကို ယာယီအိမ်ထောင်စုနဲ့ လူဦးရေစာရင်းများကိုလည်း ထုတ်ပေးထားရှိပြီးဖြစ်ပါတယ်။ သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများရဲ့ နေရပ်လိပ်စာမှန်ကန်ကြောင်း အတည်ပြုထောက်ခံချက်ရရှိပြီးပါက တရားဝင်အိမ်ထောင်စုစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားထုတ်ပေးခြင်းကိုလည်းပဲ ဆက်လက်ဆောင်ရွက်သွားပေးမှာဖြစ်ပါတယ်။ ယာယီအိမ်ထောင်စု လူဦးရေစာရင်းထုတ်ပေးထားရှိမှုကို တင်ပြရမယ်ဆိုလို့ရှိရင် အိမ်ထောင်စု ၅၆ စု၊ လူဦးရေ ကျား ၁၀၉ ဦး၊ မ ၁၄၂ ဦး စုစုပေါင်း ၂၅၁ ဦးဖြစ်ပါတယ်လို့ တင်ပြလိုပါတယ်။

လေးစားအပ်ပါတဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ကိုယ်စားလှယ်ကြီးများခင်ဗျား။ အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားထုတ်ပေးခြင်းလုပ်ငန်းများကို ကျွန်တော် အလျဉ်းသင့်လို့ ကျွန်တော်တို့ အောက်ပါအတိုင်း ဆောင်ရွက်သွားမည်ဖြစ်ပါတယ်လို့ ကျွန်တော် ရှင်းလင်းတင်ပြလိုပါတယ်။ မူလဒေသမှာ အိမ်ထောင်စုစာရင်းနဲ့ အတည်တကျနေထိုင်ခဲ့တဲ့ တိုင်းရင်းသားမိသားစုဝင် သို့မဟုတ် တစ်ဦးတည်းနေထိုင်သူ တိုင်းရင်းသားများကို ပြောင်းရွှေ့နေထိုင်တဲ့ကာလ ခြောက်လအထက်ဖြစ်တယ်ဆိုလို့ရှိရင် ရောက်ရှိရာစခန်းမှာ တရားဝင်အိမ်ထောင်စု လူဦးရေစာရင်းနဲ့ နိုင်ငံသားစိစစ်ရေးကတ်ပြားထုတ်ပေးခြင်းလုပ်ငန်းကို လုပ်ထုံးလုပ်နည်းနှင့်အညီ စိစစ်ဆောင်ရွက်ပေးလျက်ရှိပါတယ်။ မူလဒေသမှာ အိမ်ထောင်စုစာရင်းမရှိသေးတဲ့ တိုင်းရင်းသားမိသားစု သို့မဟုတ် တစ်ဦးတည်းနေထိုင်သူတိုင်းရင်းသားများကိုလည်းပဲ ပြောင်းရွှေ့ရောက်ရှိနေထိုင်တဲ့ကာလ ခြောက်လအထက်ဖြစ်တယ်ဆိုလို့ရှိရင် ရောက်ရှိရာစခန်းမှာ ယာယီအိမ်ထောင်စုလူဦးရေစာရင်း ထုတ်ပေးထားပါတယ်။ အထက်ပါတိုင်းရင်းသားမိသားစုနဲ့ တိုင်းရင်းသားတို့ကို ရပ်/ကျေးနဲ့ မြို့နယ် နိုင်ငံသားကြီးကြပ်ရေးအဖွဲ့ရဲ့ သဘောတူညီချက်နဲ့ တရားဝင်အိမ်ထောင်စုလူဦးရေစာရင်းနဲ့ နိုင်ငံသားစိစစ်ရေးကတ်ထုတ်ပေးခြင်းလုပ်ငန်းကိုလည်းပဲ လုပ်ထုံးလုပ်နည်းများနှင့်အညီ စိစစ်ဆောင်ရွက်ပေးလျက်ရှိပါတယ်။ မူလဒေသမှာ အိမ်ထောင်စုလူဦးရေးစာရင်းနှင့် အတည်တကျနေထိုင်ခဲ့တဲ့ တိုင်းရင်းသားမိသားစု ဒါမှမဟုတ်ရင်လည်းပဲ တစ်ဦးတည်းနေထိုင်သူ တိုင်းရင်းသားများကို ပြောင်းရွှေ့ရောက်ရှိနေထိုင်တဲ့ကာလ ခြောက်လအောက်ဖြစ်လျှင် စာရင်းပြုစုမှတ်တမ်းတင်ထားရှိပြီး

တော့မှ လိုအပ်တယ်ဆိုလို့ရှိရင် သက်ဆိုင်ရာမူလမြို့နယ်ရုံးလက်ခံများနဲ့ တိုက်ဆိုင်စစ်ဆေးပြီးတော့မှ အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများကိုလည်းပဲ ကျွန်တော်တို့ စိစစ်ပြီး တော့မှ ထုတ်ပေးလျက်ရှိပါတယ်။ မူလဒေသမှာ အိမ်ထောင်စုစာရင်းမရှိသေးတဲ့ တိုင်းရင်းသား မိသားစု သို့မဟုတ် တစ်ဦးတည်းနေထိုင်သူတိုင်းရင်းသားများကို ပြောင်းရွှေ့ရောက်ရှိနေထိုင်တဲ့ကာလ ခြောက်လအောက်ဖြစ်တယ်ဆိုရင်တော့ ကျွန်တော်တို့ စာရင်းပြုစုမှတ်တမ်းထားရှိတာဖြစ်ပါတယ်။ မူလဒေသမှာ အိမ်ထောင်စုစာရင်းနဲ့ အတည်တကျနေထိုင်ခဲ့တဲ့ တိုင်းရင်းသားမဟုတ်သူ မိသားစု သို့မဟုတ် တစ်ဦးတည်းနေထိုင်သူ တိုင်းရင်းသားမဟုတ်သူကို ပြောင်းရွှေ့ရောက်ရှိနေထိုင်တဲ့ကာလ ခြောက်လအထက်ဖြစ်တယ်ဆိုလို့ရှိရင် စာရင်းပြုစုမှတ်တမ်းထားရှိပြီးတော့မှ လက်ရှိနေထိုင်ရာ ရပ်/ကျေးနဲ့ မြို့နယ်အဆင့် နိုင်ငံသားလုပ်ငန်းကြီးကြပ်ရေးအဖွဲ့ရဲ့ သဘောတူညီချက်ဖြင့် အိမ်ထောင်စု လူဦးရေစာရင်း ယာယီနဲ့ နိုင်ငံသားစိစစ်ခံရမည့်သူ သက်သေခံကတ်ပြား(Identity Card) ထုတ်ပေးရေးလုပ်ငန်းစဉ်ကို ဥပဒေနဲ့အညီ ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ဒီလုပ်ငန်းစဉ်များဟာ ဌာနအတွက် ဥပဒေနဲ့အညီ သတ်မှတ်ထားတဲ့လုပ်ငန်းစဉ်များဖြစ်တဲ့အတွက် မည်သည့်အရပ်ဒေသ များမှာမဆို ၎င်းအစီအစဉ်များအတိုင်း ကျွန်တော်တို့ စိစစ်ပြီးတော့မှ ဆောင်ရွက်ပေးရပါကြောင်း လေးစားစွာ တင်ပြလိုပါတယ်။ အဲဒီလို နိုင်ငံသားလုပ်ငန်းဆောင်ရွက်ရာမှာ အိမ်ထောင်စုလူဦးရေ စာရင်း ပုံစံ(၆၆/၆)ထုတ်ပေးရာမှာ ရပ်ကွက်ကျေးရွာအုပ်စု၊ ကျေးရွာရဲ့စခန်း အပိုင်လမ်းနဲ့ အိမ်အမှတ် တို့ကို မှတ်တမ်းတင်ရေးသွင်းရတဲ့အတွက် နေရပ်လိပ်စာမှန်ကန်ကြောင်း သက်ဆိုင်ရာ ရပ်ကွက်/ ကျေးရွာအုပ်ချုပ်ရေးမှူးရဲ့ အတည်ပြုထောက်ခံချက် လိုအပ်ပါတယ်။ ထောက်ခံချက်မပါဘဲနဲ့ ထုတ် ပေးတယ်ဆိုရင် အိမ်ထောင်စုစာရင်းတွေ ဖောင်းပွပြီးတော့မှ နိုင်ငံတော်အတွက် ရေရှည်ကာလတွေမှာ ကျွန်တော်တို့ အခက်အခဲတွေ ကြုံတွေ့နိုင်ပါတယ်။ သက်ဆိုင်ရာ သတ်မှတ်ထားတဲ့ ပြဋ္ဌာန်းချက်များနဲ့ လုပ်ထုံးလုပ်နည်းများနဲ့လည်း မညီတဲ့အတွက် ဝန်ထမ်းများအနေနဲ့လည်း အလုပ်ပေးဖို့ အကန့် အသတ်ရှိပါတယ်။ နေရပ်လိပ်စာမှန်ကန်ကြောင်းကို ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများက အတည်ပြုထောက်ခံချက်ပေးမယ်ဆိုလို့ရှိရင်တော့ အိမ်ထောင်စုလူဦးရေစာရင်းနဲ့ နိုင်ငံသားစိစစ်ရေး ကတ်ပြားထုတ်ပေးခြင်းလုပ်ငန်းကို လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ပေးသွားနိုင်မှာ ဖြစ်ပါ တယ်။ အင်ဂျန်းယန်မြို့နယ်အတွင်းမှာ ကျေးရွာအုပ်စု ၁၅ စု၊ ကျေးရွာ ၅၄ ရွာသည် ပြည်နယ်အစိုးရ အဖွဲ့ရဲ့ အုပ်ချုပ်ရေးလက်လှမ်းမမီတဲ့ ငြိမ်းချမ်းရေးရရှိရန် ကြိုးပမ်းလုပ်ဆောင်နေတဲ့ဒေသများ(Non-Government Control Area)ဖြစ်ပါတယ်။ ကျေးရွာအုပ်စု ၁၅ စုနဲ့ ကျေးရွာ ၅၄ ရွာဟာ ၂၀၁၄

ခုနှစ် ပြည်လုံးကျွတ်သန်းခေါင်စာရင်းကောက်ယူစဥ်ကလည်း နယ်မြေလုံခြုံရေးအရ စာရင်းကောက်ယူနိုင်ခြင်းမရှိခဲ့တဲ့ ကျေးရွာအုပ်စုနဲ့ ကျေးရွာများပဲ ဖြစ် ပါတယ်။

လေးစားအပ်ပါတဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ ကိုယ်စားလှယ်ကြီးများခင်ဗျား။ နိုင်ငံသားလုပ်ငန်းဆောင်ရွက်ရာမှာ အသက်အတွက် အထောက်အထားဖြင့် ကျောင်းထောက်ခံချက်၊ မွေးစာရင်းစသဖြင့် တင်ပြရမှာဖြစ်ပါတယ်။ သို့ရာတွင် တိုင်းရင်းသားပြည်သူများအတွက် ဖြေလျှော့ပြီးတော့မှ ကျောင်းထောက်ခံချက်၊ မွေးစာရင်းတို့ မတင်ပြနိုင်ဘူးဆိုလို့ရှိရင် အိမ်ထောင်စုလူဦးရေစာရင်းမှာ မွေးသက္ကရာဇ်ဖြင့်လည်းကောင်း၊ ခရစ်ယာန်သင်းအုပ်ဆရာများမှထုတ်ပေးတဲ့ နှစ်ခြင်းသက်သေခံလက်မှတ်ပါ မွေးသက္ကရာဇ်များဖြင့်လည်းကောင်း၊ သွေးအုပ်စုသတ်မှတ်ချက်မတင်ပြနိုင်ပါကလည်း ဖြေလျှော့ပြီး ကျွန်တော်တို့ ဆောင်ရွက်ပေးလျက်ရှိပါတယ်။ မိမိတို့ဝန်ကြီးဌာနအနေနဲ့ အင်ဂျန်းယန်မြို့နယ်မှ ခေတ္တနေရပ်စွန့်ခွာရောက်ရှိနေထိုင်သူများကို သက်ဆိုင်ရာ ပညာရေးဌာန၊ ကျန်းမာရေးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတို့နဲ့ ပူးပေါင်းဆောင်ရွက်မှုဖြင့် တိုးမြှင့်ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၅ ရက်နေ့မှာ အင်ဂျန်းယန်မြို့နယ် ဦးစီးမှူးရုံးဝန်ထမ်းများက ဝိုင်းမော်မြို့၊ ရပ်ကွက်(၃)မှာရှိတဲ့ KBC Zone IDPs Camp ကို ကွင်းဆင်းဆောင်ရွက်ပေးခဲ့တဲ့နေရာမှာ နိုင်ငံသားစိစစ်ရေးကတ်ပြားပျောက်ဆုံးပျက်စီးတဲ့ မိတ္တူထုတ်ပေးနိုင်ရေးဆောင်ရွက်တဲ့နေရာမှာ ကျား ၇ ဦး၊ မ ၈ ဦး စုစုပေါင်း ၁၅ ဦးကို စိစစ်ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။ ဆက်လက်ပြီးလည်းပဲဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ အင်ဂျန်းယန်မြို့နယ်မှ နယ်မြေလုံခြုံရေးအရ ခေတ္တနေရပ်စွန့်ခွာရောက်ရှိနေထိုင်သူများအား အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားထုတ်ပေးခြင်းလုပ်ငန်းကို ခွဲခြားကန့်သတ်ချုပ်ချယ်မှုမရှိဘဲ လုပ်ထုံးလုပ်နည်းများ၊ ညွှန်ကြားချက်များနှင့်အညီ မိမိဌာနဝန်ထမ်းများက ဆောင်ရွက်ပေးလျက်ရှိပါကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့်လေးစားစွာ ဖြေကြားအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ပြည်ကြီးတံခွန်မြို့နယ်အတွင်း စီမံကိန်းအကောင်အထည်မပေါ်သောမြေတွင် လျော်ကြေးမရရှိသော မူလပိုင်ရှင်များနေထိုင်နေခြင်းအပေါ် လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခံရမှုများ ပြန်လည် စိစစ်ရေးကော်မတီ မြို့နယ်မှစိစစ်ဆဲနှင့် နိုင်ငံတော်သမ္မတရုံးမှ တင်ပြစာနှင့်ပတ်သက်၍ လိုအပ်သလို ဆက်လက်စိစစ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အကြောင်းကြားစာရောက်သည့်နေ့တွင် စျေးနှင့် သားသတ်ဌာန စည်ပင်ကော်မတီမှ မူလပိုင်ရှင်မိသားစုများအား အတင်းအဓမ္မဖယ်ရှားခြင်းနှင့် ပတ်သက်၍ မည်ကဲ့သို့ကုစားပေးမည်ကိုသိလိုခြင်းနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ပြည်ကြီးတံခွန်မဲဆန္ဒနယ်မှ ဦးကျော်စိုးလင်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးကျော်စိုးလင်း(ပြည်ကြီးတံခွန်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအဆင့်ဝန်ကြီးများနှင့် ဧည့်သည်တော်များ အားလုံး မင်္ဂလာပါလို့ ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ပြည်ကြီးတံခွန်မဲဆန္ဒနယ် က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်စိုးလင်း ဖြစ်ပြီးတော့ မဲဆန္ဒရှင်များ၏ကိုယ်စား မေးခွန်း မေးမြန်းသွားမှာဖြစ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ပြည်ကြီးတံခွန်မြို့နယ်ဟာ ၁၉၉၂ ခုနှစ်၊ ၁၉၉၃ ခုနှစ်လောက်က ပုသိမ်ကြီးမြို့နယ်နဲ့ အမရပူရမြို့နယ် မှာရှိနေတဲ့ လယ်ယာမြေများကိုသိမ်းဆည်းပြီးတော့ ပြည်ကြီးတံခွန်မြို့နယ်အဖြစ် မြို့ကွက်သစ် ဖော်ထုတ်ပြီးတော့ နေရာချထားပေးတဲ့မြို့နယ်တစ်မြို့နယ်ဖြစ်ပါတယ်။

Power Point သုံးစွဲခွင့်ပြုပါရန် လေးစားစွာတင်ပြအပ်ပါတယ်ခင်ဗျား။ ပြည်ကြီးတံခွန်မြို့နယ် ရဲ့မြို့ကွက်သစ်ဖော်ထုတ်ထားတဲ့မြို့မြေပုံဖြစ်ပါတယ်။ မြေပုံမှာပါတဲ့ ချိန်ကုန်း၊ တောင်မြင့်၊ ရာတော်၊ တံခွန်တိုင်နဲ့ ငွေတောကြီးကုန်းကျေးရွာများကို ရပ်ကွက်အဖြစ်ပြောင်းလဲပြီးတော့ ကျန်လယ်ယာများကို အကွက်ရိုက်ပြီးတော့ မြေနေရာချထားပေးပါတယ်။ ၁၉၉၆ ခုနှစ်လောက်မှာ မြေနေရာအားလုံးချထား ပြီးဖြစ်ပါတယ်။ မြေပုံမှာနံပါတ်ပါတဲ့အကွက်များဟာ ရပ်ကွက်အမှတ်များဖြစ်ပြီးတော့ နံပါတ်မပါသော အကွက်လွတ်များဟာ ဘယ်သူ့ကိုမှချထားပေးခြင်းမရှိသော မြေကွက်အလွတ်များဖြစ်ပါတယ်။ အကွက်ရိုက်ထားသော်လည်း အချို့မြေကွက်များမှာ ပိုင်ရှင်မရှိ၊ ပိုင်ရှင်မဲ့များသာဖြစ်ပါတယ်။ အချို့ မြေကွက်များမှာ မြေနေရာချထားခံရသူနှစ်ဦးဖြစ်နေလို့ ဖြေရှင်းရတာမျိုးလည်း ရှိပါတယ်။ သိမ်းဆည်းခံတောင်သူများမှာ မြေကွက်အလွတ်ရှိနေတဲ့ မိမိတို့ရဲ့မြေကွက်နေရာများမှာ ဝင်ရောက် စိုက်ပျိုးပြီးတော့ ဆက်လက်နေထိုင်ခဲ့ကြပါတယ်။ အဲဒီလို မိမိတို့ရဲ့လယ်ယာမြေများကို ယခုအချိန်အထိ စိုက်ပျိုးလုပ်ကိုင်နေစဉ်မှာပဲ တရားစွဲဆိုထောင်ချခံရချိန်မှ ၂၀၁၀ ခုနှစ်နောက်ပိုင်း ၂၀၁၅ ခုနှစ်

လောက်ကချထားပေးတဲ့ ဂရန်ပိုင်ရှင်များရှိကြောင်းကိုလည်း မြေပိုင်ရှင်များအနေနဲ့ သိရှိရခြင်းမျိုး ဖြစ်ပါတယ်။ နေထိုင်လုပ်ကိုင်စားသောက်နေတဲ့ မူလပိုင်ရှင်များမသိဘဲ ဘယ်လိုဘယ်ပုံ ဂရန်များရရှိနေသည်ကိုလည်း သူတို့မသိရှာကြပါဘူး။

ယခုအစိုးရသစ်လက်ထက်မှာ သိမ်းဆည်းခံလယ်ယာမြေများပြန်လည်ပေးအပ်ရန်လို့ဆိုတာနဲ့ တစ်မြို့နယ်လုံးဟာ သိမ်းဆည်းခံထားရတဲ့မြေဖြစ်တဲ့အတွက်ကြောင့်မို့လို့ တိုင်စာပေါင်းမြောက်မြားစွာကို ကျွန်တော်တို့လက်ခံရရှိပါတယ်။ အဲဒီလိုရရှိလာတဲ့တိုင်စာတွေကို သိမ်းဆည်းခံလယ်ယာမြေများနှင့် ပတ်သက်ပြီးတော့ မြို့နယ်လယ်စီစစ်ကော်မတီမှ လယ်ယာမြေကိုစိစစ်တဲ့အခါမှာ လယ်ယာမြေနှင့် အခြားမြေများ စိစစ်ရေးဗဟိုကော်မတီရဲ့ချမှတ်ထားတဲ့ မူဝါဒ ၅၂ ချက်နှင့်အညီ စိစစ်တဲ့အခါမှာ ပြည်ကြီးတံခွန်မြို့နယ်ကို စနစ်မကျသောမြေသိမ်းယူချထားခြင်းများကြောင့် ပြဿနာများစွာရှိနေကြောင်းကိုလည်း ကျွန်တော်တို့စိစစ်တွေ့ရှိရပါတယ်။

မြေနေရာချထားရေးအဖွဲ့အနေဖြင့် မြေယာသိမ်းဆည်းတဲ့အခါမှာ လျော်ကြေးများကို ဘယ်သူ့ကိုပေးတယ်၊ ဘယ်သူ့ကိုမြေအစားထိုးပေးတယ်၊ ဘယ်လိုလူတွေကို ချထားပေးတယ်ဆိုတာ မြို့နယ်မှာရှိနေတဲ့ တာဝန်ရှိသူတွေကိုမေးမြန်းတဲ့အခါမှာ သူတို့မသိပါဘူး။ မြို့နယ်လယ်ယာမြေနှင့်အခြားမြေများ စိစစ်ရေးအဖွဲ့ကလည်းပဲ ဗဟိုမြေစစ်ကချမှတ်ထားတဲ့မူဝါဒများနှင့်အညီ စိစစ်တဲ့အခါမှာ သိမ်းဆည်းခံရသူများမှာ ၁၉၈၈ ခုနှစ်နောက်ပိုင်းမှာသိမ်းဆည်းခံရခြင်းဟုတ်/မဟုတ်၊ မူလပိုင်ရှင်ဟုတ်/မဟုတ်၊ သိမ်းဆည်းခံရသောမြေကွက်ဟာ စီမံကိန်းအကောင်အထည်ပေါ်/မပေါ်၊ လျော်ကြေး၊ နစ်နာကြေးရရှိထားခြင်းရှိ/မရှိစတဲ့အချက်များကို သေချာစိစစ်ခဲ့ကြပါတယ်။

အားလုံးအားလုံးသောတိုင်စာများထဲကနေပြီးတော့ တစ်ခုဖြစ်တဲ့ ဦးစိုးဦးပါ မိသားစုသုံးစုပိုင်မြေနေရာနဲ့ပတ်သက်ပြီးတော့ အခုအစိုးရလက်ထက်အထိ နေထိုင်လုပ်ကိုင်စားသောက်လျက်ရှိနေတဲ့ နေအိမ်ဝိုင်းနဲ့ပတ်သက်ပြီးတော့ စိစစ်တဲ့အခါမှာ ၎င်းတို့မိသားစုသုံးဦးနေထိုင်လုပ်ကိုင်လျက်ရှိတယ်ဆိုတာကို တွေ့ရှိရပါတယ်။ ၎င်းတို့မှာ ကိုင်ဆောင်ထားတဲ့ရေခွန်၊ မြေခွန်ပြေစာပေါင်း အစောင်ရေ ၄၀ ကျော်ခန့်ရှိကြောင်းကိုလည်း စိစစ်တွေ့ရှိရပြီးတော့ မူလတောင်သူဖြစ်တယ်ဆိုတာလည်း တွေ့ရှိရပါတယ်။ မူလတောင်သူဖြစ်တဲ့ ဦးစိုးဦး ဟာ ၁၃ ဧကခန့်သိမ်းဆည်းခံရပြီးတော့ နှစ်ဧကကျော်ခန့်ဟာ စီမံကိန်းအကောင်အထည်မပေါ်သော်လည်းပဲ လစ်လပ်မြေကွက်ဖြစ်ကြောင်းကိုလည်း ပေါ်လွင်ပါတယ်။ အဲဒါကြောင့်မို့လို့ မြို့နယ်မြေစစ်ကော်မတီရဲ့သုံးသပ်ချက်မှာ မူလတောင်သူကိုပြန်လည်ပေးအပ်သင့်ကြောင်း သုံးသပ်အကြံပြုပြီးတော့ တိုင်းမြေစစ်ကော်မတီကို ဆက်လက်ပေးပို့ခဲ့ပါတယ်။

**မှုကြမ်း**

သို့ပေသော်ငြားလည်းပဲ ဦးစိုးဦးထံကို အမျိုးသားလွှတ်တော် နိုင်ငံသားမူလအခွင့်အရေး၊ ဒီမိုကရေစီအရေးနှင့် လူ့အခွင့်အရေးဆိုင်ရာကော်မတီနဲ့ နိုင်ငံတော်သမ္မတရုံး သုတေသနသတင်းပြန်ကြားရေးနှင့်တိုင်ကြားစာများဌာနကနေပြီးတော့ ၂၀၁၈ ခုနှစ်၊ ဩဂုတ်လ ၂၀ ရက်နေ့မှာ စာဖြင့်လိုအပ်သလို ဆက်လက်စိစစ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အကြောင်းပြန်စာရောက်တဲ့နေ့မှာပဲ လမ်းကျူးလည်းမဟုတ်ပါဘူး။ စီးပွားကျူးလည်းမဟုတ်ပါဘူး။ ဒါကြောင့်မို့လို့ မိသားစုသုံးဦးကို ဈေးနှင့်သားသတ်ဌာန စည်ပင်သာယာရေးကော်မတီက အင်အား ၂၅၀ ဦးဖြင့်လာရောက်ပြီးတော့ အတင်းအဓမ္မဖယ်ရှားခဲ့တဲ့အတွက် အိမ်ရှိယာရှိဘဝကနေပြီးတော့ အိမ်မဲ့ယာမဲ့ကျူးဘဝကို ဒီလို အဖီလေးထားပြီးတော့ လမ်းမပေါ်မှာဆက်လက်ပြီးတော့ အသက်ရှင်နေထိုင်ကြရပါတယ်။ ပြည်ကြီးတံခွန်မြို့နယ်ထဲမှာပါ။

သို့ဖြစ်ပါကြောင့် မူလတောင်သူများအား ယာယီနေထိုင်ခွင့်ပေးပြီးတော့ ပြန်လည်စိစစ်ပြီးတော့ ပြန်လည်ပေးအပ်သင့်သောမြေဖြစ်တာကြောင့်မို့လို့ ရေရှည်ဘဝရပ်တည်ရေးအတွက် အသက်ရှင်နေထိုင်နိုင်ရေးအတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် ဘယ်လိုဆက်လက်ကုစားပေးမယ်ဆိုတာ သိရှိလိုတဲ့အတွက် မေးခွန်းမေးမြန်းရခြင်းဖြစ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ နေပြည်တော်ကောင်စီက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးညီထွန်း(ကောင်စီဝင်၊ နေပြည်တော်ကောင်စီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ ပထမဦးစွာ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ နေပြည်တော်ကောင်စီဝင် ဦးညီထွန်းဖြစ်ပါတယ်။ မန္တလေးတိုင်းဒေသကြီး၊ ပြည်ကြီးတံခွန်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်စိုးလင်း၏ ပြည်ကြီးတံခွန်မြို့နယ်အတွင်းတွင် စီမံကိန်းအကောင်အထည်မပေါ်သောမြေတွင် လျော်ကြေးနစ်နာကြေးမရရှိသော မူလပိုင်ရှင်ဖြစ်သူများမှ နေထိုင်စားသောက်နေခြင်းအပေါ် လယ်ယာမြေနှင့် အခြားမြေများသိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီ မြို့နယ်မှစိစစ်ဆဲနှင့် နိုင်ငံတော်သမ္မတရုံးမှတင်ပြစာနှင့်ပတ်သက်၍ လိုအပ်သလို ဆက်လက်စိစစ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အကြောင်းကြားစာရောက်သည့်နေ့တွင် မူလပိုင်ရှင်မိသားစုများအား ဈေးနှင့်သားသတ်ဌာန စည်ပင်ကော်မတီမှ အတင်းအဓမ္မဖယ်ရှားခြင်းကို မူလပိုင်ရှင်မိသားစုများအား မည်ကဲ့သို့ကုစားပေးမည်ကို

သိလိုခြင်းမေးခွန်းနှင့်စပ်လျဉ်း၍ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ဖြေကြားချက်အပေါ် ကျွန်တော်မှ ကိုယ်စားဖြေကြားတင်ပြသွားမှာဖြစ်ပါတယ်။

တင်ပြပါမြေနေရာဟာ ပြည်ကြီးတံခွန်မြို့နယ်၊ သင်ပန်းကုန်းရပ်ကွက်၊ ကွင်းအမှတ်(ညည-၃၆) မြေကွက်၊ ၅၅ လမ်းနှင့်၅၆ လမ်းကြား၊ မင်းကြီးရန်နောင်လမ်းနှင့် ပရန်တော်ချောင်းဘေးအကြားရှိ ၂.၉၇၅၂ ဧကမှာ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ ပြည်ရန်ကျော်ဈေးဧရိယာအဖြစ် သတ်မှတ်ထားသော မြေနေရာဖြစ်ပါသည်။ အဆိုပါမြေနေရာသည် မန္တလေးတိုင်းဒေသကြီးငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့လက်ထက် ၁၉၉၁-၁၉၉၂ ခုနှစ်က မန္တလေးမြို့တိုးချဲ့မြေအဖြစ် အသုံးပြုရန် ၁၄-၂-၁၉၉၂ ရက်စွဲပါစာအမှတ်(၃၆/၉၁)ဖြင့် မန္တလေးမြို့ မြို့ကွက်သစ်ဖော်ထုတ်ရေးလုပ်ငန်းအဖွဲ့သို့ လ/န(၃၉) ခွင့်ပြုမိန့်ထုတ်ပေးထားသည့် မြေဧရိယာ ၇၇၆.၀ ဧကတွင်ပါဝင်ပြီး မြို့ကွက်သစ်ဖော်ထုတ်ရေးလုပ်ငန်းအဖွဲ့မှလည်း တင်ပြပါမြေနေရာကို အကွက်အမှတ်(ညည-၃၆)၊ ဦးပိုင်အမှတ်(၁)၊ ဧရိယာ ၂.၉၇၅၂ ဧကရှိ မြေကွက်အဖြစ် အကွက်ရိုက်ဖော်ထုတ်ခဲ့ပါသည်။ ၂၀၀၂ ခုနှစ်တွင် မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီအမည်ပေါက် အခွန်လွတ်ဂရန်မြေအဖြစ် သတ်မှတ်ခဲ့၍ မြေပြင်တွင်လည်း ပြည်ရန်ကျော်ဈေးအဖြစ် ဖွင့်လှစ်အသုံးပြုလျက်ရှိပါသည်။

ပြည်ရန်ကျော်ဈေးဧရိယာအတွင်း ၂၀၀၂ ခုနှစ်ကပင် ၁၀ ပေ x ၃၇ ပေ လူနေဆိုင်ခန်း ၄၀ ခန်းနှင့် ဆိုင်ခန်း ၁၈၀ ပါဝင်သော အမိုးပါယာယီပျံကျဈေးရုံနှစ်ရုံအား မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီမှဆောက်လုပ်၍ ဈေးသည်များစနစ်တကျနေရာချထားပြီး ဈေးရောင်းချလျက်ရှိပါသည်။ အဆိုပါဈေးဆိုင်ခန်းများတွင် ဈေးရောင်းချသူများပြားလာခြင်း၊ လမ်းပေါ်တက်၍ ဈေးရောင်းခြင်း၊ ကာလရှည်ကြာပြီး သဘာဝဘေးဒဏ်ကြောင့် ပျက်စီးမှုများဖြစ်ပေါ်ခဲ့သဖြင့် ၂၄-၂-၂၀၁၆ ရက်နေ့တွင် ဆိုင်ခန်း ၃၅၀ ခန်းပါဝင်သော ဈေးရုံသုံးရုံကို ဈေးသစ်အဖြစ်တည်ဆောက်၍ ခြံစည်းရိုးကာရံပြီး ယခုအခါ ဈေးသည်များဈေးရောင်းချနိုင်ရန် စနစ်တကျမဲနှိုက်နေရာချထား ရောင်းချလျက်ရှိသောဈေး ဖြစ်ပါသည်။

အဆိုပါ ပြည်ရန်ကျော်ဈေးဧရိယာအတွင်းသို့ ၅-၁၁-၂၀၁၆ ရက်နေ့ နံနက်ပိုင်း ၀၉:၃၀ နာရီခန့်တွင် ဦးစိုးဦး၊ ဦးစိုးညွန့်နှင့် ဒေါ်မြငွေးတို့မှ ဝင်ရောက်ကျူးကျော်ပြီး နေအိမ်သုံးလုံး ဆောက်လုပ်ရန် ပြင်ဆင်နေသဖြင့် ဈေးနှင့်သားသတ်ဌာနမှ ဌာနခွဲမှူး ဦးသန့်ဇော်ထွန်း၊ ဈေးတာဝန်ခံနှင့် တာဝန်ရှိဝန်ထမ်းများမှ ၎င်းနေ့ ၁၁ နာရီအချိန်အတွင်း ဈေးနယ်နိမိတ်အတွင်း ဝင်ရောက်ကျူးကျော်အိမ်ယာဆောက်လုပ်နေထိုင်ခြင်းမပြုရန် ရှင်းပြပြောဆိုခဲ့သော်လည်း လူစုလူဝေးဖြင့် မလိုက်နာနိုင်ကြောင်း

ပြောဆိုသဖြင့် ၅-၁၁-၂၀၁၆ ရက်နေ့ ၁၁ နာရီ ၃၀ မိနစ်အချိန်တွင် သင်ပန်းကုန်းရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးသို့ခေါ်ယူပြီး ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများရှေ့မှောက်တွင် ဈေးနယ်နိမိတ်အတွင်း အဆောက်အဦကျူးကျော်ဆောက်လုပ်ခြင်းမပြုရန် ပြောဆိုညှိနှိုင်းဆွေးနွေးခဲ့ပါသည်။

နေအိမ်များ ဆက်လက်ဆောက်လုပ်နေသဖြင့် ၅-၁၁-၂၀၁၆ ရက်နေ့တွင်ပင် ပြည်ကြီးတံခွန်မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးသို့ ဌာနခွဲမှူး ဦးသန့်ဇော်ထွန်းမှ တရားလိုပြုလုပ်၍ ရာဇသတ်ကြီးပုဒ်မ ၄၄၇ ဖြင့် အမှုဖွင့်တိုင်တန်းခဲ့ပါသည်။ အမှုဖွင့်လှစ်တိုင်တန်းမှုအား ပြည်ကြီးတံခွန်မြို့နယ် ရာဇဝတ်တရားသူကြီးရုံးတော်မှ ၂၀၁၈ ခုနှစ် မေလ ၇ ရက်နေ့၊ ရာဇဝတ်ကြီးမှုအမှတ် ၅၃ ပါအမိန့်စာဖြင့် ပြည်ကြီးတံခွန်မြို့နယ်၊ ပန်းရုံတော်ချောင်းဘေး(ကျူး)(င)ရပ်ကွက်နေ (ဘ)ဦးစောမောင်(ခ)ဦးစော၏ သားဖြစ်သူ တရားခံ(၁)ဦးစိုးဦးနှင့် (ဘ)ဦးစောမောင်(ခ)ဦးစော၏ သားဖြစ်သူ တရားခံ(၂) ဦးစိုးညွန့်တို့သည် ရာဇသတ်ကြီးပုဒ်မ ၄၄၇ အရစွဲဆိုသောပြစ်မှုကို ကျူးလွန်ကြောင်း ထင်ရှားပေါ်ပေါက်သည်ဖြစ်၍ အလုပ်နှင့်ထောင်ဒဏ်နှစ်လတိတိ ကျခံစေရန်အမိန့်ချမှတ်ခဲ့ပါသည်။ ၄-၅-၂၀၁၈ ရက်နေ့တွင် ပြုလုပ်သော မန္တလေးတိုင်းဒေသကြီး လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးမှတ်တမ်း(၂/၂၀၁၈)ဆုံးဖြတ်ချက်အပိုဒ်-၆(ဏ)တွင် ဦးစိုးဦး တင်ပြသည့်မြေသည် သိမ်းဆည်းစဉ်အချိန်က လျော်ကြေးအဖြစ် တစ်ဧကလျှင် ၃၈၀၀ ကျပ်နှုန်းဖြင့် လျော်ကြေးပေးပြီးဖြစ်၍ လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီမူဝါဒအရ ပြန်လည်ပေးအပ်၍မရကြောင်း ဆုံးဖြတ်ခဲ့ပါသည်။

ထိုသို့ တရားရုံးမှပြစ်ဒဏ်ချမှတ်ပြီးဖြစ်သဖြင့် ၂၀၁၄ ခုနှစ်မန္တလေးမြို့တော်စည်ပင်သာယာရေးဥပဒေပုဒ်မ ၈၉ အရ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပိုင် ပြည်ရန်ကျော်ဈေးဧရိယာအတွင်း တရားမဝင်ကျူးကျော်ဆောက်လုပ်ထားသော အဆောက်အဦများအား ၂၃-၆-၂၀၁၈ ရက်နေ့တွင် အပြီးဖယ်ရှားရှင်းလင်းပေးရန် ၈-၆-၂၀၁၈ ရက်စွဲပါ စာအမှတ်၊ ၀၀၆/၆/၂၀၁၈(၈၁၄)၊ (၈၁၅)၊ (၈၁၆) ဖြင့် အကြောင်းကြားစာ ပထမအကြိမ်ဖြန့်ဝေခဲ့ပါသည်။ သို့ရာတွင် ကျူးကျော်အဆောက်အဦများ ဖယ်ရှားရှင်းလင်းခြင်းမပြုသဖြင့် ၂၀၁၄ ခုနှစ် မန္တလေးမြို့တော်စည်ပင်သာယာရေးဥပဒေပုဒ်မ ၉၀ အရ ဦးစိုးဦး၊ ဦးစိုးညွန့်၊ ဒေါ်မြွေးတို့မှ ပြည်ရန်ကျော်ဈေးအတွင်း ကျူးကျော်ဆောက်လုပ်ထားသည့် အဆောက်အဦသုံးလုံးအား ၁၁-၇-၂၀၁၈ ရက်နေ့မှ ရက်ပေါင်း ၃၀ အတွင်း ၁၀-၈-၂၀၁၈

ရက်နေ့အထိ နောက်ဆုံးထားပြီးဖယ်ရှားရန် နို့တစ်စာအား ၁၁-၇-၂၀၁၈ ရက်နေ့တွင် အကြောင်းကြားခဲ့ပါသည်။

အထက်ပါအတိုင်း ဥပဒေနှင့်အညီ အကြောင်းကြားခဲ့သော်လည်း ကျူးကျော်အဆောက်အဦများဖယ်ရှားရှင်းလင်းခြင်းမရှိသဖြင့် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၏ ၁၃-၈-၂၀၁၈ ရက်စွဲပါစာအမှတ်၊ ၁၀၀၁/၃/ဈေး(၂၀၄၀)ဖြင့် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ထံ ပြည်ရန်ကျော်ဈေးအတွင်း ကျူးကျော်အဆောက်အဦအား ရှင်းလင်းရန်အစီအစဉ်အားတင်ပြခဲ့ရာ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ၁၆-၈-၂၀၁၈ ရက်စွဲပါစာအမှတ်၊ ၁/၂-၂/၂ ဦး ၆ (၂၀၉၁)ဖြင့် ဥပဒေနှင့်အညီ အမြန်ဖယ်ရှားသွားရန် ခွင့်ပြုခဲ့ပါသည်။ ခွင့်ပြုချက်အရ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ တိုင်းဒေသကြီးရဲတပ်ဖွဲ့နှင့် ပြည်ကြီးတံခွန်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတို့မှ ၂၀-၈-၂၀၁၈ ရက်နေ့ နံနက် ၁၀ နာရီအချိန်တွင် ကျူးကျော်တဲများရှင်းလင်းရန် သုံးကြိမ်တိုင် စပီကာဖြင့်သတိပေးကြေညာခြင်းပြုလုပ်ပြီး ၁၀း၅၀ နာရီအချိန်တွင် ကျူးကျော်အဆောက်အဦများနှင့် ပစ္စည်းများအားစာရင်းကောက်ယူ၍ စနစ်တကျရှင်းလင်းဖယ်ရှားခဲ့ပါသည်။

ရှင်းလင်းရာတွင် ဦးစိုးဦး၊ ဦးစိုးညွန့်နှင့် ဒေါ်မြငွေးတို့အားခေါ်ယူ၍ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူး၊ တာဝန်ရှိသူများရှေ့တွင်ရှင်းလင်းစဉ် ပစ္စည်းများအား ပို့ဆောင်ပေးရမည့်နေရာကိုမေးမြန်း၍ ဈေးဧရိယာ၏ အနောက်မြောက်ဘက် ၅၆ လမ်းဘေးတွင်သာစုပုံပေးရန် ပြောကြားသဖြင့် ရှင်းလင်းရေးအဖွဲ့ဝင် ဝန်ထမ်းများမှ စနစ်တကျရှင်းလင်းစုပုံပေးခဲ့ပါသည်။ ၎င်းအပြင် ကော်မတီဝင်မှ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ အငှားအိမ်ရာတွင် နေလိုကသယ်ယူပို့ဆောင်ပေးမည်ဖြစ်ကြောင်း ပြောကြားသော်လည်း အငှားအိမ်ရာတွင်မနေလိုကြောင်း အုပ်ချုပ်ရေးမှူးများရှေ့မှောက်တွင် ကျူးကျော်နေထိုင်သူများမှ ပြောကြားခဲ့ပါသည်။

သို့ဖြစ်ပါ၍ ပြည်ရန်ကျော်ဈေးနယ်နိမိတ်မှာ ၂၀၀၂ ခုနှစ်ကပင် ယနေ့အထိ ဈေးအဖြစ်တရားဝင် ဖွင့်လှစ်ရောင်းချနေသောနေရာဖြစ်ခြင်း၊ ဈေးနယ်နိမိတ်အတွင်း ကျူးကျော်မှုများအား တရားရုံး၏ အဆုံးအဖြတ်ရယူ၍ မန္တလေးမြို့တော်စည်ပင်သာယာရေးဥပဒေများနှင့်အညီ ကျူးကျော်နေထိုင်မှုများအား အကြောင်းကြားခြင်း၊ ထပ်ဆင့်အကြောင်းကြားခြင်း၊ နို့တစ်စာပေးဝေခြင်းများ ဆောင်ရွက်ပြီးမှသာခွင့်ပြုချက်ရယူ၍ စနစ်တကျရှင်းလင်းခဲ့ခြင်း ဖြစ်ပါသည်။ ရှင်းလင်းရာတွင်လည်း ပစ္စည်းများပို့ဆောင်ပေးမည့်နေရာကိုမေးမြန်းခြင်း၊ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ အငှားအိမ်ရာသို့ ပို့ဆောင်နေထိုင်ရန်စီစဉ်သော်လည်း ကျူးကျော်နေထိုင်သူသုံးဦးမှ လက်ခံမှု

မရှိသဖြင့် ကျူးကျော်နေထိုင်သူများ၏ဆန္ဒနှင့်အညီ သတ်မှတ်နေရာတွင် ပစ္စည်းများရွှေ့ပြောင်းပေးခြင်းသာဖြစ်ပါကြောင်းနှင့် အတင်းအဓမ္မဖယ်ရှားရှင်းလင်းခြင်းမဟုတ်ဘဲ ဥပဒေနှင့်အညီ ဆောင်ရွက်ခဲ့ခြင်းသာဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါသည်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**ဦးကျော်စိုးလင်း(ပြည်ကြီးတံခွန်မဲဆန္ဒနယ်)**။ ။ ဆက်စပ်မေးခွန်းမေးခွင့်ပြုပါခင်ဗျား။ ကျွန်တော်တို့ စည်ပင်သာယာရေးကော်မတီအဖွဲ့ဝင် ဆရာဦးညီထွန်းကို အထူးပဲကျေးဇူးတင်ပါတယ်။ ကျွန်တော့်ကို Power Point သုံးစွဲခွင့်ပြုပါခင်ဗျား။ Slide 3 ဦးစိုးဦးအပါ မိသားစုသုံးစုဟာ ကျွန်တော်တို့ ပြည်ရန်ကျော်ဈေးရဲ့အနောက်ဘက် ပိုလျှံပလပ်နေတဲ့ စီမံကိန်းအကောင်အထည် မပေါ်တဲ့မြေပေါ်မှာ နှစ်ပေါင်းများစွာ သိမ်းဆည်းခံရစဉ်ကတည်းက ၁၈ နှစ်ကျော်တဲ့အချိန်အထိ ယခု အစိုးရသစ်လက်ထက်ရောက်ရှိတဲ့အချိန်အထိ ဒီမှာနေထိုင်ပြီးတော့ သူတို့ပိုလျှံပလပ်နေတဲ့ မြေတွေကို ပြန်လည်တောင်းယူခဲ့ခြင်း ဖြစ်ပါတယ်။ ပြည်ရန်ကျော်ဈေးဟာ ဒီဘက်မင်းကြီးရန်နောင်လမ်းရဲ့ ဘေးကပ်ရပ်မှာရှိနေပါတယ်။ ဦးစိုးဦးတောင်းတဲ့ မြေကွက်ဟာ ပြည်ရန်ကျော်ဈေးရဲ့ အနောက်ဘက် နှစ်ဇကနီးပါးရှိတဲ့ မြေကွက်ကလေးကို သူတို့တောင်းယူခြင်းဖြစ်ပါတယ်။ နောက်ကျွန်တော်တို့ ဒီမေးခွန်းမေးတဲ့အခါမှာလည်းပဲ ဒီမြေယာစိစစ်ရေးအဖွဲ့က စိစစ်နေစဉ်အတောအတွင်းမှာ ယာယီ နေထိုင်ခွင့်ပြုဖို့ရယ်၊ နောက်ပြီးတော့ သူတို့တွေကို ဘယ်လိုကုစားပေးမလဲဆိုတာ မေးမြန်းခဲ့ခြင်း ဖြစ်ပါ တယ်။ အခုဟာက သူတို့ကိုဥပဒေအရ ဆောင်ရွက်တယ်ဆိုတာလည်း လက်ခံပါတယ်။ သို့ပေမဲ့လည်း ဦးစိုးဦးမိသားစုဟာ သူတို့နှစ်ပေါင်းများစွာနေထိုင်ခဲ့ပြီးမှ အခုမှ ဘာကြောင့်ဖယ်ရှားရမလဲဆိုတဲ့ မေးခွန်းတစ်ရပ်ရှိပါတယ်။ နောက်ပြီးတော့ သူတို့တွေကို ဘယ်လိုပြန်ပြီးတော့ ထပ်ပြီးတော့ကုစားပေး မလဲဆိုတဲ့ မေးခွန်းကိုလည်း ဖြေကြားနိုင်က ဖြေကြားစေလိုပါတယ်။

**ဥက္ကဋ္ဌ**။ ။ နေပြည်တော်ကောင်စီက ဖြေကြားရန်ဖြစ်ပါတယ်။

**ဦးညီထွန်း(ကောင်စီဝင်၊ နေပြည်တော်ကောင်စီ)**။ ။ ကျွန်တော်တို့ မည်သို့ကုစားပေး မည်ဆိုတာနှင့်ပတ်သက်လို့ မေးခွန်းထဲမှာလည်း ပါရှိပါတယ်။ ၎င်းနှင့်ပတ်သက်ပြီးတော့ မန္တလေး တိုင်းဒေသကြီးအစိုးရအဖွဲ့ကို ပြန်လည်မေးမြန်းပြီး ဖြေကြားရမှာဖြစ်ပါတယ်။ ကျွန်တော်တို့ မူသဘော အရတော့ စည်ပင်သာယာရေးနှင့်ပတ်သက်လို့ရှိရင်တော့ အခုလက်ရှိမြေနေရာတွေဟာ စည်ပင် သာယာရေးနယ်နိမိတ်အဖြစ် အပိုင်မြေအဖြစ် ၂၀၀၂ ခုနှစ်ကပင် လန-၃၉ မှာ အခြားမြေကနေပြီး တော့ ပြောင်းလဲပြီးဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ စည်ပင်သာယာရေးနယ်နိမိတ်အထဲမှာ ပါရှိနေပြီဖြစ်ပါ

တယ်။ စည်ပင်သာယာရေးနယ်နိမိတ်မှာပါရှိတဲ့ မြေများနှင့်ပတ်သက်လို့ကတော့ လယ်ယာမြေပြန်လည်စိစစ်ရေးကော်မတီတို့၊ လယ်ယာမြေစစ်ဆေးရေးနဲ့ ကျွန်တော်တို့ စီမံရေးအဖွဲ့များက စီမံခန့်ခွဲတဲ့မြေမဟုတ်ဘဲနဲ့ စည်ပင်သာယာရေးကော်မတီကသာ စီမံခန့်ခွဲတဲ့မြေဖြစ်တဲ့အတွက် ဒါ စည်ပင်သာယာရေးကော်မတီက ဆောင်ရွက်ခြင်းဖြစ်ပြီးတော့ အခု သက်ဆိုင်ရာလယ်ယာမြေ စီမံခန့်ခွဲရေးအဖွဲ့ကတော့ စီမံခန့်ခွဲနိုင်တဲ့အနေအထားမျိုး မရှိပါဘူး။ ဒါကြောင့်မို့လို့ စည်ပင်သာယာရေးအဖွဲ့ကသာ စီမံခန့်ခွဲခြင်းဖြစ်တယ်ဆိုတာ မူသဘောအရတော့ တင်ပြလိုပါတယ်။ ခုနက ကုစားမှုနှင့်ပတ်သက်လို့ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ကို ပြန်လည်မေးမြန်းပြီးတော့ ဖြေကြားသွားရမှာပဲဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**သဃ်န်းကျွန်းမြို့နယ်အတွင်းမှ ကျူးကျော်စာရင်းတွင်လည်းမပါ၊ တရားဝင်မြေငှားဂရန်လည်းမရှိဘဲ နိုင်ငံတော်ပိုင်မြေပေါ်တွင် အခိုင်အမာတည်ဆောက်ထားသော နေအိမ်အဆောက်အအုံများကို အရေးယူဆောင်ရွက်ရန်အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ သဃ်န်းကျွန်းမဲဆန္ဒနယ်မှ ဦးရွှေလှ(ခ)ဦးရွှေလှဝင်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးရွှေလှ(ခ) ဦးရွှေလှဝင်း (သဃ်န်းကျွန်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အားလုံးမင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ သဃ်န်းကျွန်းမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးရွှေလှ(ခ)ဦးရွှေလှဝင်း ဖြစ်ပါတယ်။ ကျွန်တော်မေးမြန်းမဲ့မေးခွန်းကတော့ ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်အတွင်းမှ ကျူးကျော်စာရင်းတွင်လည်းမပါ၊ တရားဝင်မြေငှားဂရန်လည်းမရှိဘဲ နိုင်ငံတော်ပိုင်မြေများပေါ်တွင် အခိုင်အမာတည်ဆောက်ထားသော နေအိမ်အဆောက်အအုံများကို အရေးယူဆောင်ရွက်ရန် အစီအစဉ်ရှိ/မရှိမေးခွန်းဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ဒီမေးခွန်းကို မေးမြန်းရတဲ့အကြောင်းကတော့ ကျွန်တော့်ရဲ့မဲဆန္ဒနယ်သဃ်န်းကျွန်းမှာ နိုင်ငံတော်ပိုင်မြေများပေါ်မှာ ကျူးကျော်ဝင်ရောက်၍ အဆောက်အအုံများဆောက်လုပ်ကာ လူနေထိုင်ခြင်း၊ စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်ခြင်း၊ အဆင့်ဆင့်လက်ပြောင်းရောင်းစားခြင်း၊ တစ်ဆင့်ပြန်လည်ငှားစားခြင်းတို့ကို တရားလက်လွတ်ပြုလုပ်နေကြပါသဖြင့် ဤမေးခွန်းကို မေးမြန်းရခြင်းဖြစ်ပါတယ်ခင်ဗျား။ ဥက္ကဋ္ဌခင်ဗျား။ သဃ်န်းကျွန်းမြို့နယ်၊ ဇဝနရပ်ကွက်၊ သုမင်္ဂလာလမ်းမကြီးပေါ်ရှိ ကြီးမားသော KTV အဆောက်အအုံကြီး ဆောက်လုပ်ထားသောမြေနေရာဟာ ယခင်

နိုင်ငံတော်ပိုင် ပလပ မြေဖြစ်ခဲ့ပါတယ်။ ၂၀၁၂ ခုနှစ်ကတည်းက ဤမြေကွက်မှာအသွင်အမျိုးမျိုးနှင့် ကျူးကျော်ဝင်ရောက်ခဲ့ပြီး အဆင့်ဆင့်လက်ပြောင်းရောင်းချလာခဲ့ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point ဖြင့်တင်ပြခွင့်ပြုပါခင်ဗျား။ ဒါကတော့ ကျွန်တော်တို့ KTV အဆောက်အအုံဆောက်လုပ်ထားတဲ့မြေနေရာမှာ ၂၀၁၂ ခုနှစ်က တွေ့မြင်ရတဲ့ မြေကွက်လပ်ပုံဖြစ်ပါတယ်။ ၂၀၁၄ ခုနှစ်ရောက်တဲ့အခါမှာ အဲဒီမြေကွက်လပ်ပေါ်မှာ ဒီကြီးမားတဲ့ KTV အဆောက်အအုံကြီးဟာ ရပ်ကွက်၊ ပြည်သူတွေကန့်ကွက်နေတဲ့ကြားထဲက ပေါ်ထွက်လာပါတယ်။ ဒီ KTV အဆောက်အအုံကြီး ကိုဆောက်တဲ့အခါမှာ တရားဝင်အစိမ်းဘုတ်ထောင်ခြင်းလည်း မရှိပါဘူး။ နောက်တစ်ခါ သုမင်္ဂလာ လမ်းမကြီးကို ဖြတ်သန်းသွားတဲ့ ရေမြောင်းကြီး ရေစီး၊ ရေလာ၊ ရေမြောင်းကိုလည်းပဲ ပိတ်ဆို့ပြီးတော့ ဆောက်ထားတာဖြစ်ပါတယ်။ KTV ကို ညဘက်မြင်တွေ့နေရတဲ့ ပုံဖြစ်ပါတယ်။ KTV ရဲ့နောက်ကျောဘက် သရက်တောလမ်းမပေါ်မှာ နိုင်ငံတော်ပိုင်မြေကွက်လပ်တစ်ခု ၂၀၁၂ ခုနှစ်အထိ ရှိခဲ့ပါတယ်။ အဲဒီမြေကွက်လပ်မှာ ရန်ပုံငွေမြေနေရာမကျူးကျော်ရဆိုပြီးတော့ ဆိုင်းဘုတ်လေးစိုက်ပြီးတော့ တဲလေးတစ်လုံး ဆောက်ထားပါတယ်။ ၂၀၁၂ ခုနှစ်ကပုံဖြစ်ပါတယ်။ ၂၀၁၄ ခုနှစ်ရောက်တဲ့အခါမှာ အဲဒီ ရန်ပုံငွေ မြေနေရာဆိုတဲ့ နေရာမှာ အခုလိုအခိုင်အမာ အဆောက်အအုံကြီး ဖြစ်လာပါတယ်။ ကျွန်တော်တို့ သုမင်္ဂလာလမ်းမပေါ်မှာလည်းပဲ စီးပွားရေးလုပ်ငန်းကို လုပ်ကိုင်နေတဲ့ တရားမဝင် အဆောက်အအုံကြီး သုံးခုရှိပါတယ်။ ဒါပထမတစ်ခုပါ။ ဒုတိယတစ်ခုပါ။ တတိယတစ်ခုပါ။ နောက်တစ်ခါ ဇဝနရပ်ကွက်၊ သရက်တောလမ်းနှင့် ကျောင်းလမ်းကြားမှာလည်း တရားမဝင်အဆောက်အဦခြောက်လုံး ရှိပါတယ်။ ဒါပထမတစ်လုံးပါ။ နံပါတ်(၂)တစ်လုံးပါ။ (၃)ပါ။ (၄)လုံးမြောက်ပါ။ (၅)လုံးမြောက်ပါ။ (၆)လုံး မြောက်ပါ။ နောက်တစ်ခါ သဃ်န်းကျွန်းမြို့နယ်၊ သစ်ဝိုင်းကြီးရပ်ကွက် မေတ္တာလမ်းမကြီးကို ပိတ်ဆို့ထားတဲ့အိမ်နှစ်လုံးရဲ့ တည်နေရာပြမြေပုံဖြစ်ပါတယ်။ ဒီလမ်းမကြီးကို ပိတ်ဆို့ထားတာ တော်တော်လေးကို ဆိုးပါတယ်။ မီးရေး၊ ထင်းရေးလည်း စိုးရိမ်ရသလို အဲဒီမေတ္တာလမ်းကြီးကို မျက်နှာမူပြီးတော့ ဆောက်ထားတဲ့ အိမ်အရေအတွက်ကလည်း ရှေ့ကပိတ်ပြီးတော့ဆောက်ထားသလို ဖြစ်နေပါတယ်။ ကျူးကျော်ဆောက်ထားတဲ့အိမ်တစ်လုံးဖြစ်ပါတယ်။ နောက်ထပ်အိမ်တစ်လုံးဖြစ်ပါတယ်။ နောက်တစ်ခါ သဃ်န်းကျွန်းမြို့နယ်(ဃ)ရပ်ကွက် လွတ်လပ်ရေးလမ်းပေါ်မှာရှိတဲ့ ကားဝပ်ရှော့ဖွင့်ထားတဲ့ တရားမဝင် အဆောက်အအုံတစ်ခု ဖြစ်ပါတယ်။ အဲဒီ(ဃ)ရပ်ကွက်မှာပဲ သံသုမာလမ်းမကြီးပေါ်မှာ တရားမဝင် ဖွင့်လှစ်ထားတဲ့ တရားမဝင်အဆောက်အအုံအရက်ဆိုင်ဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်မေးမြန်းလိုတဲ့မေးခွန်းကတော့ ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်အတွင်းမှ

ကျူးကျော်စာရင်းတွင်လည်းမပါ၊ တရားဝင်မြေငှားဂရန်လည်းမရှိဘဲ နိုင်ငံတော်ပိုင်မြေကွက်ပေါ်တွင် အခိုင်အမာတည်ဆောက်ထားသော နေအိမ်အဆောက်အအုံများကို အရေးယူဆောင်ရွက်ရန် အစီအစဉ်ရှိ/မရှိ မေးခွန်းကို ဥက္ကဋ္ဌကြီးမှတစ်ဆင့် ပြည်သူများကိုယ်စား မေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ နေပြည်တော်ကောင်စီက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးညီထွန်း(ကောင်စီဝင်၊ နေပြည်တော်ကောင်စီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရန်ကုန်တိုင်းဒေသကြီး၊ သင်္ဃန်းကျွန်း မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးရွှေလှ(ခ)ဦးရွှေလှဝင်းရဲ့ ကြယ်ပွင့်ပြမေးခွန်းအား ကျွန်တော်မှပဲ ဆက်လက်ပြီး ဖြေကြားသွားမှာဖြစ်ပါတယ်။ မေးခွန်းမှာ ရန်ကုန်တိုင်းဒေသကြီး သင်္ဃန်းကျွန်းမြို့နယ်အတွင်းမှ ကျူးကျော်စာရင်းတွင်လည်းမပါ၊ တရားဝင်မြေငှားဂရန်လည်းမရှိဘဲ နိုင်ငံတော်ပိုင်မြေများပေါ်တွင် အခိုင်အမာတည်ဆောက်ထားသော နေအိမ်အဆောက်အဦများကို အရေးယူဆောင်ရွက်ရန် အစီအစဉ်ရှိ/မရှိဆိုသော မေးခွန်းဖြစ်ပြီး ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ဖြေကြားချက်အပေါ် ကျွန်တော့်အနေနဲ့ ကိုယ်စားတင်ပြသွားမှာဖြစ်ပါတယ်။

ရန်ကုန်တိုင်းဒေသကြီး၊ သင်္ဃန်းကျွန်းမြို့နယ်၊ ဇဝနရပ်ကွက်၊ သုမင်္ဂလာလမ်းရှိ Music Zone Restaurant and KTV နေရာတွင် ခွင့်ပြုချက်မရှိဘဲ အဆောက်အအုံဆောက်လုပ်ထားကြောင်း စိစစ်တွေ့ရှိရသဖြင့် လုပ်ငန်းဆောင်ရွက်နေသူ ဦးဇော်မင်းအား ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ ဥပဒေပုဒ်မ ၂၈၊ ပုဒ်မ ၂၉ တို့ဖြင့် တရားစွဲဆိုအရေးယူခဲ့ပါတယ်။ လုပ်ငန်းဆောင်ရွက်သူ ဦးဇော်မင်းမှ အဆောက်အအုံများ၏ အမျိုးအစား၊ အရွယ်အစားအတိုင်း အင်ဂျင်နီယာဌာန (အဆောက်အအုံ)သို့ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ ယာယီမြေအသုံးပြုခွင့်အမိန့်ချထားခြင်း၊ ကတိစာချုပ်မိတ္တူ၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ အိမ်အသစ်ဆောက်လုပ်ရန် မြေပုံရာဇဝင် (C/Map) ပုံစံ(၁၀၆)မူရင်း၊ အတိုင်းအတာပြမြေပုံ (D/Map) ပုံစံ-၁၀၅ မိတ္တူများပူးတွဲ၍ တင်ပြလျှောက်ထားလာခဲ့သဖြင့် ဌာနမှလုပ်ထုံးလုပ်နည်းနှင့်အညီစိစစ်၍ ခွင့်ပြုချက်မဲ့ ဆောက်လုပ်မှု ဒဏ်ကြေးငွေကျပ် ၃၄၅၂၅၈၂၀ ကိုပေးသွင်းစေပြီး ဦးဇော်မင်းသို့ ၉-၆-၂၀၁၄ ရက်နေ့တွင်

ဆောက်လုပ်ခွင့်ပြုခဲ့ပါတယ်။ အဆိုပါကိစ္စအား ပထမအကြိမ် ပြည်သူ့လွှတ်တော် အစည်းအဝေးတွင် ကြယ်ပွင့်ပြမေးခွန်းအဖြစ် ဖြေကြားခဲ့ပြီး ဖြစ်ပါတယ်။

Music Zone Restaurant and KTV ဘေးကပ်လျက် သုမင်္ဂလာလမ်းပေါ်တွင် ဦးဇော်မင်း၏ နေအိမ်တစ်ထပ်ခွဲ (အုတ်+ပျဉ်ကာ)အဆောက်အအုံတစ်လုံး၊ အုတ်၊ သဲ၊ ကျောက်ဆိုင်တစ်ထပ်(သွပ်မိုး၊ အထပ်သား ကာ၊ မြေစိုက်)အဆောက်အအုံတစ်လုံးနှင့် သံပန်း၊ သံတံခါးဆိုင်တစ်ထပ်(သွပ်မိုး၊ သံဇကာကာ) အဆောက်အအုံတစ်လုံး စုစုပေါင်း အဆောက်အအုံသုံးလုံးရှိပြီး အဆိုပါ အဆောက်အအုံများအား ပြည်ထောင်စုကြံ့ခိုင်ရေးအသင်းမှ ငှားရမ်းထားခြင်းဖြစ်ပြီး စီမံရေးရာဌာနမှ လုပ်ငန်းလိုင်စင် ထုတ်ပေးထားသော အဆောက်အအုံများဖြစ်ပါသည်။ သဃ်န်းကျွန်းမြို့နယ် ဇဝနရပ်ကွက်၊ သရက်တော လမ်းနှင့် ကျောင်းလမ်းကြားရှိ အခိုင်အမာအဆောက်အအုံခုနစ်လုံးမှာ ယခင်ရပ်ကွက်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးအထောက်အကူပြုကော်မတီမှ ရပ်ကွက်ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက် နိုင်ရန်အတွက် ငှားရမ်းခဲ့သော်လည်း ၂၀၁၅ ခုနှစ်မှစ၍ ရပ်ကွက်ရန်ပုံငွေကောက်ခံခြင်းမရှိတော့ဘဲ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့မှ အစိုးရမြေပေါ်တွင် ကျူးကျော်နေထိုင်သူများ စာရင်းကောက်ယူ သည့်အချိန်တွင် အဆောက်အအုံငါးလုံးသည် Smart Card ထုတ်ယူခဲ့ပြီး ကျန်နှစ်လုံးမှာ ထုတ်ယူခြင်း မရှိကြောင်း စိစစ်တွေ့ရှိရပါသည်။ Smart Card ထုတ်ယူခြင်းမရှိသည့် နှစ်ဦးအနက်တစ်ဦးမှာ နှစ်ထပ်အုပ် နံကပ်-ပျဉ် အဆောက်အအုံများ ခွင့်ပြုချက်မဲ့ဆောက်လုပ်ခဲ့သောကြောင့် လုပ်ငန်းဆောင် ရွက်သူ ဦးဇော်မင်းအား ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ ပုဒ်မ ၆၈၊ ပုဒ်မ ၆၉ တို့ဖြင့် ၂၀-၅-၂၀၁၄ ရက်နေ့မှစတင်၍ တရားစွဲဆိုအရေးယူထားသော အဆောက်အအုံဖြစ်ပါသည်။ ကျန် တစ်ဦးဖြစ်သူ ဦးလှဝင်းမှာ တစ်ထပ်သွပ်မိုး၊ သွပ်ကာ မြေစိုက်အဆောက်အအုံဖြင့် နေထိုင်အသုံးပြု လျက်ရှိပါသည်။

သဃ်န်းကျွန်းမြို့နယ်၊ သွပ်ဝိုင်းကြီးရပ်ကွက်၊ မေတ္တာလမ်း ရပ်ကွက်ပတ်လမ်းအား ပိတ်ဆို့ထား သော အဆောက်အအုံနှစ်လုံးအနက်တစ်လုံးမှာ ၁၉၉၆ ခုနှစ်မှစ၍ ဦးအေးမောင်မိသားစု ဆောက်လုပ်နေထိုင်ခဲ့သော တစ်ထပ်သွပ်မိုး၊ ပျဉ်ကာအဆောက်အအုံဖြစ်ပြီး ကျန်တစ်လုံးမှာ ၂၀၁၄ ခုနှစ်မှ စ၍ ဦးလှသိန်းမိသားစုနေထိုင်အသုံးပြုလျက်ရှိသော တစ်ထပ်သွပ်မိုး၊ အုတ်၊ သံဇကာအဆောက်အအုံ ဟောင်းများ ဖြစ်ပါသည်။ အဆိုပါအဆောက်အအုံနှစ်လုံးမှာ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့မှ အစိုးရမြေပေါ်တွင် ကျူးကျော်နေထိုင်သူများစာရင်းတွင် ပါဝင်နေပြီး Smart Card ထုတ်ပေးထား သော အဆောက်အအုံနှစ်လုံးဖြစ်ပါသည်။ သဃ်န်းကျွန်းမြို့နယ် (ဃ)ရပ်ကွက် လွတ်လပ်ရေးလမ်းတွင်

ရှိသော အဆောက်အအုံမှာ နှစ်ထပ်သွပ်မိုး၊ ပျဉ်ကာ အဆောက်အအုံတစ်လုံးနှင့် တစ်ထပ်မြေစိုက် ပျဉ်ထောင်အဆောက်အအုံတစ်လုံး စုစုပေါင်းနှစ်လုံးရှိပြီး နှစ်ထပ်သွပ်မိုး၊ ပျဉ်ကာအဆောက်အအုံအား ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းထံမှ ၁၉၉၈ ခုနှစ်မှစ၍ ဦးတင်ဦးမိသားစုမှ ငှားရမ်း အသုံးပြုလျက်ရှိပြီး တစ်ထပ်မြေစိုက် ပျဉ်ထောင်အဆောက်အအုံအား (ယ)ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး အဖြစ် အသုံးပြုထားရှိကြောင်း စစ်ဆေးတွေ့ရှိရပါသည်။

သယ်န်းကျွန်းမြို့နယ်၊ လွတ်လပ်ရေးလမ်းအနီး သံသုမာလမ်းပေါ်တွင်ရှိသော အဆောက်အအုံမှာ နှစ်ထပ်သွပ်မိုး၊ အုတ်၊ ပျဉ်ကာ အဆောက်အအုံဖြစ်ပြီး ၁၉၉၃ ခုနှစ်မှစ၍ ရပ်ကွက်အရန်မီးသတ်တပ်ဖွဲ့အမည်ခံ၍ ဆောက်လုပ်အသုံးပြုခဲ့ပြီး ယစ်မျိုးလိုင်စင်ဖြင့် ဦးအေးထွန်းမှ အရက်ဖြူဆိုင်ဖွင့်လှစ်ထားကြောင်း စိစစ်တွေ့ရှိရပါတယ်။ သို့ဖြစ်ပါ၍ တင်ပြပါမေးခွန်းတွင်ပါဝင်သော အဆောက်အအုံများအနက် အဆောက်အအုံ ခုနစ်လုံးမှာ ကျူးကျော်နေထိုင်သူများစာရင်းတွင်ပါဝင်ပြီး Smart Card ထုတ်ပေးထားသော အဆောက်အအုံများဖြစ်ကြောင်း အဆောက်အအုံခုနစ်လုံးမှာ လွန်ခဲ့သောနှစ်ပေါင်းများစွာကပင် အခိုင်အမာဆောက်လုပ်ထားသော အဆောက်အအုံများဖြစ်ကြောင်း အဆောက်အအုံတစ်လုံးမှာ ခွင့်ပြုချက်မဲ့ဆောက်လုပ်ထားသဖြင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ တရားစွဲအရေးယူထားကြောင်းနှင့် အဆောက်အအုံတစ်လုံးမှာ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ စိစစ်ခွင့်ပြုထားခြင်းဖြစ်ပါကြောင်း ရန်ကုန်တိုင်းအစိုးရအဖွဲ့၏ကိုယ်စား ပြန်လည်ဖြေကြားတင်ပြအပ်ပါတယ်။

**လားရှိုးမြို့၊ မြို့မစည်ပင်သာယာဈေးကြီး၏ဝန်းကျင်တစ်ဝိုက်ရှိ လမ်းများပေါ်တွင် နေ့စဉ်ရပ်နားထားသည့် မြောက်မြားလှစွာသော မော်တော်ယာဉ်ပေါင်းစုံတို့ကို စည်းကမ်းတကျနှင့် လုံခြုံစွာရပ်နားနိုင်ရေးဆောင်ရွက်ထားရှိမှုအခြေအနေကို သိလိုခြင်းနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ လားရှိုးမဲဆန္ဒနယ်မှ ဒေါက်တာစိုင်းမောက်ခမ်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါက်တာစိုင်းမောက်ခမ်း(လားရှိုးမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အားလုံးမင်္ဂလာအပေါင်းနှင့်ပြည့်စုံကြပါစေလို့ ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့လားရှိုးမှာ စည်ပင်သာယာဈေး ငါးခုရှိတဲ့အနက်က မြို့မဈေးဟာ အကြီးဆုံးနဲ့ အစည်ကားဆုံးဖြစ်ပါတယ်။ မြို့လယ်ကောင်ဈေးကြီးဖြစ်တဲ့အားလျော်စွာ ဈေးရဲ့ပတ်ဝန်းကျင်တစ်လျှောက်မှာ ကုန်စိမ်းဈေး၊ ညဈေး၊ ဘဏ်၊ ခုတင် ၅၀၀ ဆံ့ပြည်သူ့ဆေးရုံကြီး၊ သူနာပြု/

သားဖွားသင်တန်းကျောင်း၊ ရုပ်ရှင်ရုံ၊ တည်းခိုခန်း၊ ဟိုတယ်၊ ကားဂိတ်၊ ဗလီ၊ ဌာနဆိုင်ရာရုံးစတာတွေ ရှိတာကြောင့် ကြက်ပျံမကျစည်ကားတဲ့နေရာဖြစ်ပါတယ်။ ဈေးကို မနက် ၆ နာရီမှ စဖွင့်ပြီး ရောင်းဝယ်ကြတယ်ဆိုသော်လည်းပဲ ရပ်ဝေးဈေးသည်တွေအဖို့ကတော့ မနက် ၂ နာရီ၊ ၃ နာရီလောက်ကစပြီး လက်ဆွဲမီးအိမ်တွေနဲ့ ဈေးအပြင်ဘက်မှာ စတင်ရောင်းဝယ်နေကြပါပြီ။ အဲဒီလိုနဲ့ ဈေးကြီးဖွင့်ချိန်ရောက်တော့လည်း ဆက်ပြီးရောင်းဝယ်ကြတာဟာ ညနေ ၄ နာရီ၊ ၅ နာရီအထိ ဖြစ်ပါတယ်။ နေ့လယ်ဈေးရောင်းအားကျသွားတဲ့အချိန်နဲ့တစ်ချိန်တည်းမှာပဲ ဈေးနှင့်ကပ်လျက် လမ်းပေါ်မှာ ညဈေးဆက်ဖွင့်ကြပါတယ်။ ညဈေးလို့ဆိုထားပေမဲ့ ၃ နာရီလောက်ကတည်းက ဈေးခင်းပြီး ရောင်းဝယ်ကြတာဟာ ည ၉ နာရီ၊ ၁၀ နာရီအထိ ဖြစ်ပါတယ်။ အဲဒီလိုအကြောင်းအမျိုးမျိုးကြောင့် ဈေးဘက်ကို ရောက်လာကြတဲ့မော်တော်ယာဉ်တွေဟာ ရပ်နားစရာမရှိလောက်အောင်ကို တိုးတက်များပြားလာပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point အသုံးပြုခွင့်ပြုပါခင်ဗျား။ ဒီဟာကတော့ မြို့မဈေးပရဝုဏ် ဖြစ်ပါတယ်။ ဒီဘက်ဘေးနားမှာ ဗလီရှိပါတယ်။ သူ့ရဲ့ဘယ်ဘက်မှာက ကုန်စိမ်းဈေးရှိပါတယ်။ အောက်မှာက ညဈေးတန်းရှိပါတယ်။ ဒီဘက်မှာက ကားဂိတ်လေးတွေအစီအရီရှိပါတယ်။ အထက်မှာက ခုတင် ၅၀၀ ဆံ့ပြည်သူ့ဆေးရုံကြီးရှိပါတယ်။ သူနာပြုသင်တန်းကျောင်းရှိပါတယ်။ နောက်တစ်ခါ မီးသတ်ရယ်၊ ကျန်းမာရေးရုံးတွေရှိပါတယ်။ ဒီဘက်မှာလည်း ရဲစခန်းတို့၊ ဆောက်လုပ်ရေးရုံးတို့ အသီးသီးရှိကြပါတယ်။ ဒီမှာပြချင်တာ(B)ကတော့ ဘဏ်တွေရှိတဲ့နေရာကို ပြထားတာ ဖြစ်ပါတယ်။ နောက် အောက်မှာက ရုပ်ရှင်ရုံ။ ဒီဘက်မှာ ဟိုတယ်။ တခြားနေရာလည်း ဟိုတယ်တွေရှိပါတယ်။ ဒီမှာ အထူးပြချင်တာတော့ ဒီဈေးနားတစ်ဝိုက်မှာရှိတဲ့ လမ်းတွေပေါ်မှာ ကားတွေကတော့ ပြည့်ပြီးတော့ အပြည့်ရှိနေတာကို တွေ့ရမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီလိုနဲ့ ဈေးရဲ့အရပ်လေးမျက်နှာမှာရှိတဲ့ တစ်လမ်း၊ နှစ်လမ်း၊ သုံးလမ်းအထိ လမ်းကြီး၊ လမ်းငယ်အသွယ်သွယ်ဟာ မိုးလင်းတဲ့အချိန်ကစပြီး ဈေးကြီးပြီးတဲ့အထိ မော်တော်ကား၊ မော်တော်ဆိုင်ကယ်၊ သုံးဘီး၊ တွန်းလှည်းစတာတွေနဲ့ ရပ်နားပိတ်ဆို့လို့လာခဲ့တာဟာ နှစ်တွေအတော်ကိုကြာညောင်းခဲ့ပါပြီ။ အလားတူ ဈေးဝယ်ဖို့ရောက်လာတဲ့ရပ်နီးရပ်ဝေးက မော်တော်ယာဉ်တွေဟာလည်းပဲ ဒီလမ်းတစ်ဝိုက်မှာပဲ ရပ်နားကြရပါတယ်။ သို့သော် စိတ်ချလက်ချရပ်နားဖို့ရန်နေရာ မလုံလောက်တဲ့အတွက် အဆင်မပြေမှုများနဲ့ အမြဲရင်ဆိုင်ကြရပါတယ်။ ထို့အတူပဲ ဒီအနီးအနားက ရပ်ကွက်သူရပ်ကွက်သားများ၊ အိမ်ရှင်၊ ဆိုင်ရှင်တွေဟာဆိုလို့ရှိရင် နေ့စဉ်နေ့တိုင်း မခေါ်ဘဲ၊ မမျှော်ဘဲ

မနက်မိုးလင်းလာတာနဲ့ အိမ်ရှေ့မှာ တန်းစီပြီး ဒုက္ခပေးတဲ့ယာဉ်တွေကြောင့် စိတ်ပျက်အားငယ်နေကြရပါတယ်။ အဲဒီလို ရပ်နားပိတ်ဆို့မှုတွေဟာ အကယ်၍များ အရေးပေါ်မီးရေး၊ ထင်းရေးကိစ္စလိုမျိုး ပေါ်ပေါက်လာခဲ့မယ်ဆိုရင် ဆုံးရှုံးမှုအန္တရာယ်အမျိုးမျိုးနှင့်လည်း ကြုံတွေ့ရနိုင်ပါတယ်။ ဒါကြောင့် မေးမြန်းလိုတာက လားရှိုးမြို့မဈေးကြီးတစ်ဝိုက်လမ်းများပေါ်မှာ နေ့စဉ်ပြန့်ကျဲပိတ်ဆို့ရပ်နားကြတဲ့ မြောက်မြားလှစွာသော မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်တွေကို စည်းကမ်းတကျနဲ့ လုံခြုံစိတ်ချစွာ ရပ်နားထားနိုင်ရေး ဆောင်ရွက်ထားရှိတဲ့အစီအမံများ သိရှိလိုတဲ့အတွက် မေးမြန်းအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။နေပြည်တော်ကောင်စီက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးညီထွန်း(အဖွဲ့ဝင်၊ နေပြည်တော်ကောင်စီ)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ လားရှိုးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဒေါက်တာစိုင်းမောက်ခမ်းရဲ့မေးခွန်းနှင့်ပတ်သက်ပြီး ကျွန်တော်မှပဲ ဆက်လက်ပြီး ဖြေကြားတင်ပြသွားမှာ ဖြစ်ပါတယ်။ မေးခွန်းမှာ လားရှိုးမြို့၊ မြို့မစည်ပင်သာယာဈေးကြီး၏ ပတ်ဝန်းကျင်တစ်ဝိုက်ရှိ လမ်းများပေါ်တွင် နေ့စဉ်ရပ်နားထားသော မြောက်မြားလှစွာသော မော်တော်ယာဉ်ပေါင်းစုံတို့ကို စည်းကမ်းတကျနှင့် လုံခြုံစွာရပ်နားနိုင်ရေး ဆောင်ရွက်ထားရှိမှု အခြေအနေကို သိရှိလိုခြင်းမေးခွန်းနှင့်စပ်လျဉ်းပြီး ဖြစ်ပါတယ်။ လားရှိုးမြို့၊ မြို့မဈေးကြီးဟာ ဈေးရုံပေါင်း ၁၈ ရုံ၊ ဆိုင်ခန်းပေါင်း ၂၆၃၆ ခန်းရှိပြီး နေ့စဉ်ဆိုင်ခန်းပေါင်း ၁၅၀၀ ခန့် ဖွင့်လှစ်ရောင်းချလျက်ရှိရာ ဈေးပတ်လည်ရှိလမ်းများတွင် နေ့စဉ်ဆိုင်ကယ်အစီးအရေအတွက် ၁၇၀၀ ဝန်းကျင်ခန့် ဝင်ထွက်ရပ်နားလျက်ရှိပါတယ်။ အဆိုပါဆိုင်ကယ်အရေအတွက် ၁၇၀၀ အနက် ၅၀၀ ခန့်မှာ မြို့မဈေးတွင် ဈေးရောင်းချလျက်ရှိသော ဈေးသူဈေးသားများ၏ဆိုင်ကယ်များဖြစ်ပြီး ကျန်အစီးရေ ၁၂၀၀ ခန့်မှာ ဈေးဝယ်သူများ၏ဆိုင်ကယ်များဖြစ်ပါတယ်။ မြို့မဈေးအတွင်းနှင့် မြို့မဈေး ပတ်လည်ရှိ သိန္နီလမ်း၊ ဗိုလ်ချုပ်လမ်း၊ ဟံသာဝတီလမ်း၊ နှင်းဆီရုံအပေါ်ထပ်နှင့် အောက်ထပ်ရှိ ဆိုင်ကယ်၊ ကားရပ်နားရာနေရာများတွင် အဝင်/အထွက်ပြုလုပ်နိုင်သော ဆိုင်ကယ်နှင့်ကားခန့်မှန်း ရပ်တန့်နိုင်မှုအခြေအနေမှာ အောက်ပါအတိုင်းဖြစ်ပါတယ်။ သိန္နီလမ်းမှာ ဆိုင်ကယ်အစီး ၁၅၀ ခန့်၊ ဗိုလ်ချုပ်လမ်းမှာ ဆိုင်ကယ်အစီး ၂၅၀ ခန့်၊ ဟံသာဝတီလမ်းမှာ ဆိုင်ကယ်အစီး ၂၀၀ နှင့် ကား ၂၀ စီး ခန့်၊ ဈေးအတွင်းမှာဆိုင်ကယ်အစီး ၁၀၀ ခန့်၊ နှင်းဆီရုံအပေါ်ထပ်မှာ ဆိုင်ကယ်အစီး ၆၀ နှင့်

ကားအစီး ၆၀၊ နှင်းဆီရုံအောက်ထပ်မှာ ဆိုင်ကယ် ၂၀၀ စီးဖြစ်ပါတယ်။ အထက်ဖော်ပြပါနေရာများတွင် မြို့မဈေးယာဉ်ရပ်နားခကောက်လုပ်ငန်းလိုင်စင်အား စိစစ်ချထားလျက်ရှိရာ လိုင်စင်စည်းကမ်းအရ မြို့မဈေးယာဉ်ရပ်နားခကောက်လုပ်ငန်းလုပ်ကိုင်သူမှ နံနက် ၆ နာရီမှ ညနေ ၅ နာရီအချိန်အထိ ယာဉ်ရပ်နားရန်နေရာများတွင် လုပ်သား ၂၀ ဦးဖြင့် ကြီးကြပ်ဆောင်ရွက်လျက်ရှိပါသည်။ မြို့မဈေးကြီးလုံခြုံရေးအတွက် လားရှိုးမြို့နယ်စည်ပင်သာယာရေးဌာနမှ အောက်ဖော်ပြပါဝန်ထမ်း ၁၇ ဦးဖြင့် ကြီးကြပ်ဆောင်ရွက်လျက်ရှိပါတယ်။ ဦးစီးအရာရှိတစ်ဦး၊ ဒုတိယဦးစီးမှူး(ဈေး)တစ်ဦး၊ ဈေးတာဝန်ခံတစ်ဦး၊ ဈေးခေါင်း(၅) တစ်ဦး၊ အခွန်ကောက်(၅) နှစ်ဦး၊ စည်းကမ်းထိန်းသုံးဦးနှင့် အစောင့်ရှစ်ဦးတို့ဖြစ်ပါသည်။

ဈေးပတ်ဝန်းကျင်နှင့် ဈေးအတွင်း/အပြင် ကား၊ ဆိုင်ကယ်လာရောက်ရပ်နားသည့် ဈေးသူဈေးသားများ၊ ဈေးဝယ်သူများလုံခြုံရေးအတွက် ဖော်ပြပါအရာရှိဦးစီး ၁၇ ဦးဖြင့် အဖွဲ့သုံးဖွဲ့ဖြင့် ခွဲ၍ အပိုင်းလိုက် လုံခြုံရေးကိစ္စဆောင်ရွက်သည့်နည်းတူ မြို့မဈေးယာဉ်ရပ်နားခကောက်လုပ်ငန်းရှင်မှ ဆိုင်ကယ်ကားများကို သတ်မှတ်ဝတ်စုံဖြင့် ကောက်ခံသည့်လုပ်သား ၂၀ ဦး၊ သိန္နီလမ်းနှင့် ဗိုလ်ချုပ်လမ်းထောင့်တွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့အမှတ်(၁)ရဲစခန်းမှ အရာရှိဦးစီးသည့် တပ်စိတ်တစ်စိတ်ဖြင့် လုံခြုံရေးယူ၍လည်းကောင်း၊ ယာဉ်ကြောပိတ်ဆို့မှုမရှိစေရေးအတွက် ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်လေးဦးဖြင့်လည်းကောင်း ဆောင်ရွက်လျက်ရှိပါသည်။ ထို့အပြင် ဈေးအတွင်း/အပြင် လုံခြုံရေးကင်မရာ CCTV ၁၆ လုံးဖြင့် တပ်ဆင်ထားရှိပြီး မြို့မဈေးတာဝန်ခံရုံးမှ ကြီးကြပ်ဆောင်ရွက်လျက်ရှိပါသည်။ လားရှိုးမြို့၊ မြို့မဈေးကြီး၏ဝန်းကျင်တစ်ဝိုက်ရှိ လမ်းများပေါ်တွင် နေ့စဉ်ထားရှိသည့်ယာဉ်များ စနစ်တကျရပ်နားနိုင်ရေးနှင့် လုံခြုံစွာရပ်နားနိုင်ရေးအတွက် မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ စည်ပင်သာယာရေးဌာနမှဝန်ထမ်းများ၊ ဈေးမိဈေးဖများ၊ ဈေးအရန်မီးသတ်တပ်ဖွဲ့များ၊ ယာဉ်ရပ်နားခကောက်လုပ်ငန်းမှ လုပ်သားများနှင့် ကြီးကြပ်မှုလုံခြုံရေးကင်မရာများ တပ်ဆင်ထားရှိပြီး စနစ်တကျလုံခြုံစွာဆောင်ရွက်လျက်ရှိပါကြောင်း ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ဖြေကြားချက်အား ကိုယ်စားဖြေကြားတင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**ဒေါက်တာစိုင်းမောက်ခမ်း(လားရှိုးမဲဆန္ဒနယ်)**။ ။ ဆက်စပ်မေးခွန်းမေးမြန်းလိုပါတယ်ခင်ဗျား။ အခုလိုဖြေကြားပေးတဲ့အတွက်လည်း ကျေးဇူးတင်ပါတယ်။ အခုအခြေအနေအရ မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်တွေ တစ်နေ့တခြားပိုပြီးတော့ များလာတာတွေ့ရပါတယ်။

နောက်တစ်ခုကလည်း ဆိုင်ရောင်းဖို့ ဈေးဆိုင်တွေလည်း ပိုပိုလိုလာတဲ့အတွက် ဒီမြို့မဈေးရဲ့အနီး အနားတစ်ဝိုက်မှာ ကားပါကင်အတွက်ရော၊ ဈေးဆိုင်ခန်းအတွက်ရော နှစ်မျိုးစလုံးပါဝင်နိုင်တဲ့ အထပ်မြင့်အဆောက်အဦဆောက်ပြီးတော့မှ စီစဉ်ပေးသွားဖို့အစီအစဉ်ရှိ/မရှိ ဆက်စပ်မေးခွန်းအနေနဲ့ မေးမြန်းအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ နေပြည်တော်ကောင်စီက ဖြေကြားရန် ဖြစ်ပါတယ်။

**ဦးညီထွန်း(အဖွဲ့ဝင်၊ နေပြည်တော်ကောင်စီ)**။ ။ ကိုယ်စားလှယ်တော်ကြီးရဲ့မေးမြန်းချက်နှင့် ပတ်သက်ပြီး ရှမ်းပြည်နယ်အစိုးရအဖွဲ့အား ပြန်လည်မေးမြန်းဖြေကြားတင်ပြသွားမှာဖြစ်ပါတယ်။

**မကွေးမြို့နယ်၊ ကန်သာရပ်ကွက်အတွင်းရှိ ကန်သာရေကန်ကြီးကို ပြန်လည်တူးဖော်ရန် အစီအစဉ်ရှိ/ မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း၊**

**ဥက္ကဋ္ဌ**။ ။ မကွေးမဲဆန္ဒနယ်မှ ဦးမြင့်ဦး မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးမြင့်ဦး(မကွေးမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်ကြီးများ၊ ကြွရောက်လာကြတဲ့ ဧည့်သည်တော်အားလုံး မင်္ဂလာပါ ခင်ဗျား။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး၊ မကွေးမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးမြင့်ဦး ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ မကွေးတိုင်းဒေသကြီး၊ မကွေးမြို့နယ်၊ ကန်သာရပ်ကွက်မှာရှိတဲ့ ကန်သာကန်ကြီးကို ပြန်လည်တူးဖော်ပေးနိုင်ပါရန် အစီအစဉ်ရှိ/မရှိ ပတ်သက်ပြီး မဲဆန္ဒရှင်များရဲ့ကိုယ်စား မေးမြန်းသွားမှာဖြစ်ပါတယ်။

ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point အသုံးပြုခွင့်ပေးပါခင်ဗျား။ ဒါကတော့ ကျွန်တော်တို့ ကန်သာယာကန်ကြီးဖြစ်ပါတယ်။ မကွေးမြို့နယ် ကန်သာရပ်ကွက်မှာရှိတဲ့ ကန်သာ ကန်ကြီးပါ။ ကန်သာကန်ကြီးဟာ နှစ်ပေါင်းများစွာကြာမြင့်ခဲ့ပါပြီ။ မကွေးမြို့ကြီး တည်ဆောက်ခဲ့တဲ့ မြို့သက်တမ်းနှင့်အတူတူ ဖြစ်ပါတယ်။ ဧရိယာအားဖြင့်လည်း ဧရိယာဧက ၂၀ နီးပါး ၁၉.၄၆၇ ဧကရှိပါ တယ်။ မြောက်ဘက်မှာတော့ အ.ထ.က(၁)လမ်း အေးစေတီဘုရားနှင့် အောင်မြေရတနာ ကျောင်းတိုက်ရှိပါတယ်။ အရှေ့ဘက်မှာတော့ ရန်မျိုးနိုင်ရပ်ကွက်နှင့် အနောက်ဘက်မှာ ဌာနဆိုင်ရာ များနှင့် မကွေးတက္ကသိုလ်လည်းရှိပါတယ်။ ဒါကလည်း ကန်သာကန်ကြီးအတွင်းမှာပေါက်နေတဲ့ ဗေဒါ ပင်တွေပါ။ ဒီဘက်မှာလည်းပဲ ဒီအမှိုက်တွေ ခြုံနွယ်တွေနဲ့ မြင်နေရတဲ့ပုံပါ။ ဒါခြုံနွယ်တွေနဲ့ဖြစ်နေတဲ့

ပုံပါ။ သစ်ပင်ခြုံနွယ်တွေနဲ့ကန်ကြီးထဲမှာ ဖြစ်နေတဲ့ပုံတွေပါ။ ဒါကန်သာကန်ကြီးအတွင်းမှာဖြစ်နေတဲ့ ပုံတွေပါ။ ဒါကအမှိုက်တွေနဲ့ဖြစ်နေတာ။ ဒါကတော့ ကျွန်တော်တို့အခြေပြမြေပုံပါ။

ဥက္ကဋ္ဌကြီးခင်ဗျား။ ယခုအခါမှာ ထိန်းသိမ်းမှုမရှိတော့ဘဲနဲ့ မိုးအခါမှာ ကန်ကြီးအတွင်း ရေလျှံပြီးတော့ ကန်အောက်မှာရှိတဲ့ ရပ်ကွက်တွေရေကြီးတဲ့ဒဏ်ကိုခံစားရပါတယ်။ ကန်အတွင်းမှာလည်း အမှိုက်တွေ၊ ဗေဒါပင်တွေ၊ မြက်ပင်တွေနဲ့အင်မတန်မှ ရုပ်ဆိုးလှပါတယ်။ ဒီကန်ကြီးကို ပြန်လည်ထိန်းသိမ်းစောင့်ရှောက်ခြင်းအားဖြင့် ပတ်ဝန်းကျင်ရပ်ကွက်များ၊ ရေကြီးရေလျှံမှုများမဖြစ်ပေါ်နိုင်ခြင်း၊ မီးဘေးကာကွယ်ရေးအတွက်လည်း အထောက်အပံ့ဖြစ်ခြင်း၊ ရပ်ရွာသာယာလှပရေးတို့အတွက် အကျိုးကျေးဇူးလည်း ရရှိနိုင်ပါတယ်။ ဒို့အပြင် လူအများလည်း အပန်းဖြေသင့်တော်မည့်နေရာလည်း ဖြစ်ပါတယ်။ မလိုလားအပ်တဲ့ ရာဇဝတ်မှုတွေလည်း ကင်းရှင်းမှာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဒီလိုပျက်စီးယိုယွင်းနေတဲ့ ကန်သာကန်ကြီးကို ပြုပြင်ပေးနိုင်ပါရန် အစီအစဉ်ရှိ/မရှိ သိလိုပါ၍ ဒေသခံပြည်သူများကိုယ်စား ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ နေပြည်တော်ကောင်စီက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးညီထွန်း(ကောင်စီဝင်၊ နေပြည်တော်ကောင်စီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးမြင့်ဦးရဲ့ ကြယ်ပွင့်ပြမေးခွန်းနှင့်ပတ်သက်ပြီး ကျွန်တော်မှပင် ဆက်လက်ဖြေကြားသွားမှာ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်ကြီး ဦးမြင့်ဦး၏ မကွေးတိုင်းဒေသကြီး၊ မကွေးမြို့နယ်၊ ကန်သာရပ်ကွက်အတွင်းရှိ ကန်သာရေကန်ကြီးကို ပြန်လည်တူးဖော်ရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းပြီး မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ဖြေကြားချက်အပေါ်မှာ ပြန်လည်တင်ပြသွားမှာဖြစ်ပါတယ်။ တင်ပြပါမကွေးမြို့ဟာ မြို့ပေါ် ၁၅ ရပ်ကွက်ဖြင့် ဖွဲ့စည်းထားပြီး ကန်သာကန်သည် ကန်သာရပ်ကွက်အတွင်း တည်ရှိပါသည်။ အရှေ့ဘက်တွင် စွယ်တော်လမ်း၊ မြောက်ဘက်တွင် အ.ထ.က(၁)လမ်း၊ အနောက်ဘက်တွင် မကျီးပင်လမ်း၊ တောင်ဘက်တွင် ကန်သာ(ဘီ) (၂)လမ်းတို့ရှိပြီး ပျမ်းမျှအလျားပေ ၁၂၀၀ ပေ၊ အနံ ၇၀၆ ပေနှင့် အကျယ်အဝန်းမှာ ၁၉.၄၆၇ ဧကရှိပါသည်။

ကန်သာကန်သည် မြေသားတမံအမျိုးအစားဖြစ်ပြီး ရေဝင်ပေါက်လေးပေါက်၊ ရေထွက်ပေါက် တစ်ပေါက်ဖြင့် တည်ဆောက်ထားပါတယ်။ မိုးရာသီတွင် မကွေးမြို့အရှေ့ဘက်ခြမ်းရှိ အောင်ဇေယျ ရပ်ကွက်၊ အောင်ချမ်းသာရပ်ကွက်၊ အောင်မင်္ဂလာရပ်ကွက်၊ အောင်ရတနာရပ်ကွက်များမှ စီးဆင်း လာသော မိုးရေများစီးဆင်း၍ ရေစုကန်အဖြစ် အသုံးပြုလျက်ရှိပြီး ၎င်းမှတစ်ဆင့် ရေမြောင်းများမှ ဆက်လက်စီးဆင်းပါသည်။ စည်ပင်သာယာရေးကော်မတီမှ နွေရာသီတွင် ကန်သာကန်အတွင်းရှိ အမှိုက်သရိုက်နှင့် ချုံနွယ်များအလေ့ကျပေါက်ရောက်သည့် သစ်ပင်များအား ရှင်းလင်းဆောင်ရွက် လျက်ရှိပါကြောင်းနှင့် စည်ပင်သာယာရေးကော်မတီ ပြုပြင်ထိန်းသိမ်းရန်အတွက် ရန်ပုံငွေအားနည်း သည့်အတွက် ကန်သာရေကန် သာယာလှပစေရေးဆောင်ရွက်ရန် အကျိုးတူ ပြည်တွင်းစီးပွားရေး လုပ်ငန်းရှင်များ ဖိတ်ခေါ်လျက်ရှိပြီး ပြည်ထောင်စုထောက်ပံ့ရန်ပုံငွေ၊ တိုင်းဒေသကြီးအစိုးရ ထောက်ပံ့ ရန်ပုံငွေများရရှိရန်တောင်းခံ၍ ရရှိမည်ဆိုပါက ပြုပြင်ထိန်းသိမ်းမှုများ ပိုမိုဆောင်ရွက်နိုင်မည်ဖြစ်ပါ ကြောင်း မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ဖြေကြားချက်ကို ကိုယ်စားဖြေကြားအပ်ပါတယ်။ ကျေးဇူး တင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**ဦးမြင့်ဦး(မကွေးမဲဆန္ဒနယ်)**။ ။ အခုလို ဖြေကြားပေးတဲ့အတွက် အင်မတန်မှပဲ ကျေးဇူး တင်ပါတယ်။ ဒါပေမဲ့ ပုံမှာမြင်တွေ့ရတဲ့အတိုင်း ကန်သာကန်ကြီးကတော့ ညစ်ပတ်မြဲညစ်ပတ်နေတာ မြင်ရတဲ့အတိုင်းဖြစ်ပါတယ်။ အဲဒီတော့ မေးချင်တဲ့မေးခွန်းကတော့ ဘယ်အချိန်မှာ ဆောင်ရွက်မလဲ ဆိုတဲ့ အချိန်ကို တိတိကျကျလေးသိပါရစေလို့ ရိုသေစွာမေးမြန်းအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ နေပြည်တော်ကောင်စီက ဖြေကြားပေးပါ။

**ဖြေကြားချက်**

**ဦးညီထွန်း(ကောင်စီဝင်၊ နေပြည်တော်ကောင်စီ)**။ ။ ကိုယ်စားလှယ်တော်ကြီး ဦးမြင့်ဦးရဲ့ မေးခွန်းနှင့်ပတ်သက်လို့ တိတိကျကျသိလိုတဲ့အချက်အလက်နှင့်ပတ်သက်လို့ရှိရင်တော့ မကွေးတိုင်း ဒေသကြီးအစိုးရအဖွဲ့ကို ပြန်လည်မေးမြန်းပြီးတော့ ပြန်ကြားတင်ပြသွားမှာဖြစ်ပါကြောင်း တင်ပြအပ် ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီနေ့အတွက် မေးခွန်းများ မေးမြန်း၊ ဖြေကြားခြင်း အစီအစဉ်ပြီးပါပြီ။

**မှုကြမ်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ နေ့လယ်စားသုံးဆောင်နိုင်ရန်အတွက် အစည်းအဝေးကို ၁ နာရီခန့်ခေတ္တရပ်နားပါမယ်။

**အချိန် ၁၁း၃၀။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[အစည်းအဝေကို ၁ နာရီ ခေတ္တရပ်နားပါသည်။]

**အချိန်၊ ၁၂း၃၀။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ အစည်းအဝေးပြန်လည်စတင်တော့မှာဖြစ်ပါတယ်။

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကျေးလက်လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးကော်မတီက တင်သွင်းသည့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေကြမ်းနှင့်စပ်လျဉ်း၍ တင်သွင်းထားသည့် ပြင်ဆင်ချက်အဆိုအား ဆွေးနွေးခြင်းနှင့် လွှတ်တော်၏အဆုံးအဖြတ်ရယူခြင်း၊

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၆ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကျေးလက်လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးကော်မတီက တင်သွင်းသော ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေကြမ်းကို ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန် အစည်းအဝေး (၁၈)ရက်မြောက်နေ့(၂၇-၂-၂၀၁၉ ရက်နေ့)တွင် ဥပဒေကြမ်းကော်မတီက အစီရင်ခံစာဖတ်ကြားရှင်းလင်းခြင်းပြုလုပ်ခဲ့ပါတယ်။ ဒီဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆို တင်သွင်းဆွေးနွေးလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် မိမိပြင်ဆင်လိုသည့်အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာ၊ အချက်အလက်များကို တိကျစွာရေးသားဖော်ပြ၍ ၁-၃-၂၀၁၉ ရက်နေ့နောက်ဆုံးထားပြီး အမည်စာရင်းတင်သွင်းရန် တောင်းခံခဲ့ရာ လွှတ်တော်ကိုယ်စားလှယ် ၁၁ ဦးတို့က အမည်စာရင်းတင်သွင်းလာပါတယ်။ ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၊ နိုင်ငံသားများ၏မူလအခွင့်အရေးဆိုင်ရာကော်မတီ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကျေးလက်လူမှုဘဝဖွံ့ဖြိုး

တိုးတက်ရေးကော်မတီ၊ ကျန်းမာရေးနှင့် အားကစားဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၊ တောင်သူလယ်သမားနှင့် အလုပ်သမားရေးရာကော်မတီ၊ ပြင်ဆင်ချက်အဆိုတင်သွင်းတဲ့ လွှတ်တော်ကိုယ်စားလှယ်များနှင့် သက်ဆိုင်ရာဌာနများမှ တာဝန်ရှိပုဂ္ဂိုလ်တို့က ပြန်လည်စိစစ်ခဲ့ကြပါတယ်။ ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ဆွေးနွေးအတည်ပြုခြင်းများ ဆောင်ရွက်ပါမယ်။

ဒီလိုဆွေးနွေးရာမှာ ဥပဒေကြမ်း၏ခေါင်းစဉ်၊ နိဒါန်းမှအစ အပိုဒ်၊ အပိုဒ်ခွဲများနှင့် ဥပဒေကြမ်းတစ်ခုလုံးပါဝင်မှာ ဖြစ်ပါတယ်။ အပိုဒ်၊ အပိုဒ်ခွဲအစဉ်အလိုက် အတည်ပြုနိုင်ရေးဆောင်ရွက်ရာမှာ ပြင်ဆင်ချက်မရှိပါက မူလအဆိုပြုပြဋ္ဌာန်းချက်အတိုင်း အတည်ပြုနိုင်ရေး တင်ပြဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ပြင်ဆင်ချက်ရှိသော အပိုဒ်၊ အပိုဒ်ခွဲများအတွက် ဥပဒေကြမ်းကော်မတီက သက်ဆိုင်ရာအပိုဒ်၊ အပိုဒ်ခွဲအလိုက်ဆွေးနွေးခြင်းများပြုလုပ်ပြီး လွှတ်တော်ရဲ့ဆန္ဒသဘောထားရယူ၍ ဆုံးဖြတ်အတည်ပြုသွားမှာဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၉၀ နည်းဥပဒေခွဲ(ဃ)အရ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်(၅၉)ချက်ကို တင်သွင်းဖို့ဖြစ်ပါတယ်။ ဥပဒေကြမ်းကော်မတီကို ဖိတ်ခေါ်ပါတယ်။

**ဦးဝေလှိုင်ထွန်း(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် တက်ရောက်လာတဲ့ကိုယ်စားလှယ်အားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဥပဒေကြမ်းကော်မတီဝင် ဦးဝေလှိုင်ထွန်း ဖြစ်ပါတယ်။ ကျွန်တော် ဒီကနေ့ တင်သွင်းမယ့်အဆိုကတော့ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၉၀ အရ လွှတ်တော်မှအတည်ပြုပေးနိုင်ရန် အဆိုလွှာတင်သွင်းမှာဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကျေးလက်လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးကော်မတီမှ တင်သွင်းသော ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေကြမ်းကို ပြည်ထောင်စုလွှတ်တော်ရုံးက ပြည်ထောင်စုလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၈၀ နည်းဥပဒေခွဲ(က)အရ ပြည်သူ့လွှတ်တော်ရုံးမှာ ဆွေးနွေးရန်ပေးပို့လာပါတယ်။ အဲဒီဥပဒေကြမ်းကို ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၁၈)ရက်မြောက်နေ့ဖြစ်တဲ့ ၂၇-၂-၂၀၁၉ ရက်နေ့(ဗုဒ္ဓဟူးနေ့) မှာ လွှတ်တော်သို့ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၏ စိစစ်လေ့လာတွေ့ရှိချက်အစီရင်ခံစာကို တင်ပြခဲ့ပြီးလည်းဖြစ်ပါတယ်။ ပြင်ဆင်ချက်အဆိုများကို ၁-၃-၂၀၁၉ ရက်နေ့ (သောကြာနေ့)ကို နောက်ဆုံးထားပြီး

တင်သွင်းနိုင်ကြောင်း ကြေညာခဲ့တဲ့အတွက် ဦးသန့်ဇင်ထွန်း(ဒက္ခိဏသီရိ မဲဆန္ဒနယ်)၊ ဒေါက်တာကြည့်မို့မို့လွင်(စဥ့်ကိုင်မဲဆန္ဒနယ်)၊ ဦးဝင်းဝင်း(မင်းဘူးမဲဆန္ဒနယ်)၊ ဦးခင်မောင်လတ်(မြန်အောင်မဲဆန္ဒနယ်)၊ ဦးမြင့်ဦး(သနပ်ပင်မဲဆန္ဒနယ်)၊ ဦးသက်နိုင်ဦး(ရေဖြူမဲဆန္ဒနယ်)၊ ဦးမြင့်ဦး(မကွေးမဲဆန္ဒနယ်)၊ ဦးမျိုးဇော်ဦး(လယ်ဝေးမဲဆန္ဒနယ်)၊ ဒေါက်တာလင်းလင်းကျော်(မြစ်သားမဲဆန္ဒနယ်)၊ ဒေါ်ဝင့်ဝါထွန်း(ရွားတောမဲဆန္ဒနယ်)၊ ဦးကျော်ကြီး(ခ)ဦးအုန်းခင်(မင်းလှမဲဆန္ဒနယ်)မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အားလုံး ၁၁ ဦးက ဆွေးနွေးရန်နှင့်ပြင်ဆင်ချက်အဆိုများကို တင်သွင်းလာပါတယ်။

ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီက ဆွေးနွေးရန်နှင့်ပြင်ဆင်ချက်အဆိုတင်သွင်းတဲ့ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်သူ့လွှတ်တော် နိုင်ငံသားများ၏ မူလအခွင့်အရေးဆိုင်ရာကော်မတီ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကျေးလက်လူမှုဘဝ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၊ ကျန်းမာရေးနှင့် အားကစားဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၊ တောင်သူလယ်သမားနှင့်အလုပ်သမားရေးရာကော်မတီ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနနှင့် ပြည်ထောင်စုရှေ့နေချုပ်ရုံးတို့မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ၉-၃-၂၀၁၉ ရက်(စနေနေ့)မှာ ညှိနှိုင်းအစည်းအဝေးကျင်းပပြုလုပ်ခဲ့ပါတယ်။ အဲဒီညှိနှိုင်းအစည်းအဝေးဆုံးဖြတ်ချက်အရ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီက ပြင်ဆင်ရန်အချက်(၅၉)ချက်ရှိပါတယ်။ အဲဒီအချက်(၅၉)ချက်ကို ကန့်လန့်ဖြတ်ဇယားနဲ့ လွှတ်တော်မှာလည်းကိုယ်စားလှယ်အားလုံးကိုဖြန့်ဝေထားပြီးဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီက ပြင်ဆင်ရန်တင်ပြချက်(၅၉)ချက်ကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် လေးစားစွာတင်ပြအပ်ပါတယ်။

[ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ရန်တင်ပြချက် (၅၉)ချက်မှာ အောက်ပါအတိုင်းဖြစ်ပါသည်။]

| စဉ် | စာမျက်နှာ | အမှတ်စဉ် | အပိုဒ်နှင့် အပိုဒ်ခွဲ |
|---|---|---|---|
| (က) | ၁ မှ ၂ | ၅၊၇ | အပိုဒ် ၂ အပိုဒ်ခွဲ(ခ)၊ အပိုဒ်ခွဲ(စ)နှင့် (ဆ) |
| (ခ) | ၃ မှ ၄ | ၁၁၊ ၁၃ | အပိုဒ် ၃ အပိုဒ်ခွဲ(ဂ)၊ အပိုဒ်ခွဲ(စ)နှင့် (ဆ) |
| (ဂ) | ၄ မှ ၇ | ၁၅၊ ၁၈၊ ၂၀၊ ၂၂ | အပိုဒ် ၄ ခြေဆင်း၊ အပိုဒ် ၅ အပိုဒ်ခွဲ(ခ)နှင့် (ဂ)၊ အပိုဒ်ခွဲ (ဆ)၊ အဆိုပြုပြဋ္ဌာန်းချက် အပိုဒ် ၅ အပိုဒ်ခွဲ(ဈ)ကို ပယ်ဖျက်ခြင်း |
| (ဃ) | ၇ မှ ၁၃ | ၂၅၊ ၂၇၊ ၂၈၊ ၃၀၊ ၃၂၊ ၃၄၊ ၃၆၊၃၈၊၄၀၊ ၄၁၊ ၄၄၊ ၄၆ | အပိုဒ် ၆ အပိုဒ်ခွဲ(ခ)၊ အပိုဒ်ခွဲ(ဃ)၊ အပိုဒ်ခွဲငယ်(၁)၊ အပိုဒ်ခွဲငယ်(၆)၊ အပိုဒ်ခွဲ(င)နှင့်(စ)၊ အပိုဒ်ခွဲ(ဆ) အပိုဒ်ခွဲငယ်(၁)နှင့်(၂)၊ အပိုဒ်ခွဲ(ဈ)၊ အပိုဒ်ခွဲ(ဋ)၊ အပိုဒ်ခွဲ (တ)နှင့် အပိုဒ်ခွဲ(ထ)၊ အပိုဒ် ၇ အပိုဒ်ခွဲ(ခ)၊ အပိုဒ်ခွဲ(င) |
| (င) | ၁၃ မှ ၁၅ | ၄၉၊ ၅၁၊ ၅၂၊ ၅၄၊ ၅၆၊ ၅၈ | အပိုဒ် ၈ အပိုဒ်ခွဲ(က)၊ အပိုဒ်ခွဲ(င)၊ အဆိုပြုပြဋ္ဌာန်းချက် အပိုဒ် ၈ အပိုဒ်ခွဲ(င)ကို ပယ်ဖျက်ခြင်း၊ အပိုဒ် ၉ အပိုဒ်ခွဲ (က)နှင့်(ခ)၊ အပိုဒ် ၈ အပိုဒ်ခွဲ(ဂ)၊ အပိုဒ်ခွဲ(င) |
| (စ) | ၁၆ မှ ၁၉ | ၆၂၊ ၆၃၊ ၆၄၊ ၆၅၊ ၆၆၊ ၆၇၊ ၆၈၊ ၇၀၊ ၇၂၊ ၇၃၊ ၇၄ | အပိုဒ် ၁၀ အပိုဒ်ခွဲ(ခ)၊ အပိုဒ် ၁၁၊ အပိုဒ် ၁၂၊ အပိုဒ် ၁၃၊ အပိုဒ် ၁၄၊ အပိုဒ် ၁၅၊ အပိုဒ် ၁၆၊ အပိုဒ် ၁၈ ခြေဆင်း၊ အပိုဒ်ခွဲ(ခ)နှင့် (ဂ)၊ အပိုဒ်ခွဲ(ဃ)၊ အသစ်ဖြည့်စွက်ချက် အပိုဒ်ခွဲ(င) |
| (ဆ) | ၂၀ မှ ၂၁ | ၇၆၊ ၇၇၊ ၇၉၊ ၈၀၊ ၈၂ | အပိုဒ် ၁၉ ခြေဆင်းနှင့် အပိုဒ်ခွဲ(က)၊ အဆိုပြုပြဋ္ဌာန်းချက် အပိုဒ်ခွဲ(က)ကို ပယ်ဖျက်ခြင်း၊ အပိုဒ် ၂၀ အပိုဒ်ခွဲ(က)၊ အပိုဒ်ခွဲ(ခ)နှင့် (ဂ)၊ အပိုဒ် ၂၁ အပိုဒ်ခွဲ(ခ) |
| (ဇ) | ၂၂ မှ ၂၃ | ၈၇၊ ၈၉၊ ၉၂ | အပိုဒ် ၂၃ အပိုဒ်ခွဲ(ခ)၊ အပိုဒ် ၂၄၊ အပိုဒ် ၂၇ |
| (ဈ) | ၂၃ မှ ၂၄ | ၉၄၊ ၉၆ | အပိုဒ် ၂၈ ခြေဆင်းနှင့် အပိုဒ်ခွဲ(က)၊ အပိုဒ် ၂၉ |
| (ည) | ၂၅ | ၁၀၀ | အပိုဒ် ၃၂ |
| (ဋ) | ၂၇ | ၁၀၆၊ ၁၀၇၊ ၁၀၈ | အဆိုပြုပြဋ္ဌာန်းချက် အပိုဒ် ၃၇ ကို အထွေထွေအခန်းသို့ ပြောင်းလဲပြင်ဆင်ခြင်း၊ အပိုဒ် ၃၇၊ အပိုဒ် ၃၈ |
| (ဌ) | ၂၈ မှ ၂၉ | ၁၁၀၊ ၁၁၂၊ ၁၁၃၊ ၁၁၄၊ ၁၁၅၊ ၁၁၆၊ ၁၁၈၊ ၁၁၉ | အပိုဒ် ၃၉၊ အပိုဒ် ၄၁၊ အပိုဒ် ၄၂၊ အဆိုပြုပြဋ္ဌာန်းချက် အပိုဒ် ၄၄ ကို ပယ်ဖျက်ခြင်း၊ အပိုဒ် ၄၃၊ အဆိုပြုပြဋ္ဌာန်းချက် အပိုဒ် ၄၅ ကို ပယ်ဖျက်ခြင်း၊ အပိုဒ် ၄၆ ခြေဆင်းနှင့် အပိုဒ်ခွဲ(က) |

**မူကြမ်း**

**ဥက္ကဋ္ဌ**။ ။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနရဲ့ သဘောထားပြောပါ။

**ဒေါက်တာအောင်သူ(ပြည်ထောင်စုဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံးကို မင်္ဂလာပါလို့ ဦးစွာပထမနှုတ်ခွန်းဆက်သအပ်ပါတယ်။ မိမိကတော့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ ဖြစ်ပါတယ်။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ကျေးလက်လူမှုဘဝ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီက တင်သွင်းတဲ့ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေကြမ်းကို ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီအပါအဝင် သက်ဆိုင်ရာရေးရာကော်မတီများ၊ အစိုးရဌာနများ၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးတို့မှ ဆွေးနွေးညှိနှိုင်းပြင်ဆင်ထားပြီးဖြစ်တဲ့အတွက် မိမိရဲ့ဝန်ကြီးဌာနအနေနဲ့ ဥပဒေကြမ်းအားပြင်ဆင်ရန် ဆွေးနွေးချက်အပေါ်မှာ သဘောတူညီပါကြောင်း တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်(၅၉)ချက်အား အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူ မရှိတဲ့အတွက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်(၅၉)ချက်ကို ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်များအတိုင်း ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်ကြောင်း အတည်ပြုကြေညာပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကျေးလက်လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးကော်မတီက တင်သွင်းသော ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်အဆိုတင်သွင်းခြင်း၊ ဆွေးနွေးဆုံးဖြတ်ခြင်းများ ပြုလုပ်ခဲ့ပြီးဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်ရာမှာ လွှတ်တော်ရဲ့ပြင်ဆင်အတည်ပြုချက်များကြောင့် ပြောင်းလဲသွားတဲ့အပိုဒ်၊ အပိုဒ်ခွဲ၊ အမှတ်စဉ်များကိုလည်း တစ်ပါတည်းအတည်ပြုချက်ရယူမှာဖြစ်ပါတယ်။

ဒါကြောင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေကြမ်း တစ်ရပ်လုံးကို ပြင်ဆင်ထားသည့်အပိုဒ်၊ အပိုဒ်ခွဲများအတိုင်း အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။ သဘောမတူသူ မရှိတဲ့အတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကျေးလက်လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးကော်မတီက တင်သွင်းသော ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေကြမ်းတစ်ရပ်လုံးကို ပြင်ဆင်ထားသည့်အပိုဒ်၊ အပိုဒ်ခွဲများ အတိုင်း အတည်ပြုကြောင်းနှင့် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၉၁ အရ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာပါတယ်။

**ဥက္ကဋ္ဌ**။ ။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပြန်လည်ထွက်ခွာနိုင်ပါပြီ။

## ဦးတင်ထွေး၊ ဝေါမဲဆန္ဒနယ်က တင်သွင်းသည့် မြို့ပြများတွင် တရားဥပဒေစိုးမိုးပြီး ပြည်သူလူထု၏ လူနေမှုဘဝလုံခြုံမှုရှိစေရန် ရာဇဝတ်မှုများဖြစ်ပေါ်နေမှုကို ကာကွယ်တားဆီးနိုင်ရန်အတွက် ဦးစားပေးအဆင့်ဖြင့် ဆောင်ရွက်ပေးနိုင်ပါရန် နိုင်ငံတော်အစိုးရသို့တိုက်တွန်းကြောင်းအဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၇ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဦးတင်ထွေး၊ ဝေါမဲဆန္ဒနယ်က ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၂၀)ရက်မြောက်နေ့(၄-၃-၂၀၁၉ ရက်နေ့)တွင် တင်သွင်းသွားတဲ့ မြို့ပြများတွင် တရားဥပဒေစိုးမိုးပြီး ပြည်သူလူထု၏လူနေမှုဘဝလုံခြုံမှုရှိစေရန် ရာဇဝတ်မှုများဖြစ်ပေါ်နေမှုကို ကာကွယ်တားဆီးနိုင်ရန်အတွက် ဦးစားပေးအဆင့်ဖြင့် ဆောင်ရွက်ပေးနိုင်ပါရန် နိုင်ငံတော်အစိုးရသို့ တိုက်တွန်းကြောင်းအဆိုကို ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၇၀ အရ ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ယင်းအဆိုနှင့် စပ်လျဉ်းပြီး ဆွေးနွေးမယ့်ကိုယ်စားလှယ် ၂၁ ဦးရှိပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ အရာတော်မဲဆန္ဒနယ်မှ ဒေါက်တာခင်မောင်သင်း ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဒေါက်တာခင်မောင်သင်း(အရာတော်မဲဆန္ဒနယ်)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံးမင်္ဂလာပါ။ ကျွန်တော်ကတော့ အရာတော်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာခင်မောင်သင်းဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဝေါမဲဆန္ဒနယ်ရဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်ထွေးရဲ့အဆိုကို ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ ဒီနေရာမှာ အဆိုကို ဖြည့်စွက်ဆွေးနွေးလိုပါတယ်။ မြို့ပြများတွင်သာမက ကျေးလက်ဒေသများပါ တစ်ပြည်လုံး တရားဥပဒေစိုးမိုးပြီး ပြည်သူလူထု၏လူနေမှုဘဝလုံခြုံစေရန် ရာဇဝတ်မှုများဖြစ်ပေါ်နေမှုကို ကာကွယ်တားဆီးနိုင်ရန်အတွက် ဦးစားပေးအဆင့်ဖြင့် ဆောင်ရွက်ပေးနိုင်ပါရန် နိုင်ငံတော်အစိုးရကို တိုက်တွန်းကြောင်းအဆိုကို ထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့နိုင်ငံမှာ တရားဥပဒေစိုးမိုးမှုအားနည်းပြီး ရာဇဝတ်မှုများနှင့် အကျင့်ပျက်ခြစားမှုများ တစ်ပြည်လုံးအနှံ့ဖြစ်ပေါ်နေတာကို တွေ့ရပါတယ်။ လူတွေရဲ့စာရိတ္တမဏ္ဍိုင်ယိမ်းယိုင်ပျက်စီးနေတာ ဖြစ်ပါတယ်။ ခေတ်ဟောင်း၊ စနစ်ဟောင်းရဲ့အုပ်ချုပ်မှုအလွဲများ၊ စီမံမှုအလွဲများနှင့် အကျင့်ပျက်ခြစားမှုများကြောင့် လူတွေရဲ့ကိုယ်ကျင့်တရားတွေ ပျက်စီးသွားတာ ဖြစ်ပါတယ်။ ဖမ်းဆီးဖို့အင်မတန်လွယ်တဲ့ သစ်မှောင်ခိုတင်ကားများ၊ နွားမှောင်ခိုတင်ကားများနှင့် လိုင်စင်မဲ့ကားများ မှောင်ခိုတင်သွင်းမှုတို့ကို ကြည့်လိုက်ရင် ဒီဖြစ်စဉ်တွေဟာ သိသိကြီးနဲ့ လွှတ်ပေးထားသလားလို့ မေးခွန်းထုတ်စရာတောင် ဖြစ်နေပါတယ်။ မူးယစ်ဆေးရောင်းဝယ်ဖောက်ကားမှုများဟာလည်း တစ်ပြည်လုံးနီးပါးပျံ့နှံ့နေပါတယ်။ ရန်ကုန်မြို့ထဲမှာ တစ်စီးလုံးမူးယစ်ဆေးတင်ထားတဲ့ကားကို ပိုင်ရှင်မဲ့မိတယ်။ နောက်ပြီးတော့ မြန်မာနိုင်ငံ ရန်ကုန်ဆိပ်ကမ်းကနေ တင်ပို့လိုက်တဲ့ အလွန့်အလွန်များပြားလှတဲ့မူးယစ်ဆေးတွေကို မလေးရှားမှာ သွားမိတယ်။ ဒီဖြစ်စဉ်တွေဟာ တရားဥပဒေစိုးမိုးမှုအားနည်းနေတာကို မီးမောင်းထိုးပြနေတာပါ။ ရန်ကုန်ဘူတာကြီးမှာ ရှေ့နေဦးကိုနီ လုပ်ကြံသတ်ဖြတ်မှုနှင့် အဓိကတရားခံလို့ယူဆရသူ ယခုအချိန်အထိ ထွက်ပြေးလွတ်မြောက်နေမှုဟာ တိုင်းပြည်ရဲ့ပုံရိပ်ကို ရုပ်ဆိုးအကျည်းတန်စေပါတယ်။ ရာဇဝတ်မှုတွေပေါ်များလာတဲ့အတွက် သက်ဆိုင်ရာတွေကို လက်ညှိုးထိုးကြပါတယ်။ နိုင်ငံတော်အစိုးရကို လက်ညှိုးထိုးကြတယ်။ ဒီဖြစ်စဉ်တွေရဲ့ရေသောက်မြစ်ကို တွေးကြည့်မိပါတယ်။ မြန်မာတွေရဲ့ဆိုရိုးစကားတစ်ခုရှိပါတယ်။ အရင်းစစ်တော့ အမြစ်မြေက ညောင်မြစ်တူးတော့ ပုတ်သင်ဥပေါ်တယ်။ ကျွန်တော်ကိုယ်တိုင် ညောင်မြစ်ကို တူးကြည့်တော့ ပုတ်သင်ဥတင်မကပါဘူး။ ခြေဥတွေပါ တွေ့ရပါတယ်။ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေမှာ

အားနည်းချက်တွေ အများကြီးရှိပါတယ်။ ရှေ့နောက်မညီတာတွေ၊ အပြစ်ဒဏ်က အမှုထက်စာရင် နည်းလွန်းနေတာတွေ၊ ခေတ်ကာလနှင့်မကိုက်ညီတာတွေ၊ ဒီမိုကရေစီနိုင်ငံများရဲ့ဥပဒေစံနှုန်းနဲ့ကွာဟနေတာတွေ စသဖြင့်ပြင်ဆင်စရာတွေ အများအပြားရှိနေပါတယ်။ ကမ္ဘာကျော်ဥပဒေပညာရှင်တစ်ယောက်က ပြောသွားပါတယ်။ ပြင်ဆင်ရအလွယ်ဆုံးဥပဒေဟာ အကောင်းဆုံးဥပဒေပါတဲ့။ ကျွန်တော်တို့အနေနဲ့ ဥပဒေကိုအမြန်ဆုံးပြင်ရပါမယ်။ ဥပဒေပြင်ရုံနဲ့ မပြီးသေးပါဘူး။ လူတွေရဲ့စိတ်ဓာတ်ကိုလည်း ပြုပြင်ယူရပါမယ်။ ကျွန်တော်တို့လူမျိုးအများစုဟာ။ အတ္တကို ရှေ့တန်းတင်နေကြပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်ကြီးခင်ဗျား။ အဆိုနှင့်ပတ်သက်တဲ့ကိစ္စကိုပဲတိုက်ရိုက်ဆွေးနွေးပါ။

**ဒေါက်တာခင်မောင်သင်း(အရာတော်မဲဆန္ဒနယ်)**။ ။ ငါ့မိသားစု၊ ငါ့ရွာ၊ ငါ့မြို့၊ ငါ့အဖွဲ့အစည်းကောင်းစားရေး ဒီလောက်ပဲစဉ်းစားလုပ်ကိုင်နေကြပါတယ်။ ရေမြင့်မှ ကြာမြင့်မယ်လို့ သဘောတရားကို အတ္တတွေက ဖုံးလွှမ်းထားပါတယ်။ တစ်တိုင်းပြည်လုံးတရားဥပဒေစိုးမိုးအောင်၊ တစ်တိုင်းပြည်လုံးချမ်းသာအောင် မကြိုးစားဘဲ အတ္တရှေ့တန်းတင်နေရင်တော့ ကျွန်တော်တို့ရဲ့ သား၊ မြေး၊ မြစ်လက်ထက်အထိ ဆင်းရဲတွင်းနက်နေမှာပါ။ ကမ္ဘာ့ရွာကြီးရဲ့အလယ်မှာ မျက်နှာငယ်ငယ်၊ အနှိမ်ခံဘဝနဲ့ဆက်လက်နေထိုင်ရမှာပါ။ ငြင်းခုံတာတွေကိုလျှော့ပြီးတော့ Win Win Situation နဲ့ Democratic Federal ပြည်ထောင်စုကြီးကို တည်ဆောက်ကြဖို့အကြံပြုချင်ပါတယ်။ ကိုယ့်အဖွဲ့အစည်းတစ်ခုတည်းအသာစီးရရှိရေးကြိုးစားနေရင် ကောင်းမွန်ပြည့်စုံတဲ့ အရှေ့တစ်ခုရမှာ မဟုတ်ပါဘူး။ အားလုံးသဘောကျလက်ခံတဲ့ ဒီမိုကရေစီပန်းတိုင်က ရှိပြီးသားပါ။ ပန်းတိုင်အရောက်လှမ်းဖို့ဟိုလမ်းကသွားမယ်၊ ဒီလမ်းကသွားမယ် ငြင်းမနေဘဲ လမ်းကြောင်းတစ်ခုတည်းကနေ ပြိုင်တူတွန်းလိုက်ရင် ဒီမိုကရေစီရထားကြီး ပန်းတိုင်ကို အမြန်ဆုံးအချိန်တိုအတွင်း ရောက်သွားပါလိမ့်မယ်။ ဒီအရှေ့ဟာ ကျွန်တော်တို့လွှတ်တော်ကိုယ်စားလှယ်တွေ၊ ပါတီအဖွဲ့အစည်းတွေ၊ ဌာနဆိုင်ရာတွေကြိုးစားရုံနဲ့ မလုံလောက်ပါဘူး။ အရေးကြီးဆုံးက ပြည်သူလူထုရဲ့ပူးပေါင်းပါဝင်မှုပါ။ ပြည်သူလူထုတစ်ရပ်လုံး တက်တက်ကြွကြွနဲ့ပူးပေါင်းလာရင် အောင်မြင်မှုပန်းတိုင်ကို မလွဲမသွေရောက်မှာပါ။ အတ္တကို နေရာမပေးကြပါနဲ့။ အတ္တဟာ လူသားတိုင်းရဲ့ရန်သူပါ။ မြန်မာနှစ်သစ်လည်းကူးပါတော့မယ်။ ကျွန်တော်တို့အားလုံးရဲ့အညစ်အကြေးတွေ၊ အတ္တတွေ၊ မာန်မာနတွေကို အတာရေနဲ့ဆေးကြောပြီး

နှစ်သစ်ကူးတာနဲ့တစ်ပြိုင်နက် ဖက်ဒရယ်ဒီမိုကရေစီပန်းတိုင်ကို အရောက်လှမ်းဖို့ အားလုံးကို ဖိတ်ခေါ်လိုက်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ အုတ်တွင်းမဲဆန္ဒနယ်မှ ဒေါ်ချိုချို ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဒေါ်ချိုချို(အုတ်တွင်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အားလုံးမင်္ဂလာပါရှင်။ ကျွန်မကတော့ ဝေါမဲဆန္ဒနယ်မှ ဦးတင်ထွေး တင်သွင်းသောအဆိုကို အကြံပြု ထောက်ခံဆွေးနွေးသွားမယ့် အုတ်တွင်းမဲဆန္ဒနယ်မှ ဒေါ်ချိုချို ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ ဒီမိုကရေစီအသွင်ကူးပြောင်းရေးဖြစ်စဉ်ကြီးမှာ အစိုးရနှင့်ပြည်သူလက်တွဲညီညီ နှင့်ပူးပေါင်းပြီးတော့ လျှောက်လှမ်းဖို့အတွက် အဓိကအားဖြင့် တရားဥပဒေစိုးမိုးရေးကို ထိန်းချုပ်နိုင်ဖို့ ပဲ ဖြစ်ပါတယ်။ ဒါမှသာ ပြည်သူလူထုအတွင်း တရားဥပဒေစိုးမိုးပြီးတော့ အေးချမ်းမှုရှိမှသာ နိုင်ငံ ပြန်လည်ထူထောင်ရေးလုပ်ငန်းများမှာ အချိန်နှင့်တစ်ပြေးညီ တိုးတက်လာမှာ ဖြစ်ပါတယ်။ ဒါကြောင့် မြို့ပြလုံခြုံရေးကိစ္စကို ထိရောက်မြန်ဆန်စွာအရေးယူဆောင်ရွက်ဖို့လိုတဲ့အတွက် အဆိုရှင်က အဆိုကို တင်သွင်းရတယ်ဆိုတဲ့ရည်ရွယ်ချက်ကို ထောက်ခံပါတယ်။ ထို့အတွက် တရားဥပဒေစိုးမိုးရေးကို လုပ်နေကြတဲ့ ရဲ၊ ဥပဒေအကြံပေးနှင့် တရားသူကြီးတို့ရဲ့လုပ်ဆောင်ချက်များ၊ အဂတိကြောင့် အမှန် တရားမှ မလွဲချော်ဖို့ လွန်စွာအရေးကြီးပါတယ်။ အဂတိဆိုတဲ့ငွေကြေးကြောင့် တရားဥပဒေစိုးမိုးမှု ပျက်ယွင်းပြီး အမှုကို အမှန်အတိုင်းမဖြစ်ဘဲ အမှုစစ်ရဲမှ ပြစ်ဒဏ်ကိုကျစေချင်ရင် ထိထိရောက်ရောက် လုပ်ပေးသလို လျော့ပေါ့လိုသည့်အခါမှာလည်း သက်သေခံပစ္စည်းကို ဖျောက်ဖျက်ခြင်းဖြင့် လိုသလို လုပ်နေကြကာ ရဲကအမှုတည်ဆောက်ပြီးသည့်အခါ၌လည်း မြို့နယ်ဥပဒေအရာရှိထံမှာ အကြံပေး တောင်းသည့်အခါမှာ ရဲနှင့်ဥပဒေအရာရှိပေါင်းပြီး အဂတိကြောင့်အမှုကို ကြီးအောင်လုပ်နိုင်သလို ငယ်အောင်လည်းလုပ်နိုင်ကာ တရားရုံးရောက်သည့်အခါ၌လည်း ရဲနှင့်ဥပဒေအရာရှိ တည်ဆောက် သည့်အပိုင်းပေါ်မှာ တရားစီရင်ရေးကလည်း အဂတိမကင်းစွာဖြင့် အမှုကိုကြီးအောင်၊ ငယ်အောင်၊ ပြစ်ဒဏ်နည်းနည်းကျအောင်၊ ပြစ်ဒဏ်ကြီးကြီးမားမားကျအောင်၊ လုံးဝလွတ်သွားအောင် လုပ်ဆောင် နေခြင်းက မကြာသေးမီကမှ ဟိုးလေးတကြော်ဖြစ်ခဲ့တဲ့ ဟာသသရုပ်ဆောင် အောင်ရဲထွေးရဲ့အမှုကို ကြည့်ခြင်းအားဖြင့် လူသတ်မှုကိုတောင်မှ ပြစ်ဒဏ်မချဘဲ အမှုကိုကျေအေးအောင် လုပ်တဲ့အတွက် ရဲရော၊ ဥပဒေအရာရှိနှင့် တရားသူကြီး သုံးဦးပေါင်းပြီး ရာဇဝတ်မှုတွေကို လိုသလိုလုပ်နေမှန်း ထင်ရှား နေပြီး အဆိုပါအမှုကို နိုင်ငံတော်သမ္မတကြီးရဲ့ညွှန်ကြားချက်အရ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်မှ စုံစမ်းစစ်ဆေးလိုက်တဲ့အတွက်ကြောင့် တရားဥပဒေစိုးမိုးရေးကို လုပ်နေတဲ့သူ သုံးဖွဲ့

စလုံးမှာ တရားခံဖြစ်ကုန်ကြပါတယ်။ ဒါကိုကြည့်ခြင်းအားဖြင့် တစ်နိုင်ငံလုံးသိတဲ့အမှုမျိုးမဟုတ်ဘဲ တိုင်းပြည်မှာ လူမသိ၊ သူမသိဘဲနဲ့ တရားမျှတမှုမရဘဲ ပြီးသွားတဲ့အမှုတွေ မည်မျှရှိနေတယ်ဆိုတာ ပိုက်ဆံမရှိလို့၊ မတိုင်ကြားတတ်လို့ ဖြစ်သမျှကို ငြိမ်ခံနေရသူတွေ ဘယ်လောက်များနေတယ်ဆိုတာ မသိနိုင်ပါဘူး။ လူ့အခွင့်အရေးကော်မရှင်မှ ကော်မရှင်အဖွဲ့ဝင်ငါးဦး နှုတ်ထွက်ရသည်အထိဖြစ်ခဲ့ရတဲ့ သတင်းပေးဖော်ထုတ်ပေးသူကြောင့် လွှတ်တော်ထဲအထိ ဒီကိစ္စရောက်လာပြီးမှ အမှုကို ဖော်ထုတ်နိုင်တဲ့ အင်းဝအပ်ချုပ်ဆိုင်လိုအမှုမျိုးမှာ တရားဥပဒေစိုးမိုးမှုပျက်ယွင်းနေတာကိုလည်း သိသာထင်ရှား စေပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ တရားဥပဒေစိုးမိုးမှုအားနည်းမှုကြောင့် လက်ရှိ လက်ရဲဇက်ရဲတွေပိုမိုများပြား လာပြီး ရာဇဝတ်မှုတွေ ပိုမိုထူပြောလာတဲ့အတွက် တရားဥပဒေစိုးမိုးရေးကို ဆောင်ရွက်တဲ့အဖွဲ့အစည်း များအားလုံးက ထိထိရောက်ရောက်ဆောင်ရွက်ဖို့ လိုအပ်နေပြီဆိုတာ ထင်ရှားနေပါတယ်။ သို့မှသာ ပြည်သူလူထုအနေဖြင့် နေထိုင်သွားလာရတဲ့ဘဝတွေ လုံခြုံစိတ်ချစေမှာ ဖြစ်ပါတယ်။ မကြာသေးမီက မှ ဖြစ်ပွားသွားတဲ့ တောင်ငူမြို့သစ်မှာဆိုရင်လည်း လူမြင်ကွင်းမှာ ဒေါသအလျောက်လူသတ်နေတာကို ဗွီဒီယိုဖိုင်ရိုက်ထားနိုင်ပြီး ပတ်ဝန်းကျင်မှ ဝင်ရောက်ဟန့်တားနိုင်ခြင်းမရှိသလို အခင်းဖြစ်ပွားနေချိန် တာဝန်ရှိသူတွေ အချိန်မီမလာရောက်နိုင်ခြင်းကလည်း ရင်နာစရာအဖြစ်ဆိုးတွေ ဖြစ်ပေါ်စေပြီး ပြည်သူလူထုအတွက် နေထိုင်သွားလာရေးလုံခြုံစိတ်ချမှုဆိုတာကြီးကို စိန်ခေါ်မှုတစ်ရပ်လို ဖြစ်လို့နေ ပါတယ်။ ထို့အပြင် ကျန်တဲ့အမှုပေါင်းစုံကလည်း တစ်နေ့တစ်မျိုးမရိုးရအောင်ဖြစ်ပေါ်နေပြီး မြို့ရွာ လုံခြုံရေးနှင့် ပတ်သက်လာလို့ရှိရင် အင်အားနည်းနေတဲ့ ရဲစခန်းတွေကို အင်အားမဖြည့်ပေးနိုင်မှု ကြောင့် ရဲတပ်ဖွဲ့ဝင်တွေ အင်အားနည်းပြီးတော့ ပြည်သူ့ဘဝလုံခြုံရေးကို များစွာထိခိုက်လာတာကို တွေ့ရခြင်းနဲ့အတူ မှုခင်းတစ်စုံတစ်ရာဖြစ်လို့ ရဲစခန်းကို အားကိုးတကြီးနဲ့ လူကိုယ်တိုင်သွားရောက် တိုင်တန်းခြင်း၊ အရေးပေါ်အခြေအနေမှာ ဖုန်းဆက်သတင်းပို့တိုင်ကြားခြင်းများကိုလည်း ရှိတဲ့အင်အား ဖြင့် အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ဖို့ရန်လည်း လိုအပ်နေဆဲဖြစ်ပါတယ်။ အလွယ်တကူဝယ်ယူ ရရှိလာတဲ့ မူးယစ်ဆေးဝါးသုံးစွဲမှုများကလည်း ရာဇဝတ်မှုကျူးလွန်မှုကို အားပေးနေသလို လူသတ် လက်နက်တွေ အလွယ်တကူကိုင်ဆောင်သုံးစွဲမှုတွေရှိနေပြီး မြို့ပြနှင့်ကျေးလက်များမှာပါ ရာဇဝတ်မှု ပေါင်းမြောက်မြားစွာကို ကျူးလွန်မှုများရှိနေတဲ့အတွက်ကြောင့် မတရားဥပဒေစိုးမိုးမှုကို ကာကွယ်ရန် နှင့် တရားဥပဒေစိုးမိုးပြီး ပြည်သူလူထု၏လူနေမှုဘဝလုံခြုံမှုရှိစေရန် ရာဇဝတ်မှုများဖြစ်ပေါ်နေမှုကို

ကာကွယ်တားဆီးနိုင်ရန် အတွက် ဦးစားပေးအဆင့်ဖြင့် ဆောင်ရွက်ပေးနိုင်ပါရန် နိုင်ငံတော်အစိုးသို့ တိုက်တွန်းကြောင်းအဆိုကို ထောက်ခံဆွေးနွေးလိုက်ရပါတယ်။ ကျေးဇူးတင်ပါတယ်ရှင်။

**ဥက္ကဋ္ဌ။** ။ ကြည့်မြင်တိုင်မဲဆန္ဒနယ်မှ ဦးဇော်ဝင်း ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးဇော်ဝင်း(ကြည့်မြင်တိုင်မဲဆန္ဒနယ်)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး နှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအဆင့်ဝန်ကြီးနှင့် ဒုတိယဝန်ကြီးများ၊ ညွှေ့သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံကြပါစေကြောင်း ရန်ကုန်တိုင်းဒေသကြီး ကြည့်မြင်တိုင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ကျွန်တော် ဦးဇော်ဝင်းက ဂါရဝပြု နှုတ်ခွန်းဆက်သအပ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ပဲခူးတိုင်းဒေသကြီး၊ ဝေါမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်ထွေးတင်သွင်းသွားတဲ့ မြို့ပြများတွင် တရားဥပဒေစိုးမိုးပြီး ပြည်သူ လူထုရဲ့ လူနေမှုဘဝ လုံခြုံမှုရှိစေရန် ရာဇဝတ်မှုများဖြစ်ပေါ်နေမှုကို ကာကွယ်တားဆီးနိုင်ရန်အတွက် ဦးစားပေးအဆင့်ဖြင့် ဆောင်ရွက်ပေးနိုင်ပါရန် နိုင်ငံတော်အစိုးရသို့ တိုက်တွန်းကြောင်းအဆိုအား ကျွန်တော်က လေးလေးနက်နက်ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုရှင်ဆွေးနွေးသွားသလိုပါပဲ။ နိုင်ငံရဲ့ဒီမိုကရေစီ အသွင်ကူးပြောင်းရေး ဖြစ်စဉ်ကြီးကို အစိုးရနှင့် ပြည်သူအတူလက်တွဲပူးပေါင်းပြီး လျှောက်လမ်းနေချိန်မှာ တရားဥပဒေစိုးမိုး ရေးနှင့် ပြည်သူတို့ရဲ့လူနေမှုဘဝလုံခြုံရေးကို ခလုတ်ကန်သင်းပမာ အဓိကဟန့်တားပိတ်ဆို့နေတာ ရာဇဝတ်မှုခင်းများပင် ဖြစ်ပါတယ်။ ကျွန်တော့်ဒေသဖြစ်တဲ့ ကြည့်မြင်တိုင်မြို့နယ်အပါအဝင် ရန်ကုန် တိုင်းဒေသကြီး စည်ပင်နယ်နိမိတ်အတွင်းမှာရှိကြတဲ့ မြို့နယ်တိုင်းမှာ ရာဇဝတ်မှုအကြီး၊ အသေးများ ဟာ နေ့စဉ်လိုလိုဖြစ်နေကြပါတယ်။ မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲ့ မှတ်တမ်းများအရ မြန်မာနိုင်ငံရဲ့ဒုတိယ မြို့တော်ဖြစ်တဲ့ ရန်ကုန်မြို့စည်းပင်နယ်နိမိတ်အတွင်းမှာ လစဉ်ထောင်ချီပြီး မှုခင်းများဖြစ်ပွားနေတာ တွေ့ရပါတယ်။ လက်ရှိအခြေအနေမှာ ရန်ကုန်မြို့ဟာ အလုပ်အကိုင်အခွင့်အလမ်း အပေးနိုင်ဆုံး မြို့ကြီးတစ်မြို့လည်းဖြစ်ပါတယ်။ ဒါကြောင့်လည်းပဲ အနယ်နယ်အရပ်ရပ်က ပြည်သူလူထုအများစုဟာ မြို့စွန်မြို့ဖျားမှာရှိတဲ့ မြို့နယ်များရဲ့ရပ်ကွက်များမှာ လာရောက်ခိုလှုံနေထိုင်ကြရတဲ့အတွက် မြို့မှာ လူနေကြပ်တည်းလာပြီး ရာဇဝတ်မှုများဟာလည်း ထူပြောလာတာတွေ့မြင်ကြရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုရှင်တင်ပြသွားသလိုပဲ ပြည်သူလူထုရဲ့ လူနေမှုဘဝလုံခြုံမှုရရှိရေးကို ယခင်ကာလများမှ ယနေ့ကာလအထိ ရဲတပ်ဖွဲ့ဝင်များက အနီးကပ်ဆောင်ရွက်ပေးကြရတာဖြစ်ပါတယ်။ သို့သော်လည်း ယခုလို လူနေမှုပြည့်ကျပ်ပြီး ရာဇဝတ်မှုများ အရှိန်အဟုန်တိုးတက်ဖြစ်ပေါ်နေမှုကို မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲ့အင်အားအခြေအနေအရ လုံခြုံမှုကိုပေးစွမ်းနိုင်စွမ်းမရှိတာကိုလည်း တွေ့မြင်ရပါတယ်။ ဒီလိုအခြေအနေမျိုးကိုသိတဲ့ ရာဇဝတ်မှုကျူးလွန်သူများဟာ တောမီးလောင်၊ တောကြောင်လက်ခမောင်းခတ်ဆိုသလို သူတို့အတွက် ရာဇဝတ်မှုကျူးလွန်ခြင်းကို အနှောင့်အယှက်အတားအဆီးမရှိ ကျူးလွန်လို့ရတဲ့အခြေအနေကို ရောက်နေပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ရဲစခန်းတိုင်းမှာ ရဲတပ်ဖွဲ့ဝင်အင်အားနည်းပြီး နေထိုင်တဲ့လူဦးရေနှင့် ရာဇဝတ်မှုအကာအကွယ်ပေးသည့်အင်အားက မမျှမတနည်းလွန်းခြင်းကြောင့် တောကြောင်တွေလက်ခမောင်းခတ်ပြီး ကြီးစိုးနေကြခြင်းဖြစ်ပါတယ်။ မြန်မာနိုင်ငံရဲ့တပ်ဖွဲ့ ဖွဲ့စည်းမှုကို ကြည့်လျှင်လည်း နိုင်ငံတော်တွင် ရဲတပ်ရင်း ၃၀ ကျော်၊ ၄၀ ခန့်ရှိပြီး တပ်ရင်းတစ်ရင်းလျှင် တပ်ဖွဲ့ဝင်အင်အား ၅၀၀ ကျော်၊ ၆၀၀ ခန့်ရှိကြောင်း လေ့လာသိရှိရပါတယ်။ တပ်ရင်းမှ ရဲတပ်ဖွဲ့ဝင်များဟာ နိုင်ငံတော်အတွင်းမှာရှိတဲ့ တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ ရုတ်တရက်အရေးကြုံလာသည့်နေရာများကိုသာ သွားရောက်၍ အကာအကွယ်ပေးနေရသဖြင့် တပ်ဖွဲ့ဝင်အင်အားအလျောက် လူပို၊ လူလို့များ အများအပြားရှိကြောင်း တွေ့ရှိရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုရှင်တင်ပြဆွေးနွေးသွားသလိုပဲ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များသည် ပြည်သူလူထုရဲ့ လူနေမှုဘဝလုံခြုံမှုရှိစေရေးကို ကြိုတင်ကာကွယ်မှုမပေးနိုင်ဘဲ ခိုက်ရန်ဖြစ်ပွားပြီးသေမှုအလောင်းကောက်၊ ဆေးရုံပို့သည့်အလုပ်နှင့် ပြေးတဲ့တရားခံကို ရှာဖွေဖမ်းဆီးရတဲ့အလုပ်များကိုသာ စခန်းမှာထိုင်ပြီး လုပ်နေကြရပါတယ်။ ရဲတပ်ဖွဲ့ရဲ့လုပ်ငန်းခွင်ကို အသေအချာကြည့်လျှင် ရဲစခန်းကိုလာတိုင်လျှင်အမှုဖွင့် တရားခံဖမ်းပြီး တရားရုံးပို့သည့်အလုပ်မှလွဲပြီး မြို့ရွာလုံခြုံရေးအတွက် တပ်ဖွဲ့ဝင်များကိုယ်တိုင်ကိုယ်ကျဆင်း၍ ကာကွယ်ပေးသည့်အလုပ်မျိုးကို ထိထိရောက်ရောက် မဆောင်ရွက်နိုင်ဘဲ ဟန်ပြ၊ ကိုယ်ရောင်ပြအဆင့်လောက်သာ ဆောင်ရွက်ပေးနေတာကို တွေ့မြင်ရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီအခြေအနေမျိုးဟာ တစ်နေရာ၊ နှစ်နေရာဖြစ်နေတဲ့အဖြစ်မျိုးမဟုတ်ဘဲ မြို့နယ်တိုင်းလိုလိုမှာ တွေ့ကြုံနေရတဲ့ဖြစ်ရပ်များ ဖြစ်ပါတယ်။ ဒါကြောင့်လည်း မြို့နယ်တိုင်းလိုလို ရာဇဝတ်မှုများ ထူပြောနေတာကို နေ့စဉ်သတင်းစာနှင့် ဂျာနယ်ပါသတင်းများအရ လူတိုင်းလိုလို သိရှိ

နေတဲ့ဖြစ်ရပ်များဖြစ်ပါတယ်။ ဖြစ်ပွားနေတဲ့ရာဇဝတ်မှုများကလည်း လူသတ်မှု၊ မုဒိမ်းမှု၊ လုယက်မှု၊ မူးယစ်ဆေးဝါးရောင်းဝယ်ဖောက်ကားမှုစတဲ့ ပြစ်မှုကြီးများအဖြစ်များနေတာကိုလည်း တွေ့ရပါတယ်။ ဖြစ်ပေါ်လာတဲ့အမှုများကို တရားရုံးတော်ကို တင်ပြတရားစွဲဆိုရာမှာလည်း တရားရုံးများရဲ့ ပြစ်မှုနှင့် ပြစ်ဒဏ်မျှတစွာစီရင်ချက်မချဘဲ လျော့ရဲမှုများကြောင့် ရာဇဝတ်မှုကျူးလွန်သူများဟာ တရားဥပဒေရဲ့ အကာအကွယ်ကို မလျော်သောနည်းနှင့် ရရှိနေကြတာကိုလည်း တွေ့ရှိရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ရာဇဝတ်မှုများဟာ မြို့ပြတွင်သာမက ကျေးလက်ဒေသများတွင်ပါ ယခုအခါ ဖြစ်ပွားနေတာကို တွေ့ရပါတယ်။ လုံခြုံရေးကင်းမဲ့တဲ့နေရာတွေမှာ ညအချိန် အိမ်ဖောက်ထွင်းခြင်း၊ ဆိုင်ကယ်ခိုးခြင်း၊ ကျွဲ၊ နွားများကို ခိုးယူသတ်စားခြင်းစတဲ့ ပြစ်မှုများ တိုးလို့တိုးလို့ ဖြစ်လာတာကို တွေ့ရပါတယ်။ ဒီဖြစ်ရပ်တွေကြောင့် ပြည်သူလူထုဟာ ပထမအဆင့်မှာ ရဲတပ်ဖွဲ့ကို အပြစ်ပြောပြီး တစ်စတစ်စနှင့် အစိုးရရဲ့မြို့ပြနှင့်ကျေးလက်လုံခြုံရေးကို ထိရောက်စွာ အကာအကွယ်ပေးမှုအားနည်းကြောင်း ပြောလာကြတာဖြစ်ပါတယ်။ ဒါကို နိုင်ငံတော်အစိုးရအနေနဲ့ စီမံချက်များချမှတ်ပြီး ထိထိရောက်ရောက်ကိုင်တွယ်ဆောင်ရွက်သွားမှသာလျှင် ပြည်သူလူထုရဲ့လူနေမှုဘဝ လုံခြုံငြိမ်းချမ်းမှုကို ရရှိမည်ဖြစ်ပါ၍ ဝေါမဲဆန္ဒနယ်မှ ဦးတင်ထွေးရဲ့အဆိုကို လေးလေးနက်နက်ထောက်ခံအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ သနပ်ပင်မဲဆန္ဒနယ်မှ ဦးမြင့်ဦး ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးမြင့်ဦး(သနပ်ပင်မဲဆန္ဒနယ်)**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အားလုံးမင်္ဂလာပါ ခင်ဗျား။ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီး သနပ်ပင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်ဦး ဖြစ်ပါတယ်။ ဝေါမဲဆန္ဒနယ်မှ ဦးတင်ထွေးတင်သွင်းတဲ့ မြို့ပြများမှာ တရားဥပဒေစိုးမိုးရေးအတွက် ဦးစားပေးအဆင့် ဆောင်ရွက်ရန်နှင့် စပ်လျဉ်းတဲ့အဆိုကို အကြံပြုထောက်ခံ ဆွေးနွေးသွားမှာပဲ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ နိုင်ငံရဲ့ ဒီမိုကရေစီပျိုးပင်ဟာ အလွန်နုနယ်သေးသလို မိုးဒဏ်၊ လေဒဏ်အပြင် အဖျက်ပိုးမွှားတွေရန်ကလည်း ကြီးမားနေဆဲဖြစ်ပါတယ်။ တရားဥပဒေစိုးမိုးမှုသာ ဒီမိုကရေစီအပင်ကြီး အမြစ်ခိုင်၊ အပင်သန်လာမှာပဲဖြစ်ပါတယ်။ တရားဥပဒေစိုးမိုးရေးဟာ ရဲတပ်ဖွဲ့ဝင်များ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ တရားရုံးများမှာသာ တာဝန်ရှိတာ မဟုတ်ပါဘူး။ မျက်မှောက်ခေတ်ကမ္ဘာမှာ မှုခင်းများကြိုတင်ကာကွယ်ရေးနဲ့ ကျဆင်းရေးဆောင်ရွက်

ရာမှာ ပြည်သူပူးပေါင်းပါဝင်မှုသာ အောင်မြင်ကြတာ တွေ့လာရပါတယ်။ ဒါကြောင့် တရားဥပဒေစိုးမိုးရေး ပြည်သူ့ဘဝလုံခြုံရေးအတွက် ရဲတပ်ဖွဲ့ဝင်များ၊ အုပ်ချုပ်ရေးတာဝန်ရှိသူများ၊ တရားရေးဌာနစတဲ့ အဖွဲ့အစည်းများဟာ တာဝန်ယူမှု၊ တာဝန်ခံမှုရှိကြပြီး ပြည်သူပါဝင်နိုင်တဲ့ မဟာဗျူဟာ၊ နည်းဗျူဟာချမှတ်ဆောင်ရွက်မှုသာ အောင်မြင်ကြမှာပဲ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုရှင်က မြို့ပြများ၊ တရားဥပဒေစိုးမိုးရေးဦးစားပေးဆောင်ရွက်ပေးရန်တိုက်တွန်းထားတာ ဖြစ်ပါတယ်။ မြို့ပြများတွင်သာမက ကျေးလက်ဒေသတွေကိုပါ ဦးစားပေးသတ်မှတ်ဆောင်ရွက်သင့်ပါကြောင်းကို ဖြည့်စွက်တင်ပြအပ်ပါတယ်။ ခေတ်ကာလရဲ့ ဆက်သွယ်ရေး နည်းပညာနှင့် ဆိုရှယ်မီဒီယာတွေကြောင့် ရာဇဝတ်မှုခင်းတွေဟာ တောနှင့်မြို့ စည်းမခြားထားတော့တာ တွေ့ရပြီးအထူးသဖြင့်တော့ မှုခင်းဖြစ်စဉ်တွေကို လေ့လာကြည့်တဲ့အခါမှာ ချမ်းသာတဲ့ရပ်ကွက်ထက် ဆင်းရဲတဲ့ရပ်ကွက်မှာ ပိုအဖြစ်များတာတွေ့ရပြီး မြို့ပြထက် ကျေးလက်ဒေသတွေမှာ အဖြစ်များလာတာ ပိုတွေ့လာရပါတယ်။ Power Point သုံးခွင့်ပြုပါ။

ဥက္ကဋ္ဌကြီးခင်ဗျား။ ပဲခူးတိုင်းဒေသကြီးမှာ မှုခင်းဖြစ်ပွားမှုများထဲက အမှုကြီးများဖြစ်တဲ့လူသတ်မှု၊ မုဒိမ်းမှု၊ ဓားပြမှုနှင့် ခိုးမှုတွေကို ၂၀၁၆ ခုနှစ်၊ ၂၀၁၇ ခုနှစ်၊ ၂၀၁၈ ခုနှစ်အလိုက် နှိုင်းယှဉ်လေ့လာကြည့်တဲ့အခါမှာ စိုးရိမ်ဖွယ်ဖြစ်အောင် တိုးပွားလာတာကို Power Point မှာဖော်ပြတဲ့အတိုင်းတွေ့နေရမှာပဲ ဖြစ်ပါတယ်။ ၂၀၁၆ ခုနှစ်မှာ လူသတ်မှုဟာ ၁၃၇ မှုရှိရာကနေ ၂၀၁၇ ခုနှစ်မှာ ၁၄၄ မှု၊ ၂၀၁၈ ခုနှစ်ကျတော့ ၁၅၉ မှုအထိဖြစ်လာပါတယ်။ ဓားပြမှုကတော့ ၂၀၁၆ ခုနှစ်မှာ တစ်မှုပဲရှိရာကနေ ၂၀၁၇ ခုနှစ်မှာ ၁၁ မှု၊ ၂၀၁၈ ခုနှစ်မှာ ၁၄ မှုအထိရှိလာပါတယ်။ မုဒိမ်းမှုကတော့ ၂၀၁၆ ခုနှစ်မှာ ၇၃ မှုကနေ ၂၀၁၇ ခုနှစ်မှာ ၁၂၉ မှု၊ ၂၀၁၈ ခုနှစ်ကျတော့ ၁၈၉ မှုအထိ ဖြစ်လာတာတွေ့ရပါတယ်။ ခိုးမှုကတော့ ၂၀၁၆ ခုနှစ်မှာ ၂၈၁ မှုမှ ၂၀၁၇ ခုနှစ်မှာ ၃၃၆ မှု၊ ၂၀၁၈ ခုနှစ်မှာ ၅၉၃ မှုအထိ ဖြစ်ပွားလာတာကိုစိုးရိမ်ဖွယ်တွေ့မြင်ရတာပဲဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာနိုင်ငံရဲတပ်ဖွဲ့အင်အားကို လေ့လာကြည့်တဲ့အခါ ရှိသင့်တာထက်များစွာလျော့နည်းနေတာကို တွေ့ရပါတယ်။ ပဲခူးတိုင်းဒေသကြီးမှာတော့ ခွင့်ပြုအင်အားဟာ ၇၂၅၂ယောက်ဖြစ်ပြီးတော့ လက်ရှိက ၅၅၇၀ ဦးပဲရှိကာ ၁၆၈၂ ဦး လိုအပ်နေကြောင်း လေ့လာတွေ့ရှိရပါတယ်။ ပဲခူးတိုင်းဒေသကြီးမှာ လုံခြုံမှုထိန်းသိမ်းရေးတပ်ဖွဲ့ခွဲကတော့ ၁၊ ၁၀၊ ၁၁ သုံးရင်းရှိပြီးတော့တပ်ဖွဲ့ခွဲတစ်ခုမှာ အင်အား ၄၀၀ ခန့်ရှိကြောင်း သိရပါတယ်။ ဒီအင်အားတွေကတော့ တိုင်းဒေသကြီးရဲတပ်ဖွဲ့ရဲ့အောက်မှာမရှိဘဲ ပြည်ထောင်စုဝန်ကြီးက တိုက်ရိုက်ကွပ်ကဲတာဖြစ်ပါတယ်။ ဒီလုံခြုံမှု

ထိန်းသိမ်းရေး ရဲတပ်ရင်းတွေကိုလည်း တိုင်းဒေသကြီးနှင့် ပြည်နယ် ရဲတပ်ဖွဲ့ကွပ်ကဲမှုအောက်မှာ ထည့်သွင်းပြီးတော့ ဆောင်ရွက်ဖို့စဉ်းစားသင့်ကြောင့် တင်ပြအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ရဲတပ်ဖွဲ့ဝင်တွေ ခွင့်ပြုအင်အား ဘာဖြစ်လို့မပြည့်ရတာလဲလို့ လေ့လာကြည့်တဲ့အခါမှာ လူငယ်၊ လူရွယ်တွေ ရဲတပ်ဖွဲ့ထဲမဝင်ချင်ကြတာကို အဓိကသွားတွေ့ရပါတယ်။ ဝင်ပြီးတဲ့တပ်ဖွဲ့ဝင်တွေကလည်း မပျော်ပိုက်ကြဘဲနဲ့ ပြန်ထွက်ဖို့ပဲ ကြိုးစားနေကြတာကို လေ့လာတွေ့ရှိရပါတယ်။ ရဲတပ်ဖွဲ့ဝင်တွေဟာ တာဝန်ကို ၂၄ နာရီယူကြရပြီး ထူးခြားတဲ့တာဝန်ထမ်းဆောင်ကြရတာဖြစ်သော်ငြားလည်း အခြားအရပ်ဖက်ဝန်ထမ်းများနှင့် ခံစားခွင့်တူနေကာ ပေးတဲ့စရိတ်တွေမလုံလောက်တာကိုလည်း တွေ့ရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကမ္ဘာ့နိုင်ငံအချို့က တပ်ဖွဲ့တွေကို လေ့လာကြည့်တဲ့အခါမှာ သူတို့နိုင်ငံတွေက လူငယ်၊ လူရွယ်တွေဟာ ရဲတပ်ဖွဲ့ထဲကို အလုအယက်ဝင်ချင်နေကြတာကို တွေ့ရပါတယ်။ ဒါကြောင့် ဘွဲ့ရတွေ၊ တော်တဲ့သူတွေ၊ စာရိတ္တကောင်းသူတွေမှ ရဲထဲဝင်ခွင့်ရကြပြီးတော့ ဝင်ပြီးသူတွေကလည်း မထွက်ချင်ကြဘူး။ ပြုတ်မှာကြောက်ကြတယ်။ နိုင်ငံတကာနှင့် ဒီအခြေအနေဟာ မြန်မာနိုင်ငံနှင့် နိုင်ငံတကာကို နှိုင်းယှဉ်လေ့လာပြီးတော့ ပြုပြင်ဖို့လို့ ကျွန်တော်တို့ စဉ်းစားသင့်ပါတယ်ခင်ဗျား။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဆက်လက်ပြီးတော့ အကြံပြုတင်ပြချင်တာကတော့ (၁)အချက်က မြို့ပြတင်မက ကျေးလက်များပါ တရားဥပဒေစိုးမိုးရေးကို ဦးစားပေးအဆင့် သတ်မှတ်ဆောင်ရွက်သင့်ပါတယ်။ (၂) အချက်က ရဲတပ်ဖွဲ့ဝင်များ အုပ်ချုပ်ရေးအဖွဲ့အဆင့်ဆင့်နှင့် တရားရေးအဖွဲ့များ ဟန်ချက်ညီစွာ ပူးပေါင်းဆောင်ရွက်သင့်ပြီးတော့ အထူးသဖြင့်တော့ ရပ်/ကျေးအုပ်ချုပ်ရေးမှူးများ၊ ဆယ်အိမ်စုမှူး၊ ရာအိမ်စုမှူးများဟာ ရဲတပ်ဖွဲ့ဝင်များနှင့် ပူးပေါင်းပြီးတော့ တရားဥပဒေစိုးမိုးရေးကို ဆောင်ရွက်သင့်ပါတယ်။ (၃) အချက်က လုံခြုံမှုထိန်းသိမ်းရေးတပ်ဖွဲ့ဝင်များကို တိုင်းဒေသကြီးနှင့် ပြည်နယ်ရဲတပ်ဖွဲ့ကွပ်ကဲမှုအောက်မှာ ထားသင့်ပါတယ်။ (၄) အချက်ကတော့ ရဲတပ်ဖွဲ့ဝင်များအတွက် ယာဉ်နှင့် အသုံးအဆောင်ပစ္စည်းများ၊ ရိက္ခာ၊ နေ့တွက်စရိတ်များကို ခေတ်ကာလနှုန်းထားအတိုင်း လုံလောက်စွာ ပေးသင့်ပါတယ်။ (၅) အချက်က မြို့ပြအချက်အချာကျတဲ့နေရာတွေမှာ CCTV ကင်မရာများ တပ်ဆင်၍ ထိန်းချုပ်စောင့်ကြည့်သင့်ပါတယ်။ (၆) အချက် နိဂုံးချုပ်အနေနဲ့ကတော့ ရဲတပ်ဖွဲ့ အနွယ်ဝင်များအား စွမ်းရည်မြှင့်တင်ရန် လိုအပ်ပါကြောင်း ဆွေးနွေးရင်း နိဂုံးချုပ်အပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ ပန်းတောင်းမဲဆန္ဒနယ်မှ ဒေါ်ခင်နှင်းသစ် ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**မူကြမ်း**

**ဒေါ်ခင်နှင်းသစ်(ပန်းတောင်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အားလုံးမင်္ဂလာပါရှင်။ ကျွန်မကတော့ ပန်းတောင်းမဲဆန္ဒနယ်မှ ဒေါ်ခင်နှင်းသစ် ဖြစ်ပါတယ်။ ၄-၃-၂၀၁၉ ရက်နေ့က ပြည်သူ့လွှတ်တော်မှာ ဝေါမဲဆန္ဒနယ်က ဦးတင်ထွေး တင်သွင်း ခဲ့တဲ့အဆိုကို ထောက်ခံဆွေးနွေးမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးရှင်။ Power Point ဖြင့် ဆက်လက်တင်ပြ ခွင့်ပြုပါရှင်။ ၁၇-၈-၂၀၁၆ ရက်နေ့က ပြည်သူ့လွှတ်တော်မှာ ကျွန်မတင်သွင်းခဲ့တဲ့အဆိုနှင့် နောက် နှစ်နှစ်ခွဲခန့်အကြာ ၄-၃-၂၀၁၉ ရက်နေ့က ဦးတင်ထွေး တင်သွင်းခဲ့တဲ့အဆိုကို ယှဉ်တွဲဖော်ပြထားခြင်း ဖြစ်ပါတယ်။ အဆိုနှစ်ခုလုံးကို ခြုံငုံသုံးသပ်ကြည့်မယ်ဆိုရင် မူခင်းကျဆင်းရေးနှင့် ရာဇဝတ်မှုများ ဖြစ်ပေါ်နေမှု ကာကွယ်ဖို့တိုက်တွန်းထားတာဖြစ်တဲ့အတွက်ကြောင့် ဦးတည်ချက်ချင်းတူတယ်လို့ ဆိုနိုင်ပါတယ်။ ဒါပေမဲ့ ယနေ့အချိန်တွင်တော့ ဦးတင်ထွေးအဆိုမှာ အလွန်လိုအပ်လျက်ရှိပါတယ်။ ကျွန်မအဆိုတင်သွင်းစဉ်အချိန်က ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်စိုးရဲ့ ရှင်းလင်းချက်များဖြစ်ပါတယ်။ ထိုရှင်းလင်းချက်မှ အချို့ကတင်ပြရရင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဟာ လက်ရှိနိုင်ငံတော်အစိုးရရဲ့မူဝါဒများ၊ ပြည်ထဲရေးဝန်ကြီးဌာနက ချမှတ်တဲ့မူဝါဒများနဲ့အညီ အကောင် အထည်ဖော်လျက်ရှိကြောင်း၊ မူခင်းကျဆင်းရေးနှင့် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကိုလည်း ပိုမိုတိုးမြှင့်ဆောင်ရွက်လျက်ရှိကြောင်း၊ ရေလှည့်ကင်းများ၊ စက်ဘီးလှည့်ကင်း၊ ခြေလျင်လှည့်ကင်းများ ဆောင်ရွက်နိုင်ဖို့ ဖြည့်တင်းလျက်ရှိကြောင်း၊ နိုင်ငံတကာအယူအဆများကို အခြေခံပြီး အပိုင်းနှစ်ပိုင်း ခွဲ၍စီမံဆောင်ရွက်လျက်ရှိကြောင်း၊ လိုအပ်သည့်ရဲတပ်ဖွဲ့အင်အားများ တိုးမြှင့်ဖွဲ့စည်းခြင်း၊ တပ်ဖွဲ့ဝင် များရဲ့စွမ်းရည်နဲ့ အကျင့်စာရိတ္တမြင့်မားရေး၊ အလေးထားဆောင်ရွက်လျက်ရှိတဲ့အပြင် ကဏ္ဍပေါင်းစုံ ပူးပေါင်း၍ မူခင်းကျဆင်းရေးကို အလေးအနက်ထားဆောင်ရွက်လျက်ရှိတဲ့အတွက် အဆိုအား မှတ်တမ်းတင်သင့်ကြောင်း ရှင်းလင်းခဲ့ပါတယ်။

အဆိုပါရှင်းလင်းချက်များအပေါ် ကျွန်မမှ ကျေနပ်အားရခဲ့ပြီး အဆိုမှတ်တမ်းတင်ခြင်းအား လက်ခံကြောင်း ပြန်လည်တင်ပြခဲ့ပါတယ်။ ၂၀၁၃ ခုနှစ်မှ ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလအထိ အမှု ဖြစ်ပွားမှုများကိုတင်ပြထားခြင်းဖြစ်ပါတယ်။ အမှုကြီးဖြစ်ပွားမှုနှင့် အခြားအမှုဖြစ်ပွားမှုများမှာ ကျွန်မ အဆိုတင်ပြီးနောက်ပိုင်းမှာလည်း လျော့ကျခြင်းမရှိတဲ့အပြင် ပိုမိုတိုးလာတာကို တွေ့မြင်နိုင်ပါတယ်။ မုဒိမ်းမှုဆိုရင် ၂၀၁၃ ခုနှစ်ဖြစ်ပွားမှုထက် နှစ်ဆနီးပါးပိုဖြစ်လာတာကို တွေ့ရှိရတဲ့အပြင် လူမဆန်စွာ ကျူးလွန်တဲ့ သက်ငယ်မုဒိမ်းမှု၊ လူသတ်မုဒိမ်းမှုတွေကြောင့် လွှတ်တော်မှာ အဆိုတွေ၊ မေးခွန်းတွေနဲ့ ထိန်းညှိရတဲ့အပြင် ဥပဒေပြင်ရတဲ့အထိ ဖြစ်နေပါတယ်။ မူခင်းဂျာနယ်တွေ၊ လူမှုကွန်ရက်တွေထဲမှာ

ပါဝင်သလို ယနေ့မြန်မာနိုင်ငံလူ့အဖွဲ့အစည်းနှင့် ရာဇဝတ်မှုဖြစ်ပွားနေသည့် မြေပြင်အခြေအနေတို့ကို ဆက်လက်တင်ပြလိုပါတယ်။ အဆိုမှတ်တမ်းတင်ပြီးနောက်ပိုင်း မင်္ဂလာဒုံမြို့နယ်မှ တရားခံမဖော်နိုင်တဲ့ မိသားစုလိုက်အသတ်ခံရမှု၊ အိမ်အတွင်း၊ တိုက်အတွင်းမှာနေပြီး လုယက်အသတ်ခံရမှုများ၊ လူမြင်ကွင်းမှာ တုတ်၊ ဓားကိုင်ပြီးအုပ်စုဖွဲ့ကျူးလွန်တဲ့ ရာဇဝတ်မှုကြီးများ၊ ယခုနှစ်ဖေဖော်ဝါရီလ ၂၁ ရက်နေ့ တောင်ငူမြို့နယ်၊ ကေတုမတီမြို့သစ်အတွင်း လူမြင်ကွင်းမှာ ဇနီးမောင်နှံနှစ်ဦးကို ကြွေသီးဖြင့် မသေမချင်းရိုက်သတ်မှုအပြင် မင်္ဂလာဒုံနိုင်ငံတကာလေဆိပ် လူအများကြားမှာ လက်နက်ကိုင်ပြီး သေနတ်ဖြင့်ပစ်သတ်ခဲ့မှုစတဲ့ အမှုကြီးပေါင်းများစွာဟာ လွန်ခဲ့သော ၁၀ နှစ်များထက် ပိုမိုပြင်းထန်စွာ ဖြစ်ပွားခဲ့တဲ့အပြင် တစ်စထက်တစ်စ လူမြင်ကွင်းမှာတောင် လက်ရဲဇက်ရဲကျူးလွန်လာတယ်လို့ သုံးသပ်နိုင်ပါတယ်။ ဒါကြောင့် တိုင်းပြည်ရဲ့အသွင်ကူးပြောင်းရေးကာလမှာ လူထုရဲ့အထွေထွေအကြပ်အတည်းကြုံနေရချိန်မို့ ယင်းသို့ရက်စက်သည့် ရာဇဝတ်မှုကြီးများက လူ့အဖွဲ့အစည်းကို စိတ်ပိုင်းဆိုင်ရာမလုံခြုံစေမှုကို ဖြစ်စေသည့်အပြင် စိုးရိမ်မှုများကိုလည်း မြင့်တက်စေပါတယ်။ ဒီလို တရားဥပဒေစိုးမိုးမှုအားနည်းစေတဲ့ ရာဇဝတ်မှုများကြောင့် နိုင်ငံတကာနှင့်ပူးပေါင်းဆောင်ရွက်ရမယ့် ကိစ္စများကို ထိခိုက်စေသည့်အပြင် နိုင်ငံ့ဂုဏ်သိက္ခာကိုလည်း များစွာကျဆင်းစေပါတယ်။ ဒါ့အပြင် တိုင်းပြည်အတွက် ဝင်ငွေရစေနိုင်မယ့်ရင်းနှီးမြှုပ်နှံမှုများ၊ ခရီးသွားလုပ်ငန်းများကို ထိခိုက်စေတာကြောင့်စီးပွားရေးအကြပ်အတည်းများကြုံရပြီး အဆိုးသံသရာလည်စေပြန်ပါတယ်။

၂၀၁၉ ခုနှစ် World Justice Project ရဲ့ ညွှန်းကိန်းအရ မြန်မာနိုင်ငံဟာ တရားဥပဒေစိုးမိုးမှုမှာ Global Rank (၁၁၀) အထိ ကျဆင်းနေကြောင်းနဲ့ မြန်မာနိုင်ငံရဲ့နောက်မှာ နိုင်ငံပေါင်း ၃၂ နိုင်ငံသာကျန်ရှိတော့ကြောင်း တွေ့ရှိနိုင်ပါတယ်။ မြန်မာနိုင်ငံမှာ ရာဇဝတ်မှုတွေ ဘာ့ကြောင့် ယခုလောက်ဖြစ်နေရသလဲဟု လေ့လာတဲ့အခါ မိမိနဲ့ပတ်သက်တဲ့ ပတ်ဝန်းကျင်မကောင်းမွန်ခြင်း၊ စားဝတ်နေရေးကြပ်တည်းခြင်း၊ ပင်ပန်းကြီးစွာရုန်းကန်ရသောမိသားစုဘဝတွင် ကြီးပြင်းလာရခြင်း၊ ပညာဉာဏ်ရည်နည်းပါးခြင်း၊ အရက်နှင့်မူးယစ်ဆေးဝါးအလွယ်တကူရရှိသုံးစွဲနိုင်ခြင်း၊ စိတ်ချယုံကြည်ရတဲ့တရားစီရင်ရေးဖြစ်ရန် လိုအပ်ခြင်းကြောင့် တရားဥပဒေပြင်ပမှ ဖြေရှင်းနေကြခြင်း၊ ပြစ်ဒဏ်ကျခံပြီးသူများကိုလည်း ပြုပြင်ပေးနိုင်မှုအားနည်းခြင်း၊ လောကပါလတရားများလျော့ပါးလာခြင်းတို့ကြောင့် ဖြစ်ပါတယ်။ ဒီလိုဖြစ်နေတဲ့ရာဇဝတ်မှုတွေအတွက် မည်သို့လျော့နည်းအောင် ဆောင်ရွက်သင့်ပါသလဲဟု ထပ်မံအကြံပြုရလျှင် ပညာပေးခြင်း၊ ကြိုတင်ကာကွယ်ခြင်း၊ အရေးယူဆောင်ရွက်ခြင်း၊ သုတေသနပြုခြင်းနှင့် ပြန်လည်ဆန်းစစ်ခြင်းတို့ရဲ့ ခေါင်းစဉ်များအောက်မှာ ဆောင်ရွက်သင့်ပါတယ်။

**မှုကြမ်း**

ဥက္ကဋ္ဌကြီးရှင်။ မြန်မာနိုင်ငံတွင် ယနေ့အချိန်ထိအမှုဖြစ်ပွားနှုန်းကမြင့်တက်နေခြင်းကြောင့် ဆောင်ရွက်နေပါတယ်။ ကြိုးစားဆောင်ရွက်နေပါတယ်လို့ ဆိုနေပေမယ့် လိုအပ်ချက်တွေရှိနေကြောင်း သက်သေပြနေပါတယ်။ ဒါကြောင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့အနေနဲ့ ဆောင်ရွက်မှုများရော ရာဇဝတ်မှုဖြစ်ပွားနေခြင်းများကိုပါ ဆန်းစစ်ခြင်း၊ သုတေသနပြုခြင်း၊ လိုအပ်သည်များကို ပြင်ဆင်ဖြည့်ဆည်းခြင်းတို့ဖြင့် ကောင်းမွန်တဲ့ရလဒ်ထိဖြစ်အောင် ဆောင်ရွက်ရမှာဖြစ်ပါတယ်။ ဒါကြောင့် ဦးတင်ထွေးတင်သွင်းတဲ့အဆိုကို ထောက်ခံအကြံပြုအပ်ပါတယ်ရှင်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လောင်းလုံးမဲဆန္ဒနယ်မှ ဒေါ်ခင်စန္ဒီ ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဒေါ်ခင်စန္ဒီ(လောင်းလုံးမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ မင်္ဂလာပါရှင်။ ကျွန်မကတော့ တနင်္သာရီတိုင်းဒေသကြီး၊ လောင်းလုံးမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်စန္ဒီ ဖြစ်ပါတယ်။ ဝေါမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်ထွေးတင်သွင်းတဲ့အဆိုကို ထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးရှင့်။ ကျွန်မတို့နိုင်ငံရဲ့ပြည်သူများ နေ့စဉ်လှုပ်ရှားနေထိုင်ရတဲ့ဘဝမှာစိတ်ချလုံခြုံစွာနေထိုင်နိုင်ရေးဟာ အရေးကြီးတဲ့အချက်တစ်ချက်ဖြစ်ပါတယ်။ ယခုအချိန်မှာဆိုရင်အဆိုရှင်တင်ပြခဲ့သလို ကျေးလက်ဒေသမှ မြို့ပြအထိ ရာဇဝတ်မှုတွေများပြားလာတာကိုလည်းတွေ့မြင်နေရပါတယ်။ ဒါကိုကြည့်မယ်ဆိုရင် ပြည်သူတွေရဲ့ဘဝလုံခြုံမှုရှိဖို့အတွက် အကာအကွယ်ပေးဖို့ အထူးလိုအပ်လာပါပြီ။ ဒါ့အပြင် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးဟာ တရားဥပဒေစိုးမိုးရေးနဲ့ဆက်စပ်နေပါတယ်။ ကျွန်မတို့နိုင်ငံအတွင်းမှာ တရားဥပဒေစိုးမိုးမှုရှိမှ ပြည်တွင်း၊ ပြည်ပလုပ်ငန်းရှင်များလည်း စိတ်ချလက်ချရင်းနှီးမြှုပ်နှံလာမှာဖြစ်ပါတယ်။ ဒီလိုရင်းနှီးမြှုပ်နှံမှုတွေရှိလာရင် ပြည်သူများရဲ့ အလုပ်အကိုင်အခွင့်အလမ်းများရရှိလာပြီး တစ်နိုင်ငံလုံးအတိုင်းအတာနဲ့လည်း မြန်ဆန်စွာဖွံ့ဖြိုးတိုးတက်လာမှာဖြစ်လို့ ဒီအဆိုကို ဆွေးနွေးရခြင်းဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးရှင့်။ တစ်နေ့တခြားဖြစ်ပေါ်နေတဲ့ ရာဇဝတ်မှုများကြောင့် မြို့ပြများမှာရှိတဲ့ ပြည်သူများသာမက ကျေးလက်ဒေသများ၊ တိုင်းရင်းသားဒေသများမှာရှိတဲ့ ပြည်သူများရဲ့ လုံခြုံမှုရှိရေးကိုစီမံချက်ချမှတ်ဆောင်ရွက်ဖို့ လိုအပ်နေပြီဖြစ်ပါတယ်။ ကျွန်မတို့နိုင်ငံရဲ့ လုံခြုံရေးအခြေအနေတွေကိုလည်း အိမ်နီးချင်းနိုင်ငံများက စိတ်ဝင်တစားစောင့်ကြည့်နေတာကိုလည်း တွေ့မြင်ရမှာဖြစ်ပါတယ်။ သာဓကအနေနဲ့တင်ပြမယ်ဆိုရင် ရခိုင်ဒေသပဋိပက္ခတွေကို ကြည့်မယ်ဆိုရင် သိသာထင်ရှားလှပါတယ်။ လုံခြုံရေးဆိုတဲ့နေရာမှာ အပိုင်းနှစ်ပိုင်းပါဝင်နေတာကို တွေ့ရပါတယ်။ နိုင်ငံတော်

လုံခြုံရေးနဲ့ နိုင်ငံသားတစ်ဦးချင်းရဲ့ လူနေမှုဘဝလုံခြုံရေးပဲဖြစ်ပါတယ်။ နိုင်ငံတော်လုံခြုံရေးကို တပ်မတော်က အဓိကတာဝန်ယူပြီး နိုင်ငံသားတစ်ဦးချင်းရဲ့ လူနေမှုဘဝလုံခြုံရေးကိုတော့ ပြည်သူ့ ရဲတပ်ဖွဲ့နှင့်အတူ အုပ်ချုပ်ရေးဌာနရဲ့ အဆင့်ဆင့်သောတာဝန်ရှိသူများ၊ တရားရုံးအဆင့်ဆင့်များ၊ တာဝန်သိပြည်သူများမှ ပူးပေါင်းဆောင်ရွက်ကြရတာဟာ အားလုံးအသိပဲဖြစ်ပါတယ်။ ဒါ့အပြင် ကျွန်မတို့ပြည်သူတွေဟာ အမှုအခင်းတွေဖြစ်ပေါ်လာတဲ့အခါမှာ တာဝန်အရှိဆုံးဖြစ်တဲ့ ပြည်သူ့ရဲတွေကိုအားကိုးကြပါတယ်။ ဒါကြောင့် ပြည်သူ့ရဲတပ်ဖွဲ့ဟာ ကောင်းမွန်တဲ့ဥပဒေများနှင့်အညီ ပြည်သူကို ကာကွယ်ပေးနိုင်ပြီး လွတ်လပ်တဲ့ရဲတပ်ဖွဲ့ဖြစ်ရမှာဖြစ်ပါတယ်။ ရဲတပ်ဖွဲ့ရဲ့ အန္တိမရည်မှန်းချက်ဟာ ပြည်သူ့လုံခြုံရေးကို တာဝန်ခံနိုင်တဲ့အဖွဲ့အစည်းဖြစ်ဖို့လိုပါတယ်။ နိုင်ငံတကာကျင့်ထုံးများ၊ စံနှုန်းတွေနဲ့လည်းကိုက်ညီရမှာဖြစ်တဲ့အပြင် လူ့အခွင့်အရေးကိုလေးစားလိုက်နာတဲ့ အဖွဲ့အစည်းတစ်ခု ဖြစ်ရပါမယ်။ ဒီအချက်တွေပြည့်စုံမှသာ ပြည်သူတွေရဲ့အခက်အခဲကို ကူညီပေးနိုင်ပြီး ပြည်သူက လေးစားယုံကြည်ရတဲ့ အဖွဲ့အစည်းဖြစ်မှာဖြစ်တဲ့အပြင် နှစ်ဦးနှစ်ဖက်အကျိုးရှိမှာဖြစ်ပါတယ်။ ပြည်သူများရဲ့လူနေမှုဘဝလုံခြုံမှုအတွက် ဆောင်ရွက်ကြတဲ့နေရာမှာ အကောင်အထည်ဖော်သူနဲ့ လက်ခံရရှိသူ နှစ်ဦးစလုံး ဥပဒေရဲ့အထက်မှာမရှိရဘဲ တရားဥပဒေစိုးမိုးရေးကို ဦးတည်ဆောင်ရွက်ရမှာ ဖြစ်ပါတယ်ရှင့်။

ဥက္ကဋ္ဌကြီးရှင်။ ကျွန်မတို့နိုင်ငံရဲ့ ရဲတပ်ဖွဲ့ကို ခေတ်မီပြီးပြည်သူအားကိုးမှုရှိတဲ့ အဖွဲ့အစည်း ဖြစ်အောင် ပြုပြင်ပြောင်းလဲနိုင်ဖို့အတွက် အင်ဒိုနီးရှားနိုင်ငံရဲ့ ပြုပြင်ပြောင်းလဲမှုများကို ဥပမာအနေနဲ့ တင်ပြချင်ပါတယ်။ အင်ဒိုနီးရှားနိုင်ငံမှာ ရဲတပ်ဖွဲ့ကို ပြုပြင်ပြောင်းလဲရေးအတွက် ၁၉၉၈-၁၉၉၉ ခုနှစ်မှာ စတင်ခဲ့တာကို တွေ့ရပါတယ်။ ၂၀၀၁ ခုနှစ်မှာ အခြေခံဥပဒေပြင်ဆင်ပြီးနောက် ၂၀၀၂ ခုနှစ် နောက်ပိုင်းမှာ Police Law ကိုပြင်ဆင်ခဲ့ပါတယ်။ ဒီဥပဒေများအရ ရဲတပ်ဖွဲ့ရဲ့ဘတ်ဂျက်သုံးစွဲမှုကို နိုင်ငံတော်ဘဏ္ဍာငွေမှ လွှတ်တော်ရဲ့အတည်ပြုချက်နဲ့ သုံးစွဲရတာဖြစ်ပါတယ်။ ပြင်ဆင်လိုက်တဲ့ အခြေခံဥပဒေမှာ ရဲတပ်သားတစ်ယောက်ကို တစ်လမှာ လစာငွေ အမေရိကန်ဒေါ်လာ ၁၅၀၀ လို့ သတ်မှတ်ပြဋ္ဌာန်းထားပါတယ်။ ဒါပေမဲ့ သူတို့နိုင်ငံရဲ့အခြေခံဥပဒေအရ ပညာရေးကဏ္ဍကို နိုင်ငံတော် သုံးငွေရဲ့ ၂၀ ရာခိုင်နှုန်းပြည့်အောင် ဖြည့်ဆည်းပေးရတဲ့အတွက် ကျန်တဲ့ကဏ္ဍတွေမှာ လျှော့ပြီး သုံးရတာကို လေ့လာသိရှိရပါတယ်။ ဒါ့ကြောင့် ယနေ့အချိန်မှာ ရဲတပ်သားတစ်ဦးကို ဒေါ်လာ ၇၀၀ မှ ၈၀၀ အထိပဲ ပေးနိုင်ပါတယ်။ ဒါ့အပြင် နေထိုင်စရာအိမ်ရာတွေကိုလည်း ဆောက်လုပ်ပေးခဲ့ပါတယ်။ ရဲတပ်သားတစ်ဦးအတွက် လိုအပ်တဲ့ဝတ်စုံ၊ လက်နက်၊ ဆက်သွယ်ရေးပစ္စည်းများ၊ နည်းပညာများ

ကိုလည်း ပြည့်စုံအောင်ထောက်ပံ့ဖြည့်ဆည်းပေးရပါတယ်။ ရဲတပ်ဖွဲ့ဝင်အင်အားကိုလည်း လုံလောက်အောင်ခန့်ထားပေးပါတယ်။ ဒါ့ကြောင့် ယခုအချိန်မှာ အင်ဒိုနီးရှားနိုင်ငံရဲ့ ရဲတပ်ဖွဲ့ဟာ လုံခြုံရေးကို အပြည့်အဝဆောင်ရွက်ပေးနိုင်ပြီး ပြည်သူရဲ့ယုံကြည်အားကိုးမှုကို ရရှိနေပြီဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ ကျွန်မတို့နိုင်ငံအနေနဲ့လည်း အဆိုရှင်တင်ပြထားသလို မြို့ပြတွေမှာဖြစ်ပေါ်နေတဲ့ရာဇဝတ်မှုတွေကို လျှော့ချဖို့အတွက် စနစ်တကျဆောင်ရွက်ရမှာဖြစ်ပါတယ်။ အဓိကပြုပြင်ပြောင်းလဲဖို့ဆိုရင် ပြည်သူလူထုရဲ့ဘဝလုံခြုံရေးကို အနီးကပ်ကာကွယ်ပေးရတဲ့အဖွဲ့အစည်းဖြစ်တဲ့ မြန်မာနိုင်ငံရဲတပ်ဖွဲ့ကို ဘက်ပေါင်းစုံမှပြုပြင်ပြောင်းလဲရမှာ ဖြစ်ပါတယ်။ ပထမဆုံးအနေနဲ့ တပ်ဖွဲ့ဝင်အင်အားကို တိုးမြှင့်ဖွဲ့စည်းဖို့လိုပါတယ်။ အရည်အသွေးမီတဲ့ ခေတ်မီလက်နက်ကိရိယာတွေ တပ်ဆင်ပေးခြင်း၊ ဘဝအာမခံချက်ရှိမယ့် လုံလောက်တဲ့လစာငွေထောက်ပံ့ပေးခြင်းတို့ဟာလည်း ဖြည့်ဆည်းပေးရမယ့်အချက်တွေဖြစ်ပါတယ်။ ရဲတပ်ဖွဲ့အတွက် လိုအပ်တဲ့ခေတ်မီနည်းပညာသင်ကြားပို့ချပေးနိုင်ဖို့အတွက် ပြည်တွင်းတွင်သာ ဆောင်ရွက်ရုံသာမကဘဲ အာဆီယံနိုင်ငံများအပါအဝင် နိုင်ငံတကာရဲတပ်ဖွဲ့များနှင့်လည်း ချိတ်ဆက်ဆောင်ရွက်ရမှာဖြစ်ပါတယ်။ ဒီအချက်တွေကို အကောင်အထည်ဖော်နိုင်ဖို့အတွက် ရဲတပ်ဖွဲ့ရဲ့ဘတ်ဂျက်ကို တိုးမြှင့်သုံးစွဲပေးဖို့ကိုလည်း အကြံပြုလိုပါတယ်။ ဒါ့ကြောင့် ကျွန်မတို့နိုင်ငံရဲ့ အခြေခံဥပဒေကို ပြင်ဆင်တဲ့နေရာမှာ ဒီအချက်တွေကို ထည့်သွင်းရေးဆွဲဖို့ လိုအပ်ပါကြောင်းအကြံပြုလိုပါတယ်ရှင်။ ဥက္ကဋ္ဌကြီးရှင်။ ပြည်သူများရဲ့ဘဝလုံခြုံမှုရှိပြီး ကျေးလက်ဒေသမှမြို့ပြအထိ ရာဇဝတ်မှုများဖြစ်ပွားလာမှုများကို တားဆီးကာကွယ်နိုင်ဖို့အတွက်ဆိုရင် မှုခင်းများနှင့်ပတ်သက်ပြီး ပြည်သူတွေကို အသိပညာပေးဟောပြောပွဲများ ပြုလုပ်ပေးဖို့လိုပါတယ်။ ကျွန်မရဲ့မဲဆန္ဒနယ်မှာဆိုရင် လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်ရဲတပ်ဖွဲ့နှင့် မြို့နယ်ဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့၊ မြို့နယ်ဥပဒေအရာရှိများပူးပေါင်းပြီး တရားဥပဒေစိုးမိုးရေးနှင့် မှုခင်းကျဆင်းရေးဆိုတဲ့ ခေါင်းစဉ်နဲ့ကျေးရွာအုပ်စုတွေမှာ အသိပညာပေးဟောပြောပွဲများပြုလုပ်ပေးနိုင်ခဲ့ပါတယ်။ ဒီလိုဆောင်ရွက်တဲ့နေရာမှာ ပြည်သူများရဲ့ ပူးပေါင်းပါဝင်မှုဟာလည်း အရေးကြီးပါတယ်။ ဒါ့အပြင် ကျောင်းတွေမှာလည်း ကလေးသူငယ်များနဲ့ဆိုင်တဲ့ ဥပဒေများ၊ မှုခင်းများကြိုတင်ကာကွယ်ရေးနှင့် မူးယစ်ဆေးဝါးအန္တရာယ်များစတဲ့ ဟောပြောပွဲတွေကို စဉ်ဆက်မပြတ်ပြုလုပ်ပေးဖို့ လိုအပ်ပါကြောင်း အကြံပြုလိုပါတယ်။ ဒါကြောင့် ဒီမိုကရေစီအသွင်ကူးပြောင်းရေးကာလဖြစ်တဲ့ ယခုအချိန်အခါမှာ အစိုးရနှင့်ပြည်သူများလက်တွဲပြီး တရားဥပဒေစိုးမိုးရေးဆိုတဲ့ ခေါင်းစဉ်အောက်မှာ ပြည်သူများဘဝအေးချမ်းလုံခြုံစွာနေထိုင်နိုင်ဖို့အတွက်

စီမံချက်ချမှတ်ဆောင်ရွက်ရန် အချိန်ကျရောက်နေပြီဖြစ်ပါကြောင်း အကြံပြုရင်း အဆိုကိုထောက်ခံဆွေးနွေးရင်း နိဂုံးချုပ်ပါတယ်ရှင်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဗဟန်းမဲဆန္ဒနယ်က ဦးထွန်းမြင့် ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးထွန်းမြင့်(ဗဟန်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်အားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ဗဟန်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းမြင့်ဖြစ်ပါတယ်။ ဝေါမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်ထွေးတင်သွင်းတဲ့ အဆိုကို ထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်။ အဆိုရှင်က မြို့ပြတွေမှာ တစ်နေ့တခြားတိုးပွားရောက်ရှိလာနေတဲ့ လူဦးရေထူထပ်သိပ်သည်းမှုနဲ့အတူ နေ့စဉ်တိုးတက်ဖြစ်ပွားနေတဲ့ ရာဇဝတ်မှုများကို ဦးစားပေးအဆင့်အနေနဲ့ ကြိုတင်ကာကွယ်တားဆီးပေးဖို့ စေတနာနဲ့ တိုက်တွန်းဆွေးနွေးတင်ပြသွားတာကိုတွေ့ရှိရပါတယ်။ ကျွန်တော်တို့တစ်တွေဟာ နိုင်ငံတော်ကြီးပြန်လည် တည်ဆောက်ရေးအတွက် အစိုးရ၊ လွှတ်တော်နဲ့ပြည်သူလက်တွဲပြီး လျှောက်လှမ်းနေတဲ့ အချိန်မှာ တရားဥပဒေစိုးမိုးပြီး နိုင်ငံသားများရဲ့ လူနေမှုဘဝကို လုံခြုံမှုရှိစေရန် အထူးလိုအပ်တဲ့ အချိန်လည်းဖြစ်ပါတယ်။ ဒီလိုအချိန်အခါမှာ ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးစတဲ့ မဏ္ဍိုင်ကြီး (၃) ရပ်မှာ တာဝန်ယူနေကြတဲ့ ပုဂ္ဂိုလ်များဟာ မိမိတာဝန်မိမိကျေပွန်အောင်ဆောင်ရွက်ရင်း ယန္တရားတစ်ခုနဲ့တစ်ခုဟာလည်း ဆက်နွယ်ထိန်းကျောင်းနေဖို့ လိုအပ်ပါတယ်။ အုပ်ချုပ်ရေးကဏ္ဍနဲ့ အဓိကသက်ဆိုင်တဲ့ မြို့ပြကျေးလက်ဒေသများတွင်နေထိုင်တဲ့ ပြည်သူလူထုရဲ့လူနေမှုဘဝ လုံခြုံစေရေးအတွက် မည်သို့မည်ပုံဆောင်ရွက်နေကြောင်း လေ့လာတဲ့အခါမှာ အဆိုရှင်တင်ပြသလို အနည်းနဲ့ အများကွာခြားတာကလွဲလို့ နေ့စဉ်ရာဇဝတ်မှုများ ဖြစ်ပွားနေတာကို တွေ့ရှိရပါတယ်။ အထူးသဖြင့် ရန်ကုန်တိုင်းဒေသကြီးတွင် ၂၀၁၇ ခုနှစ်တွင်း ရာဇဝတ်မှုပေါင်း ၅၃၀၀ ခန့် ဖြစ်ပွားခဲ့တာကို တွေ့ရှိရခြင်းအားဖြင့် နေ့စဉ်ရာဇဝတ်မှုခင်း ၁၅၀ ခန့် ဖြစ်ပွားနေတာကို တွေ့ရှိရမှာဖြစ်ပါတယ်။ ၂၀၁၇ ခုနှစ်တွင် မုဒိန်းမှုပိုမိုဖြစ်ပွားကြောင်း လုယက်မှုနှင့် လူသတ်မှုသကဲ့သို့ အမှုကြီးများ ပိုမိုများပြားလာကြောင်း ၂၀၁၈ ခုနှစ်ကို ၂၀၁၇ ခုနှစ်နှင့် နှိုင်းယှဉ်ကြည့်တဲ့အခါ ပြစ်မှုကြီးတွေက မနှစ်ကထက် ပိုဖြစ်ခဲ့ပါတယ်။ မုဒိန်းမှု ၁၈ ခုပိုခဲ့တယ်။ လူသတ်မှု ၂၀ အပြင် လုယက်မှုတွေကလည်း ၂ ဆ တိုးခဲ့ပါတယ်။ ရဲတပ်ဖွဲ့ သတင်းအချက်အလက်အရ ပြစ်မှုကြီးဟု သတ်မှတ်ထားသော မှုခင်းများအနက် မုဒိန်းမှု ၂၉၈ မှု၊ လူသတ်မှု ၁၇၆ မှု၊ လုယက်မှု ၄၇ မှု စုစုပေါင်း ၅၃၅ မှုရှိခဲ့ပါတယ်။

**မူကြမ်း**

ဥက္ကဋ္ဌကြီးခင်ဗျား။ ရာဇဝတ်မှုထူပြောခြင်းဟာ ပြည်သူလူထု၏ လူနေမှုဘဝ လုံခြုံရေးကို ခြိမ်းခြောက်နေတယ်လို့ သုံးသပ်နိုင်ပါတယ်။ ပြည်သူလူထုရဲ့ လူနေမှုဘဝ မလုံခြုံလာတာနှင့်အမျှ ပြည်သူလူထုအနေနဲ့ နိုင်ငံတော်အစိုးရအပေါ် ယုံကြည်အားကိုးမှု လျော့နည်းလာမှာဖြစ်ပါတယ်။ မှုခင်းဖြစ်စဉ်တွေကို ကြည့်မယ်ဆိုရင် လုယက်မှု၊ လူသတ်မှု၊ မုဒိန်းမှုစတဲ့ ပြစ်မှုကြီးတွေကို ကျူးလွန်တဲ့ တရားခံများဟာ များသောအားဖြင့် အသက် ၂၀ ကျော် လူငယ်လူရွယ်တွေကို တွေ့ရပါတယ်။ မုဒိန်းဆိုရင်လည်း လူမမည် ၅ နှစ် ၆ နှစ်အရွယ်မှ အသက် ၄၀၊ ၅၀ အခန့်ထိ ကျူးလွန်ခံနေရတာကို တွေ့ရပါတယ်။ လုယက်သူတွေကိုကြည့်ရင် ဆိုင်ကယ်ကို ရာဇဝတ်မှု ကျူးလွန်နိုင်ရေးအတွက် လက်နက်သဖွယ် အသုံးပြုပြီး ဆိုင်ကယ်လှည့်လည်စီးပြီး လူပြတ်သည့်နေရာတွင် ပိုက်ဆံအိတ်၊ ဆွဲကြိုး စသည်များကို ဆိုင်ကယ်မောင်းရင်း လုယက်သွားကြပါတယ်။ ဒီအဖြစ်အပျက်တွေကြောင့် သက်ဆိုင်ရာ ရဲတပ်ဖွဲ့ဝင်များကလည်း မှုခင်းကျဆင်းရေးအတွက် နည်းလမ်းအသွယ်သွယ်သုံးပြီး စီမံချက်တွေ၊ စစ်ဆင်ရေးတွေပြုလုပ်ပြီး ဆောင်ရွက်နေတယ်လို့ သတင်းထုတ်ပြန်နေတာကို တွေ့ရပါတယ်။ ဒါပေမဲ့ မှုခင်းတွေကတော့ ကျဆင်းခြင်းမရှိဘဲ တိုးတိုးပြီးဖြစ်လာတာကို တွေ့မြင်နေရတာဖြစ်ပါတယ်။ အခြေခံကျကျကြည့်ရင် တရားဥပဒေနဲ့ လုံခြုံရေးအစီအမံတွေဟာ ထိထိရောက်ရောက် မဆောင်ရွက်ပေးနိုင်လို့ပဲ ဖြစ်ပါတယ်။ ပြည်သူများအတွင်းဖြစ်ပေါ်နေတဲ့ ရာဇဝတ်မှုများကို အဓိက တာဝန်ယူကာကွယ် စောက်ရှောက်နေရသူမှာ ရဲတပ်ဖွဲ့နဲ့ အုပ်ချုပ်ရေးပိုင်းပဲဖြစ်ပါတယ်။ ရဲတပ်ဖွဲ့အနေနဲ့ ၎င်းတို့ရှိနေတဲ့အင်အားနဲ့ နယ်မြေလုံခြုံရေး ဆောင်ရွက်ရာတွင် ၎င်းနယ်မြေအတွင်း နေထိုင်သည့် လူအင်အားနှင့်ရဲအင်အားအချိုး မမျှမတဖြစ်ပေါ်နေပြီး ကြိုတင်ကာကွယ်မှု လုပ်ငန်းများကို အချိန်နဲ့တစ်ပြေးညီ ဆောင်ရွက်ပေးနိုင်မှု နည်းပါးခဲ့ပါတယ်။ စခန်းထိုင်ပြီး တိုင်သူရှိက တိုင်ချက်ရေးဖွင့်၊ သေသူရှိက အလောင်းကောက်ဆေးရုံပို့၊ တရားခံရုံးထုတ်၊ လုံခြုံရေးယူ ဤမျှနဲ့ပင် သံသရာလည်နေတာကိုတွေ့ရှိရပါတယ်။ ရပ်ရွာအေးချမ်းသာယာရေးနှင့် ရာဇဝတ်မှု ကင်းရှင်းရေးလုပ်ငန်းများကို စီမံချက်ချပြီးလုပ်ကိုင်ရမည့်လုပ်ငန်းများ လုပ်ဆောင်ရမည့် အုပ်ချုပ်ရေးအဖွဲ့များကလည်း သူတို့တာဝန်မဟုတ်သလို ရာဇဝတ်ဖြစ်ပေါ်နေမှုကို လစ်လျူရှုနေကြပါတယ်။ တရားရုံးများကလည်း လုယက်ဆိုးသွမ်း၊ လူသတ်၊ မုဒိန်းမှု ပြစ်မှုကျူးလွန်တဲ့ တရာခံတွေကို အပြစ်ပေးရာမှာလည်း ပြစ်မှုနဲ့ ပြစ်ဒဏ်မမျှဘဲ အာဘက်ပြေသလောက် ပြစ်ဒဏ်ချနေတဲ့အတွက် တရားရုံးများဟာ ပြစ်မှုထပ်မံ ကျူးလွန်ရန် တရားခံများဟာ ပြစ်မှုထပ်မံကျူးလွန်ရန် အကြောက်တရားကင်းမဲ့နေကြတာကို တွေ့ရမှာ ဖြစ်ပါတယ်။

**မူကြမ်း**

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့လျှောက်လှမ်းနေတဲ့ ဒီမိုကရေစီ အသွင်ကူးပြောင်းမှု ဖြစ်စဉ်ကြီး အမြန်အောင်ရေးဟာ တရားဥပဒေစိုးမိုးရေးရှိဖို့ အဓိကကျလာပါတယ်။ ဒါကြောင့်လည်း တရားဥပဒေ စိုးမိုးရေးကို ဒုတိယအကြိမ် လွှတ်တော်စတင်ကတည်းက ယနေ့အထိ ကိုယ်စားလှယ်တော်ကြီးများက ဘက်ပေါင်းစုံ ရှုထောင့်ပေါင်းစုံမှ အကြံပြု ဆွေးနွေးနေကြသော်လည်း ယနေ့အထိပြောင်းလဲမှု သိသိသာသာ မရှိတာကို တွေ့ရပါတယ်။ ဒါကြောင့်မြို့ပြများတွင် တရာဥပဒေစိုးမိုးပြီး ပြည်သူလူထု၏ လူနေမှုဘဝ လုံခြုံမှုရှိစေရန်၊ ရာဇဝတ်မှုများ ဖြစ်ပေါ်နေမှုကို ကာကွယ်တားဆီးနိုင်ရန်အတွက် ဦးစားပေးအဆင့်ဖြင့် ဆောင်ရွက်ပေးနိုင်ပါရန် နိုင်ငံတော်အစိုးရသို့ တိုက်တွန်းကြောင်း ဝေါမဲဆန္ဒနယ်မှ ဦးတင်ထွေး၏ အဆိုကို ထောက်ခံတင်ပြရင်း နိဂုံးချုပ် အပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မဲဆန္ဒနယ်က ဦးနေကျော် ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးနေကျော်[ဒဂုံမြို့သစ်(အရှေ့ပိုင်း)မဲဆန္ဒနယ်]**။ ။ လေးစားအပ်ပါသောပြည်သူ့ လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အားလုံးမင်္ဂလာပါ။ ကျွန်တော်ကတော့ ဒဂုံမြို့သစ် (အရှေ့ပိုင်း) မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးနေကျော်ဖြစ်ပါတယ်။ဝေါမဲဆန္ဒနယ်မှ ဦးတင်ထွေးရဲ့အဆိုကို အကြံပြုထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ ဒီအဆိုမှာ အပိုင်းနှစ်ပိုင်းတွေ့ရပါတယ်။ တစ်ပိုင်းက တရာဥပဒေစိုးမိုးပြီး ပြည်သူလူထုရဲ့ လူနေမှုဘဝ လုံခြုံမှုဆိုင်ရာအပိုင်းဖြစ်ပြီး နောက်တစ်ပိုင်းကတော့ ရာဇဝတ်မှုများ ဖြစ်တည်မလာခင် ကတည်းက ကာကွယ်တားဆီးနိုင်ဖို့ ကြိုတင်လုပ်ဆောင်ထားနိုင်ရေး အပိုင်းတို့ ဖြစ်ပါတယ်။ အဲဒီကိစ္စတွေအပေါ် နိုင်ငံတော်အစိုးရအား တိုက်တွန်းထားတဲ့အဆိုတစ်ရပ်လည်း ဖြစ်ပါတယ်။ ရာဇဝတ်မှုများကို ကာကွယ်တားဆီးနိုင်ဖို့ဆိုတာ ပြည်သူလူထုနဲ့ ဌာနဆိုင်ရာတို့ အတူတကွ ပူးပေါင်းဆောင်ရွက်လာနိုင်မှသာ အောင်မြင်နိုင်မှာဖြစ်ပါတယ်။ အားလုံးက တာဝန်သိစိတ်နဲ့ အကောင်းဆုံး လုပ်ဆောင်နိုင်ဖို့ဆိုတာလည်း နိုင်ငံတော်အစိုးရမှ အခွင့်အလမ်းကောင်းတွေကို အဓိကဖန်တီးပေး နိုင်မှသာ ပြည်သူတွေကလည်းအားတက်သရော ပါဝင်လာမှာဖြစ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ မြို့ပြများတွင် တည်ဆဲဥပဒေများကို ချိုးဖောက်လာတဲ့ ဒုစရိုက်မှုများ များပြားလာရခြင်းကတော့ ဖြစ်ပေါ်နေတဲ့ ရာဇဝတ်မှုများအပေါ် ဖမ်းဆီးအရေးယူနိုင်မှု ရာခိုင်နှုန်းနည်းပါးနေသည့်အတွက် ဒုစရိုက်သမားများအနေဖြင့် အတင့်ရဲစွာ နယ်မြေနှင့်လုပ်ငန်းများကို တိုးချဲ့လာကြပါတယ်။ ဒုစရိုက်မှုများနဲ့တိုက်ရိုက်အချိုးကျသော မူးယစ်ဆေးဝါးသုံးစွဲသူများပြားလာခြင်း တို့ကြောင့်လည်း ဖြစ်တယ်ဆိုတာကို တကယ့်ကို ငြင်းလို့မရနိုင်တဲ့အရှိတရားတွ ဖြစ်ပါတယ်။

ပြည်သူလူထုရဲ့ လူနေမှုဘဝ လုံခြုံမှုရှိစေဖို့အတွက် ရာဇဝတ်မှုများ ဖြစ်ပေါ်နေခြင်းကို တားဆီးနိုင်ရန် အဓိကပြင်ဆင်ဆောင်ရွက်ရမယ့်အပိုင်းတွေကတော့ ရာဇဝတ်မှု ကျူးလွန်ခံရသူများ၏ ပူပေါင်းပါဝင်ဆောင်ရွက်မှု အားနည်းနေခြင်းနဲ့ ပြည်သူ့ရဲဝန်ထမ်းများမှာ လိုအပ်ချက်များ များစွာရှိနေခြင်းတို့က အဓိကဖြစ်ပါတယ်။ အဲဒီအားနည်းချက် လိုအပ်ချက်တွေကို နိုင်ငံတော်မှ ဦးစားပေးဆောင်ရွက်နိုင်ဖို့အတွက် အဆိုရှင်က မီးမောင်းထိုးပြလိုက်ခြင်းဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ခိုးမှု လုယက်မှု ဖောက်ထွင်းမှု စတဲ့ ရာဇဝတ်မှုများ ဖြစ်ပေါ်လာတဲ့အခါ ပြစ်မှုကျူးလွန်ခံရသူတွေဟာ သက်ဆိုင်ရာရဲစခန်းကို အမှုဖွင့်တိုင်ကြားတဲ့ အရေအတွက်ထက် အမှုမဖွင့်မတိုင်ကြားဘဲပြီးခဲ့ရတဲ့ အရေအတွက်တွေက ပိုမိုများပြားနေခဲ့ရပါတယ်။ ဒါကဘာကို ပြသလဲဆိုတော့ ရာဇဝတ်မှုများဖြစ်ပေါ်လာပါက ပြည်သူလူထုက အုပ်ချုပ်ရေးနှင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူတွေအပေါ် အားကိုးမှု ယုံကြည်မှု လျော့နည်းလာတာကို ပြသရာရောက်ပါတယ်။ အဲဒီလို အားကိုးယုံကြည်မှုလျော့နည်းလာတဲ့အတွက် ပြစ်မှုကျူးလွန်ခံရတဲ့သူတွေဟာ ရဲစခန်းမှာ အမှုဖွင့် တိုင်ကြားမှု နည်းပါးသွားရခြင်းဖြစ်ပါတယ်။ ရာဇဝတ်မှုတစ်ခုကို အမှုဖွင့်မယ်ဆိုရင် တရားခံကိုလည်း ဖမ်းမိမှာမဟုတ်ပါဘူး။ ပစ္စည်းတွေလည်းပြန်ရမှာ မဟုတ်ပါဘူးဆိုပြီး ထပ်ပြီးတော့ ငွေကုန်၊ အချိန်ကုန်၊ လူပန်းဖြစ်မယ်ထင်ပြီး တိုင်ကြားခြင်းမရှိကြတော့ပါဘူး။ ၎င်းအပြင် သက်သေလိုက်မည့်သူများပင်လျှင် ဆန္ဒမရှိကြတော့တဲ့အတွက် အမှုမှန်ပေါ်ပေါက်ရေးမှာ များစွာအလှမ်းဝေးနေကြခြင်းဖြစ်ပါတယ်။ ဒီလိုတာဝန်မဲ့စွာ တပါးသူအရေးကိစ္စကို ကိုယ်နဲ့မဆိုင်ဘူးဆိုပြီး သက်သေမလိုက်ပေးခြင်း ကြိုတင်သတင်းပေးတိုင်ကြားခြင်းမျိုးကိုမပြုဘဲ မသိကျေးကျွန်ပြုနေလိုက်မယ်ဆိုရင် အလားတူရာဇဝတ်မှုတွေက ကိုယ့်ကမဖိတ်ဘဲနဲ့တစ်ချိန်မှာ ကိုယ့်ထံဆိုက်ဆိုက်မြိုက်မြိုက်ပြန်ရောက်လာနိုင်မယ်ဆိုတဲ့ အသိတရားမျိုးကိုရရှိဖို့အတွက် ပြည်သူတွေရဲ့ရင်ထဲကို ကိန်းအောင်းနေအောင်လို့ နိုင်ငံတော်က စနစ်တကျအသိပညာပေးခြင်းမျိုးကို စီစဉ်ဆောင်ရွက်ပေးသင့်ပါတယ်။ ဒုတိယအချက်ကတော့ ရာဇဝတ်မှုများကို ကာကွယ်တားဆီးပေးမယ့် ပြည်သူ့ရဲဝန်ထမ်းများဟာ အင်အားနည်းလွန်းတဲ့အတွက် မနိုင်ဝန်ထမ်းနေရခြင်းအပြင် တရာခံများကို ဖမ်းဆီးရာမှာလည်းကောင်း၊ တရားရုံးများကိုတင်ပို့ရာမှာလည်းကောင်း အကောင်းဆုံး လုပ်ဆောင်နိုင်ဖို့အတွက် ထောက်ပံ့ငွေကြေး၊ ယာဉ်စသည့် လိုအပ်ချက်များလည်း ရှိနေတာကိုလည်း တွေ့ရပါတယ်။ ပြီးတော့ မြို့နယ်တော်တော်များများမှ ရဲဝန်ထမ်းများနေထိုင်ဖို့အတွက် စခန်းတွေမှာ လိုင်းခန်းများ လုံလောက်စွာ ထားရှိမပေးနိုင်ခြင်းဟာလည်း ရဲဝန်ထမ်းအင်အားနည်းပါးနေရတဲ့ အဓိက

အကြောင်းအရင်းတစ်ရပ်ဆိုလည်း မမှားပါဘူး။ ဒါကြောင့် ကြောင့်ကြမှုကင်းစွာနဲ့ တာဝန်များကို ဖိဖိစီးစီးဖြင့် ဆောင်ရွက်လာတဲ့ ရဲဝန်ထမ်းကောင်းများ များစွာပေါ်ပေါက်လာရေးကိုလည်း နိုင်ငံတော်အစိုးရမှ ဦးစားပေးဆောင်ရွက်ပေးသင့်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ မြို့ပြများတွင် တရားဥပဒေစိုးမိုးပြီး ပြည်သူလူထု၏ လူနေမှုဘဝလုံခြုံမှုရှိစေရန်၊ ရာဇဝတ်မှုများ ဖြစ်ပေါ်နေမှုကို ကာကွယ်တားဆီးနိုင်ရန်အတွက် ရဲအင်အားထက် နည်းပညာများကိုလည်း ခေတ်နဲ့အညီ အဆင့်မြှင့်တင်ဆောင်ရွက်နိုင်ရန် ပံ့ပိုးပေးခြင်း၊ ပြည်သူလူထု၏ အသိပညာပေးမှုများ ပြည်သူလူထုအတွက် အသိပညာပေးမှုများ ဆောင်ရွက်ပေးခြင်း၊ ရဲဝန်ထမ်းများအတွက် လိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ပေးခြင်းတို့ကို နိုင်ငံတော်အစိုးရအနေဖြင့် ဦးစားပေးလုပ်ဆောင်သင့်နေပြီဖြစ်ကြောင်း အကြံပြုထောက်ခံဆွေးနွေးတင်ပြလိုက်ရပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ဒလမဲဆန္ဒနယ်မှ ဒေါက်တာစိန်မြအေး ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဒေါက်တာစိန်မြအေး(ဒလမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ကြွရောက်လာသူအားလုံး မင်္ဂလာပါခင်ဗျား။ ဒလမဲဆန္ဒနယ်က ကျွန်တော်ဒေါက်တာစိန်မြအေးအနေနဲ့ ဝေါမဲဆန္ဒနယ်မှ ဦးတင်ထွေး၏အဆိုကို အကြံပြုထောက်ခံဆွေးနွေးတင်ပြသွားမှာဖြစ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဦးတင်ထွေးရဲ့အဆိုအား ပြည်သူတွေမျှော်လင့်နေတာ ကြာပြီဖြစ်တဲ့အဆိုဖြစ်ပါတယ်။ မြို့ပြတရားဥပဒေစိုးမိုးရေးနှင့် ရာဇဝတ်မှုများတိုးတက်ဖြစ်ပွားနေခြင်းကို ဦးစားပေးဖြေရှင်းရေး၊ အစိုးရကိုတိုက်တွန်းဖို့လိုအပ်နေတာလည်း အမှန်ဖြစ်ပါတယ်။ ဒါ့အပြင် ပြည်သူများရဲ့ နေထိုင်သွားလာမှုဘဝ တစ်နေ့တခြားလုံခြုံစိတ်ချမှုမရှိခြင်းကြောင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ကိုအပြစ်တင်ပြောဆိုလာကြပြီး နိုင်ငံတော်အစိုးရကိုလည်း ပြည်သူများက ထပ်ဆင့်အပြစ်တင်လာခြင်းကြောင့် မှုခင်းကြိုတင်ကာကွယ်ရန် မသိကျေးကျွန်ပြုနေတဲ့ မည်သူကိုမဆို သတိပေးလိုက်တဲ့အဆိုလည်းဖြစ်ပါတယ်။

လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point ဖြင့် ဆက်လက်ဆွေးနွေးခွင့်ပြုပါရန် မေတ္တာရပ်ခံအပ်ပါတယ်။ ပြည်သူတွေရဲ့ သတိပေးခေါင်းလောင်းသံဟာ ဘယ်လောက်အသံမြည်သလဲ ဆိုတာသိဖို့ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရဲ့ ၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၄ ရက်နေ့က ထုတ်ဖော်ပြောကြားချက်ကို တင်ပြချင်ပါတယ်။ ၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့မှ ဒီဇင်ဘာလ ၃၁

ရက်နေ့အထိ ရာဇဝတ်မှုလက်ခံရရှိမှုအခြေအနေဟာ ပြည်ထောင်စုတရားလွှတ်တော်ချုပ်မှ ၂၀၀၁ မှု၊ တိုင်းဒေသကြီးနှင့်ပြည်နယ်တရားလွှတ်တော်မှာ ၇၃၁၈ မှု၊ မြို့နယ်တရားရုံးများမှာ ၃၁၅၀၂၃ မှုရှိကြောင်း သိရပါတယ်ခင်ဗျား။ မြန်မာနိုင်ငံတစ်ဝန်း မြို့နယ်တရားရုံးများသို့ တရားစွဲဆိုတင်ပြလာသော ရာဇဝတ်မှုတွေဟာ တစ်ရက်ကို ၈၆၃ မှုအထိရှိနေပြီး တစ်နာရီကို ၃၅ မှုဖြစ်နေပါတယ်။ နှစ်မိနစ်ပြည့်တိုင်း အမှုတစ်ခုတတ်လာတဲ့သဘောဖြစ်ပါတယ်။ ရန်ကုန်တိုင်းဒေသကြီးမှာလည်း လူသတ်မှု၊ ဓားပြမှု၊ မုဒိမ်းမှုစတဲ့ အမှုကြီး ၁၀ မျိုးမှာ ၂၀၁၆ ခုနှစ် ဧပြီလ ၁ ရက်နေ့မှ ၂၀၁၈ ခုနှစ် ဒီဇင်ဘာလ ၃ ရက်အထိ ၈၅၆ မှုဖြစ်ပွားခဲ့ပြီး တစ်ရက်ကိုနှစ်မှုကျော်ဖြစ်ပွားနေတာကို သိရပါတယ်။

လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ လူမှု၊ အဆောက်အအုံအတွင်း ရာဇဝတ်မှုများ များပြားလာခြင်း၊ မှုခင်းပုံစံဖြစ်ပွားနေခြင်းဟာ တရားဥပဒေစိုးမိုးရေးကို စိန်ခေါ်ရာရောက်ပါတယ်။ တရားဥပဒေစိုးမိုးမှုမရှိဘဲ ဒီမိုကရေစီနိုင်ငံကိုတည်ဆောက်ဖို့ဆိုတာ မဖြစ်နိုင်ပါဘူး။ ဒါကြောင့် ဒီစိန်ခေါ်မှုကို ကာကွယ်တားဆီးနိုင်ဖို့ မှုခင်းများမဖြစ်ပေါ်ခင် ကြိုတင်ကာကွယ်ခြင်း၊ ဖြစ်ပွားပြီးပါကလည်း ကျူးလွန်သူတရားခံများကို အမြန်ဆုံးဥပဒေနှင့်အညီ အရေးယူဆောင်ရွက်ခြင်းများဟာ အဓိကကျလှပါတယ်။ ရာဇဝတ်မှုများဖြစ်ပွားခြင်း အကြောင်းအရင်းများကို လေ့လာကြည့်ရင် စားဝတ်နေရေးခက်ခဲခြင်း၊ မူးယစ်ဆေးဝါးအရက်သေစာနှင့် လောင်းကစားများအထိန်းအကွပ်မဲ့ခြင်း၊ အသိပညာနှင့်တွေးတောဆင်ခြင်မှုနည်းပါးခြင်း၊ ဒေါသမထိန်းနိုင်ခြင်း၊ အဂတိလိုက်စားခြင်း၊ သတင်းစီးဆင်းမှုကို တစ်လွဲသုံးခြင်းများဖြစ်ပါတယ်။ ရာဇဝတ်မှုမဖြစ်ပွားရန် ကြိုတင်ကာကွယ်နေသော မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲ့တွေ့ကြုံနေရတဲ့မှုခင်းကာကွယ်တားဆီးရေး စိန်ခေါ်မှုနှစ်ရပ်ကတော့ ပြစ်ဒဏ်ကျပြီးပြန်ထွက်လာသူများက ရာဇဝတ်မှုများ ပြန်လည်ကျူးလွန်ခြင်းနှင့် စီးပွားရေး၊ လူမှုရေး၊ နိုင်ငံရေးစတဲ့ ပတ်ဝန်းကျင်ဆိုင်ရာ ပြဿနာများက တွန်းပို့လိုက်တဲ့ ရာဇဝတ်မှုကျူးလွန်ရန် တာစူနေသူများကို ရဲတပ်ဖွဲ့အနေနဲ့ကာကွယ်တားဆီးနိုင်ရေး စိန်ခေါ်မှုပဲ ဖြစ်ပါတယ်။ ဒီစိန်ခေါ်မှုတွေကို ကျော်လွှားနိုင်ဖို့ အားလုံးဝိုင်းဝန်းဆောင်ရွက်ကြရမှာဖြစ်ပါတယ်။ စာဝတ်နေရေးအတွက် ဝိသမလောဘသားတွေရဲ့ သားကောင်းဖြစ်သွားပြီးနောက် ဥပဒေချိုးဖောက်သူများဖြစ်လာခြင်းနှင့် ပြောင်းရွှေ့နေထိုင်သူများကြောင့် မြို့လူဦးရေတိုးပွားလာပြီး လူမှုရေးပြဿနာ၊ ကျူးကျော်ပြဿနာ၊ အုပ်စုဖွဲ့အနိုင်ကျင့်ပြဿနာများမှအစ မြို့ကြီးတွေမှာတရားဥပဒေစိုးမိုးရေးကို စိန်ခေါ်တဲ့ရာဇဝတ်မှုများ ကျူးလွန်ခဲ့ကြတာဖြစ်ပါတယ်။ အင်တာနက်နည်းပညာကျယ်ကျယ်ပြန့်ပြန့်အသုံးပြုခြင်း၊ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်လာခြင်း၊ လူ့အသုံးအဆောင်များခေတ်မီလာခြင်းတို့ဟာ တိုင်းပြည်ဖွံ့ဖြိုးရေးရဲ့ အမှန်လက္ခဏာများဖြစ်သလို ဖွံ့ဖြိုး

တိုးတက်မှုကိုအသုံးချပြီး ရာဇဝတ်မှုများကျူးလွန်ခြင်းကတော့ တလွဲဆံပင်ကောင်းတွေဖြစ်ပါတယ်။ ဒါကြောင့် ရာဇဝတ်မှုများ ကာကွယ်တားဆီးရေးကို နိုင်ငံတော်အစိုးရအနေနဲ့ အရှိန်အဟုန်မြင့် ဆောင်ရွက်ရန်လိုအပ်နေကြောင်း အဆိုရှင်နှင့်အတူ ထောက်ခံတင်ပြလိုပါတယ်။

လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ မှုခင်းများထပ်မံမဖြစ်ပွားရေးအတွက် တရားစွဲဆိုအရေးယူသောအဆင့်ကစ၍ ထိရောက်ဟန့်တားသောပြစ်ဒဏ်များကို တရားရုံးများက အဂတိကင်းစွာချမှတ်ပေးရန် အကြံပေးလိုပါတယ်။ ပြစ်ဒဏ်ပေးခြင်းဟာ အကျင့်စာရိတ္တပြုပြင်ရေးကို ဦးတည်ရမည်ဆိုသော်လည်း ပြစ်မှုနှင့်ထိုက်တန်သော ပြစ်ဒဏ်ပေးခြင်းကို ပြည်သူများက ထောက်ခံကြတယ်ဆိုတာ မကြာသေးမီက စီရင်ချက်ချခဲ့တဲ့ ပြစ်မှုကြီးတွေရဲ့ ပြစ်ဒဏ်တွေအပေါ် ပြည်သူတွေရဲ့ ဝေဖန်သံကို နားထောင်ရင် သိကြမှာဖြစ်ပါတယ်။ အဂတိတရားများကြောင့် တရားဥပဒေစိုးမိုးရေး ပျက်ယွင်းနိုင်တဲ့အတွက် ရာဇဝတ်မှုခင်းများ များလာတာဟာလည်း အဂတိတရားကြောင့် ကျူးလွန်သူများလက်ရဲဇက်ရဲဖြစ်လာခြင်းနှင့် ဆက်စပ်နေကြောင်း ပြောကြားလိုပါတယ်။ ဒါကြောင့် အဂတိလိုက်စားမှုတွေ အယုတ်၊ အလတ်၊ အမြတ်၊ ကြီး/ငယ်မရွေး ကော်မရှင်က စစ်ဆေးဖော်ထုတ်ကြေညာလိုက်တိုင်း ပြည်သူ့ သြဘာသံတွေ ဘဝင်ညံနေတာဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ မြို့ပြတရားဥပဒေစိုးမိုးရေးနှင့် ရာဇဝတ်မှုများ တိုးတက်ဖြစ်ပွားနေခြင်းကို နိုင်ငံတော်အစိုးရမှ ဦးစားပေးဖြေရှင်းနိုင်ရန်အတွက် တရားဥပဒေစိုးမိုးရေးနှင့် ရပ်ရွာအေးချမ်းသာယာရေးကို ထိခိုက်စေသောမှုခင်းများကို အချိန်နှင့်တစ်ပြေးညီ ထိရောက်စွာ အရေးယူဆောင်ရွက်ရန်၊ လူမှုမီဒီယာအပါအဝင် သတင်းမီဒီယာများကို သတင်းအမှားများမတင်ရန်အတွက်ထိရောက်စွာ ထိန်းကျောင်းရန်၊ ရာဇဝတ်မှုတားဆီးကာကွယ်ရေးတွင် CCTV ကဲ့သို့ ခေတ်မီနည်းစနစ်ကိရိယာများသုံးစွဲရန်၊ ရာဇဝတ်မှုပေးခြင်းနှင့် မှုခင်းကြိုတင်ကာကွယ်တားဆီးရေးလုပ်ငန်းများကို တတ်ကြွသောပြည်သူလူထုပူးပေါင်းပါဝင်တဲ့ရဲလုပ်ငန်း၊ Community Policingဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေးအတွက် ရဲတပ်ဖွဲ့ကဏ္ဍ၊ ဥပဒေကဏ္ဍ၊ တရားစီရင်ရေးကဏ္ဍများသာမက ကျန်းမာရေး၊ ပညာရေး၊ လူမှုရေးကဏ္ဍများအပါအဝင် ဝန်ကြီးဌာနပေါင်းစုံမှ အလေးထားပူးပေါင်းဆောင်ရွက်ရန်၊ အဂတိကင်းစင်သောတရားဥပဒေစိုးမိုးရေးပန်းတိုင်ကို အမှန်တကယ်တည်ဆောက်ရန်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ကို အင်အားတိုးချဲ့၍ ခေတ်မီရဲတပ်ဖွဲ့ဖြစ်စေရန် တည်ဆောက်ပေးရန် အကြံပေးတိုက်တွန်းရင်းနဲ့ ဝေါမဲဆန္ဒနယ်မှ ဦးတင်ထွေးရဲ့အဆိုကို လေးလေးနက်နက် ထောက်ခံဆွေးနွေးအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**မူကြမ်း**

**ဥက္ကဋ္ဌ။** ။ ဘားအံမဲဆန္ဒနယ်မှ ဒေါ်နန်းသန်းသန်းလွင်က ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဒေါ်နန်းသန်းသန်းလွင်(ဘားအံဆန္ဒနယ်)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အားလုံးမင်္ဂလာပါရှင်။ အဆိုရှင် ဦးတင်ထွေး၊ ဝေါမဲဆန္ဒနယ်က တင်သွင်းသွားသော မြို့ပြများတွင် တရားဥပဒေစိုးမိုးပြီး ပြည်သူလူထု၏ လူနေမှုဘဝလုံခြုံမှုရှိစေရန် ရာဇဝတ်မှုများ ဖြစ်ပေါ်နေမှုကို ကာကွယ်တားဆီးနိုင်ရန်အတွက် ဦးစားပေးအဆင့်ဖြင့် ဆောင်ရွက်ပေးနိုင်ပါရန် နိုင်ငံတော်အစိုးရအား တိုက်တွန်းကြောင်းအဆိုကို ကျွန်မ ဘားအံမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဒေါ်နန်းသန်းသန်းလွင်က ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်ရှင်။ အဆိုရှင်က မြို့ပြတွေမှာ တရားဥပဒေစိုးမိုးပြီး ပြည်သူလူထုရဲ့ လူနေမှုဘဝလုံခြုံမှုရှိစေဖို့ဖြစ်ပေါ်နေတဲ့ ရာဇဝတ်မှုတွေကို ကာကွယ်တားဆီးပေးရန် တိုက်တွန်းထားတဲ့အဆိုဖြစ်ပြီး ရာဇဝတ်မှုဆိုတာဘာလဲ။ ရာဇဝတ်မှုဖြစ်ခဲ့ရင် ဘယ်သူတွေက တာဝန်ယူဖြေရှင်းပေးရမှာလဲဆိုတဲ့ မေးခွန်းများဆက်လက် ဖြစ်ပေါ်စေပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ Power Point ဖြင့် ဆက်လက်တင်ပြခွင့်ပြုပါရှင်။ ပြဿနာများကို ဖြေရှင်းဖို့ လက်ရှိမြန်မာ့လူ့အဖွဲ့အစည်းမှာ ဆက်သွယ်ကြတဲ့ပုဂ္ဂိုလ်များဟာဖြစ်ကြောင်း စစ်တမ်းကောက်ယူ ထားမှုတွေကို ဖော်ပြထားတာပဲ ဖြစ်ပါတယ်။ လူ့အဖွဲ့အစည်းကို ကာကွယ်ရန်နှင့် အပြစ်ရှိသူတွေကို ဖမ်းဆီးရန်ဟာ ပြည်သူ့ရဲများရဲ့ တာဝန်ဖြစ်သော်လည်း မိသားစုဝင်တစ်ဦး ပြစ်မှုကျူးလွန်ခံရတဲ့အခါ သို့မဟုတ် အိမ်နီးချင်းနှင့် အငြင်းပွားရန်ဖြစ်တဲ့အခါမှာ ပြဿနာများကို ဖြေရှင်းရန်ဆက်သွယ်ရမည့် ပုဂ္ဂိုလ်များကို ဖော်ပြပါစစ်တမ်းအတိုင်း ရပ်ကွက်အုပ်ချုပ်ရေးမှူး၊ မိမိရဲ့နေထိုင်ရာလမ်းထဲမှ ဆယ်အိမ်မှူး လူကြီးများ၊ မိသားစုနှင့်သူငယ်ချင်းများ၊ ရဲအရာရှိများနှင့် အခြားရပ်မိရပ်ဖများစသည်ဖြင့် အဆင့် အလိုက်ဘုံသဘောတူညီချက်အဖြစ် သတ်မှတ်ကြပါကြောင်း Asia Foundation ရဲ့ သုတေသန စစ်တမ်းအရ သိရှိရပါတယ်။ အဆိုပါဆန်းစစ်ချက်အရ ပြည်သူတွေအနေနဲ့ အမှန်တကယ်တာဝန်ရှိတဲ့ ပြည်သူ့ရဲတွေအပေါ် ယုံကြည်အားကိုးမှုအားနည်းနေပြီလို့ ထောက်ပြလိုပါတယ်။

ဒါကတော့ မြို့ကြီးများမှာ နေထိုင်သူများရဲ့ လုံခြုံမှုရှိ/မရှိ ခံစားနေရမှုများကို စစ်တမ်း ကောက်ယူထားချက်များပဲ ဖြစ်ပါတယ်။ မြို့ကြီးများမှာ ရာဇဝတ်မှုများ နေ့စဉ်လိုလိုဖြစ်ပွားနေခြင်းများ ကို သတင်းစာ၊ မဂ္ဂဇင်း၊ စာစောင်၊ လူမှုကွန်ရက်စာမျက်နှာများမှာ သိရှိရပါတယ်။ Asia Foundation ရဲ့ စစ်တမ်းကောက်ယူခဲ့ရာမှာ မြို့ကြီးများမှာ မှောင်လာတဲ့အချိန် အနီးအနားပတ်ဝန်းကျင်ကို တစ်ဦး တည်းလမ်းလျှောက်ထွက်ပါက လုံခြုံစိတ်ချရတယ်လို့ ယူဆရသူဟာ ရန်ကုန်မြို့မှာ ၄၈ ရာခိုင်နှုန်း၊

မန္တလေးမှာ ၅၉ ရာခိုင်နှုန်း၊ မော်လမြိုင်မှာ ၅၇ ရာခိုင်နှုန်း၊ မုံရွာမှာ ၆၇ ရာခိုင်နှုန်းနှင့် တောင်ကြီးမှာ ၆၉ ရာခိုင်နှုန်းရှိကြောင်း သိရှိရပါတယ်။ ဒီအချက်ကို သုံးသပ်မယ်ဆိုရင် မြန်မာ့လူထုရဲ့ မြို့ပြလူဦးရေ အများစုမှာ စိုးရိမ်ကြောင့်ကြစွာနဲ့ လုံခြုံမှုမရှိဘူးလို့ ခံစားနေရကြောင်း ပေါ်လွင်စေပါတယ်။ ဒါကတော့ ဘားအံအကျဉ်းထောင်ဖောက်ထွင်းမှု မှတ်တမ်းဓာတ်ပုံအချို့ ဖြစ်ပါတယ်။ ကျွန်မတို့ ကရင် ပြည်နယ်အစိုးရအဖွဲ့ဟာ တရားဥပဒေစိုးမိုးရေးဌာနနှင့် တရားမျှတမှုဆိုင်ရာ လုပ်ငန်းများ ဆောင်ရွက် ရာမှာ အသိပညာပေးခြင်း၊ ကြိုတင်ကာကွယ်မှုများဆောင်ရွက်ခြင်း၊ အရေးယူဆောင်ရွက်ခြင်း၊ စဉ်ဆက်မပြတ်အကဲဖြတ်ဆန်းစစ်ခြင်း၊ ကြီးကြပ်ကွပ်ကဲခြင်းတို့ကို ဆောင်ရွက်နေကြောင်းတော့ သိရှိရ ပေမဲ့လို့ ပြည်သူတွေထိတ်လန့်မှုဖြစ်စေခဲ့တဲ့ ဘားအံအကျဉ်းထောင်ဖောက်ထွင်းမှုကို တင်ပြလိုပါ တယ်။ ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၁၆ ရက်နေ့က ဘားအံအကျဉ်းထောင်ကနေပြီး အကျဉ်းသား ၄၂ ယောက်ဟာ အမှိုက်ကားနှင့် ထောင်ဖောက်ပြီး ထွက်ပြေးသွားပါတယ်။ အဲဒီထဲမှာတော့ ၂၆ ယောက် ကိုသာပြန်လည်ဖမ်းမိပြီးဖြစ်တဲ့အတွက်ကြောင့် ပြည်သူလူထုကို စိုးရိမ်အထိတ်တလန့်ဖြစ်စေခဲ့တာ ဖြစ်ပါတယ်။ ဒီဖြစ်ရပ်တွေကို ကြည့်ခြင်းအားဖြင့် ရဲရဲ့အင်အားများ လိုအပ်နေသလားလို့ အကြံပြုလိုပါ တယ်။ နိုင်ငံတကာစံနှုန်းများအရ ရဲနှင့်ပြည်သူအချိုးဟာ ၁း၄ ဖြစ်ပြီး မြန်မာနိုင်ငံရဲ့ တရားဥပဒေ စိုးမိုးရေး အဓိကဆောင်ရွက်နေတဲ့ တိုင်းဒေသကြီး/ပြည်နယ်ရဲတပ်ဖွဲ့များနှင့် ရဲနှင့်ပြည်သူအချိုးဟာ ၁း၁၁၉၁ ဦးသာရှိကြောင်း လေ့လာသိရှိရပါတယ်။ ဒါကြောင့် ပြည်သူ့အခြေပြုရဲလုပ်ငန်း Community Policing ကို ပိုမို၍ ထိထိရောက်ရောက်ဆောင်ရွက်ဖို့ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ အဆိုရှင်က မြို့ပြတွေမှာ တရားဥပဒေစိုးမိုးပြီး ပြည်သူလူထုရဲ့လူနေမှုဘဝ လုံခြုံမှုရှိစေဖို့ဖြစ်ပေါ်နေတဲ့ ရာဇဝတ်မှုတွေကို ကာကွယ်တားဆီးပေးရန် တိုက်တွန်းထားတဲ့အဆိုဖြစ်ပြီး ရာဇဝတ်မှုထူပြောတဲ့ နိုင်ငံမှာ မှီတင်းနေထိုင်ကြတဲ့ ပြည်သူများရဲ့ဘဝဟာ လုံခြုံမှုမရှိသလို တစ်ဦးနှင့် တစ်ဦးယုံကြည်မှုနည်းပါးပြီး ပြည်သူတွေဟာလည်း စားဝတ်နေရေးနှင့် အချိန်ကုန်နေကြရပါတယ်။ ဥပဒေကိုနားလည်အောင် မလေ့လာနိုင်ခြင်းများကြောင့် အစိုးရကချမှတ်တဲ့ မူဝါဒအကောင်အထည် ဖော်ရာမှာလည်း အခက်အခဲကို ဖြစ်ပေါ်စေပါတယ်။ ရာဇဝတ်မှုထူပြောခြင်းဟာ တရားဥပဒေစိုးမိုးမှု မရှိခြင်းနှင့်လည်း တိုက်ရိုက်သက်ဆိုင်နေပါတယ်။ ထို့အတူပဲ မှုခင်းဖြစ်ပွားမှုနှုန်း မြင့်မားလာခြင်းဟာ လည်း လူမှုပတ်ဝန်းကျင်ကို ကြီးမားသော စိန်ခေါ်မှုတစ်ရပ်ဖြစ်စေနိုင်တဲ့ အခြေအနေမျိုးကို မရောက် ရှိဖို့အတွက် ရာဇဝတ်မှုများဖြစ်ပေါ်နေမှုကို ကာကွယ်တားဆီးနိုင်ရန်အတွက် ဦးစားပေးအဆင့်ဖြင့်

ဆောင်ရွက်ပေးရန်လိုအပ်လျက်ရှိပါကြောင်း ပြောကြားရင်းနဲ့ ယခုအဆိုအား လေးလေးနက်နက် ထောက်ခံလိုက်ရခြင်းဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ တံတားဦးမဲဆန္ဒနယ်မှ ဒေါ်စိုးနွယ်အေး ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဒေါ်စိုးနွယ်အေး(တံတားဦးမဲဆန္ဒနယ်)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါ။ ကျွန်မကတော့ မန္တလေးတိုင်းဒေသကြီး၊ တံတားဦးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်စိုးနွယ်အေး ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးရှင်။ ကျွန်မကတော့ ဝေါမဲဆန္ဒနယ် ဦးတင်ထွေးမှ တင်သွင်းတဲ့ အဆိုကို အကြံပြုထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးရှင်။ ကျွန်မရဲ့အဓိက ဆွေးနွေး ချက်မှာ တရားဥပဒေစိုးမိုးပြီး ရာဇဝတ်မှုများဖြစ်ပေါ်နေမှုကို ကာကွယ်တားဆီးနိုင်ရန်အတွက် အစိုးရနဲ့ပြည်သူလူထု အတူပူးပေါင်းပြီးဆောင်ရွက်မှသာ အောင်မြင်မှုရရှိမည့် အဓိကအပိုင်းကို ဆွေးနွေးတင်ပြသွားမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးရှင်။ ရာဇဝတ်မှုများ ကာကွယ်တားဆီးနိုင်ရေးအတွက် ရဲတပ်ဖွဲ့များ၊ တရားရုံးများနှင့် အုပ်ချုပ်ရေးအဖွဲ့အစည်းများတွင်မက ပြည်သူလူထုပါတာဝန်ရှိ၍ ပူးပေါင်းကာကွယ်တားဆီးဆောင်ရွက်သွားရန် လိုအပ်ပါတယ်။ ထိုသို့ ပူးပေါင်းကာကွယ်တားဆီး သွားရာမှာလည်း ရာဇဝတ်မှုကျူးလွန်သူများ သက်ဆိုင်ရာအနေနဲ့ ယခုဥပဒေပြဋ္ဌာန်းချက်အတိုင်း အရေးယူဆောင်ရွက်ရန် လိုအပ်ပါတယ်။ ရာဇဝတ်မှုများကို ကြိုတင်ကာကွယ်တားဆီးဆောင်ရွက် ရန်နှင့် ပြစ်မှုကျူးလွန်သူများကို အရေးယူဆောင်ရွက်ရာမှာ ဘယ်လိုအရေးယူဆောင်ရွက်ရမလဲဆိုတာ အကြမ်းဖျင်းအားဖြင့် ရာဇဝတ်ကျင့်ထုံးဥပဒေမှာ အတိအလင်း ပြဋ္ဌာန်းထားပါတယ်။ ဒီပြဋ္ဌာန်းချက်တွေကို လေးစားမယ်၊ လိုက်နာမယ်၊ လက်ခံကျင့်သုံးမယ်ဆိုရင် ရာဇဝတ်မှုများကို အထိရောက်ဆုံးကြိုတင်ကာကွယ်တားဆီးရာ ရောက်မယ်ဆိုတာ သေချာပါတယ်။ ဥပမာအားဖြင့် ပြစ်မှုကျူးလွန်တဲ့သူတွေ၊ ပြစ်မှုကျူးလွန်မယ့် အခြေအနေတွေရှိမယ်၊ တွေ့မယ်၊ ပြစ်မှုကျူးလွန်ဖို့ ပြင်ဆင်နေတာတွေတွေ့မယ်ဆိုရင် ပြည်သူလူထုအနေနဲ့လည်း ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၄၂ မှာ အတိအလင်းပြဋ္ဌာန်းထားပါတယ်။ ဒီပြဋ္ဌာန်းချက် တွေကို ပြည်သူလူထုကလည်း နားလည်လက်ခံ ကျင့်သုံးတတ်ဖို့လိုပါတယ်။ နားလည်လက်ခံကျင့်သုံးမှု မရှိသေးရင်လည်း သက်ဆိုင်ရာ ရဲတပ်ဖွဲ့က အုပ်ချုပ်ရေးဥပဒေမှာ ပြဋ္ဌာန်းထားတဲ့အတိုင်း အုပ်ချုပ်ရေးအဖွဲ့အစည်းတွေက ပညာပေးလှုံ့ဆော်ဖို့ လိုပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ ကျွန်မရဲ့မဲဆန္ဒနယ်မှာ လွှတ်တော်နားရက်မှာ လူထုတွေ့ဆုံပွဲများကျင်းပရာ သက်ဆိုင်ရာဌာနဆိုင်ရာများမှ တာဝန်ရှိသူများ ပူးပေါင်းပါဝင်ပါတယ်။ အဆိုပါပွဲများမှာ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ရာဇဝတ်ကျင့်ထုံးဥပဒေမှ ပြဋ္ဌာန်းချက်များကို ပြည်သူများသိရှိစေရန် ရှင်းလင်းချက်များမှာ လွန်စွာထိရောက် အရေးပါလှပါတယ်။ သက်ဆိုင်ရာရဲတပ်ဖွဲ့အားလုံးနဲ့လည်း ရဲအင်အားအနည်းအများက ရာဇဝတ်မှုများနှိမ်နင်းမှုရှိ/မရှိအပေါ်မှာ မူမတည်ပါဘူး။ ရဲအင်အားနောက်ထပ်အသုံးပြုရန်တို့က ဥပဒေမှာ ရေးမထားပါဘူး။ မြန်မာနိုင်ငံတွင် ရဲအင်အားလုံလောက်စွာ မဖြည့်တင်းနိုင်သေးသော်လည်း အဓိကပြဋ္ဌာန်းချက်ဥပဒေအတိုင်း ရဲတပ်ဖွဲ့အနေနဲ့လည်း ပြစ်မှုတွေကိုတားဆီးဖို့ ရာဇဝတ်ကျင့်ထုံးဥပဒေ ပုဒ်မ ၁၄၉၊ ၁၅၀၊ ၁၅၁၊ ၁၅၂ ပြဋ္ဌာန်းချက်များကို လေးလေးစားစား တစ်သဝေမတိမ်းလိုက်နာကျင့်သုံးဖို့ လိုအပ်ပါတယ်။ တဖန် အမှုတစ်ခုစုံစမ်းဆောင်ရွက်ခြင်းကိစ္စနှင့်ပတ်သက်ပြီးလည်း တရားရုံးတော်သို့မရောက်ရှိခင် တရားခံထွက်ပြေးတိမ်းရှောင်ခြင်း၊ အမှုကြန့်ကြာခြင်း၊ ပိတ်သိမ်းခြင်းများ ဖြစ်ပေါ်နေသည်ကိုလည်း တွေ့ရှိရပါတယ်။ ရာဇဝတ်ကျင့်ထုံးဥပဒေ ပုဒ်မ ၁၅၄ မှ ပုဒ်မ ၁၅၆ အထိ ပြဋ္ဌာန်းချက်တို့ကိုလည်း လေးစားလိုက်နာ၍ ရဲကိုယ်တိုင်စဉ်းစားရဖို့ ဥပဒေမှာ ရပြီးသားပါ။ ရဲတပ်ဖွဲ့များအနေနဲ့လည်း ပြစ်မှုကျူးလွန်သူကိုဖမ်းဆီးရင်း ပြည်သူ့ရဲတပ်ဖွဲ့ဝင်တို့ မကြာခဏ အသက်ပေးရတာတွေ၊ ထိခိုက်ခံရတာတွေကိုလည်း ဖြစ်ပေါ်နေကြောင်း ဝမ်းနည်းစွာတွေ့ရပါတယ်။ ဒီလိုဖြစ်ပေါ်နေမှုများဟာ ရဲတပ်ဖွဲ့အနေနဲ့လည်း တရားခံတစ်ယောက်ဖမ်းမယ်ဆိုရင် ဘယ်လိုဖမ်းရမယ်ဆိုတာ၊ ဘယ်လိုအရေးယူဖမ်းဆီးရမယ်ဆိုတာ ရာဇဝတ်ကျင့်ထုံးဥပဒေ ပုဒ်မ ၄၆ မှ ပုဒ်မ ၄၇ အထိ ပြဋ္ဌာန်းထားပြီးဖြစ်ပါတယ်။ ပြည်သူလူထုက ဘယ်လိုကူညီရမယ်ဆိုတာ ရာဇဝတ်ကျင့်ထုံးဥပဒေ ပုဒ်မ ၄၂ မှ ပုဒ်မ ၄၅ အထိ ပြဋ္ဌာန်းထားရှိပြီးဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ ကျွန်မမဲဆန္ဒနယ်မှာ ရဲလုပ်ငန်းစဉ်အားနည်းနေတဲ့ အမှုများထဲမှ အမှုနှစ်ခုကို ဥပမာအနေဖြင့် တင်ပြလိုပါတယ်။ ၉-၄-၂၀၁၈ ရက်နေ့က တံတားဦးမြို့နယ်၊ မြို့သာကားလမ်းမှာ ယာဉ်တိုက်မှုဖြစ်ပွားခဲ့သော်လည်း ၂၀-၄-၂၀၁၈ ရက်နေ့မှာ ရဲစခန်းက အမှုဖွင့်ခဲ့တာကြောင့် အခင်းဖြစ်ပွားခြင်းအား သက်ဆိုင်ရာရဲတပ်ဖွဲ့မှ ဆောလျင်စွာ အမှုမဖွင့်ခဲ့ခြင်း ပေါ်ပေါက်ခဲ့ပါတယ်။ နောက်အမှုမှာ ၈-၁၀-၂၀၁၈ ရက်နေ့မှာ ဇီးတောကျေးရွာမှာ မုဒိမ်းမှုဖြစ်ပွားခဲ့ခြင်းတွင်လည်း ၉-၁၀-၂၀၁၈ ရက်နေ့မှာ စခန်းတွင် အမှုဖွင့်ခဲ့ပါတယ်။ တရားခံဖမ်းဆီးခြင်းမပြုလို့ ကိုယ်စားလှယ်ထံ အကူအညီတောင်းရာမှ ကျွန်မသိရှိခဲ့ရပါတယ်။ ရဲမှာ မိုးရွာလို့လမ်းမကောင်းလို့ဟုအကြောင်းပြကာ လာရောက်မဖမ်းခဲ့သည့်အတွက် တရားခံဖမ်းဆီးနိုင်ရေးအတွက် ၁၃-၁၀-၂၀၁၈ ရက်နေ့မှသာ

**မူကြမ်း**

ပြည်သူမှ ပူးပေါင်းဖမ်းဆီးပေးခဲ့ရပြီး နောက်မှ ရဲကိုလှမ်းခေါ်ရတဲ့အထိ ဖြစ်ခဲ့ရပါတယ်။ ဒါကြောင့် ရာဇဝတ်မှုကာကွယ်တားဆီးဖို့ဆိုရင် အထက်တွင် ဖော်ပြဆွေးနွေးခဲ့တဲ့အတိုင်း ရာဇဝတ်မှုတွေမဖြစ်ပေါ်အောင် ရဲတပ်ဖွဲ့အနေနဲ့လည်း ဥပဒေပြဋ္ဌာန်းချက်အတိုင်း လေးစားလိုက်နာလက်ခံဆောင်ရွက်သွားဖို့လိုသလို ပြည်သူကလည်း ပြစ်မှုတွေကိုကျူးလွန်သူ၊ ကျူးလွန်ဖို့ ကြံစည်ကြသူတွေကို မိမိရှေ့မှောက်မှာ သိရှိပါလျက် သတင်းပေးတိုင်ကြားရန် ဥပဒေကို လေးစားလိုက်နာကျင့်သုံးတတ်အောင် လှုံ့ဆော်ပညာပေးသွားဖို့အတွက် ရဲအဖွဲ့က ဆောင်ရွက်သွားဖို့၊ အုပ်ချုပ်ရေးအဖွဲ့တွေကလည်း ဆောင်ရွက်သွားဖို့အတွက် တိုက်တွန်းရင်းနဲ့ ဒီအဆိုကို ထောက်ခံလိုက်ရပါတယ်ရှင်။

**ဥက္ကဋ္ဌ**။ ။ မင်းဘူးမဲဆန္ဒနယ်မှ ဦးဝင်းဝင်း ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးဝင်းဝင်း(မင်းဘူးမဲဆန္ဒနယ်)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အားလုံးပဲ မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး၊ မင်းဘူးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းဝင်း ဖြစ်ပါတယ်။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဝေါမဲဆန္ဒနယ်မှ ဦးတင်ထွေးတင်သွင်းသွားတဲ့ မြို့ပြများမှာ တရားဥပဒေစိုးမိုးပြီး ပြည်သူလူထုရဲ့ လူနေမှုဘဝလုံခြုံမှုရှိရန် ရာဇဝတ်မှုများဖြစ်ပေါ်နေမှုကို ကာကွယ်တားဆီးနိုင်ရန်အတွက် ဦးစားပေးအစီအစဉ်တစ်ရပ်အနေဖြင့် အမြန်ဆုံးဆောင်ရွက်ပေးနိုင်ပါရန် နိုင်ငံတော်အစိုးရအား တိုက်တွန်းကြောင်းအဆိုကို ထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်။ အဆိုရှင်တင်ပြသွားသလိုပဲ အသွင်ကူးပြောင်းရေးကာလမှာ အစိုးရနှင့်ပြည်သူပူးပေါင်းပြီး ညင်ညင်သာသာနဲ့ လျှောက်လှမ်းကာ ပြည်သူလူထုအတွင်း တရားဥပဒေစိုးမိုးရေးနှင့် လူမှုဘဝလုံခြုံရေးဟာလည်း အရေးကြီးတဲ့အချက်ပဲဖြစ်ပါတယ်။ တကယ်တော့ အဆိုရှင်က လူနေထူထပ်များပြားတဲ့ ရာဇဝတ်မှုတွေ မကြာခဏဖြစ်ပေါ်နေတဲ့ မြို့ပေါ်မှာရှိတဲ့ အလုပ်လုပ်နေတဲ့၊ အကြောင်းအမျိုးမျိုးကြောင့် ရောက်ရှိနေတဲ့ ပြည်သူတွေရဲ့ဘဝ လုံခြုံဖို့အတွက် ကာကွယ်တားဆီးရန်တိုက်တွန်းထားကြောင်း တွေ့ရှိရပါတယ်။ တကယ်တော့ မြို့ပြတွေတင်မဟုတ်ပါဘူး။ ကျေးလက်တောရွာတွေမှာပါ အတော်များများဖြစ်နေကြတာ တွေ့ရပါတယ်။ ရာဇဝတ်မှုတွေဖြစ်ပေါ်နေတယ်ဆိုတာ အခြေအနေအကြောင်းကြောင်းကြောင့်ရှိပေမဲ့ ယခုဖြစ်နေတာက ဆင်းရဲမွဲတေမှု၊ လိုချင်လောဘတက်မှု၊ ကာမရာဂစိတ်ပြင်းပြမှု စတာတွေအပြင် မူးယစ်ဆေးဝါးသုံးစွဲမှုတွေကြောင့်လည်း ဖြစ်နေတာတွေ့ရပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ မြို့ပြရော၊ ကျေးလက်တွေမှာပါ တစ်လုံးလို့ခေါ်တဲ့ ဘောလုံးလောင်းကစားတွေ၊ နှစ်လုံး၊ သုံးလုံးချဲထီတွေအပြင် ကြက်ဝိုင်း၊ ဂျင်ဝိုင်းတွေပါ လောင်းကစားတွေလုပ်နေတာ ကြားသိနေရပါတယ်။ အဲဒီ

လောင်းကစားတွေကြောင့် မဖြစ်သင့်တဲ့ရာဇဝတ်မှုတွေလည်း ဖြစ်လာကြပါတယ်။ အဲဒီလောင်းကစားတွေကို တင်းတင်းကျပ်ကျပ် ပိတ်ပင်ထားသော်လည်းပဲ ကိုယ့်ခွန်အားကိုအသုံးမချဘဲ စီးပွားရှာချင်သူလောင်းကစားသမားတွေက မဖြစ်ဖြစ်အောင် ကြံဖန်ပြီးတော့ လုပ်နေကြကြောင်းလည်း ကြားသိရပါတယ်။ တာဝန်သိပြည်သူတွေက သတင်းပေးလို့ရှိရင်လည်း သက်ဆိုင်ရာရဲတပ်ဖွဲ့က သွားပြီးတော့ဖမ်းတယ်ဆိုလို့ရှိရင် မမိတာကများပါတယ်။ မိရင်လည်း အနည်းအကျဉ်းပဲမိပါတယ်။ အဲဒီလောင်းကစားတွေကြောင့် ခိုးမှုတွေ၊ လုယက်မှုတွေ၊ ရိုက်မှုတွေ၊ ရာဇဝတ်မှုတွေဖြစ်တာ မကြာမကြာကြားသိနေရပါတယ်။ တချို့တာဝန်ရှိသူတွေဆိုလို့ရှိရင် ဖမ်းဆီးရမယ့်အစား ယူနီဖောင်းကိုချွတ်ပြီးတော့ အရပ်ဝတ်နဲ့ လောင်းကစားဝိုင်းကို လုံခြုံရေးစောင့်ပေးတယ်လို့တောင် ကျွန်တော်တို့ ကြားသိရပါတယ်။ ဒါကြောင့် မြို့ပြမှာသာမက တောရွာမြို့ပါ ပြည်သူတွေရဲ့ဘဝ လုံခြုံမှုရှိဖို့၊ ရာဇဝတ်မှုတွေလျော့ပါးဖို့အတွက် လောင်းကစားဝိုင်းတွေကို ယခုထက်ပိုပြီးတော့ တင်းတင်းကျပ်ကျပ် ဖမ်းဆီးအရေးယူသင့်လှပါတယ်။ လောင်းကစားနဲ့ပတ်သက်ပြီး မိမိနယ်မှာလောင်းကစားပြုလုပ်နေကြောင်းသိရှိလျက်နဲ့ မဖမ်းဆီးခြင်း၊ တမင်သတင်းမပို့ခြင်းများပြုနေသူတွေကို သက်သေခိုင်လုံပါကနယ်ပြောင်းရုံ၊ သတိပေးရုံလောက်မဟုတ်ဘဲနဲ့ ထိရောက်စွာ အရေးယူတာတွေလည်း ဆောင်ရွက်ဖို့သင့်ပါတယ်လို့ အကြံပြုလိုပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ တချို့ကျတော့လည်း ဥပဒေနဲ့အညီ ကြိုးစားဆောင်ရွက်နေတဲ့ဝန်ထမ်းတွေလည်း တွေ့မြင်နေရပါတယ်။ ဒါပေမဲ့ ရဲတပ်ဖွဲ့ဝင်အင်အားမလုံလောက်လို့ အခက်အခဲတွေရှိနေတာတွေကိုလည်း တွေ့မြင်ရပါတယ်။ တကယ်တော့ ရာဇဝတ်မှုတွေ လျော့နည်းပပျောက်ဖို့၊ တရားဥပဒေစိုးမိုးဖို့ဆိုလို့ရှိရင် ဌာနတစ်ခုတည်းနဲ့ ဆောင်ရွက်နေလို့လည်း မရနိုင်ပါဘူး။ အစိုးရနဲ့ပြည်သူနားလည်မှုရှိရှိ ဟန်ချက်ညီညီနဲ့ ပူးပေါင်းဆောင်ရွက်ကြဖို့ အထူးပဲလိုအပ်ပါတယ်။ ရာဇဝတ်မှုတွေလျော့နည်းဖို့ တရားဥပဒေစိုးမိုးဖို့ဆိုလို့ရှိရင် အုပ်ချုပ်ရေးကတာဝန်ရှိတဲ့ပုဂ္ဂိုလ်တွေ၊ ရဲတပ်ဖွဲ့ဝင်တွေ၊ ဥပဒေအရာရှိတွေနဲ့ တရားသူကြီးတွေအားလုံး။ အဲဒီအပြင် ပြည်သူတွေကိုယ်တိုင်က အမှန်တရားကိုမြတ်နိုးပြီးတော့ မှန်ကန်တဲ့တရားစီရင်ရေးကို မြတ်နိုးတန်ဖိုးထားဖို့လည်း လိုအပ်လှပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဌာနဆိုင်ရာပေါင်းစုံနဲ့တွေ့တဲ့ပွဲတစ်ပွဲမှာ ဝန်ထမ်းကောင်းမှ တိုင်းပြည်ကောင်းမည်လို့ ပြောတဲ့အခါမှာ အရာရှိဝန်ထမ်းတစ်ဦးက လစာကောင်းမှ ဝန်ထမ်းကောင်းနိုင်မည်လို့ ပြန်ပြီးတော့ဆွေးနွေးတာ တွေ့ခဲ့ရပါတယ်။ ဒါကြောင့် တိုင်းပြည်ရဲ့အခြေအနေက လုံလောက်တဲ့လစာမပေးနိုင်သေးသော်လည်းပဲ တိုင်းပြည်မှာရှိတဲ့ ပြည်သူလူထုအပေါ် စေတနာထားပြီးတော့ လစာလုံလောက်မှုမရှိသော်

လည်းပဲ ဝန်ထမ်းတွေကစပြီးတော့ တိုင်းပြည်ကောင်းဖို့အတွက် ကောင်းပေးကြပါလို့ မေတ္တရပ်ခံခဲ့ရပါတယ်။ အလျဉ်းသင့်လို့တင်ပြရရင် ဂျပန်နိုင်ငံကပြည်သူတွေဟာ ဥပဒေနဲ့အသက်မွေးဝမ်းကျောင်းပြုရတဲ့ ဥပဒေပညာရှင်တွေကို အရမ်းလေးစားတန်ဖိုးထားကြောင်း ကြားသိခဲ့ရပါတယ်။ ဘာကြောင့်လေးစားတန်ဖိုးထားတာလဲလို့ မေးတဲ့အခါမှာ ဥပဒေနဲ့အသက်မွေးဝမ်းကျောင်းပြုတဲ့ ပညာရှင်တွေဟာ ဥပဒေနဲ့အညီ မျှမျှတတဆောင်ရွက်ကြသလို လာဘ်စားတာလည်းမရှိဘူးလို့ ပြောပါတယ်။ ဒါကြောင့် ဥပဒေအရာရှိတွေ၊ တရားသူကြီးတွေ၊ ရှေ့နေတွေ စတာတွေကို ပြည်သူတွေက လေးစားပြီးတော့ တန်ဖိုးထားတယ်လို့ ပြောကြပါတယ်။ ဒါကြောင့် ကျွန်တော်တို့တိုင်းပြည်မှာလည်း အဲဒီလိုဖြစ်ရင် ကောင်းမှာပဲလို့ တွေးခဲ့မိပါတယ်။ ဒါကြောင့် ဥက္ကဋ္ဌကြီးခင်ဗျား။ နိဂုံးချုပ်အနေနဲ့ တင်ပြလိုတာကတော့ အဆိုရှင်တင်ပြသွားသလို မြို့ပြတွေမှာ တရားဥပဒေစိုးမိုးပြီး ပြည်သူလူထုရဲ့လူနေမှုဘဝတွေ လုံခြုံမှုရှိဖို့၊ ရာဇဝတ်မှုဖြစ်ပေါ်နေတာတွေကို ကာကွယ်တားဆီးနိုင်ဖို့ဆိုလို့ရှိရင် အစိုးရနဲ့ပြည်သူ ဟန်ချက်ညီညီနဲ့ပူးပေါင်းပြီးတော့ ခိုင်မာတဲ့ အစီအစဉ်တစ်ရပ် ချမှတ်ဆောင်ရွက်သင့်ပါကြောင်း အကြံပြုထောက်ခံဆွေးနွေးရင်း နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ။ ချောက်မဲဆန္ဒနယ်မှ ဦးဘိုကြီး ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးဘိုကြီး(ချောက်မဲဆန္ဒနယ်)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အားလုံးမင်္ဂလာပါလို့ ဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး၊ ချောက်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဘိုကြီး ဖြစ်ပါတယ်။ ဝေါမဲဆန္ဒနယ် ဦးတင်ထွေးရဲ့ ပြည်သူလူထုရဲ့လူနေမှုဘဝလုံခြုံမှုအားနည်းနေခြင်းနှင့် ၎င်းကို ကာကွယ်တားဆီးရန် ဦးစားပေးအစီအစဉ်တစ်ရပ်အနေနဲ့ ဆောင်ရွက်ပေးရန် အစိုးရကို တိုက်တွန်းထားတဲ့အဆိုကို ကျွန်တော်ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ အဆိုရှင်ကတော့ မြို့ပြတွေလို့ ရည်ရွယ်ပြီးပြောထားတယ်။ သို့သော်လည်း မြို့ပြတင်မကပါဘူး။ ကျေးရွာတွေ၊ အများပြည်သူသွားနေတဲ့လမ်းမကြီးတွေမှာလည်း လုံခြုံမှုအားနည်းနေပါတယ်။ ဥပမာ မကွေးတိုင်းဒေသကြီး၊ ချောက်မြို့နယ် ကျေးရွာတစ်ခုမှာ ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၁၄ ရက်နေ့မှာ ကျေးရွာအုပ်ချုပ်ရေးက သူရဲ့စိုက်ပျိုးရေးချေးငွေတွေကျန်တာတွေ လိုက်ပြီးတော့စည်းရုံးတယ်။ ပြောပြတယ်။ ပြန်လာတယ်။ ညနေ ၆ နာရီမှာ သူ့အိမ်မှာ ရွာသားတစ်ယောက်က ဓားနဲ့ထိုးသတ်လို့ အဲဒီကျေးရွာအုပ်ချုပ်ရေးမှူးက ချက်ချင်းအဲဒီမှာ အသက်ဆုံးရှုံးသွားရပါတယ်။ အဲဒီတရားခံကိုလည်း ဖမ်းမိပြီးတော့ ဆက်လက်ပြီးတော့ တရားဥပဒေအရ အရေးယူတာ တွေ့ရပါတယ်။

**မူကြမ်း**

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ မြို့ပြတွေမှာ ဒုစရိုက်တွေများပြား လာပြီး ဒုစရိုက်ဂိုဏ်းတွေဖြစ်ပေါ်လာပြီး အခုဆိုရင် အဲဒီဂိုဏ်းတွေက အင်အားကြီးမားလာတယ်လို့ ထင်မြင်မိပါတယ်။ ရဲတွေက ဒီဂိုဏ်းတွေရှိတာကို သိရှိသော်လည်း အင်အားမလုံလောက်လို့ လက်ပိုက်ကြည့်နေရတဲ့အနေအထားမျိုးဖြစ်လာမှာကို စိုးရိမ်ရပါတယ်။ ဒါ့အပြင် ပြည်သူတွေကိုလည်း အသိပညာပေးတဲ့လုပ်ငန်းတွေ မလုပ်နိုင်တော့ပါဘူး။ တရားဥပဒေစိုးမိုးရေးတာဝန်အဓိက ထမ်းဆောင်နေသူများမှာ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှာလည်း အပါအဝင်ဖြစ်ပါတယ်။ ဒါကြောင့် ရဲတပ်ဖွဲ့ဝင် ဟာ တောင့်တင်းခိုင်မာဖို့ လိုပါတယ်။ ရာဇဝတ်မှုများဖြစ်ပေါ်နေမှုကို ကာကွယ်တားဆီးနိုင်ရန်အတွက် ရဲတပ်ဖွဲ့တွင်လုံလောက်တဲ့ ရဲတပ်ဖွဲ့ဝင်အင်အားရှိဖို့နဲ့ ရဲတပ်ဖွဲ့ဝင်အားလုံး အရည်အချင်းပြည့်မီဖို့ လည်း လိုအပ်ပါတယ်။ ဒါကြောင့် အရည်အချင်းပြည့်ဝတဲ့ ရဲတပ်ဖွဲ့ဝင်များအင်အားကို ဘယ်လို ဖြည့်တင်းမလဲဆိုတဲ့အချက်ကိုတော့ အဓိကစဉ်းစားသင့်ပါတယ်။ နောက်တစ်ချက်ကတော့ တင်ပြလို တာက ပြီးခဲ့တဲ့အထွေထွေရွေးကောက်ပွဲမှာ မဲရုံတွေမှာ ယာယီရဲတပ်ဖွဲ့ဝင်တွေခန့်တဲ့ ဥပမာဖြစ်ပါ တယ်။ ရဲတပ်ဖွဲ့ဝင်တွေရဲ့အဓိကအခက်အခဲတစ်ခုကတော့ တပ်ဖွဲ့ထဲဝင်ပြီးရင် ပြန်ထွက်ဖို့ မလွယ်ပါ ဘူး။ ခွင့်ပြုချက်မရဘဲ တပ်ဖွဲ့ထဲက ထွက်မယ်ဆိုရင် ရဲပြေးအဖြစ် အရေးယူခံရတာ ဖြစ်ပါတယ်။ ဒါကြောင့်တပ်ဖွဲ့ထဲဝင်မယ်ဆိုရင် ပင်စင်ရတဲ့အထိ လုပ်နိုင်၊ မလုပ်နိုင် စဉ်းစားပြီးမှ ဝင်ကြရပါတယ်။ ဒါကြောင့် လူငယ်တွေကို ယာယီရဲတပ်ဖွဲ့ဝင် ဝင်ခွင့်ပြုတဲ့စနစ်တစ်ခုကို စဉ်းစားသင့်ပါတယ်။ ဥပမာ အားဖြင့် အမြဲတမ်းတပ်ဖွဲ့ဝင်အဖြစ်မဟုတ်ဘဲ ယာယီရဲတပ်ဖွဲ့ဝင်အဖြစ် တာဝန်ထမ်းဆောင်လိုသူတွေ ကို သုံးနှစ် သို့မဟုတ် ငါးနှစ်လောက် ဝင်ရောက်တာဝန်ထမ်းဆောင်ခွင့်ပြုတာမျိုးကို စဉ်းစားသင့်ပါ တယ်။ ယာယီတပ်ဖွဲ့ဝင်အဖြစ်လက်ခံပြီးမှ နှစ်ပြည့်လို့ ဆက်လက်တာဝန်ထမ်းဆောင်ချင်ရင်တော့ အမြဲတမ်းတပ်ဖွဲ့ဝင်အဖြစ် ဝင်ရောက်လာစေရန် ခွင့်ပြုသင့်ပါတယ်။ ဒီနေရာမှာ အမြဲတမ်းတပ်ဖွဲ့ဝင် အဖြစ်ခန့်အပ်တဲ့ပြဋ္ဌာန်းချက်တွေကို ပယ်ဖျက်ပစ်ဖို့ပြောတာမဟုတ်ပါဘူး။ အမြဲတမ်းရဲတပ်ဖွဲ့ဝင် တိုက်ရိုက်ဝင်ရောက်တဲ့သူတွေကိုတော့ အခွင့်အရေးပိုပေးတဲ့သတ်မှတ်ချက်မျိုး ထားသင့်ပါတယ်။ ဥပမာ-မီးသတ်တပ်ဖွဲ့က အရန်မီးသတ်အဖွဲ့ဖွဲ့သလို အရန်ရဲတပ်ဖွဲ့ဖွဲ့တာမျိုးကိုလည်း စဉ်းစားသင့်ပါ တယ်။ ဒီနေရာမှာ အလျဉ်းသင့်လို့ တင်ပြလိုတာကတော့ ရဲတပ်ဖွဲ့မှာတင်မကပါဘူး။ အခြားဌာနတွေ မှာလည်း ဝန်ထမ်းမလုံလောက်တဲ့အခက်အခဲတွေ ရင်ဆိုင်နေရပါတယ်။ နိုင်ငံတော်အစိုးရရဲ့ညွှန်ကြား ချက်အရ ဝန်ထမ်းဖွဲ့စည်းပုံအင်အား သုံးပုံနှစ်ပုံအထိသာ ခန့်အပ်ခွင့်ရှိပြီး ပိုမိုခန့်အပ်လို့ရှိရင် အစိုးရ အဖွဲ့ကို ခွင့်ပြုချက်ရရှိမှ ခန့်ထားရတာမှာ ဖြစ်ပါတယ်။ တကယ်တော့ အမှန်တကယ်လိုအပ်တဲ့ဝန်ထမ်း

တွေကို ခန့်အပ်ပြီးတော့ ဒီညွှန်ကြားချက်ကို ပြန်လည်စဉ်းစားသုံးသပ်သင့်ပါတယ်။ ဥပမာ တရားရုံး တွေမှာလည်း ဒီအခက်အခဲကို ရင်ဆိုင်နေရတာဖြစ်တဲ့အတွက် အမှုတွေကို မနိုင်မနင်းစစ်ဆေးနေရ တယ်လို့ ထင်မိပါတယ်။ တရားသူကြီးအပါအဝင် တရားရုံးဝန်ထမ်းအင်အားလည်း မလုံလောက်တဲ့ အတွက် အမှုကြန့်ကြာခြင်း၊ အမှုသွားအမှုလာ၊ သက်ဆိုင်ရာဥပဒေ၊ စီရင်ထုံး၊ လုပ်ထုံးလုပ်နည်းတွေကို သေသေချာချာလေ့လာနိုင်ရန် အချိန်မလုံလောက်ခြင်းတို့ကြောင့် အမှုအရည်အသွေးညံ့ဖျင်းလာနိုင် ပြီး တရားဥပဒေစိုးမိုးမှုကိုပါ ထိခိုက်လာနိုင်မယ်လို့ အကြံပြုပါတယ်။ အမှန်တကယ်လိုအပ်နေတဲ့ ဝန်ထမ်းတွေခန့်အပ်ရန် အရေးကြီးပြီး အရည်အချင်းပြည့်ဝတဲ့ဝန်ထမ်းများဖြစ်ဖို့လည်း လိုအပ်ပါ တယ်။ ဝန်ထမ်းခန့်အပ်ရန်တင်ပြလာလျှင် ဘတ်ဂျက်မရှိလို့။ ဘတ်ဂျက်ခွင့်ပြုရန်။ လစာစရိတ်လိုအပ် ကြောင်းအမြဲကြားသိနေရပါတယ်။ သို့သော်လည်း ဘတ်ဂျက်များရေးဆွဲခွင့်ပြုပြီးမှ အမှန်တကယ် ရငွေများနှင့် အမှန်တကယ်အသုံးစရိတ်များ မူလလျာထားချက်နှင့်အမြဲကွဲလွဲနေတာကို ယခင်ကလည်း တွေ့တယ်။ အခုလည်း တွေ့နေပါတယ်။ ဘာကြောင့်လဲဆိုတော့ ၂၀၁၈ ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလ ခြောက်လ Mini Budget မှာ ဘဏ္ဍာငွေအရအသုံးဆိုင်ရာအစီရင်ခံစာမှာ လျာထားပြီးတော့ မသုံးဖြစ် တဲ့ ခွင့်ပြုအသုံးစရိတ်ငွေ ကျပ်သန်းပေါင်း ၁၁၇၂၉၁၀ ဖြစ်ပါတယ်။ တစ်နည်းအားဖြင့် ကျပ်သန်း ၁၁ သိန်းကျော် အလကားအပ်လိုက်ရပါတယ်။ ဒါကြောင့် ဘတ်ဂျက်တွေကို အပြည့်အဝသုံးစေရန်၊ ကိစ္စရပ် တွေကိုလည်း တာဝန်ရှိသူများမှ အမြန်ဆုံးစိစစ်ဆောင်ရွက်သင့်ပြီလို့ အကြံပြုပါတယ်။ သို့မှသာ အဆိုရှင်တင်သွင်းထားတဲ့ ရာဇဝတ်မှုတွေကို ကာကွယ်တားဆီးရန်အတွက် လိုအပ်တဲ့ဝန်ထမ်းများ ခန့်အပ်ပြီးတော့ ဦးစားပေးအစီအစဉ်တစ်ရပ် ဆောင်ရွက်နိုင်မှာ ဖြစ်ပါကြောင်း တင်ပြလိုပါတယ်။ တစ်ဖက်မှာလည်း အစိုးရဝန်ထမ်းများကို အားကိုးနေသလို ပြည်သူများမှလည်း ဝိုင်းဝန်းကူညီရပါ မယ်။ ဥပမာ-ကျွန်တော့်အိမ်မိသားစု ဘယ်သူတွေဘာလုပ်နေတယ်။ ကျွန်တော့်အိမ်ဘေးက၊ ပတ်ဝန်းကျင်က မိသားစုတွေ ဘာတွေလုပ်နေတယ်ဆိုတာ ကျွန်တော်အသိဆုံးပါပဲ။ ထို့အတူ ကျေးရွာ၊ ရပ်ကွက်မှာရှိတဲ့ အုပ်ချုပ်ရေးမှူးတွေကလည်း သူတို့ရပ်ကွက်မှာရှိတဲ့ ရွာသူရွာသားတွေ၊ ရပ်ကွက်သူ ရပ်ကွက်သားတွေ ဘယ်အိမ်က ဘာလုပ်တယ်။ ဘာညာ သူတို့အကုန်အသိဆုံးပဲ။ ဒါကြောင့်မို့လို့ ရပ်ကွက်အုပ်ချုပ်ရေးမှူးက အသိဆုံးဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ လောင်းကစားခြင်း၊ မူးယစ်ဆေးဝါး ကိစ္စရပ်များ၊ မုဒိမ်းမှုစတဲ့ ရာဇဝတ်မှုနှင့်ပတ်သက်တဲ့သတင်းကို သက်ဆိုင်ရာများသို့ အချိန်မီသတင်း ပို့ပေးရန်နှင့် အားလုံးက ပူးပေါင်းဆောင်ရွက်ပါလို့ အကြံပြုတိုက်တွန်းရင်း အဆိုကို လေးလေး နက်နက် ထောက်ခံအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**မူကြမ်း**

**ဥက္ကဋ္ဌ**။ ။ ပျော်ဘွယ်မဲဆန္ဒနယ်မှ ဦးသောင်းအေး ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးသောင်းအေး(ပျော်ဘွယ်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်အားလုံး နှလုံးစိတ်ဝမ်းအေးချမ်းကြပါစေ။ ကျွန်တော်ကတော့ ပျော်ဘွယ်မဲဆန္ဒနယ်က ဦးသောင်းအေးပါ။ အဆိုရှင်ဦးတင်ထွေးက ဒီနေ့မြို့ပြများမှာဖြစ်ပျက်နေတဲ့ ရာဇဝတ်မှုများရဲ့အခြေအနေကို ကြည့်ပြီးတော့ ပြည်သူလူထုရဲ့ဘဝလုံခြုံမှုရှိစေဖို့အတွက် တရားဥပဒေစိုးမိုးရေး၊ ရာဇဝတ်မှုများဖြစ်ပေါ်မှုကို ကာကွယ်တားဆီးရေးအတွက် စေတနာနဲ့တင်ပြတဲ့အဆိုဖြစ်လို့ ထောက်ခံအကြံပြုဆွေးနွေးမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတော်တည်ဆောက်ရာမှာ ခေတ်အဆက်ဆက်အစိုးရတွေက ပြည်သူ့ဘဝလုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးကို ကြိုးပမ်းဆောင်ရွက်ခဲ့ကြပါတယ်။ ဒါပေမဲ့လည်း ရာဇဝတ်မှုတွေဟာ မြို့ပြနှင့်ကျေးလက်မကျန် ပျောက်ကွယ်လျော့နည်းသွားခြင်းမရှိဘဲနဲ့ ပြည်သူများရဲ့ဘဝလုံခြုံရေးအတွက် စိန်ခေါ်မှုများနှင့်သာ ကြုံတွေ့နေရပါတယ်။ လက်ရှိနိုင်ငံတော်ရဲ့ရာဇဝတ်မှုဖြစ်ပွားနေမှုအခြေအနေကို မြန်မာနိုင်ငံရဲတပ်ဖွဲ့ Web Page ကနေ ကြည့်မယ်ဆိုရင် ၂၀၁၆ ခုနှစ်မှာ လူသတ်မှုပေါင်း ၁၀၃၈ ခုဖြစ်ပွားခဲ့ပြီး ၂၀၁၇ ခုနှစ်မှာ ၁၃၉၇ ခုဖြစ်ခဲ့အတွက် ၈၉ မှုတိုးတက်လာခဲ့ပါတယ်။ အသက် ၁၆ နှစ်အထက် မုဒိမ်းမှုမှာလည်း ၂၀၁၆ ခုနှစ်မှာ ၁၁၀၀ မှုရှိခဲ့ပြီးတော့ ၂၀၁၇ ခုနှစ်မှာ ၁၄၀၅ မှုရှိခဲ့တဲ့အတွက် ၃၀၅ မှုပိုမိုဖြစ်ပေါ်လာကြောင်း တွေ့ရပါတယ်။ ဒါ့အပြင် ၂၀၁၈ ခုနှစ် ဇန်နဝါရီလနှင့် ဖေဖော်ဝါရီလ နှစ်လတည်းမှာပဲ လူသတ်မှုပေါင်း ၂၃၆ မှုနှင့် မုဒိမ်းမှုပေါင်း ၂၂၉ မှုဖြစ်ပေါ်ခဲ့တာ တွေ့ရပါတယ်။ ပိုမိုဆိုးရွားတာကတော့ မုဒိမ်းမှုတွေမှာ စော်ကားကျူးလွန်တဲ့အပြင် ပစ္စည်းယူ၊ လူသတ်၊ အလောင်းဖျောက် စတဲ့ ရာဇဝတ်မှုတွေအထိ ကျူးလွန်လာတာ စိတ်မကောင်းစရာတွေ့ရပါတယ်။ ဒါတွေဘာကြောင့်ဖြစ်ရသလဲ ဆန်းစစ်ကြည့်မယ်ဆိုရင် အုပ်ချုပ်ရေး၊ ဥပဒေပြုရေးနှင့် တရားစီရင်ရေးကဏ္ဍသုံးခုလုံးနဲ့ဆိုင်နေတာ တွေ့ရမှာ ဖြစ်ပါတယ်။ အုပ်ချုပ်ရေးကဏ္ဍမှာ ပြည်သူတွေရဲ့ဘဝ၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေးလုပ်ငန်းတွေအဆင်ပြေချောမွေ့ဖို့ လိုအပ်ပါတယ်။ အထက်ကနေအောက်ခြေအထိ တာဝန်ရှိသူတွေက ပြည်သူတွေရဲ့တွေ့ကြုံနေရတဲ့အခက်အခဲပြဿနာတွေကို မှန်မှန်ကန်ကန်ရှုမြင်ပြီးတော့ ပြုပြင်ဖြည့်ဆည်းဆောင်ရွက်ပေးကြရမှာ ဖြစ်ပါတယ်။ တရားဥပဒေစိုးမိုးရေးဆိုတာဟာ ထုတ်ပြန်ထားတဲ့ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းတွေနဲ့ ဒီဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းတွေရဲ့စည်းနှောင်မှုအားအပေါ်မှာမူတည်ပါတယ်။ ဒါ့အပြင် ဒီလိုပြဋ္ဌာန်းထားတဲ့ ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းတွေကို ပြည်သူတွေက နားလည်ခြင်း

သို့မဟုတ် ဥပဒေဆိုင်ရာအသိဉာဏ်၊ ဗဟုသုတရှိခြင်းနဲ့လည်း သက်ဆိုင်ပါတယ်။ ဒါ့အပြင် ဒီစည်းမျဉ်း၊ စည်းကမ်း၊ ဥပဒေများနှင့်အညီ စီရင်ပိုင်ခွင့်ရှိတဲ့ပုဂ္ဂိုလ်တွေကလည်း ကိုယ်ကျိုးမဖက် အဂတိ မလိုက်စားဘဲ စီရင်ဆုံးဖြတ်မှုများနှင့်လည်း သက်ဆိုင်ပါတယ်။ ဒါတွေကောင်းမွန်ပြည့်စုံမယ်ဆိုရင်တော့ အဆိုရှင်ရဲ့ဆန္ဒပြည့်ဝလာမှာပါ။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီကနေ့ လက်ရှိအစိုးရကာလမှာ တရားဥပဒေစိုးမိုးရေးနှင့်ပတ်သက်တဲ့ ဥပဒေအချို့ကို ပယ်ဖျက်ခဲ့လို့ ဥပဒေအသစ်လည်း ပြဋ္ဌာန်းခဲ့တာ တွေ့ရပါတယ်။ ပယ်ဖျက်လိုက်တဲ့ ဥပဒေများထဲမှာ နိုင်ငံတော်အား နှောင့်ယှက်ဖျက်ဆီးလိုသူများရဲ့အန္တရာယ်မှ ကာကွယ်တားဆီးရေး ဥပဒေ၊ အရေးပေါ်စီမံမှုအက်ဥပဒေ၊ ဧည့်စာရင်းစစ်ဆေးရေးဥပဒေ။ ဒါတွေဟာ တရားဥပဒေစိုးမိုးရေး အတွက် အဓိကထိန်းကျောင်းထားတဲ့ဥပဒေပဲ ဖြစ်ပါတယ်။ ဒီဥပဒေတွေဖျက်သိမ်းခြင်းဟာ ရာဇဝတ်မှုခင်း များကို ဖိတ်ခေါ်သလိုဖြစ်နေပြီးတော့ အချုပ်အခြာအာဏာတည်တံ့ရေးအတွက်လည်း အန္တရာယ်ရှိ ကြောင်း တွေ့မြင်နိုင်ပါတယ်။ အသစ်ပြဋ္ဌာန်းလိုက်တဲ့ဥပဒေကတော့ နိုင်ငံသားများရဲ့ပုဂ္ဂိုလ်ဆိုင်ရာ လွတ်လပ်မှုနှင့် ပုဂ္ဂိုလ်ဆိုင်ရာလုံခြုံမှုကို ကာကွယ်ပေးတဲ့ဥပဒေပဲ ဖြစ်ပါတယ်။ ဒီဥပဒေကတော့ ပြည်သူတစ်ဦးချင်းကို ကာကွယ်ပေးနိုင်မယ်လို့ မျှော်လင့်ရပေမဲ့ ဒီဥပဒေပြဋ္ဌာန်းချက်ပါ ပြဋ္ဌာန်းချက် အချို့ကြောင့် လုံခြုံရေးဆိုင်ရာတာဝန်ရှိသူများအတွက် သတင်းစုံစမ်းထောက်လှမ်းရယူမှုအပိုင်းမှာ လွန်စွာအခက်အခဲ၊ အဟန့်အတားဖြစ်စေခဲ့ပြီး ပြည်သူကို ကြိုတင်ကာကွယ်ရန်ခက်ခဲခဲ့ပါတယ်။ Human Security နဲ့ National Security တွေကို ချိန်ဆတတ်ပါမှ ပြည်သူလူထုရဲ့ပြည့်ဝတဲ့ ကာကွယ်မှုပေးနိုင်မယ်ဆိုတာ သတိပြုရမှာ ဖြစ်ပါတယ်။ ဖျက်သိမ်းလိုက်တဲ့ဥပဒေထဲမှာပါတဲ့ ဧည့်စာရင်းစစ်ဆေးရေးဟာလည်း ရာဇဝတ်မှုခင်းကြံရွယ်ချက်ရှိသူများ၊ တရားမဝင်ခိုးဝင်သူများကို ရှောင်တခင်စစ်ဆေးပြီးတော့ ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်နိုင်တဲ့အတွက် မှုခင်းကာကွယ်ရေး မှာ အရေးကြီးတဲ့ပြဋ္ဌာန်းချက်တွေ ဖြစ်ပါတယ်။ ဒါဟာ အဆိုရှင်တင်ပြတဲ့ရာဇဝတ်မှုဖြစ်ပေါ်မှုကို ကာကွယ်တားဆီးနိုင်ရန်အတွက် ဦးစားပေးအဆင့်များမှာ ဒါတွေကို ပြန်လည်စဉ်းစားနိုင်ရန် တင်ပြခြင်းပဲ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ လောကမှာ လွယ်ရင် သူကြွယ်တောင်သူခိုးဖြစ်တယ်လို့ အဆိုရှိရပါတယ်။ ဥပဒေအချို့ဟာ အချိန်တိုင်းမှာ အသုံးလိုတာမဟုတ်သော်လည်းပဲ စည်းနှောင်မှုအားနှင့် ဟန့်တား ထားခြင်းအားဖြင့် ပြစ်မှုကျူးလွန်မှုကို ကြိုတင်တားဆီးနိုင်မှုရှိပါတယ်။ ဒါကြောင့်မို့လို့ ဖျက်သိမ်းလိုက် တဲ့ဥပဒေများကို ပြန်လည်သုံးသပ်ပြီးတော့ ပြည်သူလူထုကို ကာကွယ်ပေးနိုင်တဲ့အမျိုးသားလုံခြုံရေး

ဆိုင်ရာဥပဒေတစ်ရပ်ကို ရေးဆွဲပြဋ္ဌာန်းရန်လည်း အကြံပြုလိုပါတယ်။ တစ်ဆက်တည်း ဥပဒေများ ဖျက်သိမ်းခြင်း၊ ပြင်ဆင်ခြင်း၊ အသစ်ပြဋ္ဌာန်းခြင်းဟာ ကျွန်တော်တို့ဥပဒေပြုလွှတ်တော်များရဲ့တာဝန် ဖြစ်တဲ့အတွက် ကိုယ်စားလှယ်အားလုံးအနေနဲ့လည်း အစွဲကင်းကင်းနဲ့ နိုင်ငံတော်တည်ငြိမ်ရေး၊ တရား ဥပဒေစိုးမိုးရေးကို အလေးထားပြီး ဥပဒေပြုပေးကြဖို့ တိုက်တွန်းအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ မှုခင်းများလျော့သွားနိုင်ဖို့အတွက် နိုင်ငံတော်မှာ ပြောင်းလဲလာတဲ့ မှုခင်းဆိုင်ရာ၊ ကာကွယ်မှုဆိုင်ရာ နိုင်ငံတကာအယူအဆများကို အခြေခံပြီး ကာလတို၊ ကာလရှည် သွားသင့်တဲ့စီမံချက်များနှင့် လတ်တလောဆောင်ရွက်တဲ့စီမံချက်၊ အစီအမံတွေကို ချမှတ်ဆောင်ရွက် သင့်ပါတယ်။ တစ်ဖက်ကလည်း ပြည်သူများကို အသိပညာပေးခြင်း၊ ကြိုတင်ကာကွယ်ခြင်းတို့ကို ဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ မြို့နယ်အလိုက် မြန်မာနိုင်ငံရဲတပ်ဖွဲ့တာဝန်ရှိသူများနှင့် CSO များ၊ NGO များ၊ ဒေသအတွင်းအရပ်ဘက်အဖွဲ့အစည်းများ၊ ဥပဒေပညာရှင်များ ပူးပေါင်းလုပ်ဆောင်သွား နိုင်မှသာ ပြည်သူလူထုတစ်ရပ်လုံးအနေနဲ့ ဥပဒေကို ဥပဒေလိုနားလည်ပြီးတော့ လေးစားလိုက်နာကြ မှာဖြစ်ပါတယ်။ ဒီလိုမှမလုပ်ဘူးဆိုရင် ယခုဖြစ်ပေါ်နေတဲ့ လူထုလှုံ့ဆော်မှုပွဲတွေလို အကြောင်း ကြောင်းကြောင့်ပွဲတက်လာရပေမဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုတာ ဘာရယ်လို့မသိသူတွေဖြစ်နေကြပြီး နိုင်ငံရေးလုပ်စားသူတွေရဲ့တီးကွက်အတိုင်း ကရတဲ့ ပြည်သူတွေဖြစ်သွားမှာ စိုးရိမ်ရသလို ရပ်ရွာ တည်ငြိမ်အေးချမ်းရေးမှာ ဘေးထွက်ဆိုးကျိုးတွေ ဖြစ်သွားမှာကိုလည်း စိုးရိမ်ရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ မှုခင်းဖြစ်ပွားမှုဟာ အမှိုက်ကစ ပြာသာဒ်မီးလောင်တဲ့ဖြစ်ရပ်တွေ ဖြစ်ပါ တယ်။ ကြိုတင်မြော်မြင်မကာကွယ်နိုင်ရင် တိုင်းပြည်ပျက်ခဲ့တဲ့အထိဖြစ်ခဲ့တဲ့သာဓကတွေ များစွာရှိပါ တယ်။ ဒါကြောင့် ဒီလိုအခြေအနေမျိုးကို မရောက်ဖို့အတွက် အစိုးရအနေနဲ့ မှုခင်းကြိုတင်ကာကွယ် ရေးကို အဆိုရှင်တိုက်တွန်းတဲ့မူဝါဒများအတိုင်း မူဝါဒတွေချမှတ်ဆောင်ရွက်ဖို့လိုအပ်ပါတယ်။ နိုင်ငံတော်အစိုးရက ပြည်သူတွေရဲ့ဘဝလုံခြုံရေးအတွက် ကောင်းမွန်တဲ့မူဝါဒ၊ အမိန့်၊ ညွှန်ကြားချက် တွေ ချပေးရန်လိုသလို ပြည်ထဲရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့လည်း ဒီမူဝါဒ၊ အမိန့်၊ ညွှန်ကြားချက်တွေကို အောင်မြင်အောင် ဆောင်ရွက်ရပါမယ်။ အစိုးရကလည်း ဒီလိုကာကွယ်မှုပေးနိုင် တဲ့အနေအထားရောက်အောင် နည်းပညာ၊ အတတ်ပညာ၊ လူ့စွမ်းအားအရင်းအမြစ်တွေဖွံ့စည်း ဖြည့်တင်းပေးရပါမယ်။ မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲ့လက်ရှိအခြေအနေဟာ ခွင့်ပြုအင်အားရဲ့ ၄၆.၂၅ ပဲ ရှိတာဖြစ်တဲ့အတွက် မြန်မာနိုင်ငံရဲတပ်ဖွဲ့ကို အင်အားဖြည့်တင်းပြီးတော့ အမျိုးသားလုံခြုံရေးကို ထိရောက်စွာကာကွယ်ပေးနိုင်တဲ့တပ်ဖွဲ့ဖြစ်အောင် ဆောင်ရွက်ပေးဖို့ တိုက်တွန်းအပ်ပါတယ်။ နိဂုံးချုပ်

အားဖြင့် ယနေ့ဖြစ်ပွားနေတဲ့ ရာဇဝတ်မှုတွေကြားမှာ မြို့ပြပြည်သူလူထု လူနေမှုဘဝလုံခြုံမှုရှိအောင် နိုင်ငံတော်အစိုးရအနေနဲ့ လက်ရှိပြည်သူတွေရဲ့ လူထုရဲ့လူမှုဘဝ အခြေအနေအရပ်ရပ်ကို တာဝန်ယူ တာဝန်ခံတဲ့စိတ်ဓာတ်နဲ့ အဘက်ဘက်က လေ့လာသုံးသပ်ပြီးတော့ အားလုံးပေါင်းစပ်ညှိနှိုင်းကာ ရာဇဝတ်မှုများ ထိရောက်စွာကာကွယ်သင့်ကြောင်း တင်ပြရင်း ထောက်ခံအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဖားကန့်မဲဆန္ဒနယ်မှ ဦးတင့်စိုး ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးတင့်စိုး(ဖားကန့်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အားလုံးပဲမင်္ဂလာပါ။ ကျွန်တော်ကတော့ ဖားကန့်မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင့်စိုး ဖြစ်ပါတယ်။ ဝေါမဲဆန္ဒနယ်က အဆိုရှင် ဦးတင်ထွေးရဲ့အဆိုကို ထောက်ခံဆွေးနွေးတင်ပြ သွားမှာဖြစ်ပါတယ်။ လေးစားအပ်ပါတဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ ဖားကန့်လို့ပြောလိုက်တာနဲ့ ကမ္ဘာကျော် ကျောက်စိမ်းထွက်ရှိရာဒေသ၊ ယန္တရားတွေထောင်သောင်းနဲ့ချီပြီးတော့မှ တရားလွန်တူးနေတဲ့ကိစ္စတွေ နောက်တစ်ခါ သိန်းနဲ့ချီရှိတဲ့ ရေမဆေးတွေရှိနေတဲ့အရပ်ဒေသ၊ ရေမဆေးတွေနဲ့ ကုမ္ပဏီနဲ့ပြဿနာ ဖြစ်တိုင်း ရေမဆေးတွေအသက်ခံနေရတဲ့ကိစ္စတွေ၊ နောက်တစ်ခါ မူးယစ်ဆေးဝါးသုံးစွဲတဲ့လူတွေ အများဆုံးရှိနေတဲ့ဒေသ၊ မြေစာပုံတွေပြိုပြီးတော့မှ ရေမဆေးတွေများစွာသေနေရတဲ့ဒေသစသဖြင့် ဒါတွေကို အားလုံးပြေးပြီးတော့မှ မြင်မိကြမှာဖြစ်ပါတယ်။ ဒါတွေဟာဆိုလို့ရှိရင် တစ်နည်းအားဖြင့် တရားဥပဒေစိုးမိုးမှုအားနည်းခြင်းရဲ့ ပြယုဂ်တွေပဲဖြစ်ပါတယ်။ ကျွန်တော်တို့ ဖားကန့်မြို့နယ်မှာ ၂၀၁၄ ခုနှစ် သန်းခေါင်စာရင်းအရ လူဦးရေ ၃၃၀၀၀၀ ကျော်ရှိပါတယ်။ မြေပြင်အနေအထားမှာ ဒီထက်မက များပါတယ်။ ကချင်ပြည်နယ်ရဲ့ လူဦးရေအများဆုံးမြို့နယ်လည်းဖြစ်ပါတယ်။ ကျွန်တော်တို့ ဖားကန့် မြို့နယ်မှာ ရဲစခန်းငါးခုရှိပါတယ်။ အဲဒီရဲစခန်းငါးခုထဲမှာ ဖားကန့်မြို့မရဲစခန်းမှာဆိုလို့ရှိရင် အချုပ်သားဦးရေက အနည်းဆုံး ၃၀၀ ကနေ အများဆုံး ၄၃၀ ကျော်အထိ အမြဲတမ်းလိုရှိနေပါတယ်။ ဒါဟာလည်းပဲ ရာဇဝတ်မှုထူပြောခြင်းရဲ့ ပြယုဂ်တစ်ခုပဲဖြစ်ပါတယ်။ ကျွန်တော်တို့ ဖားကန့်မြို့နယ်မှာ အထူးသဖြင့် ရေမဆေးတွေဟာ သွားလာတဲ့နေရာမှာ ဆိုင်ကယ်တွေပဲအများဆုံးသုံးကြပါတယ်။ သိန်းနဲ့ချီတဲ့ ရေမဆေးတွေရှိတဲ့အတွက်ကြောင့် ဆိုင်ကယ်တွေဟာလည်း အများကြီးသိန်းနဲ့ချီသုံးကြ ရပါတယ်။ နေ့စဉ်ဆိုင်ကယ်ပျောက်ဆုံးမှုဟာ အစီး ၃၀ နဲ့အထက်ရှိတယ်လို့လည်း ကျွန်တော်သိရပါ တယ်။ တစ်ခါ မူးယစ်ဆေးဝါးသုံးစွဲတဲ့လူတွေများနေတဲ့အတွက်ကြောင့်မို့လို့ နေရာတိုင်းမှာ အလွယ်တကူရရှိနေတဲ့နေရာကတော့ မူးယစ်ဆေးဝါးပဲဖြစ်ပါတယ်။ တချို့ မူးယစ်ဆေးဝါးရောင်းတဲ့ လူတွေဆိုလို့ရှိရင် တဲအိမ်တွေ အလုံး ၄၀၊ ၅၀ ထိဆောက်ပြီးတော့မှ လက်နက်ကိုင်အစောင့်တွေနဲ့

ကင်းတွေအထပ်ထပ်ချပြီး ရောင်းချတာဖြစ်တဲ့အတွက်ကြောင့် တာဝန်ရှိတဲ့လူတွေက တော်ရုံတန်ရုံ အင်အားနဲ့သွားရောက်ပြီးတော့ ဖမ်းဆီးဖို့အင်မတန်ခက်ပါတယ်။ နေရာတိုင်းမှာရှိနေတဲ့ လောင်းကစား ဝိုင်းတွေ အထူးသဖြင့် ဘာသာရေးပွဲတွေကိုအကြောင်းပြုပြီးတော့မှ လောင်းကစားဝိုင်းတွေကို တကယ့် ပွဲဈေးတန်းကြီးသဖွယ် လုပ်နေကြတာတွေလည်း ရှိပါတယ်။ ဖားကန့်မှာဆိုလို့ရှိရင် မြန်မာနိုင်ငံအနှံ့က လူတွေကလာရောက်ပြီးတော့ စီးပွားရှာကြပါတယ်။ အိမ်ခန်းငှားခတွေဈေးကြီးတာ၊ နေရာချတာ တွေကို အကြောင်းပြုပြီးတော့မှ ကျောက်စိမ်းလုပ်ကွက်တွေ၊ မြေစာပုံတွေ၊ မြေလွတ်၊ မြေလပ်တွေမှာ တရားမဝင်ကျူးကျော်ပြီးတော့ နေထိုင်ကြပါတယ်။ အဲဒီလိုနေထိုင်ကြရင်းနဲ့ ၂၀၁၂ ခုနှစ်နောက်ပိုင်း ကနေစပြီးတော့မှ အဲဒီကျူးကျော်လာတဲ့ဟာတွေက အိမ်ခြေထောင်ချီထိရှိတဲ့ရွာတွေဖြစ်လာပါတယ်။ အဲဒီလိုရွာတွေပေါင်းဟာ များစွာရှိပါတယ်။ အဲဒါတွေက ရတနာနယ်မြေအတွင်းမှာ ဖြစ်နေတာပါ။ ကျွန်တော်တို့ ဖားကန့်မြို့နယ်အတွင်းမှာ ပြည်ထဲရေးမပေါက်တဲ့ ရွာပေါင်း ၁၀၄ ရွာရှိပါတယ်။ အဲဒီ ပြည်ထဲရေးမပေါက်တဲ့ရွာပေါင်းမှာရှိနေတဲ့ လူဦးရေပေါင်းသိန်းနဲ့ချီရှိပါတယ်။ လူတွေက စည်းကမ်းမဲ့ အဲဒီလိုမျိုးနေရာတွေမှာ နေထိုင်ကြတယ်။ အဲမှာနေကြတဲ့သူတွေက အများအားဖြင့် ပုံစံ(၆၆/၆)ဆိုတာကို ဝေးလို့ ဘယ်ဒေသလာပြီးတော့ ဘယ်ကမှန်းတောင်မသိကြတဲ့ အနေအထားမျိုးရှိပါတယ်။ အဲလိုဖြစ်ရတဲ့အနေအထားတွေဟာလည်း တရားဥပဒေစိုးမိုးမှုအားနည်းရခြင်းရဲ့ ပြယုဂ်တစ်ခုလည်းပဲ ဖြစ်ပါတယ်။ ပြေးလေးပြေးတွေ နောက်ပြီးတော့ ဆိုးခိုးလုယက်သူတွေဟာ ဒီမှာ တိမ်းရှောင်ဖို့ အတွက်ကို သူတို့ကို အခွင့်ကောင်းပေးသလိုမျိုးဖြစ်နေပါတယ်။ နောက်တစ်ချက်က ကျွန်တော်တို့ ဖားကန့်မြို့နယ်မှာဖြစ်ခဲ့တဲ့ ရာဇဝတ်မှုကြီးတွေကို ကြည့်လိုက်မယ်ဆိုလို့ရှိရင် တစ်နိုင်ငံလုံးသိကြတဲ့ ဖားကန့်မှာရှိတဲ့ ဆိပ်မူအုပ်စုက မှော်ရှမ်းရယူမှု၊ ဒေါ်နန္ဒာလှိုင် ကိုယ့်အိမ်ထဲမှာပဲ သေနတ်နဲ့ပစ်သတ် ခံရတဲ့ကိစ္စ၊ နန့်မဖြစ်ရှိကျောင်းဆရာလေး အောင်ဇင်ထွန်း အား ကျောင်းထဲကနေခေါ်ပြီးတော့မှ နားထင်ကို သေနတ်နဲ့တေ့ပြီးပစ်သတ်ခံရတဲ့ကိစ္စ၊ အခြားအခြားသောပစ်သတ်ခံရတဲ့ကိစ္စတွေများစွာ ရှိပါတယ်။ အဲဒီဖြစ်စဉ်တိုင်း၊ ဖြစ်စဉ်တိုင်းမှာ ဘယ်အဖွဲ့အစည်းက မည်သူမည်ဝါလာပြီး သတ်သွားတယ်ဆိုတာလည်း ယနေ့ထက်တိုင် ဖော်ထုတ်နိုင်ခြင်းမရှိသလို ဖမ်းဆီးရမိနိုင်ခြင်းလည်း မရှိပါဘူး။ ပြည်သူတွေဟာ မိမိတို့အိမ်ထဲမှာနေပြီးတော့မှ မလုံခြုံသလိုခံစားနေကြရပါတယ်။ ဒါကြောင့်မို့လို့ တရားဥပဒေစိုးမိုးရေးကို တစ်နိုင်ငံအတိုင်းအတာအနေနဲ့ မဖြစ်မနေဆောင်ရွက်ဖို့ လိုအပ်ပါတယ်။ တရားဥပဒေစိုးမိုးရေးကို ဆောင်ရွက်တဲ့နေရာမှာ သက်ဆိုင်ရာတာဝန်ရှိတဲ့ အစိုးရ၊ မြန်မာနိုင်ငံရဲ့တပ်ဖွဲ့တစ်ခုတည်းနဲ့ ဒီဖြစ်စဉ်ကြီးတစ်ခုလုံးကို ဆောင်ရွက်ဖို့မဖြစ်နိုင်ပါဘူး။ ပြည်သူ

တစ်ရပ်လုံးပါဝင်ဆောင်ရွက်မှသာလျှင် ဒီဖြစ်စဉ်ကြီးက အောင်မြင်မှာဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဒီနေရာမှာ အကြံပြုပြောကြားလိုတာကတော့ ကျွန်တော်တို့ဆီမှာလည်းပဲ ဒီလိုမျိုးလုပ်ခဲ့တာတွေလည်း ရှိပါတယ်။ သက်ဆိုင်ရာအုပ်ချုပ်ရေး၊ ဆယ်အိမ်မှူး၊ ရာအိမ်မှူးတွေ၊ ရပ်မိရပ်ဖတွေပေါင်းပြီးတော့မှ ပြည်သူ့ရဲတပ်ဖွဲ့နဲ့ပေါင်းပြီးတော့မှ လှည့်ကင်းတွေ၊ ဝပ်ကင်းတွေလုပ်တယ်။ အဲဒီလိုလုပ်ခြင်းအားဖြင့် တရားဥပဒေစိုးမိုးမှုကို တစ်ဖက်တစ်လမ်းက အထောက်အကူပြုမယ်လို့ ကျွန်တော့်အနေနဲ့ ဒီနေရာကနေ အကြံပြုဆွေးနွေးလိုပါတယ်။ အဲဒီလို တာဝန်သိပြည်သူတွေရဲ့ ဆောင်ရွက်မှုကြောင့်မို့ ဒီလိုမှုခင်းတွေဖော်ထုတ်ခဲ့တဲ့သာဓကတွေလည်း အများကြီးရှိပါတယ်။ ဖြစ်စဉ်တစ်ခုမှာဆိုရင် ကျွန်တော်ကိုယ်တွေ့သိခဲ့ရတဲ့ဖြစ်စဉ်တစ်ခုရှိပါတယ်။ ဆိုင်ကယ်စီးလာတဲ့သူတွေကို ဓားနဲ့ခုတ်၊ တုတ်နဲ့ရိုက်၊ လုယက်တဲ့ဖြစ်စဉ်ဖြစ်ပါတယ်။ အဲဒီဖြစ်စဉ်မှာပါဝင်တဲ့ ပထမဆုံးတစ်ယောက်မိတယ်။ ဆက်စပ်ဖမ်းဆီးလိုက်တဲ့အခါ လူငယ်ကိုးယောက်မိပါတယ်။ အဲဒီလူငယ်လေးတွေဟာ လေးယောက်က ထွက်ပြေးတယ်။ အသက် ၁၅ နှစ်ကနေ ၂၃ နှစ်အထိ လူငယ်တွေဖြစ်ပါတယ်။ သူတို့တွေဟာ ဖားကန့်မြို့မ အထက်တန်းကျောင်းနဲ့ မရှီကထောင် အ.လ.က တွေကနေ လတ်တလောကျောင်းထွက်ထားတဲ့ ရှစ်တန်း၊ ကိုးတန်း၊ ဆယ်တန်းကျောင်းသားတွေဖြစ်ပါတယ်။ အဲဒီမှာဆိုလို့ရှိရင် အသက်အငယ်ဆုံးဖြစ်တဲ့ အသက် ၁၅ နှစ်ကောင်လေးဟာဆိုလို့ရှိရင် ဖြစ်စဉ်တိုင်းမှာ သူကိုယ်တိုင်ဓားနဲ့ခုတ်တာ။ လူကအသက် ၁၅ နှစ်ပဲရှိတယ်။ ဒါပေမဲ့လက်ကရဲနေပါတယ်။ အဲဒီမှာ ညီအစ်ကိုနှစ်ယောက်လည်း ပါပါသေးတယ်။ အဲဒီကလေးတွေက အဲဒီလိုလုယက်လို့ရတဲ့ငွေတွေကို သူတို့အမေကို သွားကန်တော့တယ်။ သူတို့ကျောက်ရလို့ရောင်းလို့ရတယ်ဆိုပြီးမှပြောတယ်။ သွားဖမ်းတဲ့အခါကျတော့ သူ့အမေက ဒီလောက်လိမ္မာတဲ့ကလေးကို ဘယ်လို့ဖမ်းရသလဲ။ အဲဒီကလေးတွေကို အချုပ်ထဲကလွှတ်ဖို့ဆိုပြီးမှ ကျွန်တော့်ကိုအကူအညီလာတောင်းလို့ သေချာရှင်းပြလိုက်ရပါတယ်။ အဲဒါကြောင့်မို့လို့ လူငယ်တွေတောင်မှ ဒီလိုရာဇဝတ်မှုတွေကျူးလွန်လာခဲ့ခြင်းဟာ ကျွန်တော်တို့နိုင်ငံရဲ့ အနာဂတ်သားကောင်းတွေကိုဖြုန်းတီးပစ်ရာရောက်တဲ့အတွက်ကြောင့်မို့ တရားဥပဒေစိုးမိုးရေးဆောင်ရွက်ဖို့ရာ အင်မတန်မှ အရေးကြီးတယ်ဆိုတဲ့အကြောင်း ဆွေးနွေးရင်းနဲ့ အဆိုရှင် ဝေါမဲဆန္ဒနယ်က ဦးတင်ထွေးရဲ့အဆိုကို လေးလေးနက်နက်ထောက်ခံအကြံပြုလိုက်ရပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဒီပဲယင်းမဲဆန္ဒနယ်မှ ဦးဝင်းမြင့်အောင် ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးဝင်းမြင့်အောင်(ဒီပဲယင်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံး ကျန်းမာပါစေ

**မူကြမ်း**

ကြောင်း ဆုတောင်းမေတ္တာပို့ပါတယ်။ ကျွန်တော်ကတော့ ဒီပဲယင်းမဲဆန္ဒနယ်မှ ဦးဝင်းမြင့်အောင် ဖြစ်ပါတယ်။ ဦးတင်ထွေး၊ ဝေါမဲဆန္ဒနယ်ရဲ့အဆိုကို အကြံပြုဆွေးနွေးသွားမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီး ခင်ဗျား။ တရားဥပဒေစိုးမိုးရေးဆိုတာ မြို့ပြ၊ ကျေးလက်ခွဲခြားပြီး ပြည်သူလူထုရဲ့လုံခြုံမှုရှိစေရန် စီမံ ဆောင်ရွက်လို့ရတာမျိုးမဟုတ်ဘူးလို့ ယူဆမိပါတယ်။ တစ်နိုင်ငံလုံးမှာ လူ့အဖွဲ့အစည်းတစ်ရပ်လုံး လုံခြုံအေးချမ်းစေရန်အတွက် အချိန်နှင့်အမျှ လိုအပ်တာမှန်သမျှ စီမံဖြည့်ဆည်းဆောင်ရွက်ရတဲ့ကိစ္စ များလို့ယူဆမိပါတယ်။ လေ့လာဖတ်ရှုဖူးတဲ့ သမိုင်းမှတ်တမ်းတစ်ခုကိုလည်း မျှဝေချင်ပါတယ်။ ဆိုဗီယက်ရုရှားနိုင်ငံရဲ့ ပြုပြင်ပြောင်းလဲမှုအစပိုင်းမှာ ရာဇဝတ်မှုတွေအလွန်ပေါ်များပြီး မူးယစ်ဆေးဝါး ဂိုဏ်းတွေက ထကြွသောင်းကျန်းခဲ့ကြပါတယ်။ တိုင်းပြည်ရဲ့စီးပွားရေးကလည်း နိမ့်ကျ၊ ပြည်သူ့ဝန်ထမ်း တွေကလည်း အကျင့်ပျက်ခြစားမှုတွေ အကြီးအကျယ်နဲ့ အလွန်ကျပ်တည်းဆိုးဝါး နေတဲ့အချိန်ကာလ ဖြစ်ခဲ့ဖူးပါတယ်။ အဲဒီအချိန်မှာ ရွှေ့ချင်းညှာပြည်နယ်ကလည်း တစ်မှောက်ဖြစ်ခဲ့ရပါတယ်။ အဲဒီကာလ မှာ ရုရှားနိုင်ငံကို အလည်ရောက်ရှိလာတဲ့ အမေရိကန်သမ္မတဟောင်း ရစ်ချက်နစ်ဆင်က တည်ငြိမ်မှုကို ဦးစားပေးလွန်းလို့ရှိရင်လည်း ဒီမိုကရေစီနဲ့လူ့အခွင့်အရေးအတွက် နှောင့်နှေးကြန့်ကြာတတ်ပါတယ်။ ပွင့်လင်းလွတ်လပ်မှုတွေကို ဦးစားပေးလွန်းလွန်းပြန်ရင်လည်း တိုင်းပြည်မတည်မငြိမ်ဖြစ်တတ်ပါတယ်။ သို့သော်လည်းပဲ တည်ငြိမ်မှုကိုအဓိကထားပြီး ဆောင်ရွက်သွားရင် တိုင်းပြည်ဟာဆုတ်ယုတ်တတ် ပါတယ်။ တည်ငြိမ်မှုအနည်းငယ်ပျက်ပြားခံပြီး ပွင့်လင်းလွတ်လပ်မှုနဲ့ စီမံဆောင်ရွက်သွားလို့ရှိရင် တိုင်းပြည်ရဲ့အနာဂတ် ဖွံ့ဖြိုးတိုးတက်မှုအပြောင်းအလဲ အသီးအပွင့်ရှိစေနိုင်တယ်လို့ အကြံပြုမှတ်ချက် ချတာကို တွေ့ဖူးပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်စေဖို့ တရားဥပဒေစိုးမိုးရေးက အဓိကကျပါတယ်။ နိုင်ငံသားများရဲ့မူလအခွင့်အရေးကို ကာကွယ်စောင့်ရှောက်နိုင်ဖို့ တရားဥပဒေစိုးမိုးရေးရှိမှ ဖြစ်ပါတယ်။ တရားဥပဒေစိုးမိုးရေးနဲ့ပတ်သက်ပြီး အရေးအပါဆုံးသောအဖွဲ့ဟာ အုပ်ချုပ်ရေးဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းများဖြစ်ပါတယ်လို့ ဆိုနိုင်ပါတယ်။ ဘာကြောင့်လဲဆိုတော့ နိုင်ငံသားတို့ရဲ့ နေ့စဉ်ဘဝဖြတ်သန်းမှုများ တည်ငြိမ်အေးချမ်းမှုရှိစေရန် အုပ်ချုပ်ရေးအာဏာပိုင်တို့က တာဝန်ယူ ဆောင်ရွက်ပေးနေရပါတယ်။ ဥပမာအားဖြင့် ရဲတပ်ဖွဲ့ဝင်များသည် တစ်နေ့အတွင်း ၂၄ နာရီအချိန်ပြည့် တာဝန်ထမ်းဆောင်ကြရပြီး လူဆိုးလူမိုက်များနှင့် တရားဥပဒေကိုချိုးဖောက်သူများအား စောင့်ကြည့် အရေးယူရန် လုပ်ငန်းတာဝန်ထမ်းဆောင်ရပါတယ်။ သို့သော်လည်းပဲ ကျွန်တော်တို့တိုင်းပြည်မှာ ရဲတပ်ဖွဲ့အင်အားက မလုံလောက်ပါဘူး။ မြို့ပြတွေမှာ ရာဇဝတ်မှုထူပြောများပြားခြင်းကို ဖြေရှင်းနိုင်ဖို့

ရဲတပ်ဖွဲ့အင်အားအလုံအလောက်ချထားဆောင်ရွက်ရမှာဖြစ်တဲ့အတွက် အမြန်ဆုံးအင်အားတိုးမြှင့်ဖို့ လိုအပ်နေပါတယ်။ အစိုးရကစီမံချက်ချပြီး ဆောင်ရွက်သင့်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အုပ်ချုပ်ရေးအာဏာပိုင်အဖွဲ့အစည်းများက ပြည်သူတို့ရဲ့လူနေမှုဘဝ လုံခြုံစေရန် မိမိတို့ရဲ့လုပ်ပိုင်ခွင့်များကို ကျင့်သုံးဆောင်ရွက်ရာမှာလည်း ဥပဒေနဲ့အညီဆောင်ရွက်မှ သာလျှင် တရားဥပဒေစိုးမိုးရေးရှိမှာဖြစ်ပါတယ်။ ပြည်သူများကလည်း ဥပဒေအရာမှာ တန်းတူအခွင့် အရေးရှိတာကို နားလည်လက်ခံပြီး ဥပဒေစည်းမျဉ်းစည်းကမ်း၊ ကျင့်ဝတ်များကို လေးစားလိုက်နာ စေဖို့အရေးကြီးလှပါတယ်။ ဒါ့ကြောင့် နိုင်ငံတော်အစိုးရမှ အသိပညာပေးလုပ်ငန်းများကို ကျယ်ကျယ် ပြန့်ပြန့်ဆောင်ရွက်တာတွေကိုလည်း တွေ့ရပါတယ်။ သို့သော်လည်း ရာဇဝတ်မှုများကိုကာကွယ် တားဆီးနိုင်ရန်အတွက် လုပ်ထုံးလုပ်နည်းများကိုစီမံချက်ချပြီး အထူးဦးစားပေးအဆင့်ဖြင့် အကြိမ်ကြိမ် လေ့ကျင့်သင်ကြားပေးနိုင်ပါမှ ထိရောက်အောင်မြင်လိမ့်မယ်လို့ ယူဆမိပါတယ်။ အဆိုရှင်ရဲ့အဆိုက ကျယ်ပြန့်ပါတယ်။ ရာဇဝတ်မှုများဖြစ်ပေါ်ကြခြင်းရဲ့ အကြောင်းရင်းတွေကို ရှာဖွေသုတေသနလုပ်ပြီး ဖြေရှင်းရပါမယ်။ အကျဉ်းအားဖြင့် ခြုံငုံပြောရရင်တော့ အမျိုးသားပြန်လည်သင့်မြတ်ရေး အခြေခံမူဝါဒ ပြည်တွင်းစစ်ချုပ်ငြိမ်းပြီး ထာဝရငြိမ်းချမ်းရေးမတည်ဆောက်နိုင်သရွေ့ တောမီး လောင်ရင် တောကြောင်တွေလက်ခမောင်းခတ်တတ်တဲ့ အန္တရာယ်၊ နိုင်ငံသားများရဲ့ စီးပွားရေးဘဝ ခက်ခဲတဲ့ပြဿနာ၊ မူးယစ်ဆေးဝါးရောင်းဝယ်ဖောက်မှုတွေ လျော့ကျမသွားသေးတာ၊ ပြည်သူလူထုရဲ့ အတွေ့အကြုံနဲ့ပညာရေးမကောင်းခဲ့တာတွေကြောင့် ရာဇဝတ်မှုတွေများပြားနေတာဖြစ်ပါတယ်။ ဒီနေရာမှာ ရာဇဝတ်မှုတွေများပြားရတဲ့အကြောင်းထဲမှာ ကျွန်တော်တို့ကြုံနေရတဲ့ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ အကြမ်းဖက်မှုတွေကို ဘယ်နည်းနဲ့ကာကွယ်ကြမှာလဲ။ ကျွန်တော်တို့ကိုယ်တိုင်က အကြမ်းဖက်မခံရအောင် တစ်နည်းအားဖြင့် ကျွန်တော့်တို့ဘာသာကျွန်တော်တို့စိတ်ကို ထိန်းသိမ်းခြင်း၊ အတ္တသမ္မာပဏီတိနဲ့ သည်းခံနိုင်စွမ်းအား Target ကိုမြှင့်တင်ထားဖို့ လိုအပ်လိမ့်မယ် လို့ပြောပါရစေ။ အတ္တသမာမဏီဒိဆိုတာ သဒ္ဓါမရှိလျှင် သဒ္ဓါရှိအောင်၊ သီလမရှိလျှင် သီလရှိအောင် မစ္ဆရိယစိတ် ဖြစ်နေရင် စွန့်လွှတ်ခြင်းစိတ်တွေဖြစ်နိုင်အောင် မကောင်းတဲ့စိတ်တွေကို ဖယ်ရှားပြီးတော့ ကောင်းတဲ့ စိတ်တွေကို ကိုယ်တိုင်ပြုစုစောင့်ရှောက်ခြင်းဖြစ်တယ်လို့ ဆိုပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ မြို့ပြများမှာ ရာဇဝတ်မှုများဖြစ်ပေါ်နေမှုကို ကာကွယ်တားဆီးနိုင်ရေး စီမံချက်ချဆောင်ရွက်တဲ့နေရာမှာ ကဏ္ဍတစ်ရပ်အနေနဲ့ လူသားများကိုလိမ္မာယဉ်ကျေးအောင် သွန်သင်ဆုံးမနေကြသော ဗုဒ္ဓသာသနာတော်ကြီးနှင့် အခြားဘာသာသနာများကို လိုအပ်သလိုချီးမြှင့်

ထောက်ပံ့ကူညီပေးခြင်းအားဖြင့်လည်း ရာဇဝတ်မှုကျဆင်းအောင် တစ်နည်းတစ်လမ်းဆောင်ရွက်နေတယ်လို့ တင်ပြပြောဆိုရင်းနဲ့နိဂုံးချုပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဘီးလင်းမဲဆန္ဒနယ်မှ ဦးတင်ကိုကိုဦး ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးတင်ကိုကိုဦး(ဘီးလင်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး၊ ကြွရောက်လာသော ပြည်ထောင်စုဝန်ကြီးနှင့်အားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်ပါတယ်။ ကျွန်တော်ကတော့ မွန်ပြည်နယ်၊ ဘီးလင်းမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်ကိုကိုဦး ဖြစ်ပြီးတော့ ဝေါမဲဆန္ဒနယ်က ဦးတင်ထွေး၊ ဝေါမဲဆန္ဒနယ်ကတင်သွင်းတဲ့ မြို့ပြများတွင် တရားဥပဒေစိုးမိုးပြီး ပြည်သူလူထု၏ လူနေမှုဘဝလုံခြုံမှုရှိစေရန် ရာဇဝတ်မှုများ ဖြစ်ပေါ်နေမှုများကို ကာကွယ်တားဆီးနိုင်ရန်အတွက် ဦးစားပေးအဆင့်ဖြင့် ဆောင်ရွက်ပေးနိုင်ပါရန် နိုင်ငံတော်အစိုးရသို့ တိုက်တွန်းကြောင်းအဆိုကို ထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ဟာ မြို့ပြလို့ဆိုလိုက်တာနဲ့ စက်ရုံ၊ အလုပ်ရုံတွေ၊ မြင့်မားတဲ့အဆောက်အဦတွေနဲ့ လမ်းမကြီးပေါ်မှာ ပျားပန်းခတ်မျှလှုပ်ရှားသွားလာနေကြတဲ့ ကားတွေ၊ အသက်အရွယ်မျိုးစုံ၊ အရောင်အသွေးမျိုးစုံနဲ့လှုပ်ရှားသွားလာနေကြတဲ့ လူနေမှုထူထပ်မှုကြီးကိုလည်း သတိထားမိတတ်ကြတာဖြစ်ပါတယ်။ မြို့ပြရဲ့ထူးခြားမှုကတော့ အနေနီးခြင်းထက် လုပ်ငန်း၊ သင်တန်းကျောင်းစသဖြင့် ဆက်စပ်မှုအပေါ်မူတည်ပြီးတော့ ရင်းနှီးခင်မင်ကြတာဖြစ်ပါတယ်။ လူနေထူထပ်မှုကိုကြည့်ရင်လည်း ဒေသခံစက်ရုံမှာအလုပ်လုပ်ဖို့ရောက်လာသူ၊ ပညာသင်ဖို့တက်လာတဲ့သူတွေ၊ ခေတ္တခဏအလည်လာသူတွေဆိုပြီးတော့ အမျိုးစုံလင်လှပါတယ်။ အနေနီးလို့ပဲခင်ခင်၊ လုပ်ငန်းချင်းတူလို့ပဲခင်ခင် အဆင်ပြေပေမဲ့ အနေနီးသူတွေမှာ အချင်းချင်း မခင်မင်မရင်းနှီးကြရင်တော့ ရာဇဝတ်မှုတွေကျူးကျော်သူတွေအတွက် ပိုပြီးတော့အခွင့်အလမ်း ဖြစ်စေပါတယ်။ ပြောရမယ်ဆိုရင် ရာဇဝတ်နှိမ်နင်းတဲ့လုပ်ငန်းတွေမှာ ပြည်သူလူထုပူးပေါင်းပါဝင်မှုရရှိဖို့ အားနည်းတာကိုဆိုလိုခြင်းဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီနေရာမှာ အဆိုရှင်က ရာဇဝတ်မှုဖြစ်ပေါ်နေမှုတွေကို ကာကွယ်တားဆီးနှိမ်နင်းနိုင်ရန်အတွက် ဦးစားပေးဖို့တိုက်တွန်းထားတာဖြစ်ပါတယ်။ မှန်ပါတယ်။ ကြိုတင်ကာကွယ်ခြင်းဟာ ကုသခြင်းထက်ပိုကောင်းပါတယ်။ ကာကွယ်တားဆီးမှုပြုမယ်ဆိုရင်တော့ ဝန်ထမ်းအင်အား၊ ငွေအင်အားနဲ့ ပြည်သူလူထုပူးပေါင်းပါဝင်မှု၊ ဥပဒေတွေအားကောင်းဖို့လိုပါမယ်။ မြန်မာနိုင်ငံ

ရဲတပ်ဖွဲ့ရဲ့ဖွဲ့စည်းပုံဟာ နိုင်ငံသားအရေအတွက်နဲ့ယှဉ်မယ်ဆိုရင် အင်မတန်နည်းပါတယ်။ ဒါဆို ရဲတပ်ဖွဲ့ကို အရေအတွက်တိုးချဲ့မှာလား၊ အရည်အသွေးမြှင့်မှာလား စဉ်းစားဖို့လိုပါမယ်။ အရည် အသွေးမြှင့်မယ်ဆို ဘတ်ဂျက်တစ်ခုကိုစဉ်းစားလို့ရပေမဲ့ အရေအတွက်တိုးချဲ့မယ်ဆိုရင်တော့ ဘတ်ဂျက်အပြင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ကို လူငယ်တွေ ဘယ်လောက်စိတ်ဝင်စားကြသလဲဆိုတာနဲ့ လိုအပ်တဲ့အရည်အသွေးရနိုင်ပါ့မလားဆိုတာ မေ့ထားလို့မရတဲ့အချက်တစ်ချက်ပါ။ ပြည်သူတွေ၊ လူငယ်တွေရဲ့ မြန်မာနိုင်ငံရဲတပ်ဖွဲ့အပေါ် ယုံကြည်အားကိုးလောက်တဲ့ အဖွဲ့အစည်းအဖြစ် မြင်နေ ကြပြီလား။ မတတ်နိုင်လွန်းလို့ ပတ်သက်ရတဲ့အဖွဲ့အစည်းအဖြစ်နဲ့ မြင်နေကြတာလားဆိုတာကို ဆန်းစစ်ကြည့်ဖို့လိုပါတယ်။ မတတ်သာလို့မှ ရဲထဲဝင်ရတဲ့သဘောဖြစ်နေပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ မိမိကိုယ်တိုင်ပဲဖြစ်ဖြစ်၊ မိမိရဲ့သားသမီး၊ ညီ/ညီမတွေကိုပဲ ဖြစ်ဖြစ် ဘယ်လိုအဖွဲ့အစည်းမျိုးမှာ အလုပ်လုပ်စေချင်ကြပါသလဲ။ လူရိုသေရှင်ရိုသေတဲ့ အဖွဲ့ အစည်းတွေမှာ အလုပ်လုပ်စေချင်ကြပါတယ်။ လူရိုသေရှင်ရိုသေမဟုတ်ရင်တောင်မှပဲ သင့်တင့်တဲ့ အဖွဲ့အစည်းတစ်ခုခုမှာ အလုပ်လုပ်စေချင်ကြတာပါ။ ဥပမာပြောရမယ်ဆိုရင်တော့ ၁၀ တန်း ဒါမှ မဟုတ် ဘွဲ့ရတဲ့သူငယ်ချင်းနှစ်ယောက်မှာ တစ်ယောက်ကပညာရေးလောကထဲကို ရောက်ပြီးတော့ ကျောင်းဆရာအဖြစ်ဝင်ပြီး နောက်တစ်ယောက်ကတော့ ရဲထဲဝင်တယ်ဆိုရင် သင်တန်းဆင်းတာနဲ့ ကျောင်းဆရာလေးကတော့ တစ်ခါတည်းမှာ လူရိုသေရှင်ရိုသေဖြစ်ပြီးတော့ အာစရိယဂုဏော အနန္တောဆိုတဲ့ ဆရာသမားဂုဏ်နဲ့ရပ်တည်နိုင်ပြီးတော့ ရဲတပ်သား သို့မဟုတ် ဒုရဲအုပ်တစ်ယောက် ကိုတော့ ဘယ်လိုသဘောထားကြပါသလဲဆိုတဲ့အခြေအနေကိုလည်း ဆန်းစစ်ဖို့လိုပါတယ်။ အလုပ် ဟူသမျှ ဂုဏ်ရှိစွဆိုတာကို ကျွန်တော်တို့လက်ခံကြရဲ့လားဆိုတာလဲ မိမိကိုယ်မိမိ ပြန်သုံးသပ်ဖို့ လိုပါတယ်။ အဖွဲ့အစည်း၊ အလုပ်အမျိုးအစားပေါ်မူတည်ပြီးတော့ လူငယ်တစ်ယောက်ကို မသုံး သပ်ဘဲ မဆုံးဖြတ်သင့်ပါဘူး။ လုပ်ငန်းထက် လူငယ်တစ်ယောက်ရဲ့ မိမိလုပ်တဲ့အလုပ်အပေါ်မှာ စေတနာထားနိုင်မှုကသာ ပဓာနကျတာဖြစ်ပါတယ်။ ဒါက လုပ်ငန်းရွေးချယ်မှုကိုပြောတာ ဖြစ်ပါ တယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ လုပ်ငန်းရွေးချယ်ပြီးတဲ့နောက်မှာ ရဲတပ်ဖွဲ့ဝင်တစ်ယောက်အနေနဲ့ သူ့ရဲ့ ရာထူးတက်လမ်းအခွင့်အရေးကလည်း အဓိကကျပြန်ပါတယ်။ မြန်မာနိုင်ငံရဲ့ရဲတပ်ဖွဲ့သန္ဓေ တစ်ယောက်အနေနဲ့ အသက်အရွယ်၊ လုပ်သက်ပေါ်မူတည်ပြီးတော့ ဘယ်လောက်အထိ ရာထူး တက်နိုင်သလဲ။ ဒါက ရဲတပ်ဖွဲ့ဝင် သန္ဓေတွေရဲ့ တွေ့တဲ့အခါတိုင်း ရင်ဖွင့်တတ်ကြတာပါ။ ဝန်ထမ်း

ထိပ်ပိုင်းရာထူးတွေက သူတို့နဲ့အလှမ်းကွာဝေးလွန်းနေပြီး အသွင်ပြောင်းသူတွေကသာ ရာထူးကြီးကြီးမားမားတွေကိုယူသွားတော့ မိမိတို့လုပ်ငန်းအပေါ် မျှော်လင့်ချက်နည်းစွာနဲ့ လုပ်နေရတဲ့ သဘောဖြစ်နေပါတယ်။ ဝန်ထမ်းတစ်ယောက်ရဲ့မျှော်လင့်ချက်ဟာ ရာထူးတိုးဖို့ပါ။ လုပ်ငန်းသဘာဝ ချင်းမတူတဲ့ ဦးဆောင်သူတွေရဲ့အမြင်သဘောထားက မတူကွဲပြားတတ်တာသဘာဝပါ။ ဒီအခါ ဒီလို လုပ်ငန်းတွေကို ဘယ်လောက်အကောင်းဆုံးအကောင်အထည်ဖော်နိုင်မလဲဆိုတာကလည်း စဉ်းစား စရာပါ။ ရဲတပ်ဖွဲ့ဝင်တွေဟာ ဒီလို ဦးစီးဌာန၊ အဖွဲ့အစည်းကိုရွေးတာကအစ ရာထူးတိုးတာအဆုံး အဆင်မပြေမှုတွေနဲ့ လုပ်ငန်းအောင်မြင်အောင်လုပ်ကြရင်းနဲ့ အမြဲထိတွေ့ဆက်ဆံနေရတာကတော့ ငွေရလွယ်တဲ့လောင်းကစား၊ မူးယစ်ဆေးဝါး၊ မှောင်ခိုနဲ့ ခိုးဆိုးနှိုက်သူတွေနဲ့ဆက်ဆံရပြန်ပါတယ်။ လက်ရှိအခြေအနေမှာ ဆေးပြားအနည်းငယ်မိလို့ ထောင်နန်းစံကြတဲ့သူတွေရှိသလို ခြံဝင်းထဲ ရောက်နေတဲ့ ကားတစ်စီးလုံးဆေးပြားတွေပြည့်နေတာတောင် ပိုင်ရှင်မဲ့ဖြစ်တတ်ကြပြန်ပါတယ်။ လူကြားထဲ လုံခြုံရေးကောင်းတဲ့နေရာတွေမှာ လူသတ်ရင်လွတ်ပေမဲ့ မသင်္ကာလို့အတိုင်ခံပြီး စစ်ဆေးရင်း သေသွားတာ၊ ထောင်ကျသွားတွေကလည်း ရှိနေတတ်ပြန်ပါတယ်။ ဒါကလည်း စိန်ခေါ်မှုတစ်ခုပါ။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဒါကြောင့် တရားဥပဒေစိုးမိုးရေးအတွက် ကာကွယ်တားဆီးဖို့အရင်းအမြစ် ဟာ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဖြစ်ပါတယ်။ မြန်မာနိုင်ငံရဲတပ်ဖွဲ့အတွင်း ရာထူးဆိုတဲ့မျှော်လင့်ချက် ရောင်ခြည်က အခြားအဖွဲ့အစည်းတွေလိုပဲ တောက်ပလေ ဝန်ထမ်းတွေကို ရိုးသားကြိုးစားကြဖို့ စည်းရုံးရေးဖြစ်လေပါ။ မဟုတ်ရင်တော့ လုပ်သက်အရပေးတဲ့ရာထူးကိုပဲရမယ်ဆိုရင်တော့ မလုပ် မရှုပ်၊ မပြုတ်တဲ့ နှစ်တွေကြာ အရည်အသွေးနည်းပါးမှုတွေသာ ဖြစ်နေမှာဖြစ်ပါတယ်။ ဒါကြောင့် တရားဥပဒေစိုးမိုးရေးအတွက် ကာကွယ်တားဆီးမယ်ဆိုရင် စီမံချက်ဘယ်လောက်ကောင်းကောင်း အကောင်အထည်ဖော်နိုင်ဖို့အတွက် စဉ်းစားဖို့အများကြီးလိုပါတယ်လို့ ဆွေးနွေးရင်းနဲ့ အဆိုကို ထောက်ခံဆွေးနွေးအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးထင်ဇော်လွင် ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဗိုလ်မှူးထင်ဇော်လွင်(တပ်မတော်သားကိုယ်စားလှယ်)**။ ။ အားလုံးမင်္ဂလာပါ။ ကျွန်တော် ကတော့ ဗိုလ်မှူးထင်ဇော်လွင်ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဝေါမဲဆန္ဒနယ်မှ ဦးတင်ထွေး တင်သွင်းတဲ့အဆိုကို အကြံပြုဆွေးနွေးသွားမှာဖြစ်ပါတယ်။ Power Point နဲ့တင်ပြခွင့်ပြုပါ။ ဥက္ကဋ္ဌ ခင်ဗျား။ တရားဥပဒေစိုးမိုးရေးဆိုတာ ဒီမိုကရေစီရဲ့အခြေခံအုတ်မြစ်ဖြစ်ပါတယ်။ တရားဥပဒေ

စိုးမိုးရေးအားနည်းခြင်းဟာ ဒီမိုကရေစီအားနည်းခြင်းလို့ ဆိုနိုင်ပါတယ်။ တရားဥပဒေစိုးမိုးရေး အတွက် လိုအပ်တဲ့အခြေခံအချက်များရှိပါတယ်။ အဲဒါတွေကတော့ Accountability၊ Judge Law၊ Open Government ၊ Assessment and Imperial ၊ Disabuse ၊ Resolution တို့ ဖြစ်ပါ တယ်။ ဒါကြောင့် တရားဥပဒေစိုးမိုးမှုရှိဖို့ဆိုရင် ဥပဒေလိုက်နာရုံနဲ့မကဘဲ အခြားလိုအပ်ချက်များကို လည်း လိုက်နာအကောင်အထည်ဖော်ကြဖို့ လိုမှာဖြစ်ပါတယ်။ တရားဥပဒေစိုးမိုးရေးဟာ ပြည်သူ လူထုရဲ့ လူနေမှုဘဝလုံခြုံမှုရှိစေဖို့အတွက် ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေး မဏ္ဍိုင် သုံးရပ်အပါအဝင် နိုင်ငံတော်ရဲ့ကဏ္ဍအားလုံးသည်လည်း ဆက်စပ်ပတ်သက်နေပါတယ်။ တရား ဥပဒေစိုးမိုးရေးဆိုတာ ဌာနတစ်ခုတည်း၊ အဖွဲ့အစည်းတစ်ခုတည်းမှာပဲရှိလို့မရနိုင်ပါဘူး။ နိုင်ငံတော် ရဲ့ကဏ္ဍအားလုံးလည်း တစ်ပြေးညီတရားဥပဒေစိုးမိုးရေးမှုရှိရန် လိုအပ်မှာဖြစ်ပါတယ်။ ဒါမှသာ နိုင်ငံတစ်ဝန်း ဥပဒေစိုးမိုးမှုရရှိလာနိုင်မှာဖြစ်ပါတယ်။ ဒီမိုကရေစီစနစ်ခိုင်မာအားကောင်းရေးမှာ တရားဥပဒေစိုးမိုးရေးဟာ အဓိကကဏ္ဍတစ်ရပ်အဖြစ် ပါဝင်လျက်ရှိပါတယ်။ တရားဥပဒေစိုးမိုးရေး ကို ပိုမိုအားကောင်းစေခြင်းအားဖြင့် ပြည်သူလူထုရဲ့အခွင့်အရေးတွေကို ပိုမိုကာကွယ်မှုပြုနိုင်သလို အာဏာရရှိသူများရဲ့ အာဏာအလွဲသုံးစားပြုမှုတွေကိုလည်း ကန့်သတ်ပေးနိုင်မှာဖြစ်ပါတယ်။ ဒီလို အရေးပါနေတဲ့ ကျွန်တော်တို့နိုင်ငံရဲ့ တရားဥပဒေစိုးမိုးမှုအခြေအနေကို ဖော်ပြလိုပါတယ်။

ဥက္ကဋ္ဌခင်ဗျား။ မြန်မာနိုင်ငံရဲ့ တရားဥပဒေစိုးမိုးမှုအညွှန်းကိန်းဟာ ၂၀၁၇-၂၀၁၈ WJP Rule of Law Index အရ နိုင်ငံပေါင်း ၁၁၃ နိုင်ငံမှာ အဆင့်(၁၀၀) ရှိနေပါတယ်။ ၂၀၁၉ ခုနှစ် အညွှန်း ကိန်းမှာတော့ အဆင့်(၁၁၀)အထိ ကျဆင်းသွားပါတယ်။ ဒေသတွင်းနိုင်ငံများစာရင်းမှာတော့ မြန်မာ နိုင်ငံရဲ့အဆင့်ကတော့ နိုင်ငံပေါင်း ၁၅ နိုင်ငံမှာ အဆင့်(၁၄)မှာရှိနေပါတယ်။ တရားဥပဒေစိုးမိုးရေး ကို တိုင်းတာတဲ့အချက်များထဲမှာ အားအနည်းဆုံးအဖြစ် Fundamental Right ကို တွေ့ရပြီး ဒုတိယအားနည်းချက်အနေနဲ့ Civil Justice၊ Criminal Justice ၊ Open Government တို့ ဖြစ်ပါ တယ်။ တတိယအနေနဲ့ Concentrate on Government Power နဲ့ Regulatory Enforcement တို့ကို တွေ့ရပါတယ်။ လက်တွေ့အခြေအနေမှာလည်း ပြည်သူများဟာ တရားဥပဒေ စိုးမိုးမှုအပေါ် ယုံကြည်မှုလျော့နည်းနေဆဲဖြစ်ပါတယ်။ ဥပဒေရဲ့အကာအကွယ်ကို ရရှိစေဖို့ဆိုရင် ယနေ့ပြည်သူတစ်ယောက်အနေနဲ့ မျှော်မှန်းဖို့ခက်ခဲနေဆဲရှိနေပါသေးတယ်။ တရားဥပဒေစိုးမိုးရေး မဟာဗျူဟာတွေ၊ စီမံချက်တွေချမှတ်ပြောင်းလဲနေပေမဲ့ တည်ဆဲဥပဒေတွေ လက်တွေ့အာဏာ သက်ရောက်ဖို့၊ အကောင်အထည်ဖော်ဖို့ လိုအပ်နေဆဲဖြစ်ပါတယ်။ ဥပဒေကို လေးစားလိုက်နာတဲ့

နိုင်ငံသားများဖြစ်လာစေဖို့ဆိုရင် တည်ဆဲဥပဒေတွေကို ကိုင်တွယ်ကျင့်သုံးနေတဲ့ လူပုဂ္ဂိုလ်တွေ၊ တရားစီရင်ရေးအဖွဲ့အစည်းတွေကိုယ်တိုင်က ဥပဒေကို လေးစားလိုက်နာကြတဲ့သူများဖြစ်ဖို့ ဦးစွာလိုအပ်မှာဖြစ်ပါတယ်။ ဥပဒေကိုကိုင်တွယ်ကျင့်သုံးနေသူများကိုယ်တိုင်က ဥပဒေကိုလိုက်နာဖို့ လိုအပ်နေသေးသရွေ့ မြန်မာနိုင်ငံရဲ့တရားဥပဒေစိုးမိုးရေးဆိုတာ ဆောင်းတွင်းအိပ်မက်ပမာပဲ ဖြစ်နေပါလိမ့်မယ်။ ဒါကြောင့် ဥပဒေပြုသူများ၊ ဥပဒေကိုကိုင်တွယ်ကျင့်သုံးသူများ၊ တရားစီရင်သူများကိုယ်တိုင်က ဥပဒေကိုလေးစားကြမယ်။ လိုက်နာကြမယ်။ ဥပဒေနဲ့အညီ တရားစီရင်ကြမယ်ဆိုရင် ပြည်သူလူထုကလည်း ဥပဒေအောက်ရောက်လာမှာ သေချာပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ထပ်မံဆွေးနွေးလိုတဲ့အချက်ကတော့ မှုခင်းဖြစ်ပွားမှုအခြေအနေပဲ ဖြစ်ပါတယ်။ ယခုအခါမှာ နိုင်ငံအတွင်း မှုခင်းဖြစ်ပွားမှု တစ်နေ့တခြားများပြားလာတာကို တွေ့ရပါတယ်။ နှစ်အလိုက်မှုခင်းဖြစ်ပွားမှုအခြေအနေကို လေ့လာကြည့်တဲ့အခါ အမှုကြီး ၁၀ မျိုးတွင် ၂၀၁၄ ခုနှစ်မှာ ၂၃၆၂ မှု၊ ၂၀၁၅ ခုနှစ်မှာ ၂၂၉၇ မှု၊ ၂၀၁၆ ခုနှစ်မှာ ၂၈၄၃ မှု၊ ၂၀၁၇ ခုနှစ်မှာ ၃၃၅၃ မှုနဲ့ ၂၀၁၈ ခုနှစ်မှာ ၃၅၄၉ မှုတွေ့ရပါတယ်။ တစ်နေ့တခြားများပြားလာတဲ့ ဒုစရိုက်ကျူးလွန်မှုများဟာ ပြည်သူများရဲ့စိတ်ပိုင်းဆိုင်ရာလုံခြုံမှု၊ ရုပ်ပိုင်းဆိုင်ရာလုံခြုံမှုတွေကို ခြိမ်းခြောက်နေပါတယ်။ မှုခင်းဖြစ်ပွားရခြင်းကို ကိုင်တွယ်ဖြေရှင်းဖို့၊ ကြိုတင်ကာကွယ်ဖို့၊ ထိန်းသိမ်းဖို့ဆိုရင် မှုခင်းဖြစ်ပွားရတဲ့ အရင်းခံအကြောင်းတရားများကို ဆန်းစစ်ကြည့်ရမှာဖြစ်ပါတယ်။ ဒီအားနည်းချက်အကြောင်းတရားများကတော့ စဉ်းစားတွေးခေါ်မှုအားနည်းခြင်း၊ ပညာရေးစနစ်အားနည်းခြင်းအကျိုးဆက်၊ ဘာသာရေးအဆုံးအမလိုက်နာမှုအားနည်းလာခြင်း၊ လူမှုကွန်ရက်များလွှမ်းမိုးနေခြင်း၊ ဥပဒေများလိုက်နာမှု၊ သိရှိမှုအားနည်းခြင်း၊ ဥပဒေကိုထိန်းသိမ်းသူများအားနည်းခြင်း၊ အုပ်ချုပ်ရေးယန္တရားလျော့နည်းခြင်း၊ စီးပွားရေးကျပ်တည်းလာခြင်း၊ မိဘ သို့မဟုတ် အုပ်ထိန်းသူများကိုယ်တိုင်က သွန်သင်ဆုံးမမှုအားနည်းခြင်းနှင့် လူမှုပတ်ဝန်းကျင်တစ်ခုလုံးက ကျင့်ဝတ်ဖောက်ဖျက်မှုများကို ပြုပြင်ပေးရန်အားနည်းခြင်းတို့ဖြစ်ပါတယ်။ ဖော်ပြပါအားနည်းချက်များရဲ့ အခြေခံဇစ်မြစ်ကိုမပြင်သရွေ့ ဦးနင်းပဲ့ထောင်၊ ပဲ့နင်းဦးထောင်ဖြစ်နေပါလိမ့်မယ်။ ဒီအခြေခံအကြောင်းတရားတွေ ကာလကြာရှည်နေသရွေ့ ယနေ့ဖြစ်ပွားနေတဲ့ အံ့သြဖွယ်ဒုစရိုက်မှုတွေ၊ ကိုယ်ကျင့်တရားပျက်ယွင်းမှုတွေဟာလည်း သက်ဆိုးရှည်နေဦးမှာဖြစ်ပါတယ်။ တရားဥပဒေစိုးမိုးရေးမှာလည်း ကြိုတင်ကာကွယ်ခြင်းစနစ်ရှိပြီးဖြစ်ပါတယ်။ ဖြစ်စဉ်ဖြစ်မှအရေးယူအပြစ်ပေးတာထက် ဖြစ်စဉ်များမဖြစ်ပွားအောင် ကြိုတင်ကာကွယ်ထားကြမယ်ဆိုရင် ပြည်သူများဘဝအေးချမ်းလုံခြုံကြမှာဖြစ်ပါတယ်။ ဥပဒေရှိပါလျက်

ဥပဒေမစိုးမိုးခြင်းအကြောင်းအရင်းများကို ရှာဖွေကြရမှာဖြစ်ပါတယ်။ ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးတို့ရှိနေပါလျက် အပြန်အလှန်ထိန်းကျောင်းမှုများစွာအားနည်းနေကြောင်း ထောက်ပြလိုပါတယ်။ တရားဥပဒေစိုးမိုးရေးကသက်သက်၊ အုပ်ချုပ်ရေးကသက်သက်၊ တရားစီရင်ရေးကသက်သက်၊ ပြည်သူကသက်သက်ရပ်တည်လို့မရပါဘူး။ ပြည်သူ့အကျိုးစီးပွားအတွက် အားလုံးလက်တွဲဆောင်ရွက်ကြရမှာဖြစ်ပါတယ်ခင်ဗျား။ လက်ရှိကြုံတည်းနေတဲ့ စီးပွားရေး၊ နေ့စဉ်ဘဝကိုခြိမ်းခြောက်လာတဲ့ ဒုစရိုက်မှု၊ နေရာမရွေးဝယ်လို့ရလာတဲ့ မူးယစ်ဆေးဝါး၊ လွှမ်းမိုးလာတဲ့လူမှုကွန်ရက်တွေ ပေါင်းစုံစဉ်းစားမယ်ဆိုရင် ဥပဒေလုံခြုံရေးမျှော်မှန်းချက်တွေ ခက်ခဲနေမယ်လို့ဆိုလိုပါတယ်။

နိဂုံးချုပ်အနေနဲ့ တရားဥပဒေစိုးမိုးမှုရှိလာဖို့ ပြည်သူများရဲ့လူမှုဘဝလုံခြုံဖို့၊ ရာဇဝတ်မှုများကာကွယ်ထိန်းသိမ်းဖို့ဆိုရင် တရားဥပဒေစိုးမိုးမှုအတွက် လိုအပ်တဲ့အခြေခံအကြောင်းတရားတွေ၊ ရာဇဝတ်မှုဖြစ်ပွားစေတဲ့ အခြေခံအကြောင်းတရားတွေကို ဦးစွာဖြေရှင်းဆောင်ရွက်နိုင်မှသာ ရေရှည်ခိုင်မာတဲ့ဥပဒေစိုးမိုးရေးအခြေအနေကို ရရှိနိုင်မှာဖြစ်သလို ပြည်သူများ ယနေ့ရင်ဆိုင်နေရတဲ့ လူမှုဘဝစိန်ခေါ်မှုများကိုလည်း ဖြေရှင်းနိုင်မည်ဖြစ်ပါကြောင်း အကြံပြုဆွေးနွေးအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးမိုးဦးကျော် ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဗိုလ်မှူးမိုးဦးကျော် (တပ်မတော်သားကိုယ်စားလှယ်)**။ ။ မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးမိုးဦးကျော် ဖြစ်ပါတယ်။ ဝေါမဲဆန္ဒနယ်က ဦးတင်ထွေးရဲ့အဆိုကို အကြံပြုဆွေးနွေးသွားမှာဖြစ်ပြီး Power Point သုံးစွဲခွင့်ပြုဖို့ ခွင့်တောင်းခံအပ်ပါတယ်ခင်ဗျား။ ဥက္ကဋ္ဌကြီးခင်ဗျား။ တရားဥပဒေစိုးမိုးမှုဆိုရာမှာ နိုင်ငံအတွင်းနေထိုင်ကြတဲ့ နိုင်ငံသားတိုင်းဟာ မိမိအကျိုးစီးပွားအတွက် အများပြည်သူကို မထိခိုက်စေဘဲ ဥပဒေနှင့်အညီ လွတ်လပ်လုံခြုံစွာ ရှာဖွေလုပ်ကိုင်စားသောက်နိုင်ခြင်းလို့ အဓိပ္ပာယ်ရပါတယ်။ တရားဥပဒေစိုးမိုးဖို့ဆိုရင် အစိုးရအဖွဲ့တစ်ခု၊ ဝန်ကြီးဌာနတစ်ခုသာမက နိုင်ငံသားအားလုံးနှင့်သက်ဆိုင်တယ်လို့ ယုံကြည်ပါတယ်။ တရားဥပဒေစိုးမိုးမှုအားကောင်းရင် မှုခင်း၊ ရာဇဝတ်မှုများ ကျဆင်းမှာဖြစ်တဲ့အတွက် တရားဥပဒေစိုးမိုးရေးနှင့် ရာဇဝတ်မှုကျဆင်းရေးဟာ ပြောင်းပြန်အချိုးကျနေတာကို တွေ့ရှိရမှာဖြစ်ပါတယ်။ တရားဥပဒေစိုးမိုးမှုလုပ်ငန်းဟာ အလျဉ်းသင့်သလို ဆောင်ရွက်ရတဲ့လုပ်ငန်းမျိုး

မဟုတ်ဘဲ စီမံကိန်းချမှတ်ပြီး ရေတိုရေရှည်ဆောင်ရွက်ရတဲ့သဘောတရားရှိတဲ့အပြင် ပြီးဆုံးတယ်မရှိဘူးလို့ မှတ်သားမိပါတယ်။ အဆိုရှင်ဟာ ရာဇဝတ်မှုများလျော့နည်းကျဆင်းပြီး ပြည်သူများလုံခြုံစိတ်ချစွာ နေထိုင်နိုင်ရေးအတွက် ယခုအဆိုကို တင်သွင်းတယ်လို့ ယုံကြည်ပါတယ်။ ရာဇဝတ်မှုများပေါများလာခြင်းဟာ ရဲတပ်ဖွဲ့ဝင်များအင်အားနည်းပါးခြင်းကြောင့်လို့ တထစ်ချဆိုလို့မရပေမဲ့ ငြင်းပယ်လို့မရတဲ့အချက်လည်း ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အလုပ်အကိုင်အခွင့်အလမ်းနည်းပါးတဲ့ ဒေသနေပြည်သူများဟာ အလုပ်အကိုင်အခွင့်အလမ်းပေါများတဲ့ မြို့ပြများသို့ ပြောင်းရွှေ့မှုများကြောင့် ရန်ကုန်မြို့အပါအဝင် မြို့ကြီးများမှာ လူနေထူထပ်လာပြီး လူဦးရေဟာလည်း အဆမတန်တိုးပွားလာပါတယ်။ တိုးပွားလာတဲ့လူဦးရေနှင့်အညီ လူမှုရေးပြဿနာ၊ ကျူးကျော်တဲ့ပြဿနာ၊ အုပ်စုဖွဲ့အနိုင်ကျင့်တဲ့ပြဿနာ၊ ရရာအလုပ်အကိုင်ရှာဖွေလုပ်ကိုင်ရာကနေပြီး ပြစ်မှုတွေရောက်ဖို့ ဦးတည်လာတာ ဖြစ်ပါတယ်။ ထို့အတူဝင်ငွေချို့တဲ့တဲ့ မိသားစုများဟာ ပညာကိုဆက်လက်မသင်ကြားနိုင်ဘဲ ရရာအလုပ်များလုပ်ကိုင်ရင်းငွေရဖို့သတ်သတ် ဦးတည်လာပြီး နိမ့်ပါးသောအတွေးအခေါ်များကြောင့် ဒုစရိုက်လုပ်ငန်းများအတွင်းမွေ့လျော်လာကြပါတယ်။ လူ့အသုံးအဆောင်ပစ္စည်းများ ခေတ်မီလာတာနှင့်အမျှ အခြားတစ်ဖက်မှာလည်း လိုအပ်ချက်များလာကာ ငွေရဖို့အတွက် ငွေရလွယ်သော တရားနည်းလမ်းမကျသည့် အလုပ်များကို လုပ်ကိုင်လာပါတယ်။ ယင်းအခြေအနေဟာ ရာဇဝတ်မှုများရဲ့အစဖြစ်ပြီး တရားဥပဒေစိုးမိုးရေးကို စိန်ခေါ်မှုဖြစ်လာပါတယ်။ ထို့အပြင် ပတ်ဝန်းကျင်က တွန်းပို့မှုကြောင့် ဖြစ်ပေါ်တတ်တဲ့ပြဿနာဖြစ်သည့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနှင့် ဘာသာရေးပြဿနာများဟာ လူနေထူထပ်တဲ့အတွက် ပျံ့နှံ့ရန်လွယ်ကူပြီး ထိန်းသိမ်းရန်ခက်ခဲသော သဘောရှိပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ လွှတ်တော်များအနေနဲ့ ပြဋ္ဌာန်းလိုက်သော ဥပဒေများဟာ လက်တွေ့အားဖြင့်ထိရောက်ဖို့ လိုအပ်ပါတယ်။ နိုင်ငံတော်လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် အထောက်အကူပြုစေမည့်ဥပဒေများကို ပယ်ဖျက်မိပါကလည်း ပြည်သူများ ဆုံးရှုံးခံစားရမှာဖြစ်ပါတယ်။ ဥပမာအားဖြင့် ၂၀၁၂ ခုနှစ်က ပြဋ္ဌာန်းခဲ့သော ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု၊ အုပ်ချုပ်ရေးဥပဒေပုဒ်မ ၁၃ ပုဒ်မခွဲ(ဆ)ကို ၂၀၁၆ ခုနှစ် ပြည်ထောင်စုလွှတ်တော်ဆိုင်ရာဥပဒေအမှတ်(၄၁) နှင့် ပယ်ဖျက်ခဲ့တဲ့အတွက် ယခုအခါ တရားမဝင်ဝင်ရောက်လာသူဘင်္ဂါလီများကို ညအိပ်ညနေ ရှောင်တခင်ဝင်ရောက်စစ်ဆေးရန် ခက်ခဲခြင်းတို့ပေါ်ပေါက်နိုင်ရာ ကာကွယ်တားဆီးနိုင်ရန်အတွက် ထိုပြဋ္ဌာန်းချက်များကိုပြန်လည်သုံးသပ်ရန်လိုအပ်မှာ ဖြစ်ပါတယ်။ လွှတ်တော်များအနေနဲ့ အခြေအနေနှင့်အချိန်အခါကို

လိုက်ပြီး မိမိနိုင်ငံနှင့်အံဝင်ခွင်ကျဖြစ်မယ့် ဥပဒေများအား အသစ်ပြဋ္ဌာန်းခြင်း၊ ဖြည့်စွက်ခြင်း၊ ပယ်ဖျက်ခြင်းစတဲ့ ဥပဒေဆိုင်ရာကိစ္စရပ်များ ဆောင်ရွက်ပေးရမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ တရားစီရင်ရေးအဖွဲ့အစည်းများအနေဖြင့် ရာဇဝတ်မှုကျူးလွန်မှုများကို ဥပဒေနှင့်အညီ အရေးယူရန်လိုအပ်သလို ပြစ်မှုနှင့်မျှတသော ပြစ်ဒဏ်များချမှတ်ပေးရန်လည်း အထူးလိုအပ်ပါတယ်။ ထိုသို့ ထိရောက်သောပြစ်ဒဏ်ချမှတ်ပေးခြင်းဖြင့် ပြစ်မှုကျူးလွန်သူများကို လျော့နည်းကျဆင်းမှာဖြစ်ပြီး ပြည်သူများအနေဖြင့် တရားစီရင်ရေးယန္တရားအပေါ် ယုံကြည်မှုရှိလာပြီး ဥပဒေကိုလေးစားလိုက်နာရမှာ ဖြစ်ပါတယ်။ ရဲတပ်ဖွဲ့ဝင်များ အင်အားနည်းပါးခြင်းဟာလည်း တရားဥပဒေစိုးမိုးရေးအတွက် ထည့်သွင်းစဉ်းစားရမည့်အချက်တစ်ခုဖြစ်ပါတယ်။ ယခုကဲ့သို့ ရဲတပ်ဖွဲ့ဝင်များ အင်အားနည်းပါးခြင်းကြောင့် မှုခင်းဆိုင်ရာကိစ္စရပ်များ ကိုင်တွယ်ဖြေရှင်းရာမှာ ပြည့်စုံအောင် ဆောင်ရွက်နိုင်ခြင်းမရှိသဖြင့် လူထုရဲ့ယုံကြည်မှုကို ကျဆင်းစေပါတယ်။ ထို့ကြောင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့အနေဖြင့် လုပ်ငန်းဆောင်ရွက်ချက်များ ရည်မှန်းချက်များအား အခါအားလျော်စွာ ပြည်သူများသို့ ချပြရှင်းလင်းခြင်းဖြင့် ပြည်သူများကလည်း ရဲတပ်ဖွဲ့ဝင်များ၏ အခက်အခဲများကို သိရှိကာ ပူးပေါင်းပါဝင်လာခြင်းဖြင့် မှုခင်းကျဆင်းရေးလုပ်ငန်းများ ထိရောက်အောင်မြင်မှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အကြံပြုတင်ပြလိုတာကတော့ နိုင်ငံတော်အစိုးရအနေဖြင့် အလုပ်အကိုင်အခွင့်အလမ်းများဆောင်ရွက်ပေးခြင်း၊ မိသားစုဝင်ငွေတိုးစေရန် ဆောင်ရွက်ပေးခြင်းလုပ်ငန်းများကို လုပ်ဆောင်ပေးသင့်ပါတယ်။ ဥပဒေပြုရေးမဏ္ဍိုင်အနေဖြင့် ပြဋ္ဌာန်းလိုက်သောဥပဒေများဟာ ပြည်သူလူထုအတွက် အကျိုးရှိစေပြီး တရားဥပဒေစိုးမိုးရေးလုပ်ငန်းများ လက်တွေ့ဆောင်ရွက်နေရသော အဖွဲ့အစည်းများအား အဟန့်အတားမဖြစ်ရန်လိုအပ်ပါတယ်။ တရားစီရင်ရေးမဏ္ဍိုင်အနေဖြင့်လည်း အဂတိတရားကင်းရှင်းရန် လိုအပ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ နိဂုံးချုပ်တင်ပြလိုတာကတော့ အခုအချိန်ဟာ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ဖို့အရေးအတွက် တည်ဆောက်နေတဲ့ကာလ ဖြစ်ပါတယ်။ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ဖို့အတွက် အေးချမ်းတည်ငြိမ်ဖို့ဟာ အရေးကြီးသလို ပြည်သူများကိုလည်း လုံခြုံစိတ်ချစွာ နေထိုင်စားသောက်နိုင်ရေးအတွက် ဆောင်ရွက်ပေးရမှာဖြစ်ပါတယ်။ တရားဥပဒေစိုးမိုးမှုအားနည်းခြင်း၊ ရာဇဝတ်မှုထူပြောခြင်းများဟာ ဖွံ့ဖြိုးတိုးတက်မှုကို ဟန့်တားနေတဲ့အချက်များလည်းဖြစ်ပါတယ်။ တရားဥပဒေစိုးမိုးရေးအတွက် နိုင်ငံတော်အစိုးရအပါအဝင် ပြည်သူတစ်ရပ်လုံးဝိုင်းဝန်းဆောင်ရွက်ကြမှသာ အောင်မြင်မယ်လို့ ယုံကြည်ပါတယ်။ တရားဥပဒေစိုးမိုးမှုအားနည်းခြင်းဟာ နိုင်ငံရဲ့ပုံရိပ်ကို ကျဆင်းစေတဲ့အပြင် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ဖို့အတွက် အဓိကအဟန့်အတား

ဖြစ်တာကြောင့် ထိရောက်စွာဆောင်ရွက်သင့်ပါကြောင်း ဆွေးနွေးရင်း နိဂုံးချုပ်အပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ထားဝယ်မဲဆန္ဒနယ်မှ ဦးအောင်စိန် ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးအောင်စိန်(ထားဝယ်မဲဆန္ဒနယ်)**။ ။ လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ဝေါမဲဆန္ဒနယ်က ဦးတင်ထွေးရဲ့အဆိုကို ဆွေးနွေးမည့် ထားဝယ်မဲဆန္ဒနယ်က ဦးအောင်စိန် ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့နိုင်ငံမှာ လူဦးရေရဲ့ ၃၃ ရာခိုင်နှုန်းဟာ မြို့ပြမှာနေပြီးတော့ ကျေးလက်ဒေသမှာ ၆၇ ရာခိုင်နှုန်းနေထိုင်ကြောင်း ဆိုပါတယ်။ ဒါကြောင့် တရားဥပဒေစိုးမိုးပြီး ပြည်သူလူထုရဲ့ လူနေမှုဘဝလုံခြုံမှုရှိစေရန်မှာ မြို့ပြသာမက ကျေးလက်ဒေသများပါ လိုအပ်တယ်ဆိုတဲ့အကြောင်း ဦးစွာတင်ပြလိုပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဥပဒေတစ်ရပ်ကိုကြေညာသည့်နေ့ကစပြီးတော့ အာဏာသက်ရောက်မှုရှိတယ်လို့ ယေဘုယျအားဖြင့် မှတ်လို့ရပါတယ်။ အဲဒီလိုထုတ်ပြန်တဲ့နေ့ကစပြီးတော့ အာဏာသက်ရောက်မှုရှိတယ်လို့ နိုင်ငံအတွင်းမှာ မည်သူမဆို လိုက်နာကျင့်သုံးရမှာဖြစ်တယ်ဆိုတာကို ကိုယ်စားလှယ်များအားလုံး သိပြီးလည်းဖြစ်ပါတယ်။ အဲဒီလို လိုက်နာကျင့်သုံးဖို့အတွက်လည်း လိုအပ်တဲ့အစီအမံများ လုပ်ဆောင်ပေးရမှာဖြစ်ပါတယ်။ ဒါမှသာ ဥပဒေတစ်ရပ်ပြဋ္ဌာန်းထားပြီးဖြစ်တဲ့ ဥပဒေတစ်ခုဟာ သက်ဝင်လှုပ်ရှားလာမှာဖြစ်ပြီးတော့ ဥပဒေရဲ့အကျိုးကျေးဇူးကိုလည်း ခံစားရမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ တရားဥပဒေစိုးမိုးလို့ရှိရင် ဥပဒေပြဋ္ဌာန်းချက်တွေကိုအကောင်အထည်ဖော်တဲ့နေရာမှာ ဥပဒေထိန်းသိမ်းရေးတာဝန်ကို ထမ်းဆောင်တဲ့အခန်းကဏ္ဍမှာ အလွန်အရေးကြီးပါတယ်။ ဥပဒေထိန်းသိမ်းရေးဝန်ထမ်းဆိုရာမှာ ဖမ်းဆီးခြင်း၊ ချုပ်နှောင်ခြင်း တာဝန်မှာပါတဲ့သူတွေကိုဆိုလိုပါတယ်။ ဥပမာအားဖြင့် ရဲတပ်ဖွဲ့ သို့မဟုတ် တာဝန်ပေးအပ်ခြင်းခံရတဲ့ပုဂ္ဂိုလ်များကိုလည်း ဆိုလိုပါတယ်။ ဒါ့အပြင် ထောင်အာဏာပိုင်၊ ရဲလုပ်ငန်းလုပ်ကိုင်ဆောင်ရွက်နေတဲ့ လက်နက်ကိုင်တပ်ဖွဲ့များ၊ အထူးလုံခြုံရေး သို့မဟုတ် ကင်းတပ်ဖွဲ့ဝင်များအားလုံး ပါဝင်ပါတယ်။ ဒါ့အပြင် တရားစီရင်ရေးအရ တာဝန်ရှိသူများ၊ အုပ်ချုပ်ရေးတာဝန်ရှိသူများသာမက ပြည်သူတစ်ရပ်လုံးပါဝင်ဝိုင်းဝန်းအကောင်အထည်ဖော်ပေးရမှာဖြစ်ပါတယ်။ တရားရုံးများအနေဖြင့်လည်း သက်ဆိုင်ရာတရားဥပဒေအရ လွတ်လပ်စွာတရားစီရင်တဲ့နေရာမှာ ကျင့်ထုံးဥပဒေများ၊ တရားရုံးလက်စွဲများ၊ ရဲအနေနဲ့လည်း ရဲအက်ဥပဒေ၊ ရာဇသတ်ကျင့်ထုံးဥပဒေများဖြင့်လည်းကောင်း၊ အကျဉ်းထောင်လက်စွဲ

များစသည်ဖြင့် သတ်မှတ်ထားတဲ့ ဥပဒေစည်းကမ်းများအတိုင်း လိုက်နာဆောင်ရွက်ရမှာဖြစ်ပါတယ်။ ထိုနည်းတူ ပြည်သူလူထုအနေဖြင့် တရားစီရင်ရေး၊ ရဲဌာနဆက်စပ်တဲ့ဌာနလုပ်ငန်းများ ချောမွေ့လည်ပတ်နိုင်ရေးအတွက် တာဝန်တစ်ရပ်အနေနဲ့ ဝိုင်းဝန်းထမ်းဆောင်ရမှာဖြစ်ပါတယ်။ ဥပမာအားဖြင့် တင်ပြရရင် မိမိရွှေ့မှောက်မှာတစ်စုံတစ်ယောက်က ရာဇဝတ်မှုကျူးလွန်ရင် ဒါမှမဟုတ် အားထုတ်နေရင် သက်ဆိုင်ရာရဲစခန်းသို့ဖြစ်စေ၊ တရားရုံးသို့ဖြစ်စေ တိုင်တန်းရမှာဖြစ်ပါတယ်။ လိုအပ်ရင် ထိုကျူးလွန်နေသူကို ဒါမှမဟုတ် အားထုတ်နေသူကို ဖမ်းဆီးပြီးတော့ အနီးဆုံးရဲစခန်းသို့ ပို့ရမှာဖြစ်ပါတယ်။ ဒါကြောင့်ဥပဒေပြဋ္ဌာန်းပြီး နည်းဥပဒတွေကတော့ရှိပါတယ်။ ဒါပေမဲ့ အဲဒီဥပဒေ၊ နည်းဥပဒေသက်ဝင်လှုပ်ရှားစေဖို့ဆိုတာ သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ပြည်သူများဝိုင်းဝန်းပြီး အကောင်အထည်ဖော်ပေးရမှာ ဖြစ်ပါတယ်။ ဒီလိုမှမဟုတ်ဘူးဆိုရင် ဥပဒေဆိုတာစာရွက်ပေါ်မှာ ရှိပြီးတော့ အက္ခရာများသာဖြစ်ပြီး သက်ဝင်လှုပ်ရှားနိုင်မှာမဟုတ်တဲ့အပြင် တရားဥပဒေစိုးမိုးခြင်းဟာလည်း ရှိနိုင်မှာမဟုတ်ပါဘူး။

တရားဥပဒေစိုးမိုးမှုထွန်းကားတဲ့နိုင်ငံတွေကို လေ့လာတဲ့အခါမှာ ဥပဒေကိုအဓိက အကောင်အထည်ဖော်ရမယ့် ရဲများ၊ တရားရုံးများဟာ လာဘ်ပေးလာဘ်ယူကိစ္စအပါအဝင်၊ အဂတိလေးပါးလိုက်စားလို့ ကျင့်ဝတ်ပျက်ပြားတာ အမှန်တရားရှာဖွေရေးကို မျက်ကွယ်ပြုတာကို တွေ့ရပါတယ်။ ဥပဒေစိုးမိုးမှုမရှိတဲ့နိုင်ငံများမှာ ပြည်သူလူထုအနေအထားမှာ တရားဥပဒေရဲ့အကာအကွယ်ကိုမရဘဲ ကြောက်စရာကောင်းလောက်အောင် လူ့အခွင့်အရေးများချိုးဖောက်ခံနေတာကို တွေ့ရမှာဖြစ်ပါတယ်။ တရားဥပဒေဆိုတာ ပြည်သူတွေရဲ့အကျိုးစီးပွားကို ကာကွယ်ဖို့ရယ်၊ ပြည်သူများရဲ့စိတ်နှလုံးချမ်းသာစေရန်အတွက် လူကောင်းသူကောင်းများ ဆက်လက်ရပ်တည်နိုင်ရန်ဟူ၍ဖြစ်ဖို့ ပြည်သူအများစုက တရားဥပဒေကို တစ်သွေမတိမ်းလိုက်နာဆောင်ရွက်ဖို့ လိုအပ်ပါတယ်။ ဥပဒေရဲ့သဘောအနက်အဓိပ္ပာယ်ကို ပြည်သူတိုင်းနားလည်သဘောပေါက်ခံယူပြီး ကျင့်သုံးနိုင်မှ ပြည်သူတွေရဲ့ ကောင်းကျိုးချမ်းသာမှုအတွက် မျှတသောတရားဥပဒေပေါ်ထွက်လာမှာဖြစ်လို့ လိုက်နာရမယ့် တာဝန်သည်ပြည်သူများရဲ့တာဝန်သာဖြစ်ပါတယ်။ ဥပဒေဆိုတာမျှတမယ်လို့ဆိုပါတယ်။ ဒါပေမဲ့ မျှတချင်တိုင်းမျှတလို့မရတဲ့ဥပဒေတွေရှိတယ်။ ဥပမာ-မူးယစ်ဆေးဝါးနဲ့စိတ်ကိုပြောင်းလဲစေတတ်သော ဆေးဝါးများဆိုင်ရာဥပဒေပုဒ်မတိုင်းမှာဆိုရင် အုပ်ချုပ်သူဘက်ကို အသာပေးထားတာ တွေ့ရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ တရားဥပဒေမစိုးမိုးတဲ့အခါမှာ ရာဇဝတ်မှုတွေထူပြောလာဖို့၊ ကျူးလွန်ဖို့၊ အတင့်ရဲလာဖို့ဆိုတာပါလာတယ်။ တစ်ဖက်မှာလည်း တရားဥပဒေကို အကောင်အထည်ဖော်ဖို့ရာ

အဖွဲ့အစည်းရှိ ပုဂ္ဂိုလ်များကိုယ်တိုင်ကပင် ဥပဒေကိုလေးစားလိုက်နာမှုမရှိရင် ဘယ်လိုမှတရားဥပဒေစိုးမိုးမှုမရနိုင်ပါဘူး။ တရားဥပဒေစိုးမိုးမှုမရှိရင် ဘယ်တော့မှငြိမ်းချမ်းရေးမရနိုင်ပါဘူး။ ဥက္ကဋ္ဌကြီးခင်ဗျား။ ရာဇဝတ်မှုတားဆီးရန် အရေးယူခြင်းများပြုလုပ်ဖို့ဆိုရင် ရဲတပ်ဖွဲ့အင်အားလိုပါတယ်။ ဒါ့ကြောင့် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ဟာ စစ်ကိုင်းတိုင်းဒေသကြီးခရီးစဉ်မှာ ဘာတွေပြောသွားလဲဆိုတော့ ပြည်သူတွေနဲ့တွေ့တဲ့အခါမှာ သတ်မှတ်တဲ့အရည်အချင်းနဲ့ပြည့်စုံတဲ့ အမျိုးသားအမျိုးသမီးတွေ ရဲတပ်ဖွဲ့ထဲဝင်လို့ပါတယ်။ ရဲတပ်ဖွဲ့ထဲဝင်ဖို့ တိုက်တွန်းပါတယ်။ ရဲတပ်ဖွဲ့ထဲဝင်ပြီး အလုပ်လုပ်တယ်ဆိုတာ နိုင်ငံတည်ငြိမ်ရေးနဲ့ အေးချမ်းရေးအတွက် လုပ်တာပါဟုပြောသွားတာကြားမိပါတယ်။ ဒါကလည်း လက်ရှိရဲတပ်ဖွဲ့အင်အား ပြည်သူနဲ့အချိုးမညီလို့ဖြစ်ပါတယ်။ မြို့ပြဒေသလူဦးရေ ၁၀၀၀ မှာ ရဲအရာရှိတစ်ဦးတာဝန်ယူနေတယ်လို့ ဆိုပါတယ်။ ဒါကြောင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့အင်အားတိုးမြှင့်ခြင်း၊ ရဲတပ်ဖွဲ့စွမ်းရည်မြှင့်တင်ခြင်း၊ ပြောင်းလဲအသုံးပြုခြင်းအားဖြင့်မှုခင်းကြိုတင်ကာကွယ်ရေးအတွက် များစွာအထောက်အကူဖြစ်ပါတယ်။ အကြောင်းအမျိုးမျိုးကြောင့်ရာဇဝတ်မှုအမျိုးမျိုးကျူးလွန်ကြလို့ ထောင်ဒဏ်ပေးခံရတယ်။ အဲဒီထောင်ကျသူအတွက် ကုန်ကျစရိတ်ဟာ အခွန်ထမ်းပြည်သူတွေအတွက် အင်မတန်ဝန်ထုပ်ဝန်ပိုးဖြစ်စေပါတယ်။ ဆင်းရဲခြင်းဆိုတဲ့အကြောင်းတစ်ခုကြောင့် ရာဇဝတ်မှုတွေထုပြောလာတာမဖြစ်နိုင်ပါဘူး။ တရားဥပဒေစိုးမိုးမှုမရှိတဲ့အခါမှာ ရာဇဝတ်မှုတွေကျူးလွန်ဖို့ လက်ရဲဇက်ရဲဖြစ်လာကြပါတယ်။ ဒါ့အပြင် ဥပဒေကိုထိန်းကျောင်းကြပ်မတ်ပေးရမယ့် အာဏာရှိပုဂ္ဂိုလ်များကိုယ်တိုင်က ဥပဒေကိုလေးစားလိုက်နာဖို့ လိုအပ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ရာဇဝတ်မှုပပျောက်အောင်ဆိုရင်တော့ ဘယ်လိုအဖွဲ့အစည်းမှ မလုပ်နိုင်သေးပါဘူး။ ပပျောက်ဖို့လည်း မလွယ်ပါဘူး။ ဒါပေမဲ့ တစ်နေ့တခြား လျှော့ပေါ့သွားအောင်တော့ ကြိုးစားမှဖြစ်ပါမယ်။ ပြစ်မှုကျူးလွန်သူကို ဖမ်းဆီးထောင်ချရုံနဲ့ ပြီးမှာမဟုတ်ပါဘူး။ စီးပွားရေးကို အကြောင်းပြုပြီးဖြစ်လာတဲ့ ရာဇဝတ်မှုတွေကို ဆင်းရဲမွဲတေမှုကိုလျှော့ချပေးတဲ့နည်းနဲ့ လျှော့ချပေးဖို့ ရနိုင်စရာရှိပါတယ်။ ဒါကြောင့် မြို့ပြရော၊ ကျေးလက်ပါ တရားဥပဒေစိုးမိုးပြီး လူနေမှုဘဝလုံခြုံမှုရှိရန်ရာဇဝတ်မှုများကို။

**ဥက္ကဋ္ဌ**။ ။ ဒေးဒရဲမဲဆန္ဒနယ်မှ ဒေါက်တာဒေါ်ခင်ညို ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဒေါက်တာဒေါ်ခင်ညို(ဒေးဒရဲမဲဆန္ဒနယ်)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အားလုံး မင်္ဂလာပါရှင်။ ကျွန်မကတော့ ဒေးဒရဲမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာခင်ညိုဖြစ်ပါတယ်။ ကျွန်မအနေနဲ့ ဝေါမဲဆန္ဒနယ်မှ ဦးတင်ထွေးတင်သွင်း

သွားတဲ့အဆိုကို ထောက်ခံဆွေးနွေးသွားလိုပါတယ်။ ပြည်သူ့ရဲများ၏ကဏ္ဍကို ပိုပြီး Highlight လုပ်ပြီး ဆွေးနွေးချင်ပါတယ်။ ဥက္ကဋ္ဌကြီးရှင်။ အဆိုရှင် ဦးတင်ထွေးဆွေးနွေးခဲ့သလိုပဲ သတင်းစာတွေထဲမှာ ရာဇဝတ်မှုတွေဟာ မကြားဝံ့မနာသာ ဖြစ်နေပါတယ်။ ဆွေမျိုးချင်း၊ မိတ်ဆွေးချင်း ဒေါသအလျောက် အလွယ်တကူ ရိုက်နှက်ခြင်း၊ ဓားနဲ့ထိုးခြင်း၊ လူသတ်ခြင်းများကို လူမြင်ကွင်းမှာပင် လက်ရဲဇက်ရဲ ပြုလုပ်နေတာကို ကြားနေရပါတယ်။ ဥပဒေစိုးမိုးမှုမရှိဘူးဆိုလို့ရှိရင် ပြည်သူတွေဟာ စိတ်အေး ချမ်းသာစွာ အလုပ်လုပ်နိုင်မှာမဟုတ်ပါဘူး။ ဥပဒေစိုးမိုးရန် မြို့ရောတောပါ အကျုံးဝင်သင့်ပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ Power Point အသုံးပြုခွင့်ပေးပါ။ တရားဥပဒေစိုးမိုးရေးကို အဓိကစွမ်းဆောင် သူများဟာ ရဲများဖြစ်ပြီးတော့ အာဏာပိုင်များနှင့်ပြည်သူများကလည်း ပူးပေါင်းပါဝင်ရမှာဖြစ်ပါတယ်။ ရဲကောင်းမှပြည်သာဆိုတဲ့စကားအတိုင်း ပြည်သူ့ရဲများ အရည်အချင်းပြည့်ဝပြီးတော့ အင်အားပြည့် စုံးမိုးနိုင်မှ တိုင်းပြည်အေးချမ်းသာယာအောင်မြင်မှာပါ။ ပြည်သူ့ရဲများရဲ့အလုပ်တာဝန်ဝတ္တရားများ ကလည်း အလွန်များပြားပါတယ်။ ပြည်သူ့ရဲရဲ့တာဝန်ဝတ္တရားမှာဆိုရင် မိမိအခြေစိုက်တဲ့ရဲစခန်းဌာနမှာ လုံခြုံရေးတာဝန်ယူရမယ်။ မှုခင်းလာတိုင်ရင် လက်ခံရမယ်။ စိစစ်ရမယ်။ တရားခံကိုဖမ်းရမယ်။ တရားရုံးကိုပို့ရမယ်။ တရားခံပြန်ခေါ်ရမယ် စသည့်လုပ်ငန်းများလည်း အများကြီးဆောင်ရွက်ရပါ တယ်။ နိုင်ငံပိုင်အရေးကြီးအဆောက်အဦတွေကို အရေးကြီးပုဂ္ဂိုလ် သံတမန်ရဲ့လုံခြုံရေး၊ နိုင်ငံပိုင် ရဲတပ်ဖွဲ့နဲ့ မှုခင်းဖြစ်ရင် ချိတ်ဆက်ဆက်ဆံရင်း ဘာသာရေး၊ ကျောင်းသား၊ သံဃာလှုပ်ရှားမှုမှာ သတင်းယူရတယ်။ ပြည်တွင်းပြည်ပ ညီလာခံအစည်းအဝေးမှာ စောင့်ကြတယ်။ ရဲဝန်ထမ်းကျောင်းများ မှာလည်း လေ့ကျင့်သင်ကြားပေးရပါတယ်။ ဓာတုဗေဒစစ်ဆေးရေးလုပ်ငန်းများမှာလည်း ပါဝင် ဆောင်ရွက်ရပါတယ်။ တရားမဝင် နယ်စပ်ဖြတ်ကျော်မှု၊ လူကုန်ကူးမှုများမှာလည်း စောင့်ကြပ် အရေးယူရပါတယ်။ တရားမဝင်မှောင်ခိုကုန်သွယ်မှု ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရန် ဒါတွေကို လည်းဆောင်ရွက်ရပါတယ်။ ပြည်တွင်းပြည်ပ၊ မြေပေါ်မြေအောက် ဆန့်ကျင်တဲ့အဖွဲ့အစည်းများ၊ အဖျက်အမှောက်များကို ဖော်ထုတ်အရေးယူရတာလည်းရှိပါတယ်။ သဘာဝဘေးအန္တရာယ်မှာလည်း ကြိုတင်ကာကွယ်မှုလည်း ဆောင်ရွက်ရပါတယ်။ ဖြစ်လို့ရှိရင်လည်း ရှာဖွေရေး၊ ကယ်တင်ရေးကိုလည်း ဆောင်ရွက်ရပါတယ်။ ရထားရဲတပ်ဖွဲ့အနေနဲ့လည်း ရထားမှာ ရထားအတွက်လုံခြုံမှု၊ ရထားလမ်း လုံခြုံမှု၊ ရေကြောင်းရဲတပ်ဖွဲ့မှာဆိုရင်လည်း ပင်လယ်ပြင် တရားဥပဒေစိုးမိုးရေး၊ အခုလိုဆို ရခိုင်ဒေသလိုပေါ့။ တရားမဝင်ကူးသန်းခြင်း၊ ရေယာဉ်တွေကိုစစ်ဆေးရခြင်း စတာတွေလည်းပါပါ တယ်။ လေကြောင်းရဲတပ်ဖွဲ့မှာဆိုရင်လည်း လေကြောင်းခရီးသည်လုံခြုံမှု၊ ရာဇဝတ်မှုများကို စောင့်ကြ

ရပါတယ်။ ကမ္ဘာလှည့်ခရီးသွားလုံခြုံရေးအတွက်လည်း ခရီးသွားတွေရဲ့လုံခြုံမှု မှုခင်းဖြစ်ရင်စောင့်ရှောက်ရန်၊ စည်ပင်သာယာရဲတွေအနေနဲ့ဆိုလို့ရှိရင်လည်း စည်ပင်သာယာမှာတာဝန်ရှိတဲ့ တာဝန်ချရဲထဲမှာ ဈေးလုံခြုံရေး ဒါမျိုးတွေလည်း ဆောင်ရွက်ရပါတယ်။ ယာဉ်ထိန်းရဲတွေကလည်း ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းထိန်းသိမ်းမှုတွေဆောင်ရွက်ရသလို ရေနံမြေလုံခြုံရေးမှာလည်း ရေနံဓာတ်ငွေ့ရှာဖွေရာမှာရော၊ တွင်းလုံခြုံရေးရော အနှံ့အပြား သူတို့စောင့်ကြည့်ရပါတယ်။ သစ်တောရဲတွေအနေနဲ့လည်း သစ်ခိုးထုတ်မှု ဒါတွေကိုလည်းဆောင်ရွက်ရပါတယ်။ သတ္တုတွင်းရဲအနေနဲ့ဆိုလို့ရှိရင်လည်း ရွှေ၊ ကျောက်မျက်၊ သတ္တု၊ ဒါတွေထုတ်လုပ်တဲ့အခါမှာလည်း စောင့်ကြပ်ပေးရပါတယ်။ လက်နက်၊ ခဲ၊ ယမ်း၊ မီးကျောက်များ၊ သေနတ်များကိုလည်း စစ်ဆေးထိန်းသိမ်းခြင်း၊ ထုတ်လုပ်ပေးခြင်းများလည်းဆောင်ရွက်ရပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ အထက်ပါများပြားတဲ့တာဝန်များကို ထမ်းဆောင်ရတဲ့ လက်ရှိရဲအင်အားမှာ ၄၇ ရာခိုင်နှုန်းလောက်ပဲရှိပါတယ်။ ရဲဝန်ထမ်းနှင့်ပြည်သူအချိုးမှာ ၁ အချိုး ၅၀၀ ရှိသင့်ပေမဲ့ လက်ရှိက ၁ အချိုး ၅၀၀၀ ခန့်ဖြစ်နေပါတယ်။ အရေးကြီးတာဝန်များကိုထမ်းဆောင်ရတဲ့ ရဲဝန်ထမ်းများဟာ အင်အားများရော၊ အရည်အချင်းများရော ဖြည့်ဆည်းဖို့လိုအပ်နေပါတယ်။ ရဲကိစ္စဆောင်ရွက်တဲ့နေရာမှာ သူ့နေရာနဲ့သူ ကျွမ်းကျင်ဖို့လိုအပ်ပါလိမ့်မယ်။ ထို့အတွက် လေ့ကျင့်မှုသင်တန်းများလည်း ပေးဖို့လိုပါမယ်။ နိုင်ငံတကာအဆင့်မီ အရည်အချင်းပြည့်အောင် သင်ကြားပေးသင့်ပါတယ်။ ရဲအင်အားဖြည့်ဆည်းပေးဖို့ လစာနဲ့ကုန်ကျစရိတ်များ ရှိပါလိမ့်မယ်။ ဒီကုန်ကျစရိတ်များဟာ အခုလက်ရှိဖြစ်နေတဲ့ တရားဥပဒေစိုးမိုးရေးမရှိလို့ နိုင်ငံတော်ရဲ့သယံဇာတဆုံးရှုံးမှု၊ ပြည်သူတို့ခံစားရတဲ့ မှုခင်းဖြစ်မှု၊ ဖြစ်လို့ရှိရင် တရားခံ၊ တရားလို နှစ်ဖက်စလုံး နစ်နာပါတယ်။ ဒါတွေနဲ့ချိန်ကြည့်မယ်ဆိုလို့ရှိရင် နိုင်ငံတော်နဲ့ပြည်သူတွေရဲ့ ဆုံးရှုံးမှုဟာ ပိုပြီးများပြားပါတယ်။ ရဲစခန်းတွေမှာဆိုလို့ရှိရင် လက်ရှိမှာ ရဲဝန်ထမ်းက တစ်ဝက်လောက်ပဲရှိပါတယ်။ ရှစ်ယောက်ရှိတဲ့ရဲစခန်းမှာဆိုလို့ရှိရင် အခုလက်ရှိ လေးယောက်ပဲရှိပါတယ်။ အမှုတစ်ခုလာလို့၊ ကိစ္စတစ်ခုရှိလို့ ရဲနှစ်ယောက်လိုက်သွားတယ်ဆိုလို့ရှိရင် ရဲနှစ်ယောက်ပဲကျန်ပါတယ်။ နောက်ထပ်အမှုတစ်ခုလာလို့ ကိစ္စတစ်ခုရှိလျှင် သူတို့စခန်းပစ်ပြီး လိုက်မပေးနိုင်တော့ပါဘူး။ ဒီအခါမှာ ပြည်သူက အပြစ်မြင်၊ ငြိုငြင်လာပါတယ်။ ရဲတွေမှာလည်း အလုပ်ဝန်ပိပြီးတော့ စိတ်ဓာတ်ပျက်ပြားပြီး ကြမ်းတမ်းလာပါတယ်။ တာဝန်ချိန်အရက်မူးလာတယ်။ တရားခံကို စစ်ဆေးတဲ့အခါမှာလည်း အလွန်အကျွံဖြစ်ပြီးတော့ သေဆုံးရတဲ့အထိ ဖြစ်နေတာမျိုးလည်း ရှိပါတယ်။ ဒါကြောင့်မို့လို့ နိဂုံးချုပ်အနေနဲ့ တိုင်းပြည်အေးချမ်းသာယာပြီး တရားဥပဒေစိုးမိုးရေး

အတွက် ရဲအင်အားများကို အရည်အချင်းပြည့်ရဲများနဲ့ ဖြည့်တင်းပေးဖို့ အမြန်ဆောင်ရွက်သင့်ကြောင်း ဦးတင်ထွေးရဲ့အဆိုကို ထောက်ခံအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

## ဦးတင်ထွေး၊ ဝေါမဲဆန္ဒနယ်ကတင်သွင်းသည့်အဆိုနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းအဝင်က ပြန်လည်ရှင်းလင်းနွေးခြင်းနှင့် လွှတ်တော်၏အဆုံးအဖြတ်ရယူခြင်း

**ဥက္ကဋ္ဌ။** ။ ပြည်ထဲရေးဝန်ကြီးဌာနက ပြန်လည်ရှင်းလင်းဆွေးနွေးရန် ဖြစ်ပါတယ်။

**ဗိုလ်ချုပ်အောင်သူ(ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယ ဝန်ကြီး ဗိုလ်ချုပ်အောင်သူဖြစ်ပါတယ်။ ပဲခူးတိုင်းဒေသကြီး ဝေါမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စား လှယ် ဦးတင်ထွေးရဲ့အဆိုအပေါ် ရှင်းလင်းတင်ပြခွင့်ပြုပါရန် တင်ပြအပ်ပါတယ်။ အဆိုကို ရှင်းလင်း တင်ပြခွင့်ရတဲ့အတွက်လည်း ကိုယ်စားလှယ်တော်ကြီးနှင့်တကွ အဆိုနှင့်ပတ်သက်ပြီး ဆွေးနွေးကြတဲ့ ကိုယ်စားလှယ်တော်ကြီးများအားလုံးကို အထူးကျေးဇူးတင်ကြောင်း ကျွန်တော့်အနေနဲ့ ပြောကြားလိုပါ တယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point အသုံးပြုခွင့်ပြုပါရန် တင်ပြအပ်ပါတယ်။ ပြည်ထဲရေးဝန်ကြီး ဌာနရဲ့ ရည်မှန်းချက်တာဝန်လေးရပ်ကတော့ တင်ပြပါအတိုင်း နိုင်ငံတော်လုံခြုံရေး၊ တရားဥပဒေစိုးမိုး ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် ပြည်သူ့အကျိုးပြုလုပ်ငန်းဆောင်ရွက်ရေးတို့ ဖြစ်ပါတယ်။ ပြည်တွင်းလုံခြုံရေးနှင့် ရပ်ရွာအေးချမ်းသာယာရေး၊ တရားဥပဒေစိုးမိုးရေးလုပ်ငန်းတွေမှာ ပြည်ထဲရေး ဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲ့ရည်မှန်းချက်တာဝန်လေးရပ်ပါဝင်ပြီး အဆိုပါရည်မှန်းချက် တာဝန်များကို အကောင်အထည်ဖော်ဆောင်ရွက်ရန် လုပ်ငန်းတာဝန်ခြောက်ရပ်ကိုရေးဆွဲပြီး အကောင် အထည်ဖော်ဆောင်ရွက်လျက်ရှိပါတယ်။ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး လုပ်ငန်းများကို ထိရောက်အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်ရေးအတွက် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ရဲ့ ဖွဲ့စည်းပုံကို ရဲဌာနကြီးခြောက်ခု၊ အထူးတပ်ဖွဲ့ ၁၆ ဖွဲ့၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ရဲတပ်ဖွဲ့ ၁၅ ဖွဲ့၊ နယ်ခြားစောင့်ရဲကွပ်ကဲမှုအဖွဲ့၊ လုံခြုံရေးရဲကွပ်ကဲရေးအဖွဲ့နှင့် လေ့ကျင့်ရေးကျောင်းများ စသည်ဖြင့် ပြင်ဆင်တိုးချဲ့ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါတယ်။ မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲ့ ဖွဲ့စည်းပုံမှာ

အရာရှိ ၂၈၂၂၃ ဦး၊ အခြားအဆင့် ၁၄၄၇၅၇ ဦး စုစုပေါင်း ၁၇၂၉၈၀ ဦးဖြစ်ပြီး လက်ရှိမှာ အရာရှိ ၁၄၉၅၁ ဦး၊ အခြားအဆင့် ၆၈၁၃၂ ဦး စုစုပေါင်း ၈၃၀၈၆ ဦးရှိတဲ့အတွက် ဖွဲ့စည်းပုံရဲ့ ၄၈.၀၃ ရာခိုင်နှုန်းသာရှိတဲ့အတွက် ရဲတပ်ဖွဲ့နှင့် ပြည်သူအချိုးမှာ ၁း၆၅၀ ဖြစ်ပါတယ်။ ဖွဲ့စည်းပုံပြည့်မီရေး အတွက် တစ်လမှာ တပ်ဖွဲ့ဝင် ၇၀၀ ဦး၊ တစ်နှစ်လျှင် ၈၄၀၀ ဦးစုဆောင်းနိုင်ရေး အကောင်အထည် ဖော်ဆောင်ရွက်လျက်ရှိပါတယ်။

၂၀၁၈ ခုနှစ်မှာ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင် ၇၈၅၃ ဦးကို စုဆောင်းနိုင်ခဲ့ပါတယ်။ ၁၃-၂-၂၀၁၉ ရက်စွဲပါစာဖြင့် နိုင်ငံတော်သမ္မတရုံးမှ ပြည်ထဲရေးဝန်ကြီးဌာနကွပ်ကဲမှုအောက်မှာရှိတဲ့ တပ်ဖွဲ့၊ ဦးစီးဌာနများရဲ့ ဖွဲ့စည်းပုံရဲ့ ရာခိုင်နှုန်းပြည့်ခန့်အပ်နိုင်ရေးကို မူအဖြစ် သဘောတူညီပြီးဖြစ်တဲ့အတွက် ရဲတပ်ဖွဲ့အနေနဲ့ တပ်ဖွဲ့ဝင်သစ်များကို တိုးမြှင့်စုဆောင်းခန့်ထားနိုင်ရေးအတွက်ကို ကြိုးပမ်းဆောင် ရွက်လျက်ရှိကြောင်း တင်ပြအပ်ပါတယ်။ ထိုသို့ စုဆောင်းရရှိတဲ့ တပ်ဖွဲ့ဝင်များအပါအဝင် တပ်ဖွဲ့ဝင် တိုင်းအတွက် ယခင်က အရာရှိ/အခြားအဆင့်မွမ်းမံသင်တန်းကျောင်းနှင့် ရဲလေ့ကျင့်ရေးသင်တန်း ကျောင်းငါးကျောင်းရှိခဲ့ရာမှာ ယခု ခုနစ်ကျောင်းအထိ တိုးချဲ့ဖွင့်လှစ်ခဲ့ပြီး ၂၀၁၈ ခုနှစ် အရာရှိ/အခြား အဆင့် ၈၁၅၀ ဦးကို မွမ်းမံလေ့ကျင့်သင်ကြားပေးခြင်း၊ တပ်ဖွဲ့ဝင်အသစ်များ မွေးထုတ်ပေးခြင်းကို ဆောင်ရွက်နိုင်ခဲ့ပါတယ်။ နိုင်ငံတော်မှာ ၂၀၁၄ ခုနှစ်မှ ၂၀၁၈ ခုနှစ်အထိ ငါးနှစ်တာကာလအတွင်း အမှုကြီး ၁၀ မှုဖြစ်ပွားခဲ့တဲ့နေရာမှာ လေ့လာကြည့်မယ်ဆိုရင်တော့ ၂၀၁၆ ခုနှစ်၊ ၂၀၁၇ ခုနှစ်၊ ၂၀၁၈ ခုနှစ်များမှာ ဖြစ်ပွားတဲ့ အမှုအရေအတွက်က နှစ်အလိုက် တိုးတက်များပြားလာတာကို တွေ့ရှိရမှာ ဖြစ်ပါတယ်။ ဒီထဲမှာတော့ အများဆုံးတိုးတက်လာတာကတော့ လူသတ်မှုနှင့် မုဒိမ်းမှုဟာ အများဆုံး တိုးတက်လာတာကို တွေ့ရှိရမှာ ဖြစ်ပါတယ်။

မြန်မာနိုင်ငံရဲ့လူဦးရေဟာ ၅၃ သန်းကျော်ရှိပြီးတော့မှ မှုခင်းဖြစ်ပွားမှုအများဆုံးနှစ်ဖြစ်တဲ့ ၂၀၁၈ ခုနှစ်အတွင်းဖြစ်ပွားခဲ့တဲ့ အမှုကြီးများအလိုက် အမှုဖြစ်ပွားနှုန်းကို လူဦးရေ တစ်သိန်းအပေါ်မှာ အခြေခံတွက်ချက်ကြည့်မယ်ဆိုရင်တော့ လူသတ်မှုဟာ ၁၄၇၆ မှုဖြစ်ပွားတဲ့အတွက် အမှုဖြစ်ပွားမှုနှုန်း ရဲ့ ၂.၇၆ မှုနှုန်းဖြစ်ပါတယ်။ လူတစ်သိန်းမှာ လုယက်မှု(ဆိုင်ကယ်ဖြင့်လုယက်မှုများအပါအဝင်) ၆၂၉ မှု ဖြစ်တဲ့အတွက် အမှုဖြစ်ပွားမှုနှုန်းရဲ့ ၀.၃၈ နှုန်း၊ ပြန်ပေးမှုခြောက်မှုဖြစ်ပွားတဲ့အတွက် အမှုဖြစ်ပွားမှုနှုန်းရဲ့ ၀.၀၁ နှုန်း၊ မုဒိမ်းမှု ၁၅၈၃ မှု ဖြစ်ပွားတဲ့အတွက် အမှုဖြစ်ပွားမှုနှုန်းရဲ့ ၂.၉၇ မှုနှုန်း မုဒိမ်းမှုကတော့ အများဆုံးဖြစ်ပွားတာကို တွေ့ရှိရမှာဖြစ်ပါတယ်။ ဖောက်ထွင်းမှု ၃၈ မှုဖြစ်ပွားတဲ့ အမှုဖြစ်ပွားမှုနှုန်းရဲ့ ၀.၀၇ ရာခိုင်နှုန်း၊ တိရစ္ဆာန်ခိုးမှု ၁၂၇ မှုဖြစ်ပွားတဲ့အတွက် အမှုဖြစ်ပွားမှုနှုန်းရဲ့ ၀.၂၄ ရာခိုင်နှုန်း၊

လက်နက်(အရေးပေါ်)မှု ၁၆ မှုဖြစ်ပွားတဲ့အတွက် အမှုဖြစ်ပွားမှုနှုန်းရဲ့ ၀.၀၃ ရာခိုင်နှုန်းဖြစ်ပွားကြောင်းကို တွေ့ရှိရမှာဖြစ်ပါတယ်။

မြန်မာနိုင်ငံမှာ မှုခင်းများဖြစ်ပွားစေတဲ့အခြေခံ အကြောင်းအရင်းများမှာတော့ တင်ပြပါအတိုင်း ဆင်းရဲချမ်းသာ ကွာဟမှုကြီးမားခြင်း၊ လူမှုကွန်ယက်များမှာ တွင်ကျယ်စွာအသုံးပြုခြင်း၊ မြို့ပြများသို့ ရွှေ့ပြောင်းနေထိုင်လာသူများ များပြားခြင်း၊ မူးယစ်ဆေးဝါး၊ အရက်စသည်တို့ကို သုံးစွဲမှုများပြားခြင်း၊ လူငယ်များအပေါ် အုပ်ထိန်းမှုပုံစံများယွင်းခြင်း၊ ပြစ်မှုကျူးလွန်လေ့ရှိတဲ့ သူငယ်ချင်းများနှင့် ပေါင်းသင်းဆက်ဆံခြင်း၊ ပညာရည်နည်းပါးခြင်းနှင့် ရုတ်တရက်ဖြစ်ပေါ်လာတဲ့ဒေါသကို ချုပ်ထိန်းနိုင်မှုမရှိခြင်း၊ ပြစ်ဒဏ်ကျခံပြီးသူများအပေါ် အယုံအကြည်မရှိဘဲ ပစ်ပယ်ထားရှိခြင်း၊ ခေတ်မီအသုံးအဆောင်များအား ပိုမိုအသုံးပြုနိုင်ရန်အတွက် လိုအပ်ချက်များပြားလာခြင်း စသည်တို့ကြောင့်ဖြစ်ကြောင်း တွေ့ရှိရမှာ ဖြစ်ပါတယ်။ မှုခင်းများကို စိစစ်လေ့လာကြည့်ရာမှာ အချို့မှုခင်များဟာ မူးယစ်ဆေးဝါးသုံးစွဲပြီး ပြစ်မှုကျူးလွန်တာကို တွေ့ရှိရပါတယ်။ မူးယစ်ဆေးဝါးပြဿနာကို ထိရောက်စွာဖြေရှင်းနိုင်ရေးအတွက် မူးယစ်ဆေးဝါးနှင့်စိတ်ကို ပြောင်းလဲစေတဲ့ ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ကို ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက ဥက္ကဋ္ဌအဖြစ် တာဝန်ယူပြီးတော့မှ ၁၆ ဦးဖြင့် မူးယစ်ဆေးဝါးထိန်းချုပ်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါတယ်။ မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေတဲ့ ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ဟာ တိုင်းဒေသကြီး/ပြည်နယ်၊ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်ကျေးရွာအထိ ဒေသဆိုင်ရာ တားဆီးကာကွယ်ရေးအဖွဲ့များ အဆင့်ဆင့်ဖွဲ့စည်း၍ လုပ်ငန်းတာဝန်များ သတ်မှတ်ဆောင်ရွက်လျက်ရှိတဲ့အပြင် မူးယစ်ဆေးဝါးများ အန္တရာယ်တားဆီးကာကွယ်ရေးဗဟိုအဖွဲ့အောက်မှာ လုပ်ငန်းအဖွဲ့ ၁၁ ဖွဲ့ကို ဖွဲ့စည်းပြီးတော့မှ ကဏ္ဍအလိုက်မူးယစ်ဆေးဝါးတားဆီးကာကွယ်ရေးနှင့် လျော့နည်းကျဆင်းရေးကို ကြိုးပမ်းဆောင်ရွက်လျက်ရှိပါတယ်။ ငါးနှစ်အတွင်း မူးယစ်ဆေးဝါးဖမ်းဆီးရမိမှုများနှင့်ပတ်သက်၍ တင်ပြပါအတိုင်းဖြစ်ပါတယ်။

ဘိမ်းစိုက်ပျိုးမှုကတော့ ကျွန်တော်တို့ ၂၀၁၈ ခုနှစ်မှာတော့ လျော့နည်းကျဆင်းသွားတာကို တွေ့ရှိရမှာ ဖြစ်ပါတယ်။ နှစ်အလိုက်ဘိမ်းထုတ်လုပ်မှုဟာလည်း ဘိမ်းစိုက်ပျိုးမှုလျော့နည်းတဲ့အတွက် ဘိမ်းထုတ်လုပ်မှုကျဆင်းသွားတာ ဖြစ်ပါတယ်။ ဘိမ်းခင်းဖျက်ဆီးမှုအခြေအနေကတော့ တင်ပြပါအတိုင်းဖြစ်ပါတယ်။ မူးယစ်ဆေးဝါးဖမ်းဆီးရမှုကတော့ ကျွန်တော်တို့ ၂၀၁၈ ခုနှစ်မှာတော့ ဖမ်းဆီးရမှုအများဆုံး ဖြစ်ပါတယ်။ မှုခင်းဖြစ်ပွားမှုလည်း အများဆုံးဖြစ်ပါတယ်။ နှစ်အလိုက် ဘိမ်းဖမ်းဆီးရရှိမှု

ဟာလည်း ၂၀၁၈ ခုနှစ်မှာ အများဆုံးဖမ်းဆီးရမှုဖြစ်ပါတယ်။ စိတ်ကြွဆေးပြားဖမ်းဆီးရမိမှုမှာဆိုလည်း ဒီနှစ်မှာ အများဆုံးဖြစ်ပြီးတော့မှ ၁၀၆ သန်းကျော် ဖမ်းဆီးရမိကြောင်း တင်ပြအပ်ပါတယ်။ နှစ်အလိုက် Ice ဖမ်းဆီးရမိမှုအခြေအနေဖြစ်ပါတယ်။ လူကုန်ကူးမှုနှင့်ပတ်သက်၍ ၂၀၀၈ ခုနှစ်မှ ၂၀၁၆ ခုနှစ်အထိ နှစ်စဉ်အမှုပေါင်း ၁၀၀ ကျော်ဖမ်းဆီးဖော်ထုတ်ဖမ်းဆီးနိုင်ခဲ့ပေမဲ့ ၂၀၁၇ ခုနှစ်၊ ၂၀၁၈ ခုနှစ်တို့မှာ အမှုပေါင်း ၂၀၀ ကျော် ဖော်ထုတ်နိုင်ခဲ့ပါတယ်။ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ကိုလည်း ၂၀၁၃ ခုနှစ်မှစတင်၍ သီးခြားတပ်ဖွဲ့အဖြစ် ဖွဲ့စည်းခဲ့ပြီး ယခုအခါမှာ နိုင်ငံတစ်ဝန်းတပ်ဖွဲ့ခွဲသုံးခွဲ၊ တပ်ဖွဲ့စု ၂၃ စု၊ တပ်ဖွဲ့စိတ် ၆၉ စိတ်က ဖြန့်ကျက်တာဝန်ချထားကာ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါတယ်။ ၂၀၁၄ ခုနှစ်မှ ၂၀၁၈ ခုနှစ် ငါးနှစ်အတွင်း လူကုန်ကူးမှုပေါင်း ၈၁၆ မှုဖြစ်ပွားခဲ့ပြီး၊ လူကုန်ကူးမှုတရားခံ ၂၃၇၉ ဦးကို ဖော်ထုတ်နိုင်ခဲ့ပါတယ်။ ၂၀၁၈ ခုနှစ်မှတော့ လူပျောက်မှု ၉၄ မှုကို ပြန်လည်ရှာဖွေနိုင်ခဲ့ကြောင်း တင်ပြအပ်ပါတယ်။ မြန်မာနိုင်ငံရဲတပ်ဖွဲ့အနေနဲ့ ပြစ်မှုများကို စုံစမ်းထောက်လှမ်းရာမှာ ခေတ်မီနည်းပညာများ၊ အထောက်အကူပစ္စည်းများ၊ ကျွမ်းကျင်မှုအတွေ့အကြုံများပေါင်းစပ်၍ ငွေစက္ကူအတုများ၊ လက်မှတ်အတုများ၊ ကုန်ပစ္စည်းတံဆိပ်များ၊ မမြင်ရတဲ့လျှို့ဝှက်စာများကို ခွဲခြားဖော်ထုတ်စစ်ဆေးခြင်း၊ DNA ဖြင့် စစ်ဆေးခြင်း၊ ကွန်ပျူတာ၊ မိုဘိုင်းဖုန်းများနှင့် ဆက်စပ်တဲ့ဆက်သွယ်ရေးကွန်ရက်များကို ဖော်ထုတ်ပေးခြင်း၊ လက်နက်ခဲယမ်းဆိုင်ရာမှုခင်းများ ဖော်ထုတ်ပေးခြင်းတို့ကို ဆောင်ရွက်တဲ့အပြင် X-rays စက်များ၊ အနံ့ခံခွေးများဖြင့် လူပုဂ္ဂိုလ်၊ မော်တော်ယာဉ်၊ ကွန်တိန်နာများအတွင်း ကွယ်ဝှက်သယ်ဆောင်လာတဲ့ လက်နက်ခဲယမ်း၊ မူးယစ်ဆေးဝါးနှင့် တားမြစ်ကုန်ပစ္စည်းများအား စစ်ဆေးရှာဖွေဖော်ထုတ်ခြင်းတို့ကိုလည်း ဆောင်ရွက်လျက်ရှိပါတယ်။ မြန်မာနိုင်ငံရဲတပ်ဖွဲ့အနေနဲ့ တိုင်းဒေသကြီး/ပြည်နယ်ရဲတပ်ဖွဲ့ဝင်များ၊ ခရိုင်ရဲတပ်ဖွဲ့မှူးများမှ အနီးကပ်ကြီးကြပ်၍ ရပ်ကင်း၊ လှည့်ကင်း၊ စောင့်ကြည့်ကင်းများဖြင့် လူဆိုးများ၊ ပြစ်မှုကျူးလွန်တတ်သူများ၊ ပြစ်ချက်ဟောင်းရှိသူများအား စောင့်ကြည့်ထိန်းသိမ်းခြင်းတို့ကို အကောင်အထည်ဖော်ဆောင်ရွက်တဲ့အပြင် မှုခင်းဖြစ်ပွားမှုများပြားတဲ့ဒေသများမှာ မှုခင်းကျဆင်းရေးအထူးစီမံချက်ရေးဆွဲအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။ ထိုသို့ဆောင်ရွက်ရာမှာ မှုခင်းထူထပ်တဲ့မန္တလေးတိုင်းဒေသကြီးတွင် တိုင်းဒေသကြီးတပ်ဖွဲ့ရုံးမှာ Police Command Center ကို ၈-၁၂-၂၀၁၅ ရက်နေ့မှာ ဖွင့်လှစ်ခဲ့ပြီးတော့မှ မန္တလေးမြို့ပေါ်လေးမြို့နယ်ရှိ ယခင်ပြစ်မှုအများဆုံးဖြစ်ပွားတဲ့နေရာ ၂၁ နေရာမှာ ရွှေ့လျားကင်မရာနဲ့ ပုံသေကင်မရာများ တပ်ဆင်ခဲ့ပါတယ်။ ထိုသို့ CCTV ကင်မရာများတပ်ဆင်တဲ့အပြင် 199 Call Center ကိုလည်း တိုင်းဒေသကြီးရဲတပ်ဖွဲ့မှာ

တပ်ဆင်ထားရှိပြီး ၂၄ နာရီ ဝန်ဆောင်မှုပေးခြင်းကြောင့် အဆိုပါပြစ်မှုဖြစ်ပွားတဲ့နေရာများမှာ မှုခင်းဖြစ်ပွားမှုမရှိသလောက်လျော့နည်းကျဆင်းခဲ့တာကို တွေ့ရှိခဲ့ရပါတယ်။

ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးရုံးမှာလည်း Command and Control Center ကို ဖွင့်လှစ်ပြီးတော့မှ ရန်ကုန်မြို့အတွင်း ပြည်သူတွေသွားလာမှုများပြားတဲ့နေရာ ၄၅ နေရာကို CCTV ကင်မရာ ၃၁၄ လုံးကို တပ်ဆင်ပြီး ပြည်သူများစောင့်ကြည့်ကာကွယ်ပေးလျက်ရှိပြီး နေရာသုံးနေရာမှာ ကင်မရာ ၂၄၂ လုံးကို ထပ်မံတင်ဆင်ဆောင်ရွက်လျက်ရှိပါတယ်။ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ထုတ်ပေးထားတဲ့ HYT ဆက်သွယ်ရေးစက်အလုံးပေါင်း ၁၃၀ ကို အသုံးပြုဆောင်ရွက်မှုကြောင့် မှုခင်းကျဆင်းရေး လုပ်ငန်းများကို ကြီးကြပ်နိုင်ခဲ့ပြီး မှုခင်းကျဆင်းရေးဆောင်ရွက်လျက်ရှိတဲ့ လှည့်ကင်း၊ ဝပ်ကင်း၊ ယာဉ်စစ်ပိတ်ဆို့ဆောင်ရွက်မှုများအား အချိန်နှင့်တစ်ပြေးညီ ကြီးကြပ်ဆောင်ရွက်နိုင်ခဲ့ပါတယ်။ မှုခင်း ဖြစ်ပွားသည်နှင့်တစ်ပြိုင်နက် စခန်းမှူး၊ မြို့နယ်ရဲတပ်ဖွဲ့မှူး၊ ခရိုင်ရဲတပ်ဖွဲ့မှူးများအား တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးများနှင့် တာဝန်ရှိသူများမှ အချိန်နှင့်တစ်ပြေးညီ ကြီးကြပ်ကွပ်ကဲပေးနိုင်မှုကြောင့် မှုခင်း ဖော်ထုတ်မှုများမှ အထောက်အကူဖြစ်စေခဲ့ပါတယ်။

ရန်ကုန်တိုင်းဒေသကြီးမှာ ခရိုင်ရဲတပ်ဖွဲ့မှူး၊ မြို့နယ်ရဲတပ်ဖွဲ့မှူး၊ စခန်းမှူးအဆင့်ထိ GPS စနစ်ပါ ဆက်သွယ်ရေးစက်များကို အသုံးပြု၍ မှုခင်းဖြစ်ပွားတဲ့နေရာ မှုခင်းကြိုတင်ကာကွယ်ရေး အတွက် ပြည်သူလူထုက သတင်းပေးတိုင်ကြားတဲ့နေရာများသို့ တပ်ဖွဲ့ဝင်များ အချိန်နှင့်တစ်ပြေးညီ ရောက်ရှိရေးကိုလည်း ဆောင်ရွက်လျက်ရှိပါတယ်။ ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၁ ပုဒ်မခွဲ(ဂ)တွင် တိုင်းပြည်အေးချမ်းသာယာရေး၊ တရားဥပဒေစိုးမိုးရေးတို့သည် နိုင်ငံသားတိုင်း၏ တာဝန်ဖြစ်သည်ဟု ဖော်ပြပါရှိသောကြောင့် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ် စောင့်ရှောက်နိုင်ရေးအတွက် ပြည်ထဲရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့်အတူ ပြည်သူတစ်ရပ်လုံး အပါအဝင် Stakeholder အားလုံး ဝိုင်းဝန်းပူးပေါင်းကူညီရမှာဖြစ်ပါတယ်။ နိုင်ငံတကာမှုခင်းကြိုတင် ကာကွယ်ရေးအယူအဆများ ပြောင်းလဲလာနေပြီဖြစ်တဲ့အတွက် ရဲတပ်ဖွဲ့နှင့် တရားစီရင်ရေးကဏ္ဍ အပါအဝင် ပညာရေး၊ ကျန်းမာရေး၊ အလုပ်အကိုင်ရှာဖွေရေး၊ မီဒီယာအစရှိတဲ့ ကဏ္ဍပေါင်းစုံမှ ပူးပေါင်းဆောင်ရွက်မှုဖြင့်သာလျှင် မှုခင်းကြိုတင်ကာကွယ်မှုများကို ပြုလုပ်နိုင်မှာဖြစ်ပါတယ်။ ရဲလုပ်ငန်း၌ ပြည်သူလူထု ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်းဖြင့် မှုခင်းကြိုတင်ကာကွယ်ရေးအတွက် အထိရောက်ဆုံးအချက်ဖြစ်ပါတယ်။ မြန်မာနိုင်ငံရဲတပ်ဖွဲ့အနေနဲ့ လုံခြုံရေး၊ ရပ်ရွာအေးချမ်းသာယာ ရေး၊ တရားဥပဒေစိုးမိုးရေးနှင့် မှုခင်းကြိုတင်ကာကွယ်ရေးနှင့်မှုခင်းကျဆင်းရေးလုပ်ငန်းများ

ဆောင်ရွက်ရာမှာ မိမိရဲတပ်ဖွဲ့ဝင်များသာမက ရပ်ရွာ/ကျေးရွာအုပ်ချုပ်ရေးအဖွဲ့များ၊ မိတ်ဖက်အဖွဲ့များ၊ ရပ်မိရပ်ဖ၊ ရပ်ကွက်အတွင်းရှိလူငယ်များ၊ ပြည်သူလူထုပူးပေါင်းပါဝင်တဲ့ ရပ်ရွာအခြေပြုရဲလုပ်ငန်းစနစ်ဖြစ်တဲ့ Community Policing ကိုလည်း အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။ တစ်နည်းအားဖြင့် မှုခင်းကြိုတင်ကာကွယ်ရေးမှာ အဓိကကျတဲ့ ပြည်သူများပူးပေါင်းပါဝင်ဆောင်ရွက်နိုင်ရေး ဝန်ဆောင်မှုကိုရှေးရှုတဲ့ ပြည်သူလူထုပူးပေါင်းပါဝင်တဲ့ ရဲလုပ်ငန်းစနစ်ဖြစ်ပါတယ်။ ယင်းကဲသို့ ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်းဟာ မြို့ပြကာကွယ်ရေးကို စနစ်တကျဖွဲ့စည်းထားတဲ့ အသွင်သဏ္ဍာန်ဆောင်တဲ့ လုပ်ဆောင်ချက်ဖြစ်ပါတယ်။ နိုင်ငံတစ်နိုင်ငံရဲ့ တည်ငြိမ်အေးချမ်းရေးဟာ လုံခြုံရေးနှင့်တရားဥပဒေစိုးမိုးရေးအပေါ်မှာ တည်မှီနေပါတယ်။ ထို့အတူ လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးသည်လည်း ဆက်စပ်လျက်ရှိပြီး အပြန်အလှန် အကျိုးသက်ရောက်မှုရှိတဲ့အတွက် လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေး နှစ်ခုလုံးအားကောင်းအောင် ဆောင်ရွက်ရန်လိုအပ်ပါတယ်။ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဟာ ပြည်တွင်းလုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးလုပ်ငန်းများကို အဓိကတာဝန်ယူရတဲ့ အဖွဲ့အစည်းဖြစ်ပါတယ်။

နိုင်ငံတော်အကြီးအကဲ၊ နိုင်ငံတော်သို့လာရောက်တဲ့ နိုင်ငံခြားအကြီးအကဲများ၊ နိုင်ငံခြားသံတမန်များတို့ရဲ့ လုံခြုံရေး၊ နိုင်ငံတော်အဆင့်အစည်းအဝေးများ၊ နိုင်ငံတော်စီမံကိန်းများနှင့် အရေးကြီးသော လမ်းတံတားများရဲ့လုံခြုံရေး၊ နယ်စပ်ဒေသလုံခြုံရေးများအား နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးအတွက် အရေးကြီးတဲ့ လုံခြုံရေးလုပ်ငန်းစဉ်များဖြစ်သဖြင့် အဆိုပါလုပ်ငန်းတာဝန်များကို ထိရောက်စွာဆောင်ရွက်နိုင်ရန်အတွက် လုံခြုံရေးရဲတပ်ဖွဲ့ခွဲ ၂၇ ခုနှင့်၊ နယ်ခြားစောင့်လုံခြုံရေးရဲတပ်ဖွဲ့ခွဲ ရှစ်ခုကို ဖွဲ့စည်းပြီးတော့မှ တာဝန်ယူဆောင်ရွက်လျက်ရှိပါတယ်။ လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် လုံခြုံရေး တာဝန်များသာမက တရားဥပဒေစိုးမိုးရေးကို ထိခိုက်စေနိုင်တဲ့၊ ဥပဒေနဲ့မညီတဲ့ အစုအဝေးများ၊ အဓိကရုဏ်းနှိမ်နင်းခြင်းများကိုပါ တာဝန်ယူဆောင်ရွက်ရသဖြင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ရှိ လုံခြုံရေးရဲတပ်ဖွဲ့များဟာ တရားဥပဒေစိုးမိုးရေးအတွက် အဓိကအင်အားစုများဖြစ်ပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၈၆ ၌ နိုင်ငံသားတိုင်းသည် ဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ စစ်ပညာသင်ကြားသွားရန်နှင့် နိုင်ငံတော် ကာကွယ်ရေးအတွက် စစ်မှုထမ်းရန် တာဝန်ရှိသည်ဟူသောပြဋ္ဌာန်းချက်ဟာ နိုင်ငံတော်၏အချုပ်အခြာအာဏာကိုထိပါးစေရန် ဖြစ်ပေါ်လာတဲ့ အခြေအနေမျိုးတွင် နိုင်ငံသားတိုင်းသည် နိုင်ငံတော်ကို ကာကွယ်ရန်တာဝန်ရှိမှုအတွက် ပြဋ္ဌာန်းထားခြင်းဖြစ်ပါတယ်။ မြို့ပြလုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးမှာ နိုင်ငံတော်အစိုးရရဲ့ အုပ်ချုပ်ရေးဆိုင်ရာ

ကိစ္စရပ်တစ်ရပ်ဖြစ်၍ ဖွဲ့စည်းပုံအခြေခံဥပဒေအခန်း(၅)ပါ ပြဋ္ဌာန်းချက်နှင့်အညီ ဆောင်ရွက်ရမှာဖြစ်ပါတယ်။ ထိုသို့ဆောင်ရွက်ရာမှာ ဖွဲ့စည်းပုံအခြေခံဥပဒေ၏ ပြဋ္ဌာန်းချက်ဘောင်အတွင်းမှ မြို့ပြကာကွယ်ရေးစနစ်ကို ဖွဲ့စည်းပြီးဆောင်ရွက်မည်ဆိုပါက ဖွဲ့စည်းပုံအခြေခံဥပဒေအခန်း(၁၁)ပါ ပြဋ္ဌာန်းချက်များနှင့်အညီ အရေးပေါ်အခြေအနေကြေညာပြီးမှသာ ဆောင်ရွက်နိုင်မည်ဖြစ်သဖြင့် နိုင်ငံတော်၏ပုံရိပ်ကို များစွာထိခိုက်စေနိုင်ပါတယ်။ ထို့ပြင် ယခုအခါမှာ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၉၂ နှင့်အညီ မြန်မာနိုင်ငံရဲတပ်ဖွဲ့အတွက် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဥပဒေပြဋ္ဌာန်းနိုင်ရေးဆောင်ရွက်လျက်ရှိပြီး ယင်းဥပဒေပြဋ္ဌာန်းပြီးပါက မြန်မာနိုင်ငံရဲတပ်ဖွဲ့အား လိုအပ်သလို ပြင်ဆင်ဖွဲ့စည်းခြင်းဖြင့် ပြည်တွင်းလုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးကို ပိုမိုအားကောင်းအောင်ဆောင်ရွက်နိုင်မှာ ဖြစ်ပါတယ်။ လက်ရှိအနေဖြင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဖွဲ့စည်းပုံဟာ ၄၈.၀၃ ရာခိုင်နှုန်းသာရှိသော်လည်း မှုခင်းဖြစ်ပွားမှုအများဆုံးဖြစ်တဲ့ ရန်ကုန်တိုင်းဒေသကြီးမှာ အဆိုပါ တိုင်းဒေသကြီးဖွဲ့စည်းပုံရဲ့ ၇၀.၈၆ ရာခိုင်နှုန်းအထိလည်းကောင်း၊ မန္တလေးတိုင်းဒေသကြီးမှာ အဆိုပါ တိုင်းဒေသကြီးဖွဲ့စည်းပုံရဲ့ ၆၇.၉၂ ရခိုင်နှုန်းအထိလည်းကောင်း အင်အားတိုးမြှင့်ဖြည့်တင်းထားပြီး ဖြစ်ပါတယ်။ မှုခင်းဖြစ်ပွားမှုမြင့်မားခြင်းဟာ ဒီမိုကရေစီဖြစ်ထွန်းစနိုင်ငံများအတွက် ကြီးမားတဲ့စိန်ခေါ်မှုတစ်ရပ်ဖြစ်ခြင်းကြောင့် မှုခင်းကြိုတင်ကာကွယ်ရေးဟာ ရဲတပ်ဖွဲ့ဝင်သာတာဝန်ရှိသည်သာမက အဖွဲ့အစည်းပေါင်းစုံ၊ ကဏ္ဍပေါင်းစုံမှာ စုပေါင်းလုပ်ဆောင်ရမည့်တာဝန်ဖြစ်ခြင်းစတဲ့ အခြေခံအကြောင်းတရားများကြောင့် အမျိုးသားအဆင့်မှုခင်းကြိုတင်ကာကွယ်ရေး မဟာဗျူဟာတစ်ရပ်ရေးဆွဲဆောင်ရွက်ရန် လိုအပ်ပါတယ်။

အမျိုးသားအဆင့် မှုခင်းကြိုတင်ကာကွယ်ရေးမဟာဗျူဟာရေးဆွဲအကောင်အထည်ဖော်ရေးဗဟိုအဖွဲ့ကို ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်ပြီး ဆက်စပ်ဝန်ကြီးဌာနများ အစိုးရမဟုတ်တဲ့အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များဖြင့် ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၇ ရက်နေ့မှာ ဖွဲ့စည်းခဲ့ပါတယ်။ ပြည်ထဲရေးဝန်ကြီးဌာနဦးဆောင်မှုဖြင့် ကုလသမဂ္ဂ မူးယစ်ဆေးဝါးနှင့်မှုခင်းဆိုင်ရာရုံး(UNODC)မှ ကျွမ်းကျင်ပညာရှင်များ၊ ဆက်စပ်ဝန်ကြီးဌာနများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများနှင့်ပူးပေါင်း၍ အမျိုးသားအဆင့် မှုခင်းကြိုတင်ကာကွယ်ရေးမဟာဗျူဟာ (၂၀၁၈-၂၀၂၀)မူကြမ်းကို ရေးဆွဲခဲ့ရာ ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၄ ရက်နေ့မှာ အပြီးသတ်ခဲ့ပါတယ်။ ယခုအခါမှာ ပြည်ထောင်စုအစိုးရအဖွဲ့ရဲ့ ၂၀၁၉ ခုနှစ် ဇန်နဝါရီလမှာ အတည်ပြုချက်ရရှိပြီးဖြစ်တဲ့အတွက် သက်ဆိုင်ရာဝန်ကြီးဌာန၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများသို့ မှုခင်းကျဆင်းရေး

မဟာဗျူဟာနှင့် နည်းဗျူဟာများကို ဖြန့်ဝေပေးပို့၍ စတင်ဆောင်ရွက်နေပြီဖြစ်ပါတယ်။ အဆိုပါ မူခင်းကျဆင်းရေးမဟာဗျူဟာ ရည်မှန်းချက် (၄) ချက်ထားပြီး ရေးဆွဲထားခြင်းဖြစ်ပါတယ်။ အဲဒီ ရည်မှန်ချက်(၄)ချက်ကတော့ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လုံခြုံရေး၊ တည်ငြိမ်ရေး၊ တရား ဥပဒေစိုးမိုးရေးကိုထိခိုက်လာမည့် ကိစ္စရပ်များနှင့် ပြည်သူလူထု၏လုံခြုံမှုအတွက် အန္တရာယ်ပေးနိုင်တဲ့ မှုခင်းများကို ကြိုတင်ကာကွယ်တားဆီးနိုင်ရန်၊ ၂၀၁၈-၂၀၂၀ ကာလ မြန်မာနိုင်ငံအစိုးရမှ ဦးစားပေး သတ်မှတ်ထားသော မှုခင်းကြိုတင်ကာကွယ်ရေး ဦးစားပေးနယ်ပယ်များအား စိစစ်နိုင်ရေး၊ ပြစ်မှုများ လျော့နည်းစေရန်နှင့် ပြည်သူ့ဘဝလုံခြုံမှု ဖော်ဆောင်နိုင်ရေး၊ မဟာဗျူဟာမြောက်လုပ်ငန်းစဉ်များ ကနဦးအစီအမံများ ဖြစ်ထွန်းပေါ်ပေါက်လာစေရန်၊ ဌာနပေါင်းစုံပူးပေါင်းပါဝင်တဲ့ နည်းလမ်းပေါ် အခြေခံ၍ ရေရှည်မှုခင်းကြိုတင်ကာကွယ်ရေးမဟာဗျူဟာတစ်ရပ် အောင်မြင်စွာအကောင်အထည် ဖော်ရန်၊ လူတို့တွင် ကြီးမားကျယ်ပြန့်လာတဲ့ မူးယစ်ဆေးဝါးသုံးစွဲမှု၊ ရောင်းဝယ်မှုများ အမျိုးသားရေး တာဝန်ဖြင့် အဓိကထားတားဆီးကာကွယ်ရန် ဖြစ်ပါတယ်။ မှုခင်းတွင် သားကောင်ဖြစ်ရတဲ့ နိုင်ငံအဆင့် အကြောင်းအရင်း အချက်(၄)ချက်ဖြစ်ပါတယ်။ တင်ပြပါအတိုင်း Power Point မှာ ဖော်ပြထားပါ တယ်။ ဒေသအဆင့် အကြောင်းအရင်း (၁၁)ချက်ရှိပါတယ်။ တင်ပြပါအတိုင်း ကျွန်တော် Power Point နဲ့ တင်ပြထားပါတယ်။ လူတစ်ဦးချင်းအဆင့်အကြောင်းအချက်(၁၂)ချက်ရှိပါတယ်။ အဆိုပါ အချက်(၁၂)ချက်ကိုတော့ တင်ပြပါ Power Point နဲ့ကျွန်တော် တင်ပြထားပါတယ်။ အချိန်ကို ငဲ့ညှာသောအားဖြင့် ကျွန်တော် အသေးစိတ်ရှင်းလင်းတင်ပြခြင်း မပြုတော့ပါဘူး။ မှုခင်းကြိုတင် ကာကွယ်ရေးမှာ အလေးထားဆောင်ရွက်သင့်တဲ့ ဦးစားပေးနယ်ပယ် (၁၀)ခုကတော့ တင်ပြပါ မြန်မာနိုင်ငံရဲတပ်ဖွဲ့အခန်းကဏ္ဍ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအပါအဝင် တင်ပြပါ (၁၀)ခုပါဝင်ပါ တယ်။ ပြီးတော့မှ ပူးပေါင်းပါဝင်သင့်တဲ့ ဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများကတော့ တင်ပြပါအတိုင်း ကျွန်တော်တို့ Power Point မှာ တင်ပြထားပါတယ်။ အားလုံးပူးပေါင်းဆောင်ရွက်ရမှာဖြစ်ပါတယ်။ အဖွဲ့အစည်းများပါ ပါဝင်ပါတယ်။ အဆိုပါမှုခင်းကြိုတင်ကာကွယ်ရေးမဟာဗျူဟာ အဆင့် ၁ မှာ ပြစ်မှုကျူးလွန်တဲ့ပုံစံများဖြစ်ပေါ်လာတဲ့ အခြေအနေများ သို့မဟုတ် ပတ်ဝန်းကျင်လူမှုအဖွဲ့အစည်း ဆိုင်ရာကိစ္စရပ်များဆောင်ရွက်ခြင်းလုပ်ငန်းစဉ် ၃၀ ကိုသတ်မှတ်ရေးဆွဲထားပြီး ပထမဦးစားပေးအနေ ဖြင့် ၂၂ ချက်ကိုလည်းကောင်း၊ ဒုတိယဦးစားပေးအနေဖြင့် (၈)ချက်ကိုလည်းကောင်း အဆင့် (၂) ရာဇဝတ်မှုဆိုင်ရာ လုပ်ဆောင်ချက်များအတွက် အန္တရာယ်ရှိတဲ့ ဆောင်ရွက်ချက်များအား ချိတ်ဆက် ဆောင်ရွက်နေတဲ့အဖွဲ့အစည်းများ သို့မဟုတ် လူပုဂ္ဂိုလ်များကို အဓိကထား၍ ကြားဝင်ဖြန်ဖြေရေး

ကိစ္စရပ်များအား ဆောင်ရွက်ခြင်းလုပ်ငန်းစဉ် ၆ ချက်ကို သတ်မှတ်ရေးဆွဲပြီး ပထမဦးစားပေးအနေနဲ့ ၅ ချက်၊ ဒုတိယဦးစားပေးအနေနဲ့ တစ်ချက်အားလည်းကောင်း၊ အဆင့်(၃)အနေနဲ့ ရာဇဝတ်မှုများ ကျူးလွန်ရန်အတွက် ချိတ်ဆက်ဆောင်ရွက်တဲ့ပုဂ္ဂိုလ်များအား ၎င်းတို့ပြုမူကျူးလွန်မှုများမှ ကြိုတင်ကာကွယ်နိုင်ရန်အတွက် ပြစ်မှုဆိုင်ရာတရားစီရင်ရေးမူဘောင် သို့မဟုတ် မူဘောင်အပြင်ဘက်မှ ရောင်းဝယ်ဖြေရှင်းဆောင်ရွက်ခြင်းလုပ်ငန်းစဉ်(၁၄)ချက်ကို သတ်မှတ်ရေးဆွဲပြီး ပထမဦးစားပေးအနေနဲ့ (၁၂)ချက်၊ ဒုတိယဦးစားပေးအနေနဲ့ (၂)ချက်အားလည်းကောင်း ၂၀၁၈-၂၀၂၀ ခုနှစ်အတွင်း အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ပြီး အဆိုပါအချက်များအား တင်ပြပါအတိုင်း ဖော်ပြထားပါတယ်။ ဒါက သက်ဆိုင်ရာဝန်ကြီးဌာနများအားလုံး ပါဝင်ပြီးတော့မှ ရေးဆွဲထားခြင်း ဖြစ်ပါတယ်။ အကောင်အထည်ဖော်ဆောင်ရွက်မယ့် မှုခင်းကြိုတင်ကာကွယ်ရေးအစီအစဉ်အပိုင်း(၁)အနေဖြင့် ရေရှည်ဆောင်ရွက်သင့်သည့်အစီအစဉ် ၁၉ ခု ပထမဦးစားပေးအစီအစဉ် ၁၃ ခု၊ ဒုတိယဦးစားပေးအစီအစဉ် ခြောက်ခုအားလည်းကောင်း၊ အပိုင်း(၂)အနေဖြင့် လတ်တလောဆောင်ရွက်သင့်သည့်အစီအစဉ် ၁၃ ခု ပထမဦးစားပေးအစီအစဉ် ၁၁ ခုနှင့် ဒုတိယဦးစားပေးအစီအစဉ် နှစ်ခုအားလည်းကောင်း ၂၀၁၈-၂၀၂၀ ခုနှစ်အတွင်း အကောင်အထည်ဖော်ဆာင်ရွက်သွားမည် ဖြစ်ကြောင်း တင်ပြအပ်ပါတယ်။

သို့ဖြစ်ပါ၍ နိုင်ငံတော်အစိုးရအနေဖြင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့အင်အားတိုးမြှင့်ရေးကို မူအဖြစ်ခွင့်ပြုပြီးဖြစ်၍ ဖွဲ့စည်းပုံအင်အားပြည့်မီရေး ကြိုးပမ်းဆောင်ရွက်မည်ဖြစ်ခြင်း၊ တရားဥပဒေစိုးမိုးပြီး ပြည်သူ့ဘဝလုံခြုံရေးအတွက် အမျိုးသားအဆင့်မှုခင်းကြိုတင်ကာကွယ်ရေးမဟာဗျူဟာရေးဆွဲ၍ ၂၀၁၈-၂၀၂၀ ခုနှစ်အထိ အကောင်အထည်ဖော်ဆောင်ရွက်နေခြင်းတို့ကြောင့် ပဲခူးတိုင်းဒေသကြီး၊ ဝေါမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်ထွေးရဲ့ မြို့ပြများမှ တရားဥပဒေစိုးမိုးပြီး ပြည်သူလူထု၏လူနေမှုဘဝလုံခြုံမှုရှိစေရန် ရာဇဝတ်မှုများဖြစ်ပေါ်နေမှုကို ကာကွယ်တားဆီးနိုင်ရန်အတွက် ဦးစားပေးအဆင့်ဖြင့် ဆောင်ရွက်ပေးနိုင်ပါရန် နိုင်ငံတော်အစိုးရသို့တိုက်တွန်းကြောင်းအဆိုကို မှတ်တမ်းအဖြစ်ထားရှိပေးနိုင်ပါရန် တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ အဆိုရှင်ရဲ့သဘောထားပြောပါ။

**ဦးတင်ထွေး(ဝေါမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များအားလုံးမင်္ဂလာပါ။ ကျွန်တော့်အနေနဲ့ ဒီနေ့ ကျွန်တော့်အဆိုအပေါ်မှာ ဆွေးနွေးသွားကြတဲ့ လွှတ်တော်ကိုယ်စားလှယ် ၂၁ ဦးတို့ဟာ မိမိတို့ရဲ့နယ်မြေတွေမှာ ပြည်သူလူထု

ခံစားနေရတဲ့အဖြစ်အပျက်တွေအပေါ်မှာ အခြေခံပြီးတော့ တင်ပြဆွေးနွေးသွားတဲ့အတွက် ကျွန်တော်များစွာကျေးဇူးတင်ပါတယ်။ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးအနေနဲ့ကလည်းပဲ မဟာဗျူဟာစီမံချက်တွေ အများကြီးတင်သွားတာ တွေ့ရမှာဖြစ်ပါတယ်။ ဒီတင်ပြချက်တွေဟာ အခုတင်ပြချက်အရဆိုလို့ရှိရင်တော့ အားရစရာကောင်းပါတယ်။ ဒီအတိုင်းနောက်ပိုင်းမှာ ဆက်လက်ဆောင်ရွက်မယ်ဆိုလို့ရှိရင်တော့ ကျွန်တော်တို့အတွက် ဘာမှပြောစရာတော့ မရှိပါဘူး။ ဒါကြောင့်မို့လို့ ကျွန်တော့်အနေနဲ့ကတော့ ကျွန်တော့်ရဲ့အဆိုကို စောင့်ကြည့်မှတ်တမ်းအဖြစ် တင်ပေးပါရန် လေးစားစွာတင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ အဆိုရှင်ရဲ့သဘောထားကို ကောင်းကောင်းမကြားလိုက်ရလို့ ထပ်ပြီးပြောပေးပါ။

**ဦးတင်ထွေး(ဝေါမဲဆန္ဒနယ်)**။ ။ ကျွန်တော်ရဲ့အဆိုကို စောင့်ကြည့်မှတ်တမ်း။ မှတ်တမ်းတင်စောင့်ကြည့်ပေးပါရန် လေးစားစွာတင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဦးတင်ထွေး၊ ဝေါမဲဆန္ဒနယ်က တင်သွင်းသွားတဲ့အဆိုကို လွှတ်တော်ကိုယ်စားလှယ် ၂၁ ဦးက ဆွေးနွေးပြီး ပြည်ထဲရေးဝန်ကြီးဌာနက အဆိုအားမှတ်တမ်းတင်သင့်ကြောင်း ရှင်းလင်းခဲ့ပါတယ်။ အဆိုရှင်ကလည်း မှတ်တမ်းတင်စောင့်ကြည့်ပေးရန် ရှင်းလင်းပြောကြားသွားပါတယ်။ ဒါကြောင့် ဒီအဆိုနှင့်စပ်လျဉ်းပြီး မှတ်တမ်းတင်စောင့်ကြည့်ရန် လွှတ်တော်ကသဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် ဦးတင်ထွေး တင်သွင်းတဲ့အဆိုကို လွှတ်တော်က မှတ်တမ်းတင်စောင့်ကြည့်မည်ဖြစ်ကြောင်း ကြေညာပါတယ်။

# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၂၄)ရက်မြောက်နေ့ရပ်နားကြောင်းနှင့် အစည်းအဝေး (၂၅)ရက်မြောက်နေ့ ဆက်လက်ကျင်းပမည့်နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၉ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၂၄)ရက်မြောက်နေ့ ရပ်နားပါမယ်။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၂၅)ရက်မြောက်နေ့ကို ၂၀၁၉ ခုနှစ်၊ မတ်လ ၁၄ ရက်(ကြာသပတေးနေ့)နံနက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်းနှင့် ယနေ့အစည်းအဝေးပြီးဆုံးကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၅း၀၀။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၂၄)ရက်မြောက်နေ့ကို ၁၅း၀၀ နာရီအချိန်တွင် ရပ်နားပါသည်။]

**မှူကြမ်း**

# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၁) ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၂၄) ရက်မြောက်နေ့ (၁၃.၃.၂၀၁၉) ရက်နေ့တွင် မေးမြန်းဖြေကြားခဲ့သည့် ပုဂ္ဂိုလ်များ

pyithu.hluttaw.mm



Maj Genl Myint Nwe



Daw Aye Mya Mya Myo

pyithu.hluttaw.mm



U Thein Swe




U Moe Shwe

pyithu.hluttaw.mm



U Thein Swe



U Lamar Naw Aung

pyithu.hluttaw.mm



U Kyaw Soe Linn



U Nyi Tun

pyithu.hluttaw.mm



U Shwe Hla Win



U Nyi Tun

pyithu.hluttaw.mm



Dr Sai Mauk Khan



U Nyi Tun

pyithu.hluttaw.mm



U Myint Oo



U Nyi Tun

# ပြည်သူ့လွှတ်တော်

ပြည်သူ့အသံ လွှတ်တော်အသံ

ပြည်သူ့ဆန္ဒ လွှတ်တော်ဆန္ဒ

ပြည်သူတို့မျှော်လင့်ချက် လွှတ်တော်က ဖော်ဆောင်ရွက်